

www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၇၈၉၀၇၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၈၁၇၀၇၁၁ |
| အကြိမ် | – | ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀ိ/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉) ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/အဖုံးပုံနှိပ်သူ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) ရွှေရောင်လင်းပုံနှိပ်တိုက် အမှတ်(၈၈)၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

သျှင်မ

မင်းရဲ့အနာဂတ် ငါ/သျှင်မ၊ –ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၁။

၃၂၀ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) မင်းရဲ့အနာဂတ် ငါ



## အခန်း (၁)

ခေါင်မိုးနီနီနှင့် အဝါနုရောင်ဖျော့ဖျော့ နှစ်ထပ်တိုက်ကြီးက အစီအရီရှိနေကြသည့် တခြားသော တိုက်ကြီးတွေထဲမှာတောင် ထင်းနေအောင် လှသည်။

ဘေးနှစ်ဖက်နှင့် မျက်နှာစာမှာလည်း မြေပိုတွေ အကျယ်ကြီးရှိနေကာ တစ်ပြင်လုံးက မြက်ခင်းစိမ်းတို့ဖြင့် အစိမ်းရောင် ကောဇောတစ်ချပ် ဖြန့်ခင်းထားသလိုပင်...၊

"ဘယ်လိုလဲ၊ ကြိုက်ရဲ့လား"

"ဒါ လည်ဆွဲ တို့နေရမယ့် တိုက်ကြီးလား ကိုကြီး"

"ဒါပေါ့၊ ညီမလေးနာမည်နဲ့ တစ်ခါတည်း ဝယ်လိုက်တာ"

လည်ဆွဲ မယုံနိုင်သေးဘဲ ဖြစ်နေကာ အားရပါးရ ဝမ်းသာလိုက်ဖို့တောင် မဝံ့မရဲဖြစ်နေခဲ့၏။

တစ်သက်လုံးမှာ အသင့်အတင့် ပြေလည်ရုံဘဝနဲ့ပဲ ရှင်သန်ခဲ့ရတာဖြစ်လျက် ဒီလိုဘဝမျိုး ရောက်လာနိုင်သည်လို့ အိပ်မက်ထဲမှာပင်မပါခဲ့...၊

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကတော့ အားပေးတာလား၊ ဒီလိုဖြစ်လာဖို့အတွက် အားကြိုးမာန်တက် မျှော်လင့်ခဲ့တာလား မသိ၊ အားမငယ်ဖို့ အမြဲတမ်းပြောဖူးသည်။

"လူမင်း ဘုန်းကြီးတော့ နတ်မင်း မနေနိုင်တဲ့ သမီးရဲ့၊ သမီးလေးက ချောချောလှလှ နုနုငယ်ငယ်လေး၊ ဒီလိုရပ်ကွက်လေးထဲမှာ နေဖို့ မထိုက်တန်တဲ့ အဆင်းရူပါလေးပါ၊ အဲဒါကြောင့် နတ်မင်းတွေက 'မင်းညီမ ကောင်းစားဖို့ မင်း ငွေသွားရှာတော့'ဆိုပြီး လူချမ်းသာ ဆိုတဲ့ သမီးရဲ့ ကိုကြီးကို မိုးကုတ်မြို့မှာ ရတနာရှာဖို့ ကြိမ်စကြာနဲ့ ရိုက်လွှတ်လိုက်တာ"တဲ့..။

အပျိုပေါက်စဆိုတဲ့အရွယ်ကို ပုခက်ထဲက ကလေးချော့သလို ချော့နေတာမျိုးနှင့်တူပေမယ့် လည်ဆွဲ ကတော့ ဟုတ်များဟုတ်နေသလားလို့ တွေးခဲ့မိသေးသည်။

"ဖေဖေကလည်း မိုးကုတ်မှာ ကျောက်တူးတယ်ဆိုတာ လူတိုင်းအောင်မြင်ကြတာမှ မဟုတ်တာ၊ တချို့ဆို ငှက်ဖေ့ဘာတွေမိပြီး အဲဒီမှာတင် သေကုန်တာတဲ့"

"သေတဲ့လူတွေကို မကြည့်နဲ့၊ သူဌေးကြီးတွေ ဖြစ်သွားကြတာကိုပဲကြည့်၊ ငါ့သမီးဘုန်းကံကြောင့် သမီးရဲ့ကိုကြီး ကျောက်အောင်ပြီး သူဌေးဖြစ်လာမှာ"တဲ့..။

ဖေဖေက ကိုကြီး ထွက်သွားပြီဆိုကတည်းက ဒီတိုင်း တကယ်ယုံကြည်ထားခဲ့သည်။ တချို့မိဘတွေဆို သား၊သမီးတွေ အဲဒီလို စီးပွားရှာသွားကြမယ်ဆိုလျှင် ဟားဆီးကြသည်၊ စိုးရိမ်ပူပန်ကြ၏။

ဖေဖေက ဤသို့မဟုတ်ပေ၊ ကိုကြီးနဲ့အတူ သူပါလိုက်ဖို့တောင် စီစဉ်လိုက်သေးသည်။ ဒါပေမယ့် လည်ဆွဲ ဒုတိယနှစ်တက်နေတုန်းမို့ ကျန်နေခဲ့ရ၏။ လူသာကျန်ခဲ့ရသော်လည်း အမှာစကား ပါးလိုက်တာက အမြဲနီ တစ်ရပ်လို..၊





"ယောက်ျားနော် ငါ့သား..၊ လုပ်သလိုမဖြစ်ရင် ဖြစ်သလို လုပ်ရမယ်၊ ဘာမှမဖြစ်ဘဲ ပြန်လာရတာ မလိုချင်ဘူး၊ သား ရွှေအိုးထမ်းလာတာကိုပဲ ဖေဖေ မြင်ချင်တယ်"ဟု..၊

ခုတော့ ဖေဖေ မရှိတော့ပါ။

တိုက်ကြီးကို ကိုကြီးက တစ်ပတ်လည်တဲ့အထိ လေးဖက်လေးဘက်ကို ဆွဲခေါ်သွားပြီး ပြသည်။ ပြီးတော့မှ အထဲကို မောင်နှမနှစ်ယောက် အတူတူ ဝင်ခဲ့ကြပြီး...

"ညီမလေး ဖေဖေ့ကို သတိရနေတာလား"

"ဟုတ်.."

ဝေ့လည်နေသည့်မျက်ရည်က ကိုကြီး ပြန်ငုံ့ကြည့်လိုက်ကာမှ ပိုးပိုးပေါက်ပေါက် ကျကုန်ကြသည်။

ချမ်းသာခြင်းကို အလွန်မျှော်လင့်ခဲ့သည့် ဖေဖေ..၊

ကိုကြီးကိုတောင် လူချမ်းသာ လို့ နာမည်ပေးခဲ့တာ မျှော်လင့်ချက်တွေနဲ့ ဖြစ်သည်။

ငယ်ငယ်ကဆို ကိုကြီးက ဒီနာမည်ကိုရှက်လို့ ရှုံ့ရှုံ့မဲ့မဲ့နှင့်...

"လူက ခပ်စုတ်စုတ်အိမ်ကုပ်ကုပ်ထဲမှာ ဖေဖေရာ၊ ဒီနာမည် ခေါ်ကြတိုင်း သား ရှက်တယ်၊ ချမ်းသာစေချင်ရင်လည်း 'ချမ်းသာအောင်'တို့ 'မောင်ချမ်းသာ' ဘာညာပေါက်ဆို တော်ရောပေါ့၊ ခုတော့ နာမည်က ဒီအရွယ်ကျမှ ပြင်လို့လည်း မရတော့ဘူး"

"မင်းကလည်း ဒီအရွယ်ကျမှ ရှက်တတ်နေရလား လူချမ်းသာ၊ အဖေကလည်း မင်းတို့ချမ်းသာအောင် လုပ်ပေးချင်ပေမယ့် မဖြစ်ခဲ့ဘူးလေ၊ အဲဒါကြောင့် ဖြစ်သလို လုပ်ရတာ၊ ရှက်နေမယ့်အစား ဘဝကိုချမ်းသာမြင့်မားအောင် ကြိုးစားဖို့ ငါ့အဖေ တာဝန်ပေးထားတယ်လို့ သတိချပ်ပြီး ကြိုးစားလိုက်၊ ရတာလေးနဲ့ ဝအောင်စားပြီး ရှိတာလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



လှအောင်ဝတ်မနေနဲ့၊ အဲဒါ လူပျင်းတွေ လက်ကိုင်ထားတဲ့ ဆောင်ပုဒ်"

လို့ ပူညံပူညံတွေပြောပြီး အားမလိုအားမရ ကြိမ်းဝါးတာတွေလည်း ကိုကြီး ခံခဲ့ရသည်။ တကယ်တမ်း ကိုကြီး ချမ်းသာအောင် ကြိုးစားလာခဲ့တော့ ဖေဖေ အစအဆုံးတောင် မြင်မသွားရရှာပါ..။

"ညီမလေး ဒီမှာထိုင် .. လှေကားကြီးက အရမ်းလှတော့ ငါ့ညီမနဲ့ ဓာတ်ပုံရိုက်ရအောင်"

လှူချမ်းသာ က ညီမဖြစ်သူကို ဧည့်ခန်းမှ လှေကားအဆင်းမှာ ဓာတ်ပုံတွေ ရိုက်ပေးနေ၏။ လည်ဆွဲ ကတော့ မျက်ရည်လေး ဝဲလာလိုက်၊ မျက်တောင်တွေ ခတ်ပစ်လိုက်၊ လက်ခုံနဲ့ သုတ်လိုက်..။

ကိုကြီး ပျော်နေတာကိုကြည့်ပြီး ကြည်နူးစိတ်တွေလည်း ဖြစ်လာတော့ ပြုံးမိတာလည်း ရှိ၏။

"ညီမလေးတို့ ဒီမှာပဲနေမှာဥစ္စာ၊ ဓာတ်ပုံတွေ ဘာဖြစ်လို့ ဒီလောက် ရိုက်နေတာလဲ ကိုကြီး"

မနေနိုင်တော့ မေးလိုက်မိသည်။ လှူချမ်းသာ က ဓာတ်ပုံရိုက်လိုက်၊ ပြန်ကြည့်လိုက်နှင့် လည်ဆွဲ ကို မကြည့်ဘဲ...

"ကိုကြီး ကြည့်ဖို့ပေါ့ ညီမလေးရဲ့..၊ ကိုကြီးက လောလောဆယ် ညီမလေးနဲ့ အတူလာမနေနိုင်သေးဘူး၊ နောက် သုံးလေးလလောက်ကျမှ..."

"ဘယ်လို!... ဒီမှာ ညီမလေးက တစ်ယောက်တည်း နေရမယ်.. ဟုတ်လား"

အဆင်သင့် ခင်းကျင်းထားသည့် ကျွန်းဆက်တီကြီးပေါ်မှာ ထိုင်နေရာကနေ လည်ဆွဲ ထ,ရပ်မိ၏။ လှူချမ်းသာ က ကင်မရာကို လည်ပင်းကကြိုးပါ ဖြုတ်၍ စားပွဲပေါ်မှာ ချထားလိုက်ပြီး လည်ဆွဲ ဘေးမှာ လာထိုင်သည်။ ပြီးတော့ သူမကိုပါ ပြန်ထိုင်စေကာ..





"တစ်ယောက်တည်း မဟုတ်ပါဘူး၊ ကိုကြီး အားလုံး စီစဉ်ထားတယ်၊ အသက်ကြီးကြီး မိန်းမတစ်ယောက်နဲ့ ညီမလေးလောက်အရွယ် မိန်းကလေးတစ်ယောက်၊ မနက်ဖြန် ညီမလေး ပြောင်းလာတာနဲ့ သူတို့ ရောက်လာကြလိမ့်မယ်"

လည်ဆွဲ မျက်နှာလေး ညှိုးသွားခဲ့၏။ ကိုကြီး ရန်ကုန်ပြန်ရောက်လာတော့ လက်ဆောင်တွေနဲ့ ငွေတွေ ပို့လိုက်ခြင်းဖြင့် သိရသည်။ လူကို ချက်ချင်း မမြင်ခဲ့ရပေ..။

ထိုစဉ်က ဖေဖေ ရှိသေးသည်။ ဒါပေမယ့် ဆေးရုံမှာပါ၊ ကိုကြီး ဆေးရုံမှာ လာတွေ့တော့လည်း လည်ဆွဲ မရှိသည့်အချိန်တွေမှာပဲဖြစ်ကာ ကိုကြီး ဘာဖြစ်လို့ အိမ်ကို တန်းပြန်မလာတာလဲဆိုတာ လည်ဆွဲ မသိ..။

"သမီးကိုကြီးက သူငယ်ချင်းတွေစုပြီး လုပ်ငန်းထူထောင်မလို့ ကြိုးစားနေတာ၊ တစ်ဖက်မှာ လုပ်ငန်းအဆက်အသွယ်တွေရှိတုန်း မျက်ခြည်မပြတ်ချင်လို့တဲ့၊ နေပါစေ သမီးရယ် .. သူ ခုလို အောင်မြင်စွာ ပြန်ရောက်လာတာ ဘယ်လောက် ဝမ်းသာဖို့ကောင်းလဲ"

ဖေဖေ တကယ် ဝမ်းသာမသာတော့ မသိ၊ လည်ဆွဲ ကတော့ မပျော်ပါ။ တစ်လောကလုံးမှာ သွေးသား‌ရင်းချာဆိုလို့ ဒီမောင်နှမ နှစ်ယောက်ပဲ ရှိသည်။

ကိုယ့်အစ်ကိုလက်မောင်းကို ဖက်ပြီး ရဲရင့်ချင်သည်၊ အားကိုးချင်သည်။ ကိုကြီးကတော့ ဖေဖေ ပို့ချသည့် ချမ်းသာခြင်းတရားတွေနှင့် လည်ဆွဲ မှတ်မိသလောက်ဆို အိမ်ကပ်တဲ့အချိန် သိပ်မရှိခဲ့ဘူးထင်သည်။

"ဘာဖြစ်သွားတာလဲ ညီမလေးရဲ့၊ ကိုကြီးက အတူလာမနေသေးပေမယ့် ညီမလေးနဲ့ မနီးမဝေးမှာပဲ ရှိနေမှာ၊ နှစ်လသုံးလပဲကွာ၊ ကဲ... မျက်နှာကြီး စူပုတ်ပုတ် လုပ်မထားပါနဲ့၊ ဒီနေ့ အိမ်တက်အနေနဲ့ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ညီမလေး နှစ်ယောက်တည်း မီးဖိုချောင်ဝင်မယ်၊ ဝယ်လာတာတွေနဲ့ စိတ်ကြိုက်ချက်ပြုတ်ပြီး စားမယ်၊ မှတ်တမ်းတင်ဗီဒီယိုလည်း ရိုက်မယ်၊ မကောင်းဘူးလား"

"မကောင်းပါဘူး"

"ဟင်!... မကောင်းဘူး"

"ဟုတ်တယ်၊ ကိုကြီး မှန်မှန်ပြော..၊ ကိုကြီး မိန်းမယူပြီး တခြား နေရာမှာ ဝှက်ထားတာမို့လား"

"ဟာကွာ .. ငါ့ညီမကတော့ လုပ်ပြီ"

လူချမ်းသာ က ပြောလိုက်ပြီး ဟက်ဟက်ပက်ပက် ရယ်သည်။ ပြီးတော့ ဘာမှမဖြေဘဲ လည်ဆွဲ လက်ကလေးကိုဆွဲ၍ မီးဖိုခန်းထဲကို ဝင်လျှင်...

"ကိုကြီး ဖြေလေ၊ ဘာလဲ..၊ ဟုတ်နေလို့လား"

လည်ဆွဲ က လက်ကို ပြန်ရုန်းလိုက်ပြီး လူချမ်းသာ ရှေ့မှာ မျက်နှာချင်းဆိုင် ပိတ်ရပ်လိုက်၏။ မျက်နှာကို စူးစမ်းရှာဖွေသလို ကြည့်ကာ..

"ညီမလေးက ကိုကြီး မိန်းမယူထားတယ်ဆိုရင်လည်း ယောက်မကို ချစ်နိုင်ပါတယ်၊ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ"

"မလုပ်ပါဘူး ညီမလေးရာ၊ ကိုကြီးမှာ ညီမလေးကို ပြုစုစောင့်ရှောက်ဖို့ အများကြီး ကြိုးစားရဦးမှာ၊ ခုချိန်ထိ ရည်းစားတောင် မထားခဲ့ဘူး"

"တကယ်လား.."

"ညာစရာလား ညီမလေးရ"

လူချမ်းသာ သည် တစ်ခွန်းမေးမှ တစ်ခွန်းဖြေလျက် မီးဖိုခန်းထဲက ပစ္စည်းထားသိုထားတာတွေ၊ လျှပ်စစ်မီး ချိတ်ဆက်ထားတာတွေကို ပြောပြနေ၏။





လည်ဆွဲ ကတော့ ခေါင်းညိတ်နေရပေမယ့် သိချင်တာ အကုန်သိခွင့်မရတော့ မကျေနပ်ပါ၊ အပေါ်ထပ်တစ်ထပ်လုံးကို ညနေကျမှ တက်ကြည့်ကြမည်ဟုပြောပြီး ထမင်းဟင်းတွေ ချက်ကြ၏။

ကိုကြီးက ဟင်းချက်ကောင်းသူမို့ လည်ဆွဲ ကို သင်ပေးရင်း မဟုတ်မဟတ်တွေဖြစ်တိုင်း လက်ကြီးတရှုယ်ရှုယ်နဲ့ မြောက်တက်လာတတ်သဖြင့် ဇက်လေးပုသွားလိုက်၊ လက်နဲ့ကာမိလိုက်၊ အားလုံးကို မေ့လျော့ပြီး လည်ဆွဲ ၏ ခိုးခိုးခစ်ခစ်ရယ်သံလေးတွေ လွှင့်ထွက်လာ၏။

"ဟုတ်ပြီ .. အဲဒီလို မွှေပေး၊ တအားမလုပ်နဲ့လေ၊ တခြား အဆာပလာတွေ လည်ပတ်ရုံပဲ၊ ခရမ်းချဉ်သီးတွေ မကျေစေနဲ့"

"ကိုကြီးကလည်း ခရမ်းချဉ်သီးကိုက ကျေပါရစေ၊ ပြေပါရစေ ဖြစ်နေတဲ့ဟာ.."

"သြော် ... သနားစရာလေးပဲ.. ကျေခွင့်ပြုလိုက်လေ၊ အဲဒီဟင်းအိုးကောင်းမှာ မဟုတ်တော့ဘူး"

"ကိုကြီးကလည်း.."

"ဟ!... ဟင်းအိုးက တဂတ်ဂတ်နဲ့ ဘရိတ်ဒန့်စ် က,နေပြီ၊ ကိုင်းတစ်ဖက်က ကိုင်ထားလေ"

"ကိုကြီးပဲ အောက်က မီးစွဲလိမ့်မယ်ဆို.."

"မစွဲအောင် လက်နှီးကို လုံးကိုင်ထားပေါ့၊ သေချာလုပ်နော် .. လူကိုရော ဟင်းအိုးကိုရော သေချာရိုက်မှာ..၊ ချက်တတ်ပြုတ်တတ်နေတဲ့ ဟန်ကြီးပန်ကြီးစတိုင်လ် လုပ်ထား"

လူချမ်းသာ က ဘေးမှာ ဒီတိုင်းချိန်ပြီးချထားသည့် ကင်မရာကို ပြေးယူပြီး တကယ် လိုက်ရိုက်၏။

လည်ဆွဲ ချောင်းလေးဟန့် ခါးလေးမတ်လိုက်ပြီး ပြောသည့်အတိုင်း တကယ်လုပ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ့!... ခါးကြီးကော့ပြီး ဘာလုပ်တာလဲ၊ ဟင်းချက်နေတာနဲ့ မတူဘူး၊ မိုလ်ချုပ်ကြေးရုပ်ကြီးအတိုင်းပဲ"

ဟန်ပန်တွေလုပ်ထားရသည့်မျက်နှာက ချက်ချင်း ခွီးခနဲ ရယ်ပစ်လိုက်သဖြင့် ကုန်းကုန်းကွကွတွေ ဖြစ်ကုန်၏။

"အေး ... လုပ် .. ကိုကြီးက အကုန်ရိုက်မှာ"

"နေဦးလေ ကိုကြီး၊ ဒီမှာ ပုံဆိုးပန်းဆိုးရယ်နေတာ.."

လည်ဆွဲ လက်နဲ့ကာပြီး ပြုံးပြုံးပြံပြံ လိုက်တားသည်။ လူချမ်းသာက ရှောင်ပစ်၏။ နောက်ထပ် ကြက်သားကြော်တော့ ဆီပူစင်ကာ လည်ဆွဲ အားခနဲ အော်လိုက်သည့် ပါးစပ်ပြဲကြီးလည်း ပါသွား၏။

"ကိုကြီးနော်၊ သူများ ငိုလောက်အောင် ပူသွားတာကို လိုက်ရိုက်နေတာ၊ သူ့ဟာကြီးကြောင့် ဒီမှာ မျက်ရည်တွေကို တားထားရတယ်၊ ဖယ်လိုက်ပါ၊ ငိုမလို့.."

"ဟုတ်ပြီ၊ ငိုလို့ရပြီ.."

"ဟာ!... ဘာလို့ ချိန်ထားတာလဲ"

"ဒါ မှတ်တမ်းလေ၊ ညီမလေး ဆီပူလောင်တာကို ကိုကြီး ပြုစုတာလည်းပါမှ ဖြစ်မှာပေါ့"

လူချမ်းသာ က ကင်မရာကို သေချာ ပြေးထားကာ ဆေးပြာ ပြေးယူသည်။

"တွေ့လား .. အစ်ကိုက သူ့ညီမလေးကို ချစ်နေတာ ကြည့်..၊ ဆေးပြာလိမ်းပေးတာတောင် မထိရက်ထိရက်.."

ကင်မရာကို လှည့်ပြောလိုက်၊ ဆေးလိမ်းနေသည့်လက်ကိုပါ မြှောက်ပြလိုက်၊ မောင်နှမနှစ်ယောက် ရယ်ပဲရယ်နေမိကာ ပူပင်သောကတွေ အားလုံး ပျောက်၏။

"မနက်ဖြန် ညီမလေး အိမ်ပြောင်းပြီးရင် ကိုကို မအားတော့ဘူး။





နောက်နှစ်ရက်ဆို အားပြီ၊ ကားမောင်းဆက်သင်ရမယ်နော်၊ မောင်းတတ်တာနဲ့ ကားဝယ်ပေးမယ်"

ပြန့်ခါနီးတော့ အိမ်တံခါးပိတ်နေရင်း လူချမ်းသာ က ပြောသည်။

"ဒီထဲက ဓာတ်ပုံတွေ ကိုကြီး ကူးယူပြီးရင် ကင်မရာ ညီမလေးကို ပြန်ပေးမယ်"

"ဗီဒီယိုကို ခွေထဲ ပြောင်းမထည့်ဘူးလား၊ ကိုကြီးပဲ အမှတ်တရဆိုပြီးတော့ .."

"အဲဒါကြောင့် ဒီထဲမှာပဲထားတာပေါ့၊ ခွေထဲမှာဆို ပျက်စီးလွယ်တယ်၊ ညီမလေး ကြည့်ချင် ဒီတိုင်းကြည့်လေ.."

"ကိုကြီးကရော.."

"ကိုကြီးက ဓာတ်ပုံပဲ ယူထားမယ်လေ၊ ညီမလေး ပြန်ကြည့်ပြီးရယ်ရတာပေါ့"

လည်ဆွဲ ပခုံးလေးကို ဖက်၍ ကားပေါ်တက်ခဲ့ကြလျှင်...

"ကိုကြီးက ကားမောင်းတတ်တာ မကြာသေးဘူးဆိုပြီး ကျွမ်းကျင်တဲ့လူလိုပဲနော်"

"မကြာသေးပေမယ့် ဟိုဘက်လမ်းကြမ်းကြီးတွေမှာ မောင်းနေတာ တစ်နှစ်လောက်ရှိတာကိုး၊ ဒီက လမ်းကောင်းတွေမှာ မောင်းရတာ၊ လမ်းကြော သတိထားရုံပဲ"

"ကိုကြီး.."

"ဟင် .."

"ကိုကြီး တော်တော်ချမ်းသာလာတာလားဟင်"

ကားမောင်းနေရင်း မဖြေချင်သည့်မျက်နှာ ဖြစ်သွားကာ လူချမ်းသာ တစ်ဖက်လှည့်သွား၏။ ပြီးမှ ရှေ့ပြန်ရောက်၍..

"ညီမလေးတစ်သက် အေးဆေးသုံးစွဲသွားလို့ရအောင် ကိုကြီး ရှာ



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်၊ ဘယ်လောက်လောက်လဲဆိုတဲ့ အတိုင်းအတာကတော့ ခု မပြောနိုင်သေးဘူး ညီမလေးရဲ့၊ ကိုကြီးတို့အဖွဲ့တွေ ရှိသေးတယ်လေ"

"ဒါဆို တစ်ယောက်ကို ဘယ်လောက်ဆိုတာမျိုး မခွဲရသေးဘူးပေါ့"

"ဟုတ်တယ်"

"အဖွဲ့ဆိုတာ လူတွေ အများကြီးလားဟင်၊ တချို့ဆို အဲဒီလို ကျောက်အောင်လာကြရင် လောဘတွေတက်ပြီး တစ်ယောက်နဲ့တစ်ယောက် သစ္စာမဲ့ကြ၊ ရန်ရှာကြနဲ့၊ ကိုကြီးတို့က အဲဒီလို မဖြစ်ဘူးပေါ့"

လူချမ်းသာ မျက်မှောင်ကုတ်သွားလျက် ခေါ်တော်နဲ့ မဖြေ..၊

ဆံပင်ဂုတ်အောက် မကျတကျကုပ်ကုပ်လေးနှင့် ဆံပြိတ်အုပ်အုပ် လေးချထားသော လည်ဆွဲ ရဲ့မျက်နှာပြည့်ပြည့်လေးကို မှန်ထဲကနေ တစ်ချက်ကြည့်၍..

"မဖြစ်ကြပါဘူး၊ ဒါပေမယ့် လူများတော့ စကားများတာယ်၊ ပြဿနာ ဆိုတာတော့ အနည်းအကျဉ်းတော့ ရှိတာပဲပေါ့၊ အဲဒါတွေကြောင့် ကိုကြီး က ညီမလေးကို လောလောဆယ် ဘယ်သူ့ကိုမှ မေးမသိစေဘဲ သီးသီး သန့်သန့် ထားတာ.."

"ဟင်!... ဆိုရင် ဘာဖြစ်နိုင်လို့လဲ"

လည်ဆွဲ ထိတ်လန့်သွားသလိုလေး မေးသည်။ သူက ကားမောင်း ရင်း ခေါင်းခါပြလိုက်ပြီး...

"ဘယ်သိနိုင်မလဲ၊ ကိုကြီးစိတ်ကလည်း ညီမလေးက တအား လှ နေတာကို စိတ်မချနိုင်တာ၊ ငါ့ညီမကိုမြင်ရင် နှစ်ခါလောက်တော့ သမင် လည်ပြန်ကြည့်သွားကြတာပဲ၊ မကောင်းတဲ့ယောကျ်ားလေးတွေ မျက်စိ ကျရင် ခက်မယ်၊ အဲဒါကြောင့် ဟက္ကသိုလ်တက်ခွင့်မပေးဘဲ အဝေးသင်နဲ့ ဖြေခိုင်းခဲ့တာပေါ့၊ သတ္တဝါတရားကို နားမလည်လို့တော့ မဟုတ်ဘူး၊ အချိန်မတန်ခင် မှားသွားမှာ စိုးလို့ပါ"





လည်ဆွဲ က ဒီကိစ္စအတွက် ဘယ်တုန်းကမှ မကျေနပ်မှု မရှိခဲ့တာ မို့ ခေါင်းလေးညိတ်ကာ...

"ကိုကြီးတို့အဖွဲ့ကလူတွေက စရိုက်ဆိုးတွေလားဟင်"

"အများနဲ့ ဆက်ဆံနေရတာ၊ လူဆိုးလူကောင်းဆိုတာ ခွဲဖို့ ခက် တယ် ညီမလေးရ၊ နောက်တော့ ကိုကြီး အလုပ်ကိစ္စတွေပါ ညီမလေး သိအောင် ရှင်းပြမယ်၊ အခု သိချင်တာတွေ မျိုသိပ်ထားလိုက်ဦး"

နောက်တော့ရော တကယ် ပြောပြမှာလား..၊

အလုပ်ကိစ္စနဲ့ပတ်သက်လို့ မေးလိုက်တိုင်း ကိုကြီး မျက်နှာပျက် သွားတတ်တာကိုလည်း သိနေကာ လည်ဆွဲ ထပ်မမေးတော့ဖို့ ဆုံးဖြတ် လိုက်သည်။

ကိုကြီး မဟုတ်တာတွေ လုပ်မည်မထင်ပါ၊ အမြဲတမ်း စိတ်ထဲမှာ ယုံကြည်နေတာက ကိုကြီးက လူဆိုးမဟုတ်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

မှောင်လှဲနေသည့် နက်ပြာရောင် ပါဂျရိုကားကို မြင်လိုက်သည်နှင့် လူချမ်းသာ မျက်လုံးပြူးသွားကာ ကားကို ချက်ချင်း လမ်းကြောင်းပြောင်းလိုက်သည်။

ကားလွှတ်လို့ ကွေ့လိုက်တာပေမယ့် ယာဉ်စည်းကမ်းကို ဖောက်ဖျက်လိုက်ခြင်းမို့ ပုံပန်းမကျစွာ မောင်းထွက်သွားသည့် သူ့ကားက ထင်းထင်းကြီး ဖြစ်သွား၏။

ထိုအခါကျမှ ပါဂျရိုအနက်ရောင်က ဘေးမှန်တစ်ချပ်ကျသွားကာ သူ့ဘက်ကို ဦးတည်ချက် ပြောင်းလာတာ မြင်လိုက်ရသည်။

"တောက်.."

ကားကို အရှိန်မြှင့်လိုက်ပြီး တက်ခေါက်မိသည်။ ရှောင်ထွက်လိုက်ကာမှ လူလုံးပြလိုက်သလိုဖြစ်သွားတာကို မချင့်မရဲ ဖြစ်သွားခဲ့၏။

ဒါပေမယ့် တည့်တည့်သွားလည်း မြင်ကိုမြင်မှာ ဖြစ်သည်။ သူလုပ်ရမှာက ဒီကားကို မျက်ခြည်ဖြတ်နိုင်ဖို့..၊ ထိုစဉ် အိတ်ထဲက ဖုန်းသံထွက်လာသဖြင့် ညီမလေး ဆက်တာမှန်း သူ သိလိုက်သည်။





ဒီနေ့ ညီမလေးကို ကားမောင်းသင်ပေးဖို့ ချိန်းထားတာ သူ သွားနိုင်သေး။ ကားကို လမ်းသွယ်တစ်ခုထဲ ကွေ့ဝင်ပစ်လိုက်ပြီး ဖုန်းထုတ်ကိုင်လိုက်ကာ မျက်လုံးတွေကိုလည်း အနားမပေးရဲဘဲ နောက်ကြောင်းကို ကျီးကန်းတောင်းမှောက် ကြည့်နေရသည်။

"ဟလို.."

"ကိုကြီး .. ကိုကြီး ဘာတွေ အလုပ်ရှုပ်နေတာလဲ"

"ညီမလေး.."

"ဒီနေ့ ကိုကြီး မအားရင်လည်း ရပါတယ်၊ ညီမလေးက ကိုကြီး ဖုန်းဆက်မှာပဲဆိုပြီး စောင့်နေတာ"

"ညီမလေး .. ကိုကြီး လာခဲ့မယ်၊ ဒါပေမယ့် အချိန်မပြောနိုင်ဘူး နော်၊ မျှော်မနေနဲ့.."

နောက်ကားပါမလာခင် နောက်ထပ် လမ်းကြားတစ်ခုထဲ ဖြတ်ဝင်လိုက်ရင်း ဖုန်းပြောနေရတာ တော်တော် ကသိကအောက်ဖြစ်နေခဲ့၏။ ဒါပေမယ့် ညီမလေး တစ်စုံတစ်ခုကြောင့် စိတ်ထင့်သွားမှာ စိုးသည်။

"ကိုကြီး လာခဲ့ပါမယ်၊ ညီမလေး ထမင်းစားပြီးပြီလား"

"စားပြီးပြီ၊ ကိုကြီး ခေါ်ပေးတဲ့ ဒေါ်လေးနု က ဟင်းချက်အရမ်းကောင်းတာပဲ သိလား၊ ညီမလေးတောင် သူ့ဆီက ဟင်းချက်ပြန်သင်ဖို့ ပြောပြီးပြီ"

"ဟုတ်လား.."

"ဟုတ်တယ် ကိုကြီးရဲ့..၊ စိုးစိုး ကလည်း အလုပ်လုပ်တာ မြန်တယ်၊ အလုပ်ပြီးတာနဲ့ ညီမလေးကို ဟိုခေတ်ရာဇဝင်ထဲက အချစ်ဇာတ်လမ်းတွေအကြောင်း ပြောပြတယ်"

"ဟုတ်လား.."

သူမှာ ရှေ့ကြည့်နောက်ကြည့်နှင့် ဖုန်းကို လက်တစ်ဖက်က ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ထားရသဖြင့် လမ်းကြားထဲမှာ ကွေ့ပတ်မောင်းနေရတာ အကျပ်ရိုက်လာ၏။ ညီမလေးက ပြောနေလိုက်တာ၊ တက်တက်ကြွကြွ အားပါးတရ မို့ ချလည်း မချပစ်နိုင်..၊ နောက်တစ်ခါဆို အပြင်ထွက်တိုင်း နားကျပ်ယူလာဖို့ သတိထားမှ..။

"ကိုကြီး .. စိုးစိုး က ညီမလေးထက် အသက်တစ်နှစ်ပဲကြီးတာ၊ သူက ဘာဖြစ်လို့ ရာဇဝင်သမိုင်းကြောင်းတွေ အရမ်းသိနေတာလဲဟင်၊ သူပြောတာ အရမ်း နားထောင်လို့ ကောင်းတာပဲ၊ ပြီးတော့ ပြောတယ် သိလား .. သူ့အဘွားဆို ဘယ်လူမျိုးတွေရဲ့ အလိမ်းအမှတ်နေ့တွေ၊ ဘာ ကြောင့် ဖြစ်ခဲ့တာကအစ သိတယ်တဲ့.."

"ဟုတ်လား.."

"သူ့အမေက အကုန် ပြန်မပြောနိုင်လို့တဲ့၊ သူလည်း သူ့အမေ ပြော သလောက်ပဲ သိတာတဲ့၊ ညီမလေးတို့ကျတော့ မေမေကမှ မရှိတော့တာ နော်.."

ဟိုဒီပြေးနေသည့်စိတ်က ညီမလေးစကားကြောင့် ဝဲဘက်ရင်အုံမှာ စုဝေးတင်းကျပ်သွားခဲ့၏။ မေမေဆိုတာ လူမှန်းသိတတ်စ အရွယ် ကတည်းက မမြင်ဖူးခဲ့တဲ့ ညီမလေး..၊ မြောက်ဒဂုံလမ်းတွေပေါ် ရောက် လာကာမှ ရှေ့နောက် ရှင်းလင်းနေပြီကို စိတ်ချကာ မြက်ရိုင်းတွေ ယိမ်း နွဲ့နေသည့် လမ်းဘေးလေးမှာ ကားကို ရပ်လိုက်ပြီး...

"ညီမလေးက ကလေးလည်း မဟုတ်တော့ဘဲနဲ့ ဘာကြောင့်လို့ ပုံပြင် တွေကို စိတ်ဝင်စားနေရတာလဲ ညီမလေးရယ်"

"ပုံပြင်မဟုတ်ပါဘူး .. ရာဇဝင်တွေပါ၊ တကယ်ရှိခဲ့တာတွေပါ ကိုကြီးရဲ့၊ ပြီးတော့ ဆင်မင်းဆဒ္ဒန်ရဲ့ ဇာတ်တော်ကြီးဆိုရင် စာအုပ်ထဲမှာ ဖတ်ရတာနဲ့ မတူဘူး၊ သူပြောပြတာ အရမ်းကောင်းတာပဲ၊ သူ့အမေ ပြောပြပြီဆို သူတို့မောင်နှမတွေ အမြဲ ငိုရတာတဲ့ သိလား၊ ညီမလေး





တောင် မျက်ရည်ကျခဲ့သေးတယ်"

ဖုန်းကိုဖိဆုပ်ကိုင်ရင်း လှုချမ်းသာ မျက်ဝန်းမှာ ဆင်းရဲသော မျက်ရည်တွေ ဝေ၏။

"ကိုကြီးကို မေမေက နို့တိုက် ထိန်းကျောင်းခဲ့သေးတယ်ဆိုတော့ ကိုကြီးကို မေမေ ပြောပြဖူးလားဟင်"

"ကိုကြီးလည်း ကလေးအရွယ်မှာပဲ မေမေ ဆုံးခဲ့တာ၊ ညီမလေး က မမြင်ဖူးလိုက်ဘူး .. ကိုကြီးက မေမေ့ကို မြင်ဖူးတယ်၊ ဒါပဲကွာတာ"

"ဘာပဲဖြစ်ဖြစ် မိဘအစုံအလင်နဲ့ နေခဲ့ရတဲ့သူတွေက သာတယ် နော် ကိုကြီး.."

"အသေးအမွှားလေးတွေကို အကြီးကြီးရှုပြီး ခံစားမနေပါနဲ့ ညီမ လေးရာ၊ ရာဇဝင်ဇာတ်တွေ စာအုပ်ထဲမှာ အားလုံး ရှာဖတ်လို့ရတယ်"

"အဲဒီလို ဖတ်လို့ရမှန်း ညီမလေး သိသားပဲ"

သူ တစ်စုံတစ်ခုကို တွေးလိုက်မိပြီး ပြုံးကာ ချွေးပြန်နေသည့်နဖူး ကို လက်ဝါးနှင့် ပွတ်သုတ်ပစ်လိုက်ရင်း...

"ဟုတ်ပြီ .. ဒါဆို ကိုကြီးက စာတွေဖတ်မယ်၊ ပြီးရင် ညီမလေးကို မျက်ရည်တောက်တောက်ကျသွားအောင် ပြန်ပြောပြမယ်၊ ကောင်းလား"

"ကောင်းတာပေါ့၊ ကိုကြီး တကယ်နော်"

"တကယ်ပြောတာ၊ ဒါပေမယ့် ကိုကြီးနဲ့ ညီမလေး အတူတူ နေကြ တဲ့အခါကျမှပဲ ဖြစ်မှာနော်၊ ကလေးလို နားပူနားဆာ မလုပ်ရဘူး"

"လုံးဝ မလုပ်ဘူး၊ ခုလည်း ကိုကြီးကို ပူဆာနေတာမှ မဟုတ်တာ၊ ဖုန်းလေးကိုင်ကာစဆိုတော့ ဘယ်မှလည်း ဆက်စရာမရှိတာနဲ့ ကိုကြီးကို ခေါ်တာ၊ အခု ကိုကြီး ဘယ်မှာလဲဟင်"

လမ်းပေါ်မှာလို့ ဖြေလိုက်ရင် မေးခွန်းတွေ ထွက်ကျလာဦးမှာကို သိသည်။ ထို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ထဲမှာပေါ့၊ ကိုကြီး မအားလို့ ဒါပဲနော်"

"ကိုကြီး ဒီနေ့ လာမှာမို့လားဟင်"

"လာမယ်၊ ညနေဖြစ်ဖြစ်.."

"ဟုတ်.."

ဖုန်းချလိုက်ပြီးတာနှင့် မျက်နှာက စတီယာရင်မှာ ကွေးတင်ထားသည့်လက်ပေါ် မှောက်ကျသွားခဲ့သည်။

မေမေသည် ဘူတို့မောင်နှမကို မွေးထုတ်ခဲ့ပြီး လူလောကကြီးကို ဥပေက္ခာများစွာနှင့် ကျောခိုင်းသွားခဲ့၏။

ဖေဖေက လူတော်လူကောင်းပါ၊ သားသမီးနှစ်ယောက်ကို မျက်နှာမငယ်ရအောင် တတ်နိုင်သမျှ ရှာဖွေ ကျွေးမွေးခဲ့သည်။ ပြည့်စုံပိုလျှံခဲ့သည်မဟုတ်တာတောင် မောင်နှမနှစ်ယောက်ကို ဘွဲ့ရ ပညာတတ်တွေဖြစ်အောင်တော့ ပြုစုပျိုးထောင်ခဲ့၏။

ညီမလေး ဘွဲ့မရသေးပေမယ့် ကျောင်းပြီးခဲ့ပြီဖြစ်သည်။ ဘွဲ့ယူသည့်နေ့မှာလည်း ကြေကွဲကြရဦးမှာပါ။

သူ ဘွဲ့ယူစဉ်က ဖေဖေရယ် ,, ညီမလေးရယ်ကို တစ်ဖက်စီမှာဖက်ထားပြီး ဓာတ်ပုံတွေ ရိုက်၊ မုန့်တွေလျှောက်စားနှင့် ပျော်စရာ..၊

ညီမလေးအလှည့်မှာတော့ ဖေဖေ မရှိတော့ပေ၊ ထို့ပြင် ဒီနေ့ကဲ့သို့ သူ ပြေးလွှားနေရဦးမည်ဆိုလျှင် ညီမလေး ဘွဲ့ယူတဲ့နေ့မှာ ဘယ်လိုတွေဖြစ်လာမလဲ..။

မောလျနေခြင်းက ပင့်သက်ရှိုက်လိုက်တာတောင် တစ်ဝက်မှာတင် ဆို့ကျပ်သွားခဲ့၏။ အရာရာဟာ ကိုယ် လိုချင်တဲ့အတိုင်းသာ ဖြစ်လာခဲ့မယ်ဆိုရင်တော့..၊





## အခန်း (၃)

"ဒီခြံ သေချာလား .."

"သေချာတယ် ဆရာ၊ သူ ခြံထဲကို နှစ်ခေါက်တိတိ ဝင်သွားဖူးတယ်"

ခြံနဲ့တိုက်ကြီးကိုကြည့်၍ သူ ပြုံးလိုက်မိသည်။ တော်တော် ကြီးမား ချမ်းသာနေသည်ပဲ..၊

"အထဲမှာ ဘယ်သူတွေ နေလဲ"

အဆင်သင့် ယူလာသည့် အမေးကြည့်မှန်ပြောင်းကို ထုတ်ရင်း မေးသည်။ ကားအောက်မှာ ဆင်းနေသူနှစ်ယောက်ထဲမှ တစ်ယောက်က..

"မိန်းကလေးတွေပဲ တွေ့တယ်၊ ဘာတွေတော်တာလဲတော့ မသိဘူး၊ ချမ်းသာ က သူ့အဖေပဲရှိတာဆိုရင် သူ့အဖေ ဆုံးသွားပြီဆိုတော့ သူ့မိန်းမ နေသလားမှ မသိတာ.."

သူ ဘာမှပြန်မပြောဘဲ မှန်တစ်ဝက်ချထားသည့်နေရာက မြင်ရသော တိုက်ကြီးရဲ့အပေါ်ထပ်အပိုင်းကိုပဲ အနီးကပ် ဆွဲကြည့်နေမိ၏။

ခရီးဝေးမှာ အလုပ်လုပ်ကြသူတွေဟာ ရှိတာကို မရှိဘူး၊ မရှိတာကိုလည်း အရှိလုပ်၍ အမျိုးမျိုးပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို တရားသေ မှတ်ထားလို့မဖြစ်..၊ သူ ကြည့်နေတုန်း ပြတင်းတစ်ချပ် ပွင့်သွားကာ မျက်နှာလေးတစ်ခု ပေါ်လာ၏။

ဖွေးညက်နေသည့် မျက်နှာပြည့်ပြည့်လေးက လေးထောင့်ဆန်ချင်သလိုရှိလျက် နဖူးပြင်လေးက ဆံမြိတ်တွေအောက်မှာ ပျောက်နေ၏။

လည်ကပ်ဆွယ်တာအနက် လက်ရှည်လေးကို ဝတ်ထားကာ ပြတင်းပေါက်ပေါ်မှာ တံတောင်နှစ်ဖက်တင်ရင်း မျက်နှာလေးက ဟိုဘက်လှည့်လိုက်၊ ဒီဘက်လှည့်လိုက်၊ အောက်ကို ငုံ့ကြည့်တာလည်းရှိကာ လှုပ်ရှားမှုတိုင်းက ဆိုးဆိုးဆတ်ဆတ်မို့ ပခုံးပေါ်မှာ ခွေနေသည့် ဆံပင်တွေက အငြိမ်မနေနိုင်..၊

မှန်ပြောင်းကို နောက်ထပ် နီးအောင် ဆွဲပေမယ့် မရတော့တာမို့ မျက်နှာရှေ့က ခွာလိုက်ကာ သာမန်မျက်လုံးနဲ့ပဲ မျှော်ကြည့်လိုက်မိ၏။

"ဟော ... ဟိုမှာ ကောင်မလေး ဆရာ"

"မြင်တယ်"

"အဲဒါ သူ့မိန်းမ ဖြစ်မယ်၊ ဆွေမျိုးတွေကိုတော့ ဒီအလုပ်လုပ်ပြီး ဒီလိုထားမှာ မဟုတ်ဘူး"

သူ့မလေး မရှိတော့ပါ။ ပြတင်းတံခါးကိုတော့ ဖွင့်လျက်အတိုင်း ထားရစ်ခဲ့၏။

"မိုးကြီး.."

"ဗျာ .. ဆရာ"

"မင်းနဲ့ တူးဝေး ခြံနံပါတ် ၂၀ ကနေ ငါ စီစဉ်ထားတဲ့အတိုင်း ဒီခြံကို စောင့်ကြည့်.."

"ဟုတ်ကဲ့.."

"အောင်ကျော် ရောက်လာမှ လုပ်ငန်းစ,မယ်၊ ကြားထဲမှာ သေချာသထက် သေချာအောင် အနီးကပ်လိုက်ထား.."





"ဟုတ် .. ဆရာ"

"အလုပ်တစ်ခုကို လုပ်ပြီးမှ မသေချာတာ ငါ မလိုချင်ဘူး"

"စိတ်ချ ဆရာ၊ ဒီကောင် ဘယ်လောက်လည်လည် ကျွန်တော်တို့ မျက်စိတွေကို လှည့်စားလို့ မရပါဘူး"

ကားက တဖြည်းဖြည်း ဘက်ခ်ဆုတ်ပြီးမှ နောက်ပြန်ကွေ့ထွက်သွား၏။ ပြတင်းတံခါးအကွယ်လေးမှာရပ်ရင်း ချောင်းကြည့်နေသည့် လည်ဆွဲ ကိုယ်လေး ပြတင်းပေါက်မှာ လူလုံးပြန်ပေါ်လာ၏။

ကားထွက်သွားသည့်ဆီ လိုက်ငေးရင်း မျက်ခုံးလေးတွေ တွန့်ကုတ်ကျလျက်..၊ ဒီကား ဘာဖြစ်လို့ အိမ်ကို လာကြည့်နေတာလဲ..၊

ညီမလေးရှိနေတာကို ပေးမသိချင်ဘူးလို့ ကိုကြီး ပြောထားသဖြင့် ကိုကြီးနဲ့ အလုပ်လုပ်တဲ့လူတွေလားလို့ တွေးလိုက်မိသည်။

သေချာတာကတော့ ဒီအိမ်ကို လာကြည့်တာပင်..၊ ကားရှေ့ခန်းထဲကနေ ဓာတ်ပုံရိုက်နေတာလား၊ မှန်ဘီလူးနဲ့ ကြည့်နေသည်လား မသိ။ တစ်ယောက်ယောက် တစ်ခုခု လုပ်နေတာလည်း သေချာ၏။

"သမီးရေ.. ထမင်းဘားချင်ရင် ရပြီနော်၊ ဒေါ်ဒေါ် ပြင်လိုက်ရတော့မလား"

"ရှင်!... ဟင့်အင်း မစားသေးဘူး ဒေါ်ဒေါ်နု"

လည်ဆွဲ ကမန်းကတန်း ပြေးကိုင်လိုက်တာက ကိုကြီးဆီကိုခေါ်မလို့ ဟန်းဖုန်း..၊ ဒါပေမယ့် ခေါ်လို့ မရပေ..၊

ဖုန်းထဲကနေ 'စက်ပိတ်ထားပါတယ်'ချည်းပဲ ဖြေနေ၏။

ဘာဖြစ်လို့ ပိတ်ထားတာလဲ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ရပါတယ် ကိုကြီးကလည်း၊ ညီမလေး မောင်းတတ်နေပါပြီ"

"ဟုတ်ပါပြီ၊ ကဲ ... လီဗာကိုတော့ သိပ်မနင်းနဲ့၊ လမ်းပေါ်မှာ ကားရှင်းပေမယ့် ဘေးကနေ အမှတ်တမဲ့ လူဖြစ်ဖြစ်၊ ယာဉ်တစ်ခုခု ဖြစ်ဖြစ် ဘွားခနဲ ပေါ်လာတတ်တယ်၊ အဲဒီအခါကျတော့ ရှင်းတယ်ဆိုပြီး လွှတ်ထားတဲ့ ကိုယ့်အရှိန်ကို မနိုင်တော့ဘူး ဖြစ်တတ်တယ်"

ဘေးကထိုင်ရင်း ကိုကြီးက ရှင်းပြနေသည်။

"လူရှင်းတဲ့တစ်ဆိုင်ဆိုင်မှာ ဝမ်းဖြည့်ရအောင် ညီမလေး၊ ကိုကြီး ဗိုက်ဆာလာပြီ၊ ညီမလေးရော.."

"ဆာပေမယ့် မဆာပါဘူး၊ ကိုကြီးက တစ်ခါတလေပဲ ရောက်လာတာ၊ အချိန်ရှိတုန်း ညီမလေးက ကားလျှောက်မောင်းနေမလို့"

လှချမ်းသာ က ရယ်လိုက်ပြီး လည်ဆွဲ ခေါင်းလေးကို ပုတ်သည်။

"မောင်းရပါမယ်၊ ဒီနေ့ တစ်နေ့လုံး ကိုကြီး ညီမလေးဘေးမှာပဲ နေမှာ၊ ခုတော့ တစ်ခုခု စားရအောင်နော်"

"ဟုတ် .."





မောင်နှမနှစ်ယောက် လမ်းဘေးက ကျယ်ကျယ်ပြန့်ပြန့် သပ်ရပ်နေသည့် ဆိုင်လေးတစ်ဆိုင်ထဲကို ဝင်ခဲ့ကြသည်။

ဆိုင်က သိပ်မကြီးကျယ်ပေမယ့် ထမင်းဟင်းတွေရော၊ အသုပ်၊ အစပ်တွေ အားလုံး တစ်နေကုန် ရ၏။ ကိုကြီးက ဝက်သားနဲ့ မှျစ်ချဉ်စပ်မှာကာ လည်ဆွဲ ကတော့ ဝက်လက်ပေါင်းတစ်ပွဲပဲ ဖြစ်လျက်...

"ကိုကြီး ထပ်မမှာနဲ့တော့၊ အဲဒီနှစ်ပွဲတောင်မှ အများကြီးရယ်၊ ကုန်မှာလည်း မဟုတ်ဘဲနဲ့"

"အေးပါ..၊ ငါ့ညီမလေးလည်း မိန်းကလေးလို့ မပြောရဘူး တိုင်းလိုက်ထွာလိုက်တာ"

လှချမ်းသာ က သဘောကျနေသည့် မျက်နှာကြီးနဲ့ပါ..၊

"ငါးခေါင်းဟင်းချိုလေးတော့ မှာမယ်နော်၊ အရည်သောက် မပါသေးဘူး"

"အဲဒါ ပိုဆိုးတာ၊ ငါးခေါင်းဟင်းချိုက မိသားစုလိုက် တစ်ပြုံကြီး စားမှ တန်တာ ကိုကြီးရဲ့၊ ညီမလေးတို့နှစ်ယောက်တည်းဆို အများကြီး ပိုမှာ၊ အဲ ... ပိုတာ ပါဆယ်ပြန်ထုတ်လိုက်ရင်တော့ ရတယ်၊ မှာချင်မှာလေ"

"တော်ပါပြီဗျာ .. အဲဒီလောက် စစ်စစ်ပေါက်ပေါက်တွေ မလုပ်တော့ပါဘူး၊ မိကပ်စေး .. ကိုကြီး ထည့်ပေးထားတဲ့ ပိုက်ဆံတွေရော ထုတ်သုံးရဲ့လား၊ စားချင်တာ၊ ဝယ်ချင်တာရှိရင်တော့ စားပေါ့"

"စားပါတယ်၊ အားလုံး ဒေါ်ဒေါ်နုတို့ ချက်ပြုတ်ပေးနေတာပဲ၊ လိုမှ မလိုတာ၊ ပြီးတော့ ညီမလေးမှာ ရှော့ပင်းထွက်ရအောင် ကိုကြီးကလည်း လိုက်မပို့၊ အဖော်လည်း မရှိနဲ့၊ ကုန်စရာလမ်းမှ မရှိတာ"

"ညီမလေး လိုအပ်တာတွေ မှတ်ထားလေ၊ ကိုကြီး လာခေါ်မှာပေါ့"

"လိုလည်း မလိုသေးပါဘူး၊ ကိုကြီးက ညီမလေးကွယ်ရာမှာ ဘယ်လောက် ပင်ပင်ပန်းပန်း ရှာထားရမှန်း မသိဘဲနဲ့ သုံးလည်း မသုံးရက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လူချမ်းသာ ပြုံးနေရင်း မျက်နှာပျက်သွား၏။

"ရေသန့်တစ်ဘူး အရင်ပေး .."

မျက်နှာလွှဲလိုက်မိရင်း ရေမဆာဘဲ ရေသန့် မှာလိုက်မိခြင်းသို့ ရောက်သည်။

"ကိုကြီး .."

"ဟင် .."

"ဟိုနေ့က ဘယ်သူတွေလဲဆိုတာ၊ ညီမလေး မေးတာ ဖြေပါဦး"

"ကိုကြီးမှ မမြင်လိုက်ရတာ ဘယ်လိုလုပ်သိမှာလဲ ညီမလေးရာ၊ ဘာဖြစ်ဖြစ် ညီမလေး အိမ်ထဲမှာပဲ နေနော်"

လည်ဆွဲ က အစ်ကိုဖြစ်တဲ့သူကို နားမလည်နိုင်သည့်မျက်လုံးတို့ဖြင့် ကြည့်၏။

"ကိုကြီး မဟုတ်တဲ့လူတွေနဲ့ တစ်ခုခု ငြိထားတာတော့ မရှိပါဘူးနော်"

လူချမ်းသာ ခပ်လေးလေး ခေါင်းခါရင်း လည်ဆွဲ မျက်နှာလေးကို ကြည့်သည်။

"ညီမလေးက ကိုကြီးကို မယုံဘူးလား"

"ဘာဖြစ်လို့ မယုံရမှာလဲ .. ညီမလေးက ကိုယ့်အစ်ကိုကိုမှ မယုံရင် ဘယ်သူ့ကို ယုံဖို့ရှိတော့လို့လဲ၊ ကိုကြီးကို စိတ်ပူလို့ပါ၊ မိုးကုတ်မှာ စီးပွားသွားရှာတဲ့လူတွေ တော်တော်များများမှာ များသောအားဖြင့် တူညီတဲ့ ပြဿနာတစ်ခု ရှိနေတတ်တယ်"

"ဟုတ်တယ် ညီမလေး၊ ကိုကြီးမှာလည်း ရှိတော့ရှိတယ်"

"ဟင်!..."

ထိတ်လန့်သွားရှာသည့် ညီမလေး မျက်ဝန်းလေးတွေကို သူ မကြည့်ရက်..၊ မျက်နှာကို တစ်ဖက်လွှဲလိုက်မိရင်း...





"ညီမလေး စိတ်ညစ်သွားမှာစိုးလို့ ကိုကြီး မပြောတာ၊ ပြီးတော့ ကိုကြီးဘက်က မှန်တယ်လို့လည်း ထင်တယ်၊ အဲဒါကြောင့်..."

"ပြောလေ ကိုကြီး .. ဘာဖြစ်ခဲ့လို့လဲဟင်၊ ကိုကြီး လူသတ်ခဲ့တာလား"

"မဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒီလို ကြီးကျယ်တဲ့ပြဿနာမျိုး ရှိခဲ့တယ်"

"ဟင်!..."

စားစရာတွေ တစ်ခုပြီးတစ်ခု ရောက်လာတာကို နှစ်ယောက်စလုံး ဂရုမစိုက်မိကြတော့ပေ..၊

"ကိုကြီး .. ပြောလေ .."

"ပြောပါ့မယ်၊ ညီမလေး စိတ်အေးအေးထားနော်၊ ကိုကြီးတို့ အလုပ်သမားတွေက ကိုယ့်ဘဝအတွက် အသက်သွေးချွေးတွေရင်းပြီး အလုပ်လုပ်ခဲ့ကြတာ၊ ကိုယ်ရလာတဲ့ပစ္စည်းကို ကိုယ်ယူတာ မှားလား"

လည်ဆွဲ ငေးနေရင်း ဘာဖြေရမှန်းမသိ၊ စိတ်ထဲမှာ ကိုကြီး နောက်ဆုံးကျူးလွန်ခဲ့တာ ဘယ်လိုအမှားမျိုးလဲဆိုတာပဲ ရှိနေ၏။ ဥပဒေနဲ့ ငြိစွန်းခဲ့သည်လား .. ကိုကြီးအတွက် အသက်အန္တရာယ် ရှိနေပြီလား..၊

"သူဌေးက ကိုကြီးတို့အပေါ် ကောင်းပါတယ်၊ ဒါပေမယ့် အင်ချက်တွေက အရမ်း လူပါးဝတယ်"

"အင်ချက်ဆိုတာ ဘာလဲ ကိုကြီး"

"အင်ချက်ဆိုတာ ညီမလေး ရှင်းအောင်ပြောရရင် ကိုကြီးတို့ ဆင်းတဲ့ကျင်းတွေပေါ်မှာ ထိုင်ပြီး ကျောက်သိမ်းတဲ့လူပေါ့၊ ခဲသိမ်းတာလို့လည်း ခေါ်တယ်၊ ရသမျှ အရိုင်းခဲတွေကို သူ့ကို အပ်ရတာ.."

"အဲဒါတွေကို ကိုကြီးတို့က မအပ်ခဲ့ကြတာလား.."

"ဟုတ်တယ် .. ဒါပေမယ့် အဲဒီလို အသေးအမွှားခဲလေးတွေ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ..."

လည်ဆွဲ လည်ချောင်းထဲမှာ ခြောက်သွေ့သွားသလိုပင်..၊

ဘယ်လိုပစ္စည်းက ဘယ်လောက်တန်တယ်ဆိုတာ မသိပေမယ့် ကိုကြီး တစ်ယောက်တည်းတောင် ဒီဘဝမျိုးကို ပိုင်ဆိုင်ကဲ့အထိ ဖြစ်ခဲ့တာ၊ တစ်ဖွဲ့လုံး ချမ်းသာသွားတဲ့အထိ ဆိုတော့..

"ကိုကြီး.."

ဆက်မတွေးရဲတော့ဘဲ လည်ဆွဲ မျက်ရည်တွေ ဝဲလာ၏။

"ညီမလေးကလည်းကွာ .. ကိုကြီးတို့က ကိုယ် ရသင့်တာကို ယူခဲ့တာ ဘာကြောက်စရာရှိလို့လဲ၊ သူတို့ကသာ ခေါင်းပုံဖြတ်၊ ဂုတ်သွေးစုတ်တဲ့လူတွေ၊ ဟိုနေရာကွက်ကွက်လေးမှာ သူတို့ ချမှတ်ထားတဲ့ စည်းကမ်းကို ဖောက်ဖျက်ခဲ့တာမှန်ပေမယ့် ဒါနဲ့ပဲ ရာဇဝတ်သား ဖြစ်သွားစရာလား။ ကဲ ... စားစရာတွေ အေးကုန်မယ်၊ စားရအောင်"

အပြုံးတွေ ဖွတ်တင်ပြီး စားစရာတွေကို ဟိုဆွဲဒီပို့နှင့် မျက်လွှာချထားသည့် လူချမ်းသာ မျက်နှာကို လည်ဆွဲ ငေးနေမိ၏။

ကြားဖူးနေကျ ပြဿနာမျိုးတွေပါပဲ၊ ဒါပေမယ့် ဒါတွေဟာ ဥပဒေနဲ့ ငြိစွန်းသည်ဖြစ်စေ၊ မငြိဘူးဖြစ်စေ လောဘသားကောင်တို့အတွက် သတ်ဖြတ်စားသောက်တတ်ကြသော နိုင်ရာစားပွဲကြီးတစ်ခုပင်..၊

"ကိုကြီး အခု ညီမလေးနဲ့ အတူကူ မနေနိုင်တာ အဲဒါတွေကြောင့်ပေါ့နော်"

မျက်ရည်တွေလည်နေသည့် လည်ဆွဲ လက်ကလေးတစ်ဖက်ကို လူချမ်းသာ က လှမ်းဆုပ်ကိုင်ကာ..

"ဟုတ်တယ်လို့ ဆိုနိုင်ပေမယ့် ကိုကြီးတို့ ဘာမှ ထိခိုက်ဖို့မရှိဘူး။ ဘာတွေစိုးရိမ်နေတာလဲ ညီမလေးရာ၊ အဲဒါတွေကြောင့် ကိုကြီး ဘာမှ မပြောဘဲနေတာ၊ ဒါပေမယ့် သူတို့လို့ ထင်ရတဲ့လူတွေကို ညီမလေးက





မြင်လိုက်တယ်ဆိုတော့ နောက်ထပ် မေးနေဦးမှာပဲ၊ သိသင့်သလောက် သိရအောင် ပြောပြတာပါ။ ဖျောက်ပစ်လိုက်နော်.. ခေါင်းထဲမှာ မထားနဲ့"

သူ စားခိုင်းသည့် ထမင်းပွဲနဲ့ ဟင်းပွဲတွေကို လည်ဆွဲ က ဘေးကို ဖြန့်တွန်းရွှေ့ကာ..

"မထားလို့ ရမလား ကိုကြီးရဲ့..၊ ကိုကြီးက အပြင်မှာပဲ နေတာ၊ တစ်ခါတလေ ညီမလေးဆီကို နှစ်ရက်လောက် မလာဘဲ နေသေးတယ်၊ ကိုကြီး တစ်နေရာမှာ တစ်ခုခုဖြစ်နေရင် ညီမလေး ဘယ်လိုလုပ် သိရမှာလဲ ပြီးတော့ စိတ်ဆင်းရဲမှာစိုးလို့ ဘာညာနဲ့ ကိုကြီး ကွယ်ရာမှာ ကြိတ်ဖြစ်နေမှာ"

ပြောနေရင်း လည်ဆွဲ မျက်ရည်ကျလေသည်။

"ဟာကွာ .. ဆိုင်ထဲမှာ လူတွေမြင်တော့မှာပဲ၊ ငါ့ညီမက ခက်တော့တာပဲ၊ အဲဒီလို ဖြုတ်ခနဲ ငိုး ငိုနေရင်း ရယ်နဲ့ ကလေးဆန်လွန်းလို့ ကိုကြီးက ပိုပြီး စိတ်မချတာ၊ မငိုနဲ့နော်"

ချော့မော့ရင်း တစ်သျှူးလှမ်းပေး၍ ခေါင်းလေးကို ပွတ်သပ်လိုက်ကာ..

"ကိုကြီးကလေ ညီမလေးကို ညီလေးတစ်ယောက်လို တိုးတိုးဖော်ဖြစ်စေချင်တာ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကြီးတို့မှာ မောင်နှမနှစ်ယောက်ပဲ ဆိုးတူကောင်းဘက် ရှိတာလေ၊ ညီမလေးက ခုလို အရမ်းနူးညံ့တော့ ကိုကြီးက ညီလေးတစ်ယောက်လို နေရာတကာ ဘယ်လိုလုပ် တိုင်ပင်ရဲတော့မှာလဲ"

လည်ဆွဲ ငေးခနဲ ဖြစ်သွား၏။ ပြီးတော့ မျက်ရည်တွေကို ချက်ချင်းသုတ်ပစ်လိုက်ကာ..

"ဒါဆို လည်ဆွဲ မငိုတော့ဘူး၊ ကိုကြီး ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ အားလုံးပြောပြ.."



www.burmeseclassic.com

www.burmeseclassic.com



ထမင်းပန်းကန်ကို ကိုယ့်ရှေ့ပြန်ဆွဲယူရင်း လှူချမ်းသာ ငိုင်သွားမိသည်။ စိတ်ပြေရာပြေကြောင်း ပြောမိသမျှ သူ့စကားနဲ့သူပဲ ပြန်ပိတ်မိနေသည့်အဖြစ်ထဲက ဘယ်လို ရုန်းထွက်ရမှန်း မသိ..။

ညီမလေးကို သူ ဘာမှ မသိစေချင်ပါ။ သိဖို့လည်း မလိုဘူး ထင်သည်။ ဖြစ်လာသမျှ အဆိုးအကောင်းမှန်သမျှ အဆိုးတွေဟာ သူ့အတွက်ဖြစ်ပြီး အကောင်းဟူသမျှ ညီမလေး ခံစားဖို့သာ ဖြစ်၏။

သူ ဒီတိုင်းပဲ ဆုံးဖြတ်ထားခဲ့တာဖြစ်သည်။

တစ်စခွဲထုတ် ပြန်ဖျောက်လို့မရနိုင် သူ ဖုံးဖိနေသမျှ ပေါ်ကုန်တော့မည်မို့ ဆာလောင်နေတာတွေတောင် ဘယ်ရောက်ကုန်မှန်း မသိ..၊

"ကိုကြီး ပြောပြလေ.."

"ကိုကြီးရဲ့အဖြစ်တွေကို ညီမလေးကို ပြောပြမှာပါ။ ဒါပေမယ့် နေပါဦး၊ ကိုကြီးတို့ အေးဆေးနေကြတဲ့အခါကျမှ..."

"အေးဆေးနေရဖို့က ဘယ်တော့လဲ ကိုကြီး၊ အခု သူတို့တွေ လိုက်နေကြတယ်၊ ကိုကြီးက ပြေးနေရတယ်"

လည်ဆွဲ မျက်နှာလေးကို နှိမ့်ချကာ လှူချမ်းသာ နဲ့ နီးအောင် တိုးကပ်၍ တုန်ယင်နေသောအသံလေးနှင့်...

"သူတို့ကို တစ်စိတ်ဖြစ်ဖြစ် ပြန်ပေးလိုက်ရင် ကျေနပ်သွားကြမှာလား၊ ဒါမှမဟုတ်ရင်လည်း အကုန်လုံး ပြန်ပေးလိုက်ပါ၊ ညီမလေးတို့ မောင်နှမ အရင်လိုပဲ ဘဝကို ရုန်းကန် ရင်ဆိုင်သွားလို့ရတယ်၊ ညီမလေး ဘွဲ့ရပြီးရင်..."

"တော်ပါတော့ကွာ၊ ကိုကြီး ဒီလောက်ထိ ကြိုးစားပင်ပန်းခဲ့တာတွေကို အဓိပ္ပာယ်မရှိ သူတို့လက်ထဲ ဝ,ကွက်အပ်ရမှာလား"

"ဟင့်အင်း .. ညီမလေး ကိုကြီးနဲ့ ဘာကိုမှ မလဲနိုင်ဘူး၊ ဒါတွေ မသိရခင်ကတည်းက ကိုကြီး တစ်ရက်လောက် ရောက်မလာရင် ဘယ်လောက်မျှော်နေရလဲ သိလား၊ ညီမလေးဘဝမှာ ကိုကြီးမျက်နှာက မီးရှူးတန်ဆောင်ပါ၊ မျက်စိအောက်က ကိုကြီး ပျောက်သွားတာနဲ့.."

"နေဦး ညီမလေး .. အဲဒီလို ညီမလေး မမျှော်ရဘူး၊ စိုးလည်း မစိုးရိမ်နဲ့ ကိုကြီးက ယောကျ်ားလေး၊ ပြီးတော့ ကိုကြီး ဘေးမှာလည်း အစုအဖွဲ့ ဆိုတာ ရှိတာပဲ၊ သူတို့ ဒုက္ခပေးချင်တိုင်း ပေးလို့ မရဘူး၊ တကယ်လို့ ကိုကြီး သွားလာရင်း ခရီးလွန်နေတဲ့အခါ ရက်တွေ ကြာချင်ကြာမယ်၊ ညီမလေး ခုလို သေလောက်အောင် ပူပင်နေရင် ဘယ့်လိုလုပ်မလဲ"

"ရက်တွေ ကြာမယ်.."

လည်ဆွဲ က တိုးတိုးလေး လိုက်ရွတ်သည်၊ သူ ခေါင်းခါပြလိုက်ရင်း...

"ရှိခဲ့ရင် ပြောတာပါ၊ တကယ်လို့ ကိုကြီး ခရီးလွန်နေရင် ညီမလေး အားငယ်မှာစိုးလို့ ကိုကြီးတို့တိုက်ကြီးရဲ့ စာကြည့်ခန်းနဲ့ ကပ်လျက်မှာ စာကြည့်ခန်းထဲကဖွင့်မှရတဲ့ အခန်းပျောက်တစ်ခန်း ရှိတယ်၊ အဲဒီအခန်းထဲမှာ ကိုကြီး ရှာဖွေထားခဲ့တဲ့ ပစ္စည်းတွေ အကုန်ရှိတယ်၊ ညီမလေး ဘမည်နဲ့ ဘဏ်မှာ ငွေသွင်းထားတဲ့စာအုပ်လည်း ရှိတယ်"

"ကိုကြီး .. ကိုကြီး အဲဒါတွေ ဘာဖြစ်လို့ ပြောနေတာလဲ"

"ညီမလေးနဲ့ ကိုကြီး နှစ်ယောက်ပဲ သွေးရင်းသားရင်းရှိတာ၊ လျှို့ဝှက်ထားဖို့ မလိုဘူးလေ"

လှူချမ်းသာ မျက်နှာပေါ်က ပေါ့ပါးသလိုလို ရှုပ်ထွေးသလိုလို ဘရုပ်ရုပ် ပြေးလွှား ပြောင်းလဲနေသည့် ခံစားချက်တွေကို ဘယ်လို ဆုပ်ခမ်းကြည့်ရမှန်း မသိ..၊ ဒါပေမယ့် ရင်ထဲမှာ ဘာမှမရှိတော့သလို လိုက်ဟာသွားခြင်းက နေပူပြင်ကြီးနှင့် တူ၏။

ကိုကြီးအပေါ် ယုံကြည်စွာ အေးချမ်းနေခဲ့သည့် စိတ်တို့သည်...







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ရပ်လိုက်ပါဆိုတာ မရပ်ဘဲ ကိုကြီး နောက်ပြန်လျှောက်နေရင်း ချာခနဲ လှည့်ပြေး၏။

ဒုရဲအုပ်က သေနတ်ကိုင်ထားသည့်လက်ပေါ်ကို ဟိုဘက်လက်နဲ့ ထပ်ဆုပ်ကိုင်၍ တန်းခနဲ ချိန်လျှင်...

"မပစ်ပါနဲ့ရှင် .. ကိုကြီးကို လည်ဆွဲ ခေါ်ပါ့မယ် .. မပစ်ပါနဲ့နော်၊ ကိုကြီးရေ .. ကိုကြီး ပြန်လာခဲ့ပါ၊ အဖမ်းခံလိုက်ပါ .."

"ဘာလို့ခံရမှာလဲ၊ ကိုကြီးမှာ အပြစ်မရှိဘူး"

"မဟုတ်ဘူး .. ကိုကြီး"

"တရားခံ လွတ်သွားမယ်၊ ပစ်..."

"ဒိုင်း..."

"ကိုကြီး.."

ကိုကြီး ကျောပြင်မှာ ရဲခနဲ သွေးကွက်ကြီးဖြစ်သွားကာ ကျောကော့သွားသည့်နောက်မှာ ဘိုင်းခနဲ လဲကျသွား၏။

"ကိုကြီး..."





တအားကျုံးအော်လိုက်မိပြီး ရှေ့ကို ပြေးပေမယ့် ဘယ်မှမရောက်ဘဲ လည်ဆွဲ အိပ်ရာထဲမှာပဲ ရှိနေခဲ့၏။

"ကိုကြီး .. ကိုကြီး ဘာဖြစ်ပြီလဲ"

လည်ဆွဲ ဆတ်ခနဲ ထထိုင်ကာ နဖူးမှာ ချွေးတွေစိုနေတာကို ပွတ်သပ်လိုက်၏။ အဲချိန်တိုင်း ဒီစိတ်ချည်းပဲ စွဲနေတာမို့ အိပ်မက်ထဲမှာ ပါလာတာ ဖြစ်ပါစေ..၊

တစ်ယောက်တည်း မျက်လုံးတွေမှိတ်၍ ဆုတောင်းနေမိစဉ် ဖုန်းသံကြောင့် ဆတ်ခနဲ တုန်သွား၏။

ဒါပေမယ့် ဝမ်းသာအားရဖြစ်သွားကာ..

"ကိုကြီး.."

"ညီမလေး အိပ်ပျော်နေပြီလား"

"မအိပ်သေးပါဘူး ကိုကြီးရဲ့.."

ဖုန်းပြောရင်း နာရီ လှမ်းကြည့်လိုက်ကာ...

"ခုမှ ကိုးနာရီခွဲပဲ ရှိသေးတဲ့ဟာ."

ညာသလိုဖြစ်သွားပေမယ့် အိပ်ရာထဲမှာ အိပ်ဖို့လှဲလိုက်တာ မဟုတ်ဘဲ မှေးခနဲ အိပ်ပျော်သွားတာဖြစ်သည်။ လည်ဆွဲ ကိုယ့်လည်ပင်းကို ပြန်ပွတ်လိုက်မိရင်း...

"ကိုကြီးရော အခု ဘယ်မှာလဲ..၊ ဘာလုပ်နေတာလဲ"

"ကိုကြီးက သူငယ်ချင်းနဲ့ ကော်ဖီဆိုင်မှာ."

"ဟုတ်လား .. မနာလိုလိုက်တာ၊ ကိုကြီးနဲ့ ညီမလေး အတူတူနေရင် အဲဒီသူငယ်ချင်းနေရာမှာ ညီမလေး လိုက်ရမှာနော်၊ ခုကျတော့ ကိုကြီး ပြန်သွားတာနဲ့ ညီမလေးက တစ်ယောက်တည်း."

ဖုန်းထဲမှာ ကိုကြီးရယ်သံ ကြားလိုက်ရကာ..

"အဲဒါပြောမလို့ မနေ့က ကိုကြီး ကားထားခဲ့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ လည်ဆွဲ က ကားလျှောက်မောင်းရမှာလား.."

"ဟုတ်တယ်၊ ဒါပေမယ့် လျှောက်မမောင်းရဘူး၊ ကိုကြီးဆီကို မောင်းလာရမှာ."

"ဟာ..ကယ်.."

"မအေးပေါ့၊ အန္တရာယ်ကင်းကင်းနဲ့ ကိုကြီးဆီကို ရောက်လာရင် ညီမလေးကို ဆုချတဲ့အနေနဲ့ ရန်ကင်းစင်တာမှာ ကိုကြီးတို့မောင်နှမ ..ပင်းထွက်မယ်၊ ညီမလေး ကြိုက်တာဝယ်၊ တစ်နေကုန် သွားချင်တဲ့ နေရာတွေ ကိုကြီး လိုက်ပို့မယ်"

"ဟာ!... ပျော်စရာကြီး.."

ဖုန်းကိုင်ရင်း ကိုယ့်ပေါင်ကို ပြန်ပုတ်ပြီး ထိုင်လျက်ကနေ ခုန်နေမိ၏။ ကိုကြီးကလည်း ရယ်လျက်...

"ပြီးတော့ ရွှေတိဂုံဘုရားသွားပြီး ဖေဖေတို့၊ မေမေတို့အတွက် ကိုကြီးတို့မောင်နှမ ရွှေသင်္ကန်းကပ်မယ်၊ လျှပ်စစ်မီး၊ ရေ၊ မီး၊ နေ့ပွဲ ကျောက်ပြား အားလုံး လှူမယ်၊ မကောင်းဘူးလား"

"ကောင်းတာပေါ့.. အရမ်းကောင်းတာပဲ၊ ကိုကြီး ညီမလေး ပိုက်ဆံ ထည့်ခဲ့ရမှာပေါ့နော်"

"မထည့်ခဲ့နဲ့လေ၊ ညီမလေးအတွက် မီးခံသေတ္တာထဲက ပိုက်ဆံကို ထ..းလိုက်.."

"မှဟုတ်ဘူး၊ ညီမလေး ပြောတာက လှူမှာဆိုတော့ အများကြီး လှူမှာမို့လား၊ ဟကြည့်ခန်းဘေးက သိမ်းထားတဲ့..."

"ဟာ!... မရဘူး၊ အဲဒီအခန်းကိစ္စကိုလည်း နောက်ထပ် သတိတရ ထည့်မပြောနဲ့၊ ဒါကို ထိန်းသိမ်းထားရမယ့် အမွေပစ္စည်းလို့ သဘောထား ပြီး လုံးဝ လုံခြုံအောင် ထားရမှာ"

"ဟုတ် .."





"နောက်ပြီး အဲဒီအခန်းတံခါးကိုဖွင့်ဖို့က ကိုကြီး မပြောရင် ညီမလေး ဖွင့်လို့ရမှာ မဟုတ်ဘူး"

"ဟုတ်လား .."

"အင်း .. နောက်တော့ ကိုကြီး ပြောပြထားမှာပါ၊ ကဲ ... ညီမလေး အိပ်တော့နော်၊ ဂွတ်နိုက် .."

ကိုကြီး ဖုန်းချသွားတော့ အပျော်တစ်ဝက်၊ ပဟေဠိတစ်ဝက်နှင့် လည်ဆွဲ ကျန်ရစ်၏။

အခန်းထဲမှာ ရုပ်ရှင်ထဲက ရတနာသိုက်ကြီးလို ပြိုးပြက်လက်နေသည့် ရတနာတွေ အစုလိုက်အပုံလိုက်ကြီး ရှိနေသည်လား..၊

ဒါမှမဟုတ် ပြည်တန်ပတ္တမြားကြီးမျိုး ရထားတာမို့ အရေအတွက် ရှိဘဲ အရည်အသွေး မြင့်မားသည့် ရတနာပစ္စည်းတွေလား..၊

သေချာတာကတော့ ဘာတွေရှိနေသည်ပြောပြော လည်ဆွဲ ဝမ်း မြောက်ဝမ်းသာ မဖြစ်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

တစ်ယောက်တည်း ကားမောင်းလာရတော့ ရင်တွေခုန်ကာ စိတ်က ဘယ်ကိုမှရောက်ချိန်မရှိဘဲ ချွေးတောင်ပျံချင်၏။

ကိုကြီးနဲ့ဆုံဖို့ ချိန်းထားသည့်နေရာကို နီးလာတော့ ပြုံးလိုက်မိသည်။ ရန်ကင်းစင်တာကို လိုက်ပို့ရဖို့ သေချာပြီဆိုတာ ကားကိုမြင်လိုက်တာနှင့် ကိုကြီး နားလည်သွားလိမ့်မည်။

အောင်နိုင်သူလို ပြုံးနေသည့် လည်ဆွဲ မျက်နှာက သက်သေပါ။

တွေးရင်း အသံထွက်အောင် ရယ်မိလျက် လမ်းဆုံကနေ ညာဘက်အတိုင်း ကွေ့ထွက်ခဲ့သည်။ လမ်းက ခပ်ဆိုးဆိုးပုံစံ ပြောင်းလဲသွားခဲ့ပြီး မကြာမီ..၊

မြင်ကွင်းသည် သူမ ထင်လားသလို ကိုကြီးက ဝမ်းသာအားရ ဆီးကြိုချီးမွမ်းတော့မည်မဟုတ်ဘဲ ကားနက်ကြီးတစ်စီးနှင့် လူတစ်စု..၊

လူချမ်းသာ ဟ အလယ်မှာဖြစ်ကာ တစ်ယောက်သောသူ၏ ဆံပင်ကို ဆောင့်ဆွဲလိုက်ခြင်းကြောင့် နှာခေါင်းနှင့် နှုတ်ခမ်းမှာ သွေးချင်းချင်းနီနေသောမျက်နှာ မော့လာသည်။





"ကိုကြီး .."

လည်ဆွဲ ရုတ်တရက် ဘရိတ်ကို ဆောင့်နင်းလိုက်မိကာ ကားက ရုပ်ပျက်ဆင်းပျက် ဆောင့်ခုန်ပြီးမှ ရပ်၏။

ချုပ်ထားကြတဲ့လူတွေက သုံးယောက်၊ ကျကျနန ထိုးနှက်နိုင်းကြ နေတာက ကိုကြီးရှေ့မှာ လက်သီးဆုပ်နှင့်ရပ်လျှက်ဖြစ်ကာ တစ်ယောက်ကတော့ ကားဘောနက်ပေါ်မှာ အကျအန လက်ပိုက်ထိုင်ကြည့်နေ၏။

မျက်မှန်နက်တပ်ထားပေမယ့် အရုပ်အမောင်းကောင်းကောင်း၊ ရုပ်ဖြောင့်ဖြောင့်လူတစ်ယောက်မှန်း အဝေးကကြည့်တာနှင့် သိသာ၏။

ဒီလူက ခေါင်းဆောင်..၊

လက်သည်းဆိတ်တော့ လက်ထိပ်နာတတ်သည့် သွေးဆိုသော နာကျင်စိတ်က လည်ဆွဲ ရဲ့အသိတရားတွေကို ကိုယ်ကနေ ဆွဲနုတ်ယူသွားသည့်နှယ်..၊

ထိုသူကို နာကြည်းစွာ စိုက်ကြည့်ရင်း တွဲလွဲချထားသည့် သူ့ခြေထောက်တွေကို မျက်လုံးရောက်ကာ အံကြိတ်၍ ကားကို စက်ပြန်နှိုးလိုက်၏။

ခုခေတ် ဆံပင်ပုံ နမူးလုန်ထားပေမယ့် ငထောင်တချို့ လှဲတချို့ ဆံစတွေ နက်ဖွေးနေကာ ဖြူဝင်းသည့်မျက်နှာ ဒီဘက်ကို ဖျတ်ခနဲ လှည့်ကြည့်၏။

"ညီမလေး .."

ကားစက်နှိုးသံ..၊ အားလုံး၏အာရုံတွေ ဒီဘက်ကို ရောက်လာ၍ လှုပ်ရှားမှုတွေ ရုတ်ခနဲ ငြိမ်သက်သွားခြင်း၊ ပြီးတော့ ကိုကြီး ကမူးရှူးသိုး ပြေးထွက်လာခြင်း..၊

အားလုံးသည် ခဏလေးအတွင်းမှာ ဆက်တိုက်ကြီးဖြစ်သွားခဲ့ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ပြေးပြီ .. လိုက်စမ်း .."

အမိန့်သံတစ်ရပ်ကို လက်တဆန့်နှင့် ပေးသူဟာ ထိုလူပဲ ဖြစ်၏။

တွဲလွဲချထားသည့် ခြေထောက်တို့ကို ကားနဲ့ပစ်ဘိုက်မှလို့ စက်နှိုးလိုက်ကာမှ စက်သံကြောင့် အားလုံး ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်သဖြင့် လည်ဆွဲ ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားစဉ်...

"မောင်၊ .. ညီမလေး .. မောင်း .."

လူချမ်းသာ ကားဘေးကို ဒယိမ်းဒယိုင် ရောက်လာ၏။ တံခါးဆွဲဖွင့်ပြီး တက်လိုက်ပေမယ့် ကားပေါ်ကို ကိုယ်တစ်ပိုင်းပဲ ရောက်သည်။

"တက် .. ကိုကြီး မြန်မြန်တက်လေ.."

"မောင်း .."

ကိုကြီးကို ဆွဲတင်ချင်ပေမယ့် သူ့ဖာသာ ကုတ်တွယ်တက်နေပြီဖြစ်ကာ ဟိုလူတွေ အနားရောက်လာလျှင် ကိုကြီးကို ပြန်ဆွဲချတော့မှာမို့ လည်ဆွဲ အကြမ်းပတမ်း ဆောင့်ထွက်လိုက်သည်။

မောင်းတတ်ခါစမို့ ကားရုပ်တာ၊ ထွက်တာက ဒ၊တိုင်းအဆ မရှိ..၊

"ကိုကြီး .. တက်လေ..၊ ကိုင်ထားနော် .. ညီမလေး ဆွဲတင်ပေးမယ်"

"ရတယ်၊ ညီ .. ညီမလေး သတိထား မောင်း .."

လူချမ်းသာ ထိုင်ခုံမှာ သေချာထိုင်မိသည်နှင့် နောက်က ကားနက်ကြီးက ထပ်ချပ်မကွာ ပါလာတာကို မြင်လိုက်ရ၏။

"ကိုကြီး .. သူတို့ လိုက်လာပြီ"

"မောင်း .. လမ်းမကြီးပေါ် မတက်နဲ့ .. နောက်လှည့်မကြည့်နဲ့..၊ ဂရုစိုက်"

ဂရုစိုက်မိတာက ကိုကြီးမျက်နှာ ပျောက်နေလောက်အောင် ချင်းချင်းနီနေသည့် သွေးတွေကိုပဲဖြစ်ကာ နောက်က ကားကြီးကို မှန်ထဲမှ ကြည့်ပြောင်း လည်ဆွဲ မောင်းနေသည့်ကားက ခါရမ်းသွား၏။





လူချမ်းသာ သည် ညီမဖြစ်သူ ကားမောင်းတာကို စိတ်မချသည့် ...ဝန်းများနှင့် လှမ်းကြည့်ပေမယ့် ကိုယ့်ကိုယ်ကိုတောင် အသက် ...ရှူလို့မရသဖြင့် ခေါင်းက စိုက်ခနဲ စိုက်ခနဲ..၊

"ကိုကြီး .. ကိုကြီး .. သတိထားပါဦး"

လည်ဆွဲ ကိုကြီးကို စိုးရိမ်ကြီးကာ လှည့်ပြောရင်း မျက်ရည်တွေ ...လာ၏။ စိတ်တို့သည် ကားရှေ့မှာ ဘာရှိနေနေ ခဏတစ်ဖြုတ် အမေ့...လျော့ဖြစ်သွားခဲ့ပြီး...

"ဟယ်!..."

"အား..."

"ဒုန်း.."

နှစ်ယောက် တစ်ဘဝလို့ သတ်မှတ်ခဲ့သော ကမ္ဘာလေးတစ်ခု ပြို...ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ဓာတ်ပုံတိုင်းမှာ အနည်းအများအလိုက် သွေးကွက်တွေ စွန်းထင်နေ၏။ ဒါကို တစ်ပုံချင်းကြည့်နေရင်း စူးစိုက် တိတ်ဆိတ်နေသူ၏ ညီအစ်ကိုဝမ်းကွဲတော်သည့် ညီညီထွန်း ကလည်း စိတ်ရှည်လက်ရှည် ထိုင်စောင့်၏။

နောက်ထပ် တော်တော်ကြာမှ မျက်နှာငုံ့လျက်ကနေ မေးခွန်းတစ်ခု ထွက်လာခဲ့သည်။

"ဘာတဲ့လဲ..၊ သေချာသွားပြီလား"

"သေချာတယ် .. လုံးဝ ကန်းသွားပြီ"

မေးခွန်းက မစုံလင်ပေမယ့် ဘာကိုမေးမှန်းမသိတဲ့လူကလည်း လိုရင်းတိုရှင်းပဲ ဖြေ၏။ ထိုအခါကျမှ ဓာတ်ပုံကိုင်လျက်နှင့် သူမျက်နှာ လှည့်လာသည်။

ဘာမှထပ်မမေးတော့ဘဲ ခဏငြိမ်နေပြီးမှ ဓာတ်ပုံတွေကို အံဆွဲထဲ ထည့်လိုက်၏။ အံဆွဲကို ပြန်ပိတ်ဖို့ကိုင်ထားရင်း မပိတ်ဖြစ်ဘဲ အစွမ်းကုန် ရယ်မြူးနေသည့် မျက်နှာလှလှလေးကို စိုက်ကြည့်နေခဲ့သည်။





ဓာတ်ပုံတိုင်းမှာ သူမပုံတွေချည်းပဲ ဖြစ်သည်။ ဒါတွေကို လှချမ်းသာ ရဲ့အလောင်း၏ ဂျာကင်အတွင်းအိတ်ထဲက ရခဲ့တာဖြစ်၏။

သူတို့ သိထားတာက ချမ်းသာ ပဲဖြစ်လျက် ဒီကျမှ 'လှချမ်းသာ' ဆိုသည့် နာမည်ရင်းကို သိခဲ့ရ၏။ ထို့ပြင် သူနဲ့အတူ သေးရုံပေါ် ရောက်လာသည့် မိန်းကလေးက သူ့ရဲ့ညီမဖြစ်ဖို့ များနေသည်။

သူတို့ကို ပြောသည့်ထဲမှာ မွေးချင်းမောင်နှမ ရှိသေးတယ်ဆိုတာလည်း မပါခဲ့ပေ။ ဓာတ်ပုံကို ထပ်ခါထပ်ခါ ကြည့်ရင်း ငိုင်နေသည့် သူ့ကို အကဲခတ်ရင်း ညီညီထွန်း က အနားကို ထလာကာ..

"ဘာတွေ ဝေခွဲမရတာရှိလို့လဲ တိမ်တိုက်၊ ကားမှောက်တယ်၊ ချမ်းသာ ဆိုတဲ့ကောင် ပွဲချင်းပြီး သေသွားပြီ၊ ဟိုကောင်မလေး ကန်းသွားတယ်၊ သူတို့အဖြစ်က ဒါပဲ၊ ဓာတ်ပုံထဲမှာ ဘာတွေရှိနေလို့လဲ"

စိတ်မရှည်သလို မေးလိုက်ရင်း သူ လိုက်ငုံ့ကြည့်တော့ တိမ်တိုက် က အံဆွဲကို ဒိုင်းခနဲမြည်အောင် တွန်းပိတ်လိုက်၏။

"အဲဒီကောင်မလေးက ချမ်းသာနဲ့ ဘာတဲ့လဲ"

"ဖြစ်နိုင်ခြေက နှစ်ခုပဲ၊ တစ်ခုက လက်မထပ်ရသေးတဲ့ချစ်သူ၊ တစ်ခုက ညီမ၊ အဲဒီနေရာမှာ စုံစမ်းကြည့်တော့လည်း သူတို့က လူသစ်တွေတဲ့၊ မင်းအဖေဆီက ပစ္စည်းတွေရပြီးမှ ဘဝပြောင်းတာဖြစ်မှာပေါ့၊ သူတို့ အကြောင်း ဘယ်သူမှ မသိဘူး၊ ပြီးတော့ ခုလို ဒီလိုနေရာမျိုးမှာ ဟိုမေး ဒီမေး လုပ်ရတာ မကောင်းဘူးလေ၊ မင်းက ဘာတွေ စဉ်းစားနေတာလဲ"

"စဉ်းစားရမယ်..၊ မစဉ်းစားလို့ မရဘူး"

စိတ်မရှည်ပုံပေါက်နေသည့် ညီညီထွန်း ကို တိမ်တိုက် က တစ်ချက် တည့်တည့်ကြည့်ပြောသည်။ ပြီးတော့ ဟိုတယ်၏အပေါ် ဆုံးထပ်ကနေ အောက်ဘက်ကို စီးမိုးကြည့်လို့ရသည့်နေရာထိ လျှောက်သွားပြီးမှ ရပ်ကာ..



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က လူဆိုးသူခိုးတွေ မဟုတ်ဘူး ညီထွန်း၊ ဒီပစ္စည်းတွေ ကြောင့်သာ မဟုတ်ရင်..."

"ဟုတ်တယ်လေ..၊ သူလည်း ဒါတွေလိုချင်လို့ အသေခံပြီး ဘူး ကွယ်သွားခဲ့တာ၊ ငါတို့က မြွေပါလည်း ဆုံး၊ သားလည်း ဆုံး ဖြစ်ရ မှာလား.."

"သူတို့လည်း သေကျေပျက်စီးကုန်တာပဲ"

"တိမ်တိုက် .."

ညီညီထွန်း သူ့အေးကို ချောက်လာပြန်ကာ..

"မင်း ဘာစိတ်ကူးတွေ ရှိနေလို့လဲ၊ အဲဒါ မြန်မြန်ပြောစမ်းပါ၊ ငါ ကတော့ ကန်းသွားတဲ့ ဟိုကောင်မလေးကို နောက်ဆုံး ရိုက်စစ်ရစစ်ရ.."

"သူ့ကို ချမ်းသာ က ပြောခဲ့မယ်လို့ မင်း ထင်ကာယ်ပေါ့"

"ဘာပဲဖြစ်ဖြစ်လေ ..ချမ်းသာ နဲ့ အနီးဆုံးလူက သူပဲရှိတော့တာ"

"အဲဒီနေ့မှာ သူ ဒီလို သေဆုံးရမယ်ဆိုတာ ချမ်းသာ ကြိုမသိဘူး၊ အဲဒီအတွက် ဒီပစ္စည်းတွေကိစ္စ ကောင်မလေးကို ကြိုတင် မှာကြားထား မှာ မဟုတ်ဘူး"

"ဒါက ဒီကောင်မလေးက ဖနီးဆိုရင် ဖြစ်နိုင်တယ်ကွ၊ မောင်နှမ ဆိုရင် သူ ပြောတော့ ပြောထားမှာပဲ"

တိမ်တိုက် က အပြင်ကို ငေးနေရင်း ခပ်ဖွဖွ ခါးထောက်လိုက်ပြီး...

"ဒါပေမယ့် ကောင်မလေး သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အဲဒီ အိမ်ကြီးထဲမှာ ပစ္စည်းတွေ ရှိနေနိုင်တယ်.."

"ဟုတ်တယ်.."

ညီညီထွန်း က ထောက်ခံကာ...

"ကောင်မလေးက ငိုပဲ ငိုနေတာ၊ ဘယ်သူ့ကိုမှ စကားကောင်း ကောင်း မပြောဘူး၊ ဘယ်လိုလုပ်မလဲ"





"ငါ သွားမယ်"

"ဘာ!..."

တိမ်တိုက် က ခြေလှမ်းပြင်လျှင် ညီညီထွန်း က ရှေ့ကပိတ်လိုက်

"ဘာသွားလုပ်မှာလဲ .. မင်းမျက်နှာကြီးကို ကောင်မလေး မြင်ထား ဘယ်ဆို.."

"သူ ကန်းနေတယ်ဆို.."

ညီညီထွန်း ခပ်အမ်းအမ်းဖြစ်သွားပြီးမှ ခေါင်းညိတ်ကာ..

"ဟုတ်သားပဲ.."

ရုတ်တရက် မေ့သွားတာကို ကားထားသည့်ကိုယ်ကို ခြေလှမ်းရွေ့ ဖယ်လိုက်ပြီးမှ...

"မင်းက ဘာသွားလုပ်မှာလဲ၊ အဲဒီကောင်မလေးက ငါတို့ကို အသေ နှန်းနေမှာနော်"

ပြောလိုက်ရသော်လည်း တိမ်တိုက် က လှည့်မကြည့်တော့ပါ။

တစ်ယောက်တည်း ကျန်ရစ်ကာမှ သက်ပြင်းချလိုက်ပြီး မန္တလေး ကို ဖုန်းကောက်ဆက်ရသည်။

ဒီမှာ ရှုပ်ထွေးကုန်တာတွေ ဘယ်ပုံမှ အစရှာမရတဲ့အကြောင်း..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"သျှနာမည်က ပန်းလည်ဆွဲ တဲ့.."

တာဝန်ကျ သူနာပြုတစ်ယောက်ဆီက သိလိုက်ရသည်။ သူမကတော့ လူနာခုတင်ထက်မှာ ဒူးတစ်ဖက်ကွေး၊ တစ်ဖက်ထောင်၍ ထိုင်နေကာ ခပ်ငုံ့ငုံ့မျက်နှာကိုလည်း မမော့..၊ လှုပ်ရှားမှုလည်း မရှိ..။

မတ်တတ်ကနေ စီးမိုးကြည့်မိရင်း သူ ဘာပြောသင့်သည်ကို စဉ်းစားသည်။ အခြေအနေအရ သူမနဲ့ သူက ရန်သူတွေ..၊

"ညီမ..၊ ဒီမှာ ညီမကို ဆေးရုံတင်ပြီး အစစ တာဝန်ယူထားတဲ့သူပါ"

သူနာပြုက အလိုက်တသိ မိတ်ဆက်ပေးသည်။ သူမထံမှ အနည်းငယ်သော လှုပ်ရှားမှုလေး ဖြစ်သွားတာမြင်မှ 'ခွင့်ပြုပါဦး' ဆိုပြီး ထွက်ခွာသွား၏။

"အဟမ်း .."

သူ ရှိနေရာ အရပ်မျက်နှာ အနီးအဝေးကို ချောင်းတစ်ချက်ဟန့်၍ သိစေလိုက်ကာ အဆင်သင့်ရှိနေသည့် ဘေးခုံမှာ ဝင်ထိုင်လိုက်သည်။

"ကိုယ့်နာမည်က မိုးသား ပါ"





သူ့အသံ ကြားလိုက်တော့ သူမ မျက်နှာလေး မော့လာသည်။

ကုတ်ကုတ်ကွေးကွေးကြီး မဟုတ်ဘဲ ထူတွန်းသွယ်လျသည့် မျက်ခုံး လုံးစင်းသည့်နှာတံနှင့် နီမထွေးဖူးပုံနေသော နှုတ်ခမ်းသားလေးတွေ..၊

မြင်မြင်ချင်း သူ ငေးစိုက်ကြည့်မိတာ ဓာတ်ပုံထဲမှာထက် အများကြီးသာနေ၍ အံ့သြစိတ်နဲ့ ဖြစ်သည်။

ထို့ပြင် ပါးမို့နားလေးမှာ မွေးညှင်းနုလေးတွေနှင့် ရောနေသော နှရဲသည့်သွေးကြောလေးတွေကို ဒီတိုင်း မြင်နေရ၏။

ပန်းလည်ဆွဲ ဆိုသည့် မိန်းကလေး ထိုမျှလောက်ထိ လှနေလေသည်။ ဒါပေမယ့် ဦးတည်ရာမဲ့ လှုပ်ခတ်နေသည့် မျက်ဝန်းအိမ်လေးကတော့ စိတ်မကောင်းစရာပါ..၊

"မင်း နေကောင်းရဲ့လား"

"ရှင်က လည်ဆွဲ ကို ဘာဖြစ်လို့ ကယ်ခဲ့တာလဲ"

မေးပုံက ကျေးဇူးတင်တာနှင့်မတူဘဲ စစ်မေးလိုက်တာမျိုး၊ ပြီးတော့ သူမ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်သိပ်လာခဲ့ပြီး...

"ရှင် မကယ်ရင် ခေါင်းကာဒဏ်ရာ သွေးထွက်လွန်ပြီး လည်ဆွဲ သေသွားမှာ၊ ရှင် ဘာဖြစ်လို့ ကယ်ခဲ့တာလဲ..."

မေးနေရင်း အသံတွေတုန်ကာ သူမ ရှိုက်ငိုလေသည်။

"မငိုနဲ့လေ..၊ မင်းမျက်လုံးတွေ အဲဒါကြောင့် ပိုပြီး ထိခိုက်တာလို့ ဒေါက်တာက ပြောတယ်၊ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်နေတာလဲ"

"အဲဒါလည်း ရှင်နဲ့ မဆိုင်ပါဘူး၊ သေချင်နေတဲ့လူတစ်ယောက်က ဘာကို မက်မောနေမှာလဲ"

"ဒါပေမယ့် မင်း မသေခဲ့ဘူးလေ၊ လူ့ဘဝမှာ သေတာထက် အဖြစ်ဆိုးတာတွေ အများကြီးရှိသေးတယ်၊ မင်း နောက်ထပ် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ဖို့ စိတ်ကူးတွေ ထပ်မဖြစ်ဘူးဆိုရင် ခုလို အလှူတိုက်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့တာတွေကြောင့် နှောင်ဂကရလိမ့်မယ်"

"ရှင်က ဘယ်သူလဲ .."

သူ လည်ဆွဲ ကို စူးစိုက်ကြည့်လိုက်ရင်း...

"အဲဒီအချိန်မှာ လမ်းပေါ်မှာ ရှိနေတဲ့ လူတစ်ယောက်ပေါ့"

အဖြေက မကျေနပ်စရာပေမယ့် လည်ဆွဲ ဘာမှထပ်မမေးနိုင်တော့ဘဲ တင်းမာနေသည့်မျက်နှာလေး ပြန်လည် ညှိုးကျသွားကာ..

"ကိုကြီးရော .. ကိုကြီးက အဲဒီမှာတည်းက ဆုံးသွားတာလား ဆေးရုံကို ရောက်လာသေးလားဟင်"

အသက်မပါဘဲ ဆေးရုံကို ရောက်လာခဲ့တာရယ်၊ သူ့အကျီထဲက သွေးစွန်းနေတဲ့ မင်းရဲ့ဓာတ်ပုံတွေလည်း ရခဲ့တယ်ဆိုတာရယ်..၊

သူ ပြောလိုက်ရင် ဘယ်လိုနေမလဲ..။

"ဟင်!... ပြောပြပါ .. ကိုကြီး စကားပြောနိုင်သေးလား၊ လည်ဆွဲကို မေးသေးလားဟင်"

"ဆုံးသွားပြီလို့ ပြောကြတာပဲ၊ မင်း သိတဲ့အတိုင်းပဲ ငါ သိတာ"

"ရှင်က ဆေးရုံတင်ပေးခဲ့တဲ့လူ၊ လည်ဆွဲ က တစ်ရက်လုံးလုံး သတိမေ့မြောနေခဲ့တာ၊ ရှင်က ပိုသိရမှာပေါ့"

"မသိဘူး.."

သူမ မျက်လုံးတွေ သူ့ဆီကို ရောက်လာသည်။ ဒါပေမယ့် စူးစိုက်မှုမရှိရှာဘဲ ဟိုရွှေ့ဒီရွှေ့၊ ပြီးတော့ မျက်ရည်တွေ ပြိုးပြက်လက်ပြန်၏။

သူ မတားဆီးတော့ဘဲ ဒီတိုင်း ထိုင်ကြည့်နေလိုက်သည်။ အခန်းထဲမှာ ရှိုက်သံသဲ့သဲ့မှလွဲ၍ တိတ်ဆိတ်နေခဲ့ပြီး နောက်ထပ် အသံအားလုံး တိတ်ကျသွားကာ..

"ရှင် ရှိနေသေးလားဟင်.."

"ဝ        မင်း ဘာပြောမလို့လဲ"





ငိုလို့ အားရသွားသည်လား မသိ၊ မျက်ရည်ကို ကုန်စင်အောင်သုတ်ပြီးမှ သူ့အသံကြားရာကို မျက်ဝန်းလေးတွေ ရွေ့လာသည်။

"လည်ဆွဲ တောင်းပန်ပါတယ်"

"ဘာအတွက်လဲ.."

"ရှင့်ကို ကျေးဇူးတင်စကားမပြောဘဲ လည်ဆွဲ မဖွယ်မရာတွေပြောဆို မေးမြန်းနေတာ"

"ဟုတ်တယ်၊ ဒါပေမယ့် ကိုယ့်ကို ကျေးဇူးတင်စကားပြောဖို့ထက်မင်း ဘာဆက်လုပ်မှာလဲ..၊ ဘာလုပ်ချင်သလဲ..၊ အဲဒါတွေ ပြောသင့်တာ"

သူ ပြောလိုက်တာကို လည်ဆွဲ မျက်စိုးလေးတွေ ကုတ်ကျသွားပြီးနားထောင်နေသည်။ ဒါကို သူမကိုယ်တိုင် စဉ်းစားထားတာ မရှိသည့်အမှုအရာလေးတွေ ဖြစ်လာခဲ့လျက်...

"ရှင် လည်ဆွဲ တို့အကြောင်းကို သိထားလားဟင်"

"ဘယ်လိုလုပ် သိမှာလဲ..၊ မင်းတို့အကြောင်း မပြောနဲ့၊ မင်းနာမည်တောင် မင်းကိုယ်တိုင်ပြောပြမှ သိကြတာ"

"မဟုတ်ဘူး..၊ လူချမ်းသာ ဆိုတဲ့နာမည်ကို သူတို့ ခေါ်နေကြတာလည်ဆွဲ သတိရကတည်းက ကြားတယ်"

"အဲဒါက သူ့ရဲ့မှတ်ပုံတင်ကို သူ့အကျီထဲမှာ တွေ့တာလို့ ပြောတယ်၊ သူက ရန်ကုန်က မဟုတ်ဘူးထင်တယ်၊ မှတ်ပုံတင်ကို သွားလေရာ ဆောင်ထားတယ်ဆိုတော့..."

"အို .. လည်ဆွဲ တို့က ရန်ကုန်ကပါ။ ရှင် ဘာတွေ ပြောနေတာလဲ"

"သူနဲ့ မင်းက ဘာတော်တာလဲ"

"မောင်နှမ"

သူ ခေါင်းညိတ်လိုက်မိသည်။ တမင် သိချင်လို့ ဒီစကားတွေမေးပြီး ပြောလိုက်တာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးနဲ့ လည်ဆွဲ က မောင်နှမပေမယ့် ညီအစ်မတွေလို ရင်းနှီးပြီး ချစ်ခဲ့ကြတာ .."

စကားစလိုက်သည်နှင့် သူမ မျက်ရည် ချက်ချင်းဝေ့လေသည်။ ပြီးတော့ မျက်တောင်တွေ ပုတ်ခတ်နေရင်း မငိုမိအောင်လည်း ထိန်းရှာ၏။

မျက်ဟောင်တို့သည် အပိုပစ္စည်းတစ်ခု တင်ထားသလို ထူနက်ကော့ညွတ်လျက် ကြည့်တိုင်း လှနေတာကို တိမ်တိုက် စူးစိုက်ကြည့်နေမိသည်။

ချမ်းသာ ဟာ သူ့ညီမကို အသိအမှတ်မပြုတာတော့ မဖြစ်နိုင်..၊ ဒီလောက် လှနေလို့သာ လှသိမ်းဘဲ တမင်တကာ ဖျောက်ဖျက်ထားခဲ့တာ ဖြစ်မည်။

သို့ဆိုလျှင် သူ လုပ်ခဲ့တဲ့ပြဿနာတွေ၊ ပစ္စည်းတွေအကြောင်း ဒီကောင်မလေးကို ပြောပြ တိုင်ပင်ထားပါ..ဘမျိုး ရှိပါမလား..၊

ဒီကိုင်း ဆက်တွေးကြည့်လိုက်တော့ ချမ်းသာ သည် သူလုပ်ခဲ့သမျှ မကောင်းမှုတို့အား ညီမဖြစ်သူကို ပေးသိမှာ မဟုတ်ဆိုသည့် အဖြေပဲ ထွက်၏။

"ကိုမိုးသား .."

"ဟင်!... ကိုယ် ရှိပါတယ်"

"ရှင် ... ရှင် လည်ဆွဲ ကို ထိုင်ကြည့်နေတာလား"

ရှက်လို့မေးတာ မဟုတ်ဘဲ မနှစ်မြို့တာမှန်း မျက်နှာတည်တည်လေးက သိသာ၏။ သူ ကိုယ့်အပြစ်နဲ့ကိုယ် ပြုံးလိုက်မိကာ...

"ဟုတ်ပါတယ်..၊ ဒါပေမယ့် မင်းအကြောင်း တွေးနေတာပါ"

"ဘာအကြောင်းလဲ"

"အခု မင်း ပြောနေတဲ့ မင်းနဲ့ မင်းအစ်ကိုအကြောင်း..." –





"လည်ဆွဲ တို့က မိဘမဲ့ပါ.."

လည်ဆွဲ မျက်နှာ ပြေပြေပြစ်ပြစ်လေး ပြန်ဖြစ်သွားသည်။ ပြီးတော့ တော်တီးမရှိတော့ပေမယ့် ဆေးထည့် ပလာစတာအုပ်ထားရသည့် ခေါင်းအဖျားကို လက်နောက်ပြန်စမ်းနေပြီး...

"မေမေက ငယ်ငယ်ကတည်းက မရှိတော့တာ၊ ဖေဖေကတော့ လည်ဆွဲ ကျောင်းပြီးမှ ဆုံးတာပါ၊ အခု ထပ်ပြီး ကိုကြီးက..."

"ရပြီ .. အဲဒါတွေ မပြောနဲ့တော့၊ အခု မင်းမှာ ဆွေမျိုးနီးစပ်တွေ ဘာတွေ ရှိလား"

"မနီးစပ်တဲ့ ဆွေမျိုးတချို့တော့ ရှိတယ်၊ အဲဒါလည်း ဘယ်မြို့ ဘယ်ရွာတွေမှာမှန်း မသိပါဘူး"

"ဒါဆို အခု မင်းတစ်ယောက်တည်း ဘယ်လိုလုပ်မလဲ"

မငိုပေမယ့် မျက်ရည်လွှမ်းသော မျက်ဝန်းလေးတွေ လှုပ်လှုပ်ခတ်ခတ် ဖြစ်လာပြန်သည်။

"အထီးကျန်တာကို ပြန်တွေးပြီး မျက်ရည်ကျနေရင် မင်းရဲ့အနာဂတ်မှာ အလင်းရောင်ပျောက်နေမှာပဲ..၊ ပိုင်ဆိုင်ခွင့်မရှိတော့တာကို ဘပ်မက်လွှမ်းမောနေမယ့်အစား ပိုင်ဆိုင်ခွင့်ရှိနေတာကို ရအောင် ဘယ်လိုကြိုးစားမလဲ တွေးရမှာ၊ သေသွားတဲ့လူကို ချစ်လို့ ငိုကြွေးနေတာက ကိုယ့်ဘဝအတွက် ခွန်အားတွေကို ဒီမျက်ရည်တွေထဲမှာ လျှော့ချသလို ဖြစ်နေရင် ဘယ်သူ့မှာ အကျိုးရှိမှာလဲ"

"လည်ဆွဲ နားလည်ပါတယ်၊ ရှင်ကရော..."

"ဘာလဲ.."

"လည်ဆွဲ တို့ကို ခရီးသွားဟန်လွှဲ အမြင်မတော်လို့ ဆေးရုံတင်ပေးခဲ့တာလား၊ အဲဒီ့ထက်ပိုပြီး တစ်ခုခု ပတ်သက်တာ ရှိခဲ့ဖူးလို့လား"

"ဘယ်လို ပတ်သက်တာမျိုးကို ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ဘူး။ ဒါပေမယ့် ဆေးရုံတင်ပေးခဲ့တယ်၊ အခု လည်ဆွဲ ပတ်တီးဖြည်ပြီးနေပြီ၊ ရှင်က ခုချိန်ထိ ကျူညီနေတုန်း။ ကိုကြီးနဲ့ သိတာ လား။ ဒါမှမဟုတ် လည်ဆွဲ တို့မိဘတွေနဲ့..."

"တော်တော် အတွေးအခေါ် ကြီးမားတာပဲ"

ရွှဲ့ပြောလိုက်တာမှန်း သိသည်။ ဒါပေမယ့် သူမစိတ်ထဲမှာ ခံစား မိနေတဲ့အတိုင်း မပြောတတ်တာပါ၊ တကယ်ဆို...

သူဟာ လူစိမ်းတစ်ယောက်မှန်း သိနေလျက်နှင့် တစ်ခုခု ရင်းနှီး နေသလို ဖြစ်နေတာက...၊

"မင်းရဲ့နာမည်ကိုတောင် ခုနလေးကပဲ သိတာ၊ မင်းရဲ့အစ်ကို မင်းရဲ့မိဘနဲ့ ပတ်သက်နိုင်တယ်လို့ ဘယ်လိုအတွေးရောက်သွားတာလဲ"

"ဒါဆိုလဲ ရှင် ပြောပြလေ..၊ ဒီထိ ကူညီနေတာ ဘာဖြစ်လို့လဲ ဘယ်လောက်ထိ ကူညီနိုင်မှာလဲ"

"ကူညီနေတာက ကူညီချင်လို့ပေါ့ကွာ၊ ဘယ်လောက်ထိ ကူညီမလဲ ဆိုတာကတော့ မင်းရဲ့ရည်ရွယ်ချက် စိတ်ကူးတွေပေါ် မှာ မူတည်တယ်"

"ဘယ်လို!..."

သူ ဆက်လက် ကူညီချင်စိတ် ရှိနေသေးတယ်ဆိုတာ သိလိုက်ရ သဖြင့် လည်ဆွဲ အံ့သြသွားသည်။ လောလောဆယ် အနီးဆုံးမှာ ဆွေမျိုး နီးစပ်တောင်မရှိဘဲ မျက်မမြင်ဘဝကို ရောက်ခဲ့ရသည်။ ဒီအချိန်မှာ ဒီလို ရောက်လာတာ သိကြားမင်း ဖန်ဆင်းလိုက်သည့် ကယ်တင်ရှင်လား..၊ ဒါမှမဟုတ်...

"ကိုမိုးသား.."

"ပြော..."

"ရှင် ဘယ်သူလဲဟင်၊ အဲဒါ လည်ဆွဲ သိပါရစေ"

"ကိုယ်က ရန်ကုန်ကတော့ မဟုတ်ဘူး။ ဒါပေမယ့် မင်းတို့ မောင်နှမ





...ဖြစ်ကို စိတ်ဝင်စားပြီး ဆက်လက် ကူညီမယ်ဆိုရင်လည်း အားယား ...တဲ့လူတစ်ယောက်မို့လို့ ကူညီနိုင်တယ်ပေါ့ကွာ၊ မင်းဘက်က လော ...ဆယ် အနည်းအကျဉ်း ယုံကြည်ဖို့တော့ လိုတယ်"

ဘယ်လိုလုပ် ယုံကြည်ရမလဲ..၊ ကိုကြီးရဲ့ရန်သူတွေနဲ့ ပတ်သက် ...တဲ့လူဆိုရင် ကိုယ့်မှာ မြင်လည်း မမြင်ရ၊ အကာအကွယ်ပေးဖို့လည်း မဖြစ် ...၊ ဒါကို ဖွင့်မေးဖို့ကျတော့လည်း...

"မင်းမှာ ဘာအခက်အခဲရှိနေသေးလဲ ပန်းလည်ဆွဲ၊ ပြောပြပါ... ...လောလောဆယ် မင်းက မျက်မမြင်ဘဝမှာ၊ ဘေးမှာလဲ မင်းနဲ့ ရင်းနှီး ...သားလူ တစ်စုံတစ်ယောက်မှ မရှိဘူးဆိုတော့ ကိုယ့်ကိုပဲ..."

"ရှင်က တစိမ်းယောက်ျားတစ်ယောက် ဖြစ်နေတဲ့အတွက် လည်ဆွဲ ...ခဉ်းစားလို့ မဖြစ်ဘူး"

"အင်း..."

ဒါလည်း ဟုတ်တာမို့ သူ ခေါင်းညိတ်သည်။ လည်ဆွဲ က ဆံပင်ကို ...ိုင်လိုက်တိုင်း လက်က နောက်ကို ရောက်ရောက်သွားတတ်သဖြင့်...

"ဒဏ်ရာက နာနေလို့လား"

"အင်း .. နာတာ ထင်တယ်၊ ဆိုးဆိုးဝါးဝါးတော့ မဟုတ်ဘူး၊ တဆစ် ဆစ်နဲ့.."

"ကိုယ် ကြည့်ပေးမယ်"

သူ့ဘက်က လှုပ်ရှားမှုကြောင့် လေငွေ့တစ်ချက် မျက်နှာမှာ လာ ...ိုက်၏။ ထိုပြင် နှစ်သက်ဖွယ်ကောင်းသည့် ရေမွှေးနံ့က နီးကပ်စွာ ထွက် ပေါ်လာရာ သူ ဘယ်လောက်ထိ ကိုယ့်နားကပ်လိုက်မှန်း မလုံမလဲ တွေး ...ပြီး...

"ရှင်..."

"ဟင်!... ဆောရီး"



www.burmeseclassic.com

www.burmeseclassic.com



သူမ လက်မြှောက်လိုက်တာနှင့် သူရင်ဘတ်နေရာကို ပုတ်ခတ်... သွားသည်။

သူက ခေါင်းပန်ပြီး ချက်ချင်း နောက်ပြန်ဆုတ်လိုက်ပုံပေါ် ကာ...

"မင်းက ခေါင်းလှည့်မပေးလို့ နည်းနည်း တိုးကြည့်လိုက်တာ၊ မင်... ...ကျနေတယ်၊ ခဏခဏ ကိုင်လို့ထင်တယ်၊ ကိုယ် ဆရာဝ... ...လိုက်မယ်.."

"အိုး!... မခေါ်ပါနဲ့၊ တော်ကြာ ဆံပင်တွေ ထပ်ရိတ်ချဦးမယ်"

...ပုံစံ ဒဏ်ရာကို မထိတထိ ပြန်စမ်းရင်း နှုတ်ခမ်းလေးစူသွား... သူ စိုက်ကြည့်မိသည်။ ပြီးတော့ ပြုံးလိုက်မိရင်း...

"မင်းက ဆံပင်တွေ နှမြောလို့လား"

"...တယ်၊ ကိုကြီးတို့က..."

...မပြောတော့သဖြင့် တိမ်တိုက် နားလည်သွားသည်။ လည်ချိုး... ...စားချက်တွေ ဆူပွက်လာတာမို့ ဆို့နင့်ခြင်းက လည်ချောင်း... ...လာတော့ ဆက်မပြောနိုင်..၊

"ဆံပင်တွေကို ဖေဖေတို့ မေမေတို့ လက်ထက်ကတည်းက တယ... ...ခဲ့ကြတာလို့ ကိုကြီး ပြန်ပြောဖူးသည်။

"ငွေးကတည်းက မည်းနက်ပြီး အခွက်လိုက်လေးတွေ ရှိနေတာ..."

ပြီးတော့ ကိုကြီးကဆို ဖွပစ်တိုင်း မပွသည့် လည်ဆွဲ ဆံပင်တွေကို... ...လို့ ကိုင်တွယ်တတ်ခဲ့ပြီး...

"ဖေဖေ ပြောတယ် ညီမလေးရေ၊ အဲဒီလို ဆံမြိတ်အုပ်အုပ်၊ နားရွက်... ...ဆိုရင် ဖေဖေတို့ခေတ်က ဂျပန်ဆံတောက်လို့ ခေါ်တာတဲ့... ...ပေါ့နော်၊ ပုံညီမက အဲဒီဆံပင်လေးနဲ့ တော်တော် လှချစ်ဖျား... ...ကြောင့် ငယ်ငယ်ကတည်းက ဒီပုံလေးတိုင်းပဲ ထားတာ၊ အခု...





...ထောက်ရုံလေး ပိုရှည်သွားတာပဲ ကွာတယ်"တဲ့..။

ဒီဆံပင်ပေါ်မှာ ကိုကြီး ချစ်စနိုးနဲ့ စ,ခဲ့တာတွေ၊ တင်စား... ...တွေ အများကြီး ရှိခဲ့တာပါ။ ထို့ကြောင့် သူမ မသိရလို့... ...တာ သိတော့ တန်းမေးမိသည်။

"ချုပ်သာ၊ လုပ်သာအောင် နည်းနည်းတော့ ညှပ်ထုတ်လိုက်ရ... ...ပေါ့"

လို့ သူနာပြုဆရာမက ဖြေသည်။ ကိုင်တွယ်ကြည့်ရင်း လ... ...နာပျက်နေတော့ ရယ်သံထွက်လာတာလည်း ကြားလိုက်... 

မျက်လုံးကန်းနေတာတောင် ဆံပင်လေးကို နှမြောနေ... ...ရယ်သွားတာ ဖြစ်မှာပါ..။

ခုလည်း ဒီလူ ရယ်နေပြီလား၊ ပြုံးနေသည်လား..။

"ဆံပင်ထက် ဒဏ်ရာက ပိုအရေးကြီးတာပေါ့ကွ၊ ဒီ... ...အသက်အန္တရာယ် ရှိလာနိုင်တယ်ဆိုရင် တစ်ခေါင်းလုံးဖြစ်ဖြစ်... ...မှာပဲ"

နှမြောနေပါသည်ဆိုမှ သူ ပြောလိုက်တာက တောက်ချွင်... ...ပုံကို ယပ်ခတ်ပေးလိုက်သလိုဖြစ်လျက်...

"ရှင် စကားပြောတာ တစ်ဖက်သားရဲ့ အနိုင်အကဲကို နည်း... ...အကဲခတ်ပါ"

ဒီ့ထက် ပြောချင်ပေမယ့် ကျေးဇူးရှိတဲ့သူလို့ သတိမှ... ...ချုပ်လိုက်ရသည်။ သူကလည်း ဆောရီးဟု ခပ်တိုးတိုး... 

"ကိုယ်က မင်းရဲ့ ကျန်းမာရေးကို အဓိက ဦးစားပေးပြီး ပြော... ...တာပါ၊ ဘာဖြစ်ဖြစ် အခုက ဆရာဝန် ခေါ်ရမှာပဲ"

မျက်မှောင်ကုတ်၊ နှုတ်ခမ်းလေးစေ့ပိတ်လျက် ပန်း... ...သွားတာကို တံခါးဘက်ကို မျက်နှာမူပြီးမှ သူ ပြန်လှည့်ကြ...



www.burmeseclassic.com

www.burmeseclassic.com



သည်။ သနားစိတ်လေးလည်း ဖြစ်သွားမိ၏။ ဒီဆံပင်နဲ့ပတ်သက်သော လေးနက်သည့် ခံစားချက်အကြောင်းအရာတွေ သူမလေးမှာ ရှိနေနိုင်သည်။

ဒါကို သူ့ တွေးမိရဲ့သားနဲ့ မဆင်မခြင် ပြောလိုက်မိသည်။

တံခါးဖွင့်၍ ထွက်လာခဲ့ရင်း နောက်ထပ် ဆင်ခြင်ဖို့ ရှိနေသေးတာတွေကို သတိရကာ သက်ပြင်းချမိ၏။

သူမဘက်က အထီးကျန်တစ်ကောင်ကြွက်ဖြစ်ပေမယ့် သူ့မှာ ရင်ဆိုင်ရမည့်လူတွေ အများကြီး ရှိနေသည်။

မနက်ဖြန်ကို စိတ်မဝင်စားလို့ မရတော့ပါလား..၊





အခန်း (၉)

"ကောင်မလေးက ကြွေရုပ်လေးလိုလှတာ လေးလေး၊ တကယ်ပြောတာ .. အဲဒီလောက်လှတဲ့ မိန်းကလေး ကျွန်တော် ဒီတစ်ခါ ပထမဆုံး တွေ့ဖူးတာ"

မချိမဆံ့ ချီးမွမ်းနေခြင်းသည် လှလွန်းလို့ အမွှန်းတင်နေတာမဟုတ်မှန်း သိနေသဖြင့် ညီညီထွန်း မျက်နှာကို တိမ်တိုက် က မျက်မှောင်ကုတ်နှင့် ကြည့်၏။ ဦးလေးဖြစ်သည့် ဦးကောင်းလူ ကတော့ ပါးစပ်တစ်လုံးကြီး ချီးမွမ်းခန်းဖွင့်နေသည့် ညီညီထွန်း ကိုပဲ အထူးတဆန်းလို ကြည့်နေ၏။

ညီညီထွန်း က စကားကို လိုရင်းရောက်ခါနီးမှ တိမ်တိုက် ဆီ အကြည့်တစ်ချက်ဝေ့၍...

"ဒီလောက်လှတာလေးကို ဒီကောင်က သနားလို့ စောင့်ရှောက်တယ်တဲ့၊ လေးလေးပဲ စဉ်းစားကြည့်ဦး၊ ချမ်းသာ က သူ့အစ်ကို၊ ဘာဖြစ်ဖြစ် ကျွန်တော်တို့နဲ့ ရန်ဘက်တွေပဲ၊ ကောင်မလေးလည်း သူ့အစ်ကိုနဲ့ သေစေခဲ့တဲ့လူတွေကို ကျေနပ်မလား၊ တော်ကြာ သံယောဇဉ်တွေ၊ မေတ္တာတွေ ပါကုန်ရင် ဘာဆက်လုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းလှ အကြည့်တွေ ထိုင်နေသည့် တိမ်တိုက် ဆီ ရောက်လာ၏။ ခြေချင်းချိတ်လျက် ဆိုဖာနောက်မှီမှာ လက်ဆန့်တင်ရင်း သူက မတုန်မလှုပ်နှင့် ဘယ်ကိုမှလည်း မကြည့်..၊

"အန်တီ သိရင်လည်း ဒေါကန်မှာ၊ ကျွန်တော် ပြောတာက ကျန်းမာရေးကောင်းတဲ့အထိ အနားသပေးလိုက်၊ ကောင်းလာရင် ပစ္စည်းတွေကိစ္စ ဆက်လုပ်ရှားရမယ်၊ ချမ်းသာ မရှိတော့ရင် ဒီကောင်မလေးက ကျွန်တော်တို့ရဲ့ အဓိကပစ်မှတ်ပဲ၊ အလုပ်လုပ်ပြီဆိုရင် အားနာတာတွေ၊ ခါးပါတာတွေ မရှိလေ ကောင်းလေ .."

"ဟုတ်တယ် တိမ်တိုက်၊ မင်း အခု ဘာတွေလုပ်လိုက်တာလဲ"

"ကောင်မလေးကို သူ ဖက်ထားတယ်"

တိမ်တိုက် က မဖြေဘဲ ညီညီထွန်း ပဲ ဝင်ပြောသည်။ ပြီးတော့ စိတ်ပျက်သလို ရှုံ့ရှုံ့မဲ့မဲ့နှင့် ဦးကောင်းလှ ရပ်နေသည့်ဘေးမှာ ဝင်ထိုင်လိုက်ကာ...

"ကျွန်တော်တော့ နားကို မလည်တော့ဘူး။ အခု လေးလေး ရောက်လာလို့ တော်သေးတယ်၊ မဟုတ်ရင် သူက ဘယ်သူ့ကိုမှ လူထင်တာ မဟုတ်ဘူး"

"မင်း ပြောလို့ပြီးပြီလား ညီထွန်း"

တည်နေသည့်မျက်နှာနှင့် ဝေါက်ဆက်ဆက် မေးလိုက်သံကြောင့် မျက်နှာချင်းဆိုင်မှာ ရှိနေသည့် တိမ်တိုက် ကို ညီညီထွန်း ဖျတ်ခနဲ လှမ်းကြည့်၏။

ပြီးတော့ အကူအညီတောင်းသည့် မျက်လုံးတွေ ဦးကောင်းလှ ဆီ ရောက်ကာ...

"တွေ့လား"

"ဟင်း..."





ဦးကောင်းလှ သက်ပြင်းရှည်ကြီး ချလိုက်ပြီး တိမ်တိုက် ဘေးထိ လျှောက်သွားသည်။ ပြီးမှ တစ်ဖက်စွန်းမှာ ဝင်ထိုင်၍...

"ငါတို့တွေက မင်းနဲ့စာရင် ဘေးလူတွေပါကွာ၊ ဒါ မင်းလည်း သိပါတယ်၊ ဒီပစ္စည်းတွေကြောင့် မင်းအဖေ ဘာဖြစ်သွားသလဲ၊ ဘာတွေဖြစ်ဖို့ ရှိနေတယ်ဆိုတာ..."

"ကျွန်တော် သိတယ် လေးလေး၊ ဖြစ်ဖို့ရှိတာကိုလည်း ဖေဖေ့သား ဖြစ်တဲ့ ကျွန်တော်ပဲ ရှင်းရမှာ.."

"ဟုတ်ပါတယ်၊ ငါတို့ ဝင်ရှင်းလို့ မရပါဘူး၊ အဲဒါကြောင့် မင်းအတွက် ဝိုင်းကူ..."

"ရတယ်၊ ကူပါလို့ ကျွန်တော် လိုအပ်ရင် ပြောပါ့မယ်၊ မလိုအပ်ဘဲ တွေးစရာတွေ လာမပေးပါနဲ့၊ ခေါင်းရှုပ်ခံရတဲ့အလုပ်ကို စိတ်အပျက်ဆုံးပဲ"

စကားက သိပ်တော့ ရင့်သီးတာမဟုတ်ပေမယ့် သက်ရောက်ပုံနဲ့ တင်းနေတဲ့မျက်နှာကို ကြည့်လိုက်တာနှင့် တိမ်တိုက် ရင်ထဲက မုန်တိုင်းကို သူတို့ နားလည်သွားကြသည်။

မန္တလေးမြို့မှာ 'မိုးသားမျက်နှာ'မိသားစုကို မသိတဲ့လူမရှိ။ အားလုံး၏နာမည်တွေမှာ ကောင်းကင်ကို ကိုယ်စားပြုထားတာဖြစ်ပြီး တိမ်တိုက်မှာ 'မိုးသားဖြူ'ဆိုသည့် ညီမလေးတစ်ယောက် ရှိသေးသည်။

ဒါပေမယ့် ရှစ်တန်းကျောင်းသူအရွယ်လေးမှာ ဆုံးသွားခဲ့သဖြင့် ခုချိန်မှာတော့ တိမ်တိုက် သည်သာ အရှင်သခင်..၊

မန္တလေးမှာ ရှိသမျှ ခြံကျယ်တိုက်တာတွေ၊ ရတနာဆိုင်တွေကိုသာမက မိုးကုတ်၊ မိုးကောင်းမှာ ရှိသမျှ မိဘလက်ငုပ်လက်ရင်း လုပ်ငန်းတွေမှာပါ တိမ်တိုက် က ဦးဆောင်နိုင်သူဖြစ်သည်။

ဟိုအရင်ကတော့ ဖခင်ဖြစ်သူနှင့် အတူတူမို့ အဖေပြီးမှ သား..၊



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဦးကောင်းကင်ရောင် မရှိတော့ပါ..၊

အစကတည်းက ပြတ်သားတတ်ခဲ့သည့် တိမ်တိုက် ပုံစံက ခေါင်းဆောင်နေရာရောက်သွားတော့လည်း ခေါင်းဆောင်တို့ ရှိအပ်သော အရည်အချင်းများနှင့်..။

"မင်းအတွက် လမ်းပြတွဲကူမယ့်လူ မလိုဘူးဆိုတာ ငါတို့ သိပါတယ်၊ ဒါပေမယ့် မင်းအခေါ်ရော ငါရော မင်းရဲ့အုပ်ထိန်းသူတွေပါ။ ဒီပစ္စည်းတွေနဲ့ပတ်သက်ပြီး စဉ်းစားဖို့ ရှိတာလေးတွေကို ထောက်ပြရုံလောက်တော့ လုပ်ရမှာပဲ တိမ်တိုက်၊ 'ပညာရှိ သတိဖြစ်ခဲ့'၊ 'သတိမမူတော့ ဂူမမြင်ဘူး'တဲ့၊ ဒီပြဿနာပေါ်မှာ 'မိုးသားမျက်နှာ'မိသားစုရဲ့ ဂုဏ်သိက္ခာတွေ၊ အနာဂတ်တွေ ရှိတယ်"

ဦးကောင်းလူ က လေသံအေးနှင့် ဆက်ပြောပြသည်။ တိမ်တိုက်က မကြည်လင်သည့်မျက်နှာ ခပ်လွှဲလွှဲနှင့် ငြိမ်နေ၏။

"ဒီမိန်းကလေးကို မင်းစိတ်ကူးနဲ့ မင်း ကြိုက်သလို ကူညီ ဖန်ဆင်းပါ။ မင်း လက်မခံဘူးဆိုရင် ငါတို့ ဘာမှပြောခွင့် မရှိဘူး၊ ဒါပေမယ့် မရှင်းနိုင်သေးတဲ့ပြဿနာကို မမေ့ပါနဲ့"

ညီညီထွန်း ကတော့ ဒီ့ထက် ပိုမိုပြီး ပြောပြ စီစဉ်ပေးစေချင်သည့် အကြည့်များနှင့် မရိုးမရွ ဖြစ်နေ၏။

ထို့ကြောင့် လက်ဝါးချင်းပွတ်လိုက်၊ ဆိုဖာမှာ မှီလိုက်ပြီး ဟိုမျက်နှာကြည့်၊ ဒီမျက်နှာကြည့် ဖြစ်နေလိုက် .. ဦးကောင်းလူ သတိထားမိအောင် အမျိုးမျိုး လုပ်နေခဲ့သည်။

သူတို့က ညီအစ်ကိုဝမ်းကွဲ၊ ငယ်ပေါင်းကြီးဖော်တွေသာဖြစ်လျက် သူတို့ထက် ဦးကောင်းလူ တို့က တိမ်တိုက် နဲ့ ပိုရင်းသည်။

ထို့ပြင် ဦးကောင်းလူ ရဲ့ဇနီး ဒေါ်သစ္စာညို ဆိုလျှင်.တိမ်တိုက် ကို ပိုပြီး ဩဇာညောင်းတဲ့သူ ဖြစ်သည်။ အားလုံးထက် အခေါ်ဖြစ်သူအပေါ်





မှာ နာခံမှုရှိတာ ဒီနေရာမှာ အသုံးချပါလား..၊

"မင်းအခေါ် က ဘယ်လို ဘယ်ညာ"တွေနဲ့ အစပြုပြီး .. ဒါမှမဟုတ် အန်တီ့ကို တစ်ခါတည်း ခေါ်လာလိုက်ရင်လည်း ပြီးပြီ..၊

"လေးလေး ပြောလို့ပြီးပြီဆိုရင် ကျွန်တော် ပြောမယ်"

သူ တွေးနေတုန်း တိမ်တိုက် အသံကြောင့် ဆတ်ခနဲ ခေါင်းထောင်သွား၏။

"မိုးကောင်း က ဦးထွန်းအောင် တို့ လူစုကို ပြောပေးပါ"

သူ စကားရပ်လိုက်ကာ ဦးကောင်းလူ က ခေါင်းညိတ်လိုက်မှ...

"ဒီပြဿနာကို ကျွန်တော် ရှင်းပေးမှာဖြစ်လို့ မကြာခင် ဆက်သွယ်မယ်လို့၊ ကျွန်တော် မဆက်သွယ်ခင် စိတ်ချယုံကြည်စွာ နေပေးပါလို့.."

ဦးကောင်းလူ ခေါင်းမညိတ်နိုင်ဘဲ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေ၏။ မကြာခင် ရှင်းပေးရအောင် ပြဿနာက သေးသေးလေးလား၊ ပြီးတော့ ဒီလူတွေက လူကောင်းသူကောင်းတွေ မဟုတ်..။

"နောက်ပြီး ချမ်းသာ ရဲ့ညီမတစ်ယောက် ရှိနေသေးတဲ့အဖြစ်ကို သူတို့ လုံးဝ မသိအောင် လေးလေးတို့ ထိန်းပေးပါ။ ဒီကောင်မလေးကို ကျွန်တော် ချက်ချင်း ခေါ်ထုတ်သွားတာ ဘယ်သူမှ မသိစေချင်လို့ပဲ"

ထိုစကားကြောင့် အတွေးတစ်မျိုးနှင့် ညီညီထွန်း မျက်နှာ ဝင်းထိန်သွားကာ...

"မင်း ကောင်မလေးနဲ့ အနီးကပ်နေပြီး တစ်ဖက်လှည့်နဲ့ စုံစမ်းမှာလား၊ အဲဒါလည်း မဆိုးပါဘူး"

တိမ်တိုက် က စိတ်မရှည်သည့်မျက်နှာနှင့် ခပ်ဖြည်းဖြည်း ငဲ့ကြည့်ကာ...

"သူ့အတွက် လုံခြုံအောင်လို့.."

"ဟင်!.."



www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းတွေအကြောင်း သူ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လောလောဆယ်မှာ မျက်မမြင်ဒုက္ခိတ၊ စောင့်ရှောက်မယ့်သူလည်း မရှိဘူး၊ ဆေးစစ်ချက်အရ ချမ်းသာ ဟာ ကားအက်ဆီးဒင့်ဖြစ်တာကြောင့် မဟုတ်ဘဲ သေလောက်တဲ့ အတွင်းကြေဒဏ်ရာတွေ ရှိထားယို့ သေဆုံးခဲ့တယ်ဆိုတာ ထွက်လာတယ်၊ နောက်ကွယ်မှာ ဘာဖြစ်ခဲ့တယ်ဆိုတာ ဘယ်သူမှ အစမဖော်နိုင်ခဲ့ပေမယ့် အဲဒါ ငါတို့ကြောင့်.."

"ဟာ!... မင်း ဒါတော့ မဟုတ်သေးပါဘူး၊ ငါတို့က သူ့ကို သတ်ဖို့မှ မဟုတ်တာ၊ သေချင်လို့ သူ့ဟာသူ ကားပေါ် တက်ပြေးတာ"

"ငါ ပြောနေတာ ပန်းလည်ဆွဲ အထီးကျန်ဖြစ်သွားခဲ့တဲ့ အကြောင်း၊ နောက်ကပြဿနာ မပါဘူး"

"မင်းဟာက ကိုယ့်အပြစ်လို့ချည်း ပုံချချင်နေတာ၊ အဓိပ္ပာယ် မရှိဘူး"

"ဟုတ်တယ် .. အဓိပ္ပာယ်မရှိတာတွေ အခု စပြီ၊ အဲဒါကြောင့် အဓိပ္ပာယ်မဲ့စကားတွေ များမနေရအောင် မင်း ပြောချင်တာတွေကို ပြန်မျိုချလိုက်တော့"

"တိမ်တိုက် .. မင်း ကောင်မလေးကို စိတ်ဝင်စားသွားတာလား"

"အဲဒါလည်း မင်းနဲ့မဆိုင်ပါဘူး၊ ငါ ဆုံးဖြတ်ပြီးတဲ့ အလုပ်တစ်ခုကို ဘယ်သူတားတား နောက်မဆုတ်ဘူး"

ပြောနေရင်း တိမ်တိုက် က ထ,ရပ်လိုက်သည်။ ပြီးတော့ ဦးကောင်းလှ ဘက်ကို လှည့်၍..

"ကျွန်တော် လုပ်ခဲ့တာတွေ၊ လုပ်ရမှာတွေကို ကျွန်တော် သိတယ်၊ လေးလေးနဲ့ အန်တီ အဲဒီကိစ္စတွေအတွက် စိတ်မပူပါနဲ့"

"မင်းက မန္တလေးကို မပြန်သေးဘူးလား"

"ဟုတ်တယ်"

လေသံက ပင့်သက်ရှိုက်ခြင်းနှင့်အတူ မောလျသလို ဖြစ်သွား၏။





တိမ်တိုက် က နေရာမှ ထလာရင်း ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်တွေ ထည့်လိုက်၍..

"ပန်းလည်ဆွဲ ကို မျက်လုံးပြန်ကောင်းတဲ့အထိ စောင့်ရှောက်ရင်း ကျွန်တော် ဘာလုပ်ရမယ်ဆိုတာကို စဉ်းစားမယ်"

ဦးကောင်းလှ နည်းနည်းတော့ နားလည်လာ၏။ ပျောက်ကွယ်သွားသည့်ပြဿနာရဲ့ အစတစ်ဖက်ဟာ ပန်းလည်ဆွဲ ဆိုသည့် ကောင်မလေးမှာပဲ ရှိနေနိုင်တာ တိမ်တိုက် တွက်မိမှာပါ..၊

'ရှဉ့်လည်း လျှောက်သာ၊ ပျားလည်းစွဲသာ' မို့ ဒီနည်းနဲ့လည်း မဆိုးနိုင်ပေ..၊

"အန်တီ့ကို ဆိုင်တွေကိုပဲ ဂရုစိုက်ပေးပါလို့ ပြောလိုက်ပါ၊ မိုးကောင်းကဖြစ်ဖြစ်၊ မိုးကုတ်ကဖြစ်ဖြစ် ကိုယ့်အလုပ်ကမဟုတ်ဘဲ ဘာပစ္စည်းဝင်လာလာ လက်မခံပါနဲ့"

ဦးကောင်းလှ ခေါင်းညိတ်လိုက်သည်။

"လေးလေးတို့လည်း ကျွန်တော် မဆက်သွယ်ဘဲ ဖုန်းမဆက်ပါနဲ့"

"ဟင်!... ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်၊ မင်း သိမှ၊ မင်းပြောမှ ဖြစ်မှာချည်းပဲ၊ အဲဒါတွေ ဘယ်လိုလုပ်ရမလဲ"

"အဲဒီလိုပြောဖို့ ကျွန်တော် အချိန် သတ်မှတ်မယ်၊ ဘာအကြောင်းနဲ့ဖြစ်ဖြစ် ကျွန်တော်တို့ ဘယ်သူတွေမှန်း ပန်းလည်ဆွဲ မရိပ်မိစေချင်ဘူး"

ဘာတွေပဲ ပြောဖို့ရှိနေနေ ဘယ်လိုပြောပြပြ နောက်ဆုံးမှာ တိမ်တိုက် က သူဆုံးဖြတ်တဲ့အတိုင်း အတည်ပြုနေကျ အစဉ်အလာနှင့်အညီ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

သူ ကားရပ်လိုက်တာနှင့် အမိုးက တံခါးပြေးဖွင့်သည်။

နှစ်ထပ်တိုက် ဝပ်ဝပ်လေးမှာ ခြံကလည်း သိပ်မကျယ်ပါ။ ကားပါကင်နေရာအပြင် ရှေ့မှာ မြေပိုနည်းနည်းလေးပဲ ရှိသည်။ တမင်တကာ နောက်ဖေးခြံကျယ်တာကို ရှာဖွေပြီး ငှားထားခဲ့တာ ဖြစ်၏။

"လည်ဆွဲ နေကောင်းရဲ့လား"

"ကောင်းတယ် သား။ သူ သိပ်မငိုဘူး"

အမိုးက ကရင်စစ်စစ်ဖြစ်ကာ စကားလည်း တော်တော်ဝဲသည်။ ပြုံးနေသည့်မျက်နှာပြည့်ပြည့်ကြီးကလည်း ခင်ဖို့ ကောင်း၏။

ရန်ကုန်ဟာ ကိုယ့်ဒေသမဟုတ်ပေမယ့် ညီထွန်း ကိုပဲ အပူတပင်း ရှာခိုင်းတော့ စိတ်ချရသည့်အိမ်အကူအဖြစ် အမိုးကို တွေ့လာခဲ့သည်။

မြင်မြင်ချင်းပဲ ရင်းနှီးသွားခဲ့ပြီး လည်ဆွဲ ကို မကြာသေးခင်ကမှ အစ်ကိုဆုံးထားသည့်မိန်းကလေးဖြစ်ကြောင်း ပြောပြထားတာမို့ အမိုးက ဂရုစိုက်ပါသည်။

သူ ဝယ်လာတာတွေကို ကားထဲက ဆွဲထုတ်နေရင်း...





"အမိုးမြေးလေးရော.."

"ရောက်နေပြီ သား၊ သမီးနဲ့တောင် ခင်နေပြီ"

"ဟုတ်လား"

ဆယ့်နှစ်နှစ်အရွယ် မြေးလေး ရှိသေးသည်မို့ နောက်ဆံတင်းစရာ ဖြစ်နေကြောင်း ကြားရတော့ မြေးကိုပါ ခေါ်ဖို့ သူပဲ သဘောတူလိုက်တာ ဖြစ်သည်။

အထဲကိုဝင်လာတော့ ဧည့်ခန်းထဲမှာ ဖြူဖြူဝတုတ်တုတ် ကောင်လေးတစ်ယောက်ကို မြင်လိုက်ရသည်။ သူ့ကိုလှမ်းကြည့်ပြီး သွားအဖွေးသားပေါ် အောင် ရယ်ပြလျက် ပြေးလွှားထွက်လာ၏။

"ဦးက ချောသားပဲဗျ၊ ရုပ်ရှင်မင်းသား ကျနေတာပဲ၊ အဟီး .. သားကို ပေး.."

သွက်သွက်လက်လက်နှင့် သူ့လက်ထဲက ပစ္စည်းတွေကို ဝိုင်းသယ်ဖို့ ဆွဲ၏။

"ရတယ် ချာတိတ်၊ မင်းဆွဲလိုက်မှ ဖရိဖရဲ ပြုတ်ကျကုန်မှာ"

သူ ခြေလှမ်းကျဲကျဲလျှောက်ပြီး ဧည့်ခန်းစားပွဲပေါ် အထုပ်တွေကို သေချာတင်၍...

"မင်းက ဝလှချေလား၊ ဒီအရွယ်လေးနဲ့.."

"အဲဒါ ပိန်သွားတာ သားရေ၊ ငယ်ငယ်လေးတုန်းကဆို ထိုင်ရ၊ ထရ မလွယ်အောင်ကို ဝ,တာ.."

"ဘာဖြစ်လို့ ပိန်သွားတာလဲ"

"အလုပ်တွေ နာနာဖိခိုင်းရတာပေါ့ကွယ်၊ ကျောင်းမှာ သူငယ်ချင်းတွေ စကြတာလည်း ရှက်တော့ သူ့ခမျာ အလုပ်လည်း လုပ်ရှာပါတယ်"

"မင်း ကျောင်းမနေတော့ဘူးလား"

ဆိုဖာမှာ ထိုင်လိုက်ရင်း မေးတော့ ကောင်လေးက သူ့ဘေး ပုံခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချလိုက်ပြီး...

"မနေတော့ဘူး၊ ဖထီးတို့က ထားပါတယ်၊ သားက မနေချင်တော့တာ"

"ဘယ်နှစ်တန်းလဲ"

"လေးတန်း မဖြေဘဲ ထွက်လိုက်တာ"

"ပညာရေးကို အမိုးတို့က ဂရုစိုက်ကြပါတယ်၊ သူကိုက လုံး၀ တက်နိုင်းလို့ မရတော့တာ"

အမိုးက ချက်ပြုတ်စရာတွေလို့ ထင်ရသည့်အိတ်ကို ဆွဲယူလိုက်ပြီး ပြောပြနေ၏။

"ပညာတတ်ရမယ့်ကံ မပါတော့ လူကြီး ဘာအလုပ်လုပ် သူ ဝိုင်းလုပ်မယ်၊ ဘယ်သွားသွား လိုက်မယ်၊ အဲဒီလို ပေါ့ပေါ့ပါးပါး နေရတာကို သူ ဝါသနာပါတယ်လေ"

"နာမည်က ဘယ်လိုခေါ်လဲ"

"သားနာမည်က မြန်မာလို ဖိုးကျော့ ပဲ ခေါ်တယ်၊ အမိုးတို့ကတော့ ဖိုးခွားလို့ ခေါ်တယ်၊ ဦးလည်း ဖိုးခွားလို့ ခေါ်လို့ ရပါတယ်"

ဖိုးကျော့ ခေါ် ဖိုးခွားကိုကြည့်ပြီး သူ ပြုံးလိုက်မိသည်။

"ကလေးပေမယ့် ဦးက အပြစ်ရှိရင် ခွင့်မလွှတ်တတ်ဘူး၊ ဒီမှာ အမြဲနေချင်ရင် ပါးစပ်မဖွာနဲ့၊ စည်းကမ်းရှိရမယ်"

"ဟုတ် .."

"မဆိုင်တာကို မျက်လုံး ဒွေမကြည့်နဲ့ .. နားမစွင့်နဲ့၊ မေးမြန်းတာတွေ လုံးဝ မကြိုက်ဘူး"

"ဟုတ်ကဲ့ ဦး၊ အမိုး သင်ပေးထားပါတယ်၊ သား စည်းကမ်းရှိရှိ နေမှာပါ"

"အေး ... မင်းအန်တီကို အစစအရာရာ ဂရုစိုက်ရမယ်"





"ဟုတ် .."

"ကောင်းပြီ၊ ဒါတွေ အပေါ်ကို သယ်သွား၊ သူ့အခန်းရှေ့က စားပွဲပေါ်မှာ သေချာထား"

အထည်နဲ့ လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းတွေပါသည့် အိတ်တွေကို သူတိုယ်တိုင် ခွဲထုတ်ပေးလိုက်သည်။

ဖိုးခွား ထွက်သွားမှ...

"အမိုး .. ဒါတွေက အမိုးနဲ့ ဖိုးခွားအတွက် .."

"ဟင်!... အေး .. အေး အများကြီးပါလား သားရယ်"

"ကလေးအရွယ်ကို စဉ်းစားပြီး လိုအပ်မယ်ထင်တာလေးတွေပါ၊ ပြီးတော့ အမိုး ခဏ ထိုင်ပါဦး၊ ကျွန်တော် ပြောပြစရာရှိလို့.."

အမိုး က ပျာပျာသလဲ ထိုင်ဖို့ပြင်တော့ သူ လှည့်ကြည့်ကာ...

"ဆိုဖာပေါ်မှာပဲ ထိုင်ပါ၊ အမိုးက ခုချိန်မှာ ကျွန်တော်တို့နှစ်ယောက်ရဲ့ အုပ်ထိန်းသူဆိုလည်း ဟုတ်တယ်၊ မိတ်ဆွေကောင်းလို့လည်း သဘောထားပါတယ်"

အမိုးက ဆိုဖာအစွန်းမှာ ခပ်ရို့ရို့ ဝင်ထိုင်လိုက်ပြီး ခေါင်းတညိတ်ညိတ် ရှိနေ၏။

"ဒီလိုပါ..၊ လည်ဆွဲ က ကျွန်တော့်သူငယ်ချင်းရဲ့ ညီမလေးပါ၊ သူငယ်ချင်း ရုတ်တရက်ဆုံးသွားတဲ့အပြင် သူ့ခများလည်း မျက်လုံးကွယ်သွားတော့ ဆွေမျိုးရင်းချာမရှိတဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်တော်ပဲ စောင့်ရှောက်ဖို့ ခုလို စီစဉ်ရတာ"

"မွန်မြတ်ပါတယ် သားရယ်၊ အမိုး သာဓုခေါ်ပါတယ်"

"ကျွန်တော် အမိုး သာဓုခေါ်စေချင်လို့ ပြောနေတာ မဟုတ်ဘူး အမိုး၊ နောက်ထပ်ရှိသေးတယ် .. ကျွန်တော်ကလည်း တစ်ယောက်တည်းသမား ဖြစ်နေတော့ တကယ်ဆိုရင် ဒီလိုနေထိုင်ကြခြင်းက မသင့်



www.burmeseclassic.com

www.burmeseclassic.com



တော်ဘူး"

"ဒီလိုရှိပါတယ် လူလေးရယ်၊ မြေမှန်ရင် တွင်းဂင်ဖြောင့်တယ် ဆိုတဲ့ မြန်မာစကားပုံ ရှိတယ်မို့လား။ လူလေးတို့ရပ်ရှည်လေးတွေ မြင်ကတည်းက အမိုးကတော့ ချစ်လည်း ချစ်တယ်၊ အထင်ကြီးတယ်၊ လေးစားတယ် ဒီမှာ လူလေးတို့နှစ်ယောက်တည်း ဖြစ်နေကြတာလည်း မဟုတ်ဘူးလေ အမိုးတို့ ရှိနေသေးတယ်၊ အမိုး ယုံကြည်သလို ပတ်ဝန်းကလည်း ယုံထင် ကြောင်ထင် ဘာမှဖြစ်ဖို့မရှိဘူး။ လူတစ်ယောက်ရဲ့ဘဝကို ကယ်တင်တာ ဟာ ဘယ်လောက် မြတ်သလဲကွယ်"

"ဟုတ်ပါပြီ၊ လည်ဆွဲ ရဲ့ဂုဏ်သိက္ခာအတွက် အမိုးကို တောင်းပန် ချင်တာက ရပ်ကွက်ထဲမှာ မလှဲမရှောင်သာ မေးဖို့ ပြောဖို့တွေ ရှိလာရင်..."

"အဲဒါ စိတ်ချ သား၊ အမိုးရဲ့သမီးလေးကို လုံးဝ ထိခိုက်မခံဘူး အမိုး လူကြီးပါကွယ်၊ ပြောတတ်ပါတယ်၊ နောက်ပြီး သားကို အမိုး ကူတ ပေးပါတယ်၊ အမိုးကြောင့် အပြင်မှာ အတွင်းစကား မပေါက်ကြားစေ ဘူး။ သားတို့ဂုဏ်သိက္ခာ မထိခိုက်ရဘူး၊ အဲဒါ အခုကစပြီး နောင် အမိုးနဲ့ သားတို့ ခွဲခွာကြရဖို့ အကြောင်းဖန်လာမယ်ဆိုရင် အဲဒီ နောက်မှအမှိုး ထိပါ"

သူ ကျေနပ်သွားသည်။

"ကျွန်တော်ကလည်း အမိုးရဲ့တန်ဖိုးကို ငွေကြေးနဲ့ ဘယ်တော့ မသတ်မှတ်ပါဘူး"

အခြေအနေ အချိန်အခါအရ မှားမကောင်းသောစကားတွေ ဆို လိုက်ရသည်။

ဒါက လည်ဆွဲ ရဲ့သိက္ခာအတွက်ပါ..၊

ပြီးတော့ တစ်အိမ်တည်း အတူနေကြမည့်လူတွေမို့ သိသင့် သလောက်တော့ အသိပေးဖို့ လိုသည်မို့ ပြောထားရခြင်းဖြစ်သည်။





သူသည် ရန်သူနောက်ကိုလိုက်ရင်း အုပ်စုကွဲပြီး တစ်ယောက် တည်း တောမှောက်ခံရသူလိုလား ..

ဒါမှမဟုတ် မုဆိုးတော့ မုဆိုးပေမယ့် လေးမကိုင်နိုင်တဲ့ မုဆိုးလား၊ သူ့လှွင်တော်တွေ ရင်ဘတ်ထု ငိုသလို ငိုချင်းချပစ်လိုက်ရလျှင်တော့...

"အစွယ်ငေါငေါနဲ့ ဒီလောက်ရုပ်ဆိုးတဲ့ ဘီလူးဘဝကို ရောက်နေ ဘာမှတော့ အသားပဲ စားပါရစေ၊ ပန်းစားဘီလူး မဖြစ်ပါရစေနဲ့၊ ဓာတ် ဆရာရေ လုပ်ပါဦး .."

ဆိုပြီးတော့ သူ့မှာ လူမိုက်လုပ်နေရတာပါပဲ..၊

ဒါပေမယ့်...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

လည်ဆွဲ သည် ပန်းနုရောင် ရှပ်အင်္ကျီပျော့ပျော့လေးနှင့် အပြာနုရောင် ဒူးကျစကတ်ပိုင်လ်ဘောင်းဘီလေးကို ဝတ်ထား၏။

မျက်နှာလေးမော့၍ နံရံပေါ် က ပုဂံငွေခြည်ထိုးပန်းချီကားကို လက်ဖဝါးလေးတွေနှင့် လိုက်စမ်းနေသဖြင့် ပျော့နွဲ့ သည့် ဆံနွယ်နက်နက်လေးတွေက ပခုံးထက်ကနေ ကင်းလွတ်ကာ လှုပ်လီလှုပ်လဲ့ နွဲ့ခါနေသည်။

မျက်တောင်ကော့ကော့ ဖုံးငုံသည့် နှုတ်ခမ်းအစုံ၊ လုံးဝန်းသည့် မေးဖျားလေးကနေ လည်တိုင်ကျော့ထိ ရွှေရည်သိမ်းသစ် အလှတရားတို့က ဖူးဖူးမင်စင်...

ထို့ပြင် လက်တွေကို မြှောက်ထားသဖြင့် တုဆစ်ပုံဖော်ထားသလို လှနေသော ကိုယ်ဟန်သွယ်၏ ဖမ်းဖမ်းခြင်းသည်...၊

သူ အကြာကြီး ရပ်ငေးနေမိရင်း မသင့်တော်ဘူးဆိုသည့်အသိ ဖျတ်ခနဲ ဝင်၏။ ဘယ်သူမှ မြင်လိုက်မှာမဟုတ်ပေမယ့် တစ်ယောက်တည်း ရှက်သွားမိကာ...

"လည်ဆွဲ.."





"ဟင်!..."

ရုတ်တရက် အသံကြားလိုက်သဖြင့် လည်ဆွဲ နံရံမှာ ထိကပ်ထားသည့် လက်လေးတွေ ပြန်ကျသွားလျက် အသံကြားသည့်ဘက်ကို လှည့်ကြည့်၏။

"ကိုမိုးသား"

"ဟုတ်တယ် .. အဲဒါ ပုဂံက ဝယ်လာတာလေ၊ တစ်ဖက်မှာ ဆန်ဖွပ်မောင်းထောင်းနေကြတယ်၊ တစ်ဖက်ခြမ်းမှာ မိန်းမလှလေးတစ်ယောက် ယက်ကန်းစင်မှာထိုင်ပြီး ယက်ကန်းယက်နေတာ"

"ဟုတ်လား .. ဒါကြောင့် ပန်းချီကားက အကျယ်ကြီးဖြစ်ပြီး စမ်းကြည့်နေတာ မဆုံးနိုင်တာကိုး၊ ဟို... ရွှေရောင် .. ငွေရောင် ပြောင်ပြောင် သက်လက်တွေနဲ့လားဟင်"

"အင်းပေါ့"

တကယ်တော့ ဒါတွေ သူနဲ့မဆိုင်ပါ။ အိမ်ကို ငှားလိုက်ကတည်းက အိပ်ခန်းအသုံးအဆောင်ပစ္စည်းတွေကလွဲလျှင် ကျန်တာအားလုံး ပရိဘောဂအပြည့်အစုံနှင့် ဖြစ်၏။

အပေါ် ထပ် အောက်ထပ် အမျိုးမျိုးသော ပန်းချီကားတွေ အပါအဝင် အလှပန်းအိုးတွေကအစ...

"ကိုမိုးသား"

"ဟင်.."

"ရှင့်ကို လည်ဆွဲ စောင့်နေတာ"

"ဟုတ်လား..၊ တစ်ခုခု ပြောစရာရှိလို့လား"

"အင်း.."

လည်ဆွဲ က ဒီဘက်ပြန်လှည့်ပြီး ခြေလှမ်းပြင်တာနှင့် သူ အနားတိုးသွားပြီး သူမလက်ဖျားလေးကို အသာလေး တွဲခေါ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ထိုင်မလား၊ ဒီကနေ မင်း ခုနက ကိုင်ထားတဲ့ နံရံအတိုင်း ညာဘက်ကို လျှောက်သွားရင် အဲဒီမှာ ဝရန်တာ ရှိတယ်၊ သွားချင်လား"

"သွားမယ်လေ"

"ဒါဆို ဒီမှာ ခဏလေး ရပ်နေဦး"

လို့ဆိုကာ သူ ဝရန်တာကို အရင်ထွက်ကြည့်လိုက်သည်။ အပြင်မှာ ပလတ်စတစ်စားပွဲနဲ့ ထိုင်ခုံလေးတွေ အသင့်ရှိနေတာမြင်မှ လက်နဲ့ ပွတ်ကြည့်လိုက်သည်။

ဖုန် တစ်စက်မှမရှိတော့ အမိုးတို့ လုပ်ထားတာမှန်း တွေးမိကာ ကျေနပ်သွား၏။

"ခုံတွေ ရှိတယ်၊ လာ .. သွားရအောင်"

လည်ဆွဲ က လက်မောင်းလေးကို အမှတ်တမဲ့ ကိုင်လိုက်တော့ ဖယ်ချပစ်လိုက်၏။ သူလည်း အိုးတိုးအမ်းတမ်းဖြစ်သွားကာ လွှတ်လိုက်မိသေးသည်။ ပြီးမှ...

"ဆောရီးနော်၊ လက်ဖျားလေးတော့ ကိုင်ပါရစေ၊ မင်း လျှောက်ရဲအောင်လို့"

ဖွင့်ပြောလိုက်ကာမှ လက်ကို သူမကိုယ်တိုင် ကမ်းပေး၏။

သူမသည် ဘယ်လိုမှ မတတ်နိုင်လို့သာ လက်ဖျားလေးတစ်ဖက်ကို ပုံအပ်ထားတာမှန်း နားလည်လိုက်ရင်း ပြုံးမိသေးသည်။

"ဒီမှာ ထိုင်လို့ ရတယ်၊ ဒါပေမယ့် မထိုင်နဲ့ဦး၊ ဒီဝရန်တာကို ကိုယ့်ဖာသာ ထွက်လာချင်ရင် ဒါ ဘယ်ဖက်ကျယ်တယ်၊ တံခါးကနေ ထွက်ပြီး ခြေဘယ်နှစ်လှမ်းလောက်မှာ လက်ကိုင်ရှိမယ်ဆိုတာ တွက်မိပြီးသားဖြစ်အောင် လျှောက်ကြည့်.."

"ဟုတ် .."

"ခုံတွေက တံခါးရဲ့ညာဘက်မှာကွ၊ အိမ်ရဲ့ခေါင်းရင်းဘက်ပေါ့





ခုံလေးက နှမ်ပေ ပတ်လည်လောက်၊ မင်းထိုင်လိုက်ရင် မင်းရဲ့ဒူးနဲ့ ...မယ့်အမြင့်လောက်ပေါ့။ ပြီးတော့ ပလတ်စတစ်ခုံလေးတွေ နှစ်လုံး ...ယ်၊ ခုံကလည်း ခပ်ပိန်ပိန် လူတစ်ကိုယ်စာ သေးသေးလေးတွေပဲ.."

"ပြောပြ .."

တိမ်ငိုက် က သူမလက်လေးကို မမိတမိလေးပဲ ဆုပ်ကိုင်ထား ...စားပွဲနဲ့ ခုံလေးတွေကို ယိကိုင်စေသည်။ ပြီးတော့ ဝရန်တာ မျက်နှာ ...သုံးဘက်က စတီးတန်းတွေကို သူမ လက်ဖဝါးလေးတစ်ဖက်တင် ...ပြီ တစ်လှမ်းချင်း လျှောက်ရင်း ပြောပြ၏။

"ကျင့်သားရသွားတော့ ပုံမပျက်ဘူးပေါ့၊ မဟုတ်ရင် မင်းခြေလှမ်း ...တ်အချင် လက်နှစ်ဖက်က ရှေ့ထွက်နေရမှာ.."

လည်ဆွဲ က မပြုံးချင်ဘဲ ပြုံးလိုက်သည့်မျက်နှာလေးနှင့် ရှေ့ကိုပဲ ...နေကာ...

"မမြင်တဲ့လူဆိုတာတော့ ဘယ်လိုပုံစံနေနေ သိသာတာပါပဲ ကိုမိုး ...ား ရယ် .."

"မဟုတ်ဘူးလေ .. ကိုယ် ပြောနေတာက မင်းရဲ့ဘဝကို လူမြင် ...ကောင်းအောင် ဖုံးဖိစေချင်တာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ...သွားဖို့ မင်းရဲ့ဘေးမှာ တစ်ယောက်ယောက်က စဉ်ဆက်မပြတ်ရှိနေ ... မဟုတ်ဘူးလေ၊ ဒီတစ်အိမ်လုံး ဘယ်နေရာမှာ ဘယ်ပစ္စည်း ရှိနေ ...တယ်၊ ဘယ်နေရာက အနိမ့်၊ ဘယ်နေရာက အမြင့်၊ ဒါတွေ မင်း သိထားမှ ...ဖြစ်မှာ.."

မပြောနေရင်း ထိုင်ခုံဆီ ပြန်ခေါ်လာပြီး ထိုင်စေကာ...

"တစ်ခုခု စားမလား၊ ကိုယ် ယူခိုင်းလိုက်မယ်"

"ဟင့်အင်း"

ဘယ်နေရာကနေဖြစ်ဖြစ် အိမ်ထဲကလူကို လှမ်းခေါ် ခိုင်းစေလို့ရ



www.burmeseclassic.com

www.burmeseclassic.com



အောင် သူ အားလုံး စီစဉ်ပေးထားတာဖြစ်သည်။ လည်ဆွဲ က ခေါင်းခါ၍...

"ရှင် လည်ဆွဲ ကို ဘာမှမဆိုင်ဘဲနဲ့ ဘာဖြစ်လို့ ဒီလောက် ဂရုစိုက်နေတာလဲ"

ရုတ်တရက် မေးလိုက်သဖြင့် သူ မဖြေနိုင်...၊

လည်ဆွဲ က သူ့မျက်နှာကို မှန်းဆကြည့်နေသည့် မျက်ဝန်းလေးတွေ တလွဲဖြစ်နေလျက်...

"ခရီးသွားဟန်လွဲ ကူညီတယ်ဆိုတဲ့လူက လည်ဆွဲ တို့နဲ့ ဘာမှ မသက်ဆိုင်ဘူးလေ၊ လည်ဆွဲ ခုချိန်မှာ တုတ်တစ်ချောင်းတောင် လက်ထဲ ထည့်ပေးမယ့်လူ မရှိလို့ ရှင် ပေးသမျှ ယူ၊ ထားသလို ခံနေ၊ ကျွေးတာတွေကို စားနေရတာ၊ ဒါပေမယ့် မျိုချနေရတာ အာဟာရတွေ မဟုတ်ဘဲ အေးစက်မာကျောတဲ့ တခြား သယံဇာတတွေလို ဖြစ်နေတယ်၊ ရှင်ဟာ လည်ဆွဲ အတွက် အရမ်းကျေးဇူးတင်ထိုက်တဲ့ ကယ်တင်ရှင် မှန်ပေမယ့် တင်သင့်သလား၊ မတင်သင့်ဘူးလားလို့ တွေးနေမိတုန်းပဲ.."

သူ အသံမထွက်အောင် ပင့်သက်ရှိုက်ရင်း စကားပြောနေသည့် သူမ နှုတ်ခမ်းလေးတွေကိုပဲ စိုက်ကြည့်နေမိသည်။

"အဲဒါ လည်ဆွဲ ရိုင်းသွားလားဟင်၊ ရှင်နဲ့ လည်ဆွဲ ဒီလို အတူမနေသင့်ဘူးမို့လား၊ ဒါပေမယ့် နေဖြစ်ခဲ့ကြတယ်၊ ရှင်ကလည်း အရမ်း ကူညီခဲ့တယ်"

"လည်ဆွဲ က ကိုယ် ကူညီနေတာကို သံသယဖြစ်နေတာလား"

"သိချင်တာပေါ့၊ ရှင် လည်ဆွဲ တို့ကို မသိခဲ့ဘူးဆိုတာ တကယ်လား၊ ဒါမှမဟုတ်..."

"ဆက်ပြောပါ၊ ကိုယ့်ကို အားမနာပါနဲ့.."

လည်ဆွဲ က ဆံပင်လေးတွေ နွဲ့သွားတဲ့အထိ ခေါင်းခါလိုက်ပြီး—





"အားမနာပါဘူး၊ အားနာမိရင်တောင် ဒါက မေးမှဖြစ်မှာမို့လို့ မေးကို မေးရမှာပဲလေ၊ ပြီးတော့ လည်ဆွဲ ရှင့်မျက်နှာကို မမြင်ရတဲ့အတွက် အားနာသင့်သလောက်တော့ နာမိမှာ မဟုတ်ဘူး"

ပွင့်ပွင့်လင်းလင်း ပြောတာလေးကို သဘောကျပြီး တိမ်စိုက် က ပြုံးသည်။

"ကိုမိုးသား .."

"ဟင် .."

"ရှင် တစ်ခုခုကို ဖုံးကွယ်ထားတာများ ရှိလားဟင်"

"ကိုယ်ကတော့ မင်းအပေါ်မှာ စေတနာထားခဲ့တာ ဖြူပါ၊ မင်း ဒီလိုတွေးပြီး စိုးရိမ်နေတာ မင်းဘက်မှာ တစ်ခုခု နောက်ကြောင်းများ ရှိမယ့်လူမျိုးတွေများ ရှိလို့လား"

"ဘာ!..."

လည်ဆွဲ မျက်နှာလေး တင်းခနဲ ဖြစ်သွားသည်။ သူက ဆက်မပြောဘဲ စိုက်ကြည့်နေလိုက်၏။

"ရှင် ဘာသဘောနဲ့ မေးလိုက်တာလဲ .."

"ဘာသဘောနဲ့မှ မဟုတ်ပါဘူး၊ ကိုယ့်ဘက်က ဖြူစင်တဲ့အတွက် မင်းရဲ့ သံသယတွေ ဘယ်ကလာတယ်ဆိုတာ တွက်ကြည့်မိတာ၊ မင်းတို့ကို ဆေးရုံတင်ပေးလိုက်ပြီးမှ မိသားစုအထောက်အခံ မရှိကြဘူးဆိုတာ ကိုယ် သိရတာလေ၊ နောက်ပြီး အသက်ရှင်လျက် ကျန်ခဲ့တဲ့သူက မိန်းကလေးတစ်ယောက် ဖြစ်နေတယ်၊ သူ မျက်စိကွယ်သွားတယ်လို့ ထပ်သိလိုက်ရတဲ့အချိန်မှာ ခုလို ကူညီဖို့တွေ ဖြစ်ခဲ့တာပဲ၊ မင်းရဲ့ ဘေးမှာ ကိုယ် ရပ်တည်လိုက်သလို ဖြစ်သွားတာနဲ့ အားလုံးကလည်း မင်းရဲ့ကိစ္စနဲ့မှာ ရေးကိစ္စအဝဝကို ကိုယ့်ကိုပဲ ဦးတည်ပြောဆိုလာကြတယ်၊ အဲဒီလို အခြေအနေမျိုးမှာ ကိုယ် ရှန်းမထွက်တော့ဘူးလို့ ဆုံးဖြတ်ပြီး ရပ်တည်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



တင်းနေသည့် လည်ဆွဲ မျက်နှာလေး သိသာစွာ ပြေကျသွားသည်။ ပြောမိသည့်အတွက် အားနာသည့်ပုံစံလေးဖြစ်သွား မျက်လွှာချ၏။

"မင်း မစိုးရိမ်ပါနဲ့ .. ကိုယ်က သူတော်ကောင်းလို့ ကိုယ့်ကိုယ်ကိုယ် မပြောနိုင်ပေမယ့် ရှုဆိုးမဟုတ်ဘူးဆိုတာကို ယုံပါ။ နောက်ပြီး မင်းတစ်ယောက်ရဲ့ နေထိုင် စားသောက်ရေး၊ ကျန်းမာရေးကို တာဝန်ယူပေးခဲ့တဲ့အတွက် ကိုယ့်မှာ အခက်အခဲ မရှိဘူး"

"ရှင် လည်ဆွဲ ကို လုတာယ်ဆိုပြီး စိတ်ဝင်စားတာမျိုးတော့ မဟုတ်ရဲ့"

"လုတာကိုတော့ လုတိုင်း စိတ်ဝင်စားတာပဲကွ"

"ဟင်!..."

"လုလုပ်ပလေးမို့လို့ အတိဒုက္ခရောက်မှာ .. ဘာမျက်မှာ စိုးတာ၊ ဒီဝေဒနာတွေကတော့ ဦးဆုံးဖြစ်သွားတာပေါ့၊ ဒီ ကိုယ် ပွင့်ပွင့်လင်းလင်း ပြောတာပါ။ ဒါပေမယ့် မင်း ကိုယ့်ကြောင့် ဘာမှမဖြစ်စေရဘူး။ မျက်စိမမြင်တဲ့ မိန်းကလေးတစ်ယောက်ကို မဟားတရား ကျင့်ကြံလောက်တဲ့ အထိ ကိုယ် တော်တော့မှ မယုတ်မာဘူးဆိုတာ ယုံပါလို့ ထပ်ပြောချင်တယ်၊ ပြီးတော့ အိမ်မှာ မင်းနဲ့ကိုယ် နှစ်ယောက်တည်း မဟုတ်ဘူးလေ"

လည်ဆွဲ နောက်ထပ် ငြိမ်ကျသွားပြန်သည်။ ပြီးတော့မှ...

"လည်ဆွဲ စကားပြောမှားသွားတယ် ထင်တယ်၊ ဆောရီးပါ"

"အပွန်း... စကားပြောမှားတာကို တောင်းပန်ဖို့မလိုဘူး လည်ဆွဲ၊ မင်း ရင်ထဲက သံသယတွေ အပြုံလိုက်ရှိနေတာကိုပဲ ဖျောက်ဖို့လိုတာ"

"ဟုတ်ပါတယ် .. လည်ဆွဲ ဝန်ခံပါတယ်၊ ပြီးတော့ ရှင့်ကိုလည်း ပြောပြစရာရှိတယ်"

"ပြောလေ..၊ ဘာဖြစ်ဖြစ် ပြောလို့ရပါတယ်၊ ကိုယ်နဲ့ သက်ဆိုင်သည်ဖြစ်စေ၊ မဆိုင်တာဖြစ်စေ မင်းရဲ့ပြဿနာဆိုရင် ကိုယ် ဟာဝန်နိုင်သမျှ





ရှင်းပေးမယ်"

လည်ဆွဲ က ပြောတော့ ပြောမလို့ပေမယ့် စရခက်နေသည့် မျက်နှာလေးနှင့် နှုတ်ခမ်းလေးတွေ ခပ်လှုပ်လှုပ်ပြင်နေပြီး တော်တော်နဲ့ စကားသံမထွက်..၊

"မင်းရဲ့ နှလုံးသားရေးရာကိစ္စလား.."

"ဟင်!..."

"မင်းကို ကိုယ် ခုလို စောင့်ရှောက်နေတာမှာ မင်းအတွက် ပြဿနာဖြစ်နေလို့လား"

"အို!... ဟင့်အင်း၊ အဲဒါတွေ မဟုတ်ပါဘူး"

သူမ ဟိုပြဿနာနဲ့ပတ်သက်တာ တစ်ခုခု ပြောလာတော့မှာဘဲ သူ သိသည်။ သိပေမယ့် သက်ဆိုင်သည့်မေးခွန်းမျိုး သူ မမေးရဲ..၊

"ခု ပြောမှာက လည်ဆွဲ တို့ မောင်နှမရဲ့ အတွင်းရေးပါ"

"အင်း ... ပြောလေ.."

"လည်ဆွဲ တို့က သိပ်မဆင်းရဲကြပေမယ့် ပိုပိုလျှံလျှံ သုံးစွဲနေထိုင်နိုင်တဲ့အဆင့်မျိုးလည်း မရှိခဲ့ပါဘူး၊ ဖေဖေနဲ့ ကိုကြီးက လည်ဆွဲ ကို အရမ်းချစ်ကြတယ်၊ ပြည့်စုံချမ်းသာတဲ့ဘဝနဲ့ ထားချင်ကြတယ်၊ ဖေဖေ နှင့်ပြုချက်နဲ့ ကိုကြီးက မိုးကုတ်ကို ကျောက်တူးလိုက်သွားတဲ့အချိန်ကပြီး လည်ဆွဲ တို့ ဘဝက ပြိုကွဲခဲ့တာပါ"

စကား အစချီတာနှင့် သူမ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်သိပ်လာခဲ့သည်။ မျက်တောင်တစ်ခတ်မှာ ချက်ချင်းပဲ တဖြုတ်ဖြုတ် ကြွေဆင်းသွားကြပြီး...

"ဖေဖေ ဆုံးကာနီးမှ ကိုကြီး ပြန်လာတယ်"

လည်ဆွဲ သည် သူမ ခံစားသိရှိခဲ့သည့်အကြောင်း မချွင်းမချန် ပြောပြနေခဲ့ရင်း နှုတ်ခမ်းလေးကိုက်၍ ရှိုက်ငိုတာလည်း ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"လည်ဆွဲ ကို တစ်ယောက်ပြီးတစ်ယောက် ထားသွားခဲ့ကြတာ၊ အခု ဘယ်သူမှ မရှိတော့ဘူး.."

"ဒါဆို မင်းအစ်ကိုက ကျောက်အောင်ခဲ့တာပေါ့"

"ဟုတ်တယ်..၊ သူတို့သူငယ်ချင်းတွေ အလုပ်လုပ်နေတယ်ဆိုပြီး ဖေဖေ မဆုံးခင်ကတည်းက သူ ဆုံးသွားတဲ့အချိန်ထိ လည်ဆွဲ နဲ့ အတူတူ နေတာမနေဘူး"

"ဘာဖြစ်လို့လဲ..၊ ချမ်းသာနေပြီပဲဟာ ဘာလိုသေးလို့လဲ"

"ကျောက်အောင်ပေမယ့် ဒါကို ကျောက်တူးသမားက ယူခွင့် မရှိတဲ့၊ သူဌေးကို အပ်ရတာတဲ့၊ ကိုကြီးတို့က မအပ်ဘဲ ယူခဲ့မိလို့ သူဌေးလူတွေက လိုက်နေကြတယ်တဲ့"

တိမ်တိုက် မျက်နှာမှာ စိတ်ပျက်ရှုရှားခြင်းတွေ လွတ်လွတ်လပ်လပ်ကြီးဖြစ်လျက် နားမထောင်ချင့်တော့သလို မျက်နှာပါ လွှဲနေလိုက်မိသည်။

လည်ဆွဲ က ဘာမှမသိ..၊

"ကိုယ့်လုပ်အားနဲ့ ကိုယ်ရတာတောင် ယူခွင့်မရှိဘူးဆိုတာ အဲဒီမှာ တကယ်ပဲ အဲဒီလိုထုံးစံတွေ ရှိသလားဟင်.."

"ရှိတယ် .. အဲ ... ရှိမှာပေါ့၊ ကျောက်တူးသမားဆိုတာ သူတို့အတွက် သူဌေးက လုပ်အားခပေးပြီးသားလေ၊ အထဲကပစ္စည်းက သူဌေးနဲ့ပဲ ဆိုင်တယ်လို့ သတ်မှတ်ချက်ရှိတဲ့မျိုး ဖြစ်ရမယ်၊ ဒါတွေက ရုပ်ရှင်တွေထဲမှာတောင် မြင်တွေ့နေရတာပဲကွာ"

သူမ မျက်နှာလေးမှာ အစ်ကိုဖြစ်သူနဲ့ ဟိုလူတွေ ဘယ်သူမှားပြီး ဘယ်သူမှန်တယ်ဆိုတာကို စဉ်းစားနေတာမျိုး မှုန်ကုတ်ကုတ်လေး ဖြစ်သွား၏။

"ဒါပေမယ့် ဒီဘက်ထိ လွတ်မြောက်လာပြီးမှ ပြဿနာတော့ သိပ်မရှိနိုင်ပါဘူး"





"ရှိတယ် .. အဲဒီလူဆိုးတွေ ကိုကြီးနောက်ကို လိုက်လာကြတယ်၊ ဘယ်လိုပဲ တွက်ကြည့်ကြည့် ကိုကြီးက သူများလက်ထဲက ခိုးယူလာတာမှ မဟုတ်တာ၊ သူကိုယ်သူ အပြစ်မရှိဘူးလို့ တွက်တာ မမှားပါဘူး"

"အပြစ်မရှိဘူးထင်ရင် မင်းနဲ့ သူ ပေါ်တင်လာနေရမှာပေါ့၊ မင်း သိတဲ့ အခြားပြဿနာတစ်ခုခု ရှိနေတာများ မဖြစ်နိုင်ဘူးလား"

"ဟင့်အင်း .. ကိုကြီး လည်ဆွဲ ကို မညာဘူးဆိုတာ လည်ဆွဲ သိတယ်၊ ဒီလူကိုက ရက်စက်တာ၊ သက်မဲ့ပစ္စည်းတစ်ခုအတွက်နဲ့ လူတစ်ယောက်ကို ရိုက်သတ်ရက်တယ်"

"သူတို့သတ်လို့ မင်းအစ်ကို သေတာလား .."

"ဟုတ်တယ်..၊ ကားတိုက်မှုကြောင့် ဒီပြဿနာ ပျောက်ကွယ်သွားပေမယ့် သေလောက်အောင် အရိုက်အနှက်ခံထားခဲ့ရတာ လည်ဆွဲ မျက်စိရှေ့မှာတင်..."

ဒါတောင် ဆေးရုံမှာ ထွက်လာတဲ့ ဆေးမှတ်တမ်းကို လည်ဆွဲ သေချာသိတာ မဟုတ်..၊

"မျက်မှန်အနက်နဲ့ အသားဖြူဖြူလူ..၊ အဲဒီလူက ခေါင်းဆောင်၊ ကိုကြီးကို သူ သတ်ခိုင်းနေတာ .. လူမိုက်တွေမွေးပြီး မသေမချင်း ရိုက်နှက်နေကြတာ၊ လည်ဆွဲ လေ .. လည်ဆွဲ ပြောပါသေးတယ်၊ ကိုကြီး ယူလာခဲ့တာတွေရှိနေရင် ပြန်ပေးလိုက်ပါလို့..."

ပြောရင်းရှိုက်ရင်းနှင့် လည်ဆွဲ ရဲ့ ရှိုက်သံတွေက ကျယ်လောင်လာ၏။

"လည်ဆွဲ ကိုကြီးကို ဆုံးရှုံးခဲ့လိုက်ဖို့ထက်တော့ မချမ်းသာချင်ဘူး၊ ဘယ်ဟာပဲဖြစ်ဖြစ် ကိုကြီးနဲ့ တူတူ နေချင်တယ်၊ အဲဒါတွေ လည်ဆွဲ လက်ထဲမှာသာ ရှိနေခဲ့ရင် ကိုယ်ဖာသာ သွားပြန်ပေးပြီး ခြေရင်းမိမှာ သိလား၊ ခုတော့ သူ ရသင့်တဲ့ပစ္စည်းဆိုပြီး လည်ဆွဲ အတွက် အသေ



www.burmeseclassic.com

www.burmeseclassic.com



ခံပြီး စုဆောင်းခဲ့တာယ်၊ ကိုကြီး ဘယ်လိုလူဖြစ်ဖြစ်၊ လည်ဆွဲ ရဲ့တစ်ဦးတည်းသော ကိုးကွယ်ရာဖြစ်သလို သူတို့ သတ်လိုသောကာ ဟုတ်ဟုတ် မဟုတ်ဟုတ် အဲဒီလူတွေကို လည်ဆွဲ ဘယ်တော့မှ မကျေဘူး၊ မျက်မှန်တပ်ထားတဲ့မျက်နှာကို သတိရတိုင်း အိပ်နေရင်တောင် လန့်နိုးတယ်၊ အဲဒီလူကို မျက်လုံးထဲမှာ စွဲနေခဲ့တာ၊ ဘယ်တော့မှ ဖျောက်လို့ရမှာ မဟုတ်ဘူး သိလား၊ အရမ်း မုန်းတယ်.."

တိမ်တိုက် နှုတ်ခမ်းတွေ ဖိကပ်ဈေးထားရင်း မုန်းတာတွေ ရွှတ်နေသည့် မျက်နှာလေးကို စူးစိုက်ကြည့်နေမိသည်။

'မင်း မုန်းနေတဲ့လူ မင်းရဲ့ရှေ့မှာ ထိုင်နေတယ်'လို့ ရင်ထဲက နာကျင်သံများနဲ့ ရေရွတ်ရင်း နှုတ်ခမ်းအစုံက ပို၍ တင်းကပ်သွားခဲ့သည်။

ကားချင်းတိုက်မိသွားပြီလို့ သိလိုက်ရချိန်မှာ သူ 'ဟာ'ခနဲတောင် ဖြစ်သွားခဲ့သည်။ ဤသူကို သတ်ဖို့ထိ ဘယ်တုန်းကမှ ရည်ရွယ်ခဲ့တာ မဟုတ်သလို နောက်တစ်ယောက် ပါနေသေးမှန်း သိသည်မို့ သွားပြီဆိုတာကို သိလိုက်သည်။

တိုက်မိတာက သစ်လုံးတင်သည့် ကားကြီးနဲ့ဖြစ်ကာ ကားငယ်လေး၏ရှေ့ကာစ်ပိုင်းလုံး ကြေမွ စုတ်ပြတ်သွားခဲ့၏။

သူကိုယ်တိုင်ပဲ မောင်နှမနှစ်ယောက်စလုံးကို ဆွဲထုတ်ခဲ့တာ ဖြစ်သည်။ အကြီးအကျယ်ဖြစ်သွားခဲ့သည့် ကားတိုက်မှုကြောင့် နောက်မှာ ဖြစ်ပျက်ခဲ့သမျှကို ဘယ်သူမှ မသိလိုက်ဘဲ ပြီးပျောက်သွားခဲ့၏။

ထို့ပြင် သူကိုယ်တိုင် လည်ဆွဲ ရဲ့ ကယ်တင်ရှင် ဖြစ်လာခဲ့ရပြီး...

"ကိုမိုးသား.."

"ဟင်!... ကိုယ် နားထောင်နေတယ်လေ"

လန့်သွားတာ မဟုတ်သော်လည်း စိတ်က ဖျတ်ခနဲ လွင့်ပါးသွားခဲ့သဖြင့် ထူးသံက လိုတာထက်ပို၍ မြန်သွားသည်။ လည်ဆွဲ က မျက်မှောင်





လေးကုတ်လျက်..

"ရှင် လည်ဆွဲ ပြောခဲ့တဲ့အကြောင်းကို တွေးနေတာလား"

"အင်း .. ဆိုပါတော့"

"ကိုကြီးကို လူဆိုးတစ်ယောက် ဖြစ်နိုင်တယ်လို့ တွေးနေတာမို့လား၊ ရှင် လည်ဆွဲ ပြောတာကို မယုံဘူးဆိုတာ လည်ဆွဲ သိတယ်"

"ကိုယ် လူတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာတွေအပေါ် အဲဒီလောက်ထိ စိတ်မဝင်စားတတ်ဘူး လည်ဆွဲ၊ မင်း ပြောနေတာ မင်းရဲ့အကြောင်းတွေပဲမို့လို့ နားထောင်ပေးနေတာ"

"အဲဒါ ကောင်းတော့ ကောင်းတယ်လေ၊ ဒါပေမယ့် ရှင့်ကို လည်ဆွဲက စိတ်ဝင်စားစေချင်တာ၊ ရှင်ကိုယ်တိုင်က လည်ဆွဲ တို့ရဲ့ ဘဝကို..."

"မင်းရဲ့ဘဝကို နားလည်လို့ ကိုယ် ခုလို ကူညီနေတာပါ၊ ကိုယ်နဲ့ မရင်းနှီးတဲ့ မင်းအစ်ကိုအပေါ် ကိုယ် စိတ်မဝင်စားဘူးဆိုတာတော့ မင်း လားလိုက်ဖို့ ကောင်းတယ်၊ ပြီးတော့ သူက မရှိတော့ဘူးဆိုတော့ လိုလည်း မလိုတော့ဘူးလေ၊ မင်းနဲ့ နောက်လပ်ပတ်သက်ဆက်နွယ်လာမယ့် သက်ရှိထင်ရှားရှိနေတဲ့သူတွေအကြောင်း ပြောဖို့ ရှိသေးတယ်ဆိုရင်တော့ ဆက်ပြောပါ"

"ကိုကြီးအကြောင်းကို နားမထောင်ချင်ဘူးပေါ့ ဟုတ်လား .."

"နားထောင်ပေးချင်ပါတယ်၊ ကိုယ် စိတ်မဝင်စားတာတွေကို မင်း ရှိက်နိုက်မြွတ်မြွတ် ခံစရေးဘူးဆိုရင်လေ.."

လည်ဆွဲ မျက်နှာလေးက ခုနကနဲ့ ပြောင်းပြန်ဖြစ်သွားသည်။ တစ်ယောက်တည်း ကျောကလေးတစ်စင်းနဲ့ ကမ်းမမြင်လမ်းမမြင် ပင်လယ်ကြီးထဲမှာ မျောပါနေသူလို ငိုင်တော့သည့်မျက်ဝန်းလေးတွေ စူးစိုက်ငြိမ်ငေးနေသလျက်...

"ရှင့်ကို လည်ဆွဲ ဒီလောက် ယုံကြည်ချင်တယ်၊ အဲဒါကြောင့် လည်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို အများကြီး သိထားစေချင်တာပါ”

သူမ မျက်နှာလေး ညှိုးငယ်သွားတာမြင်တော့ တင်းကျပ်နေသမျှတွေ ဘယ်ရောက်ကုန်မှန်း မသိလိုက်ဘဲ အားပေးသည့်အပြုံးတစ်ချက် သူ့မျက်နှာမှာ ထင်၏။

ဒါလည်း သူမ မမြင်နိုင်ပေမယ့် တကယ့် စေတနာအလျောက် ဖြစ်လာခဲ့ခြင်းသာ..။

"ပန်းလည်ဆွဲ .."

“ဟင်..”

“လူဆိုတာ ပြီးခဲ့တာကို ပြန်တွေးရင်း ပုံဖော်ရင်းနဲ့ အချိန်တွေ ဖြုန်းနေတာ၊ အညွန့်တက်လာတဲ့ အပင်ပေါက်လေးပေါ်ကို ရေနွေးလောင်းပေးနေတာနဲ့ တူတယ်”

“လည်ဆွဲ အဖြစ်က အတိတ်လွင်ပြင်ထဲကို မရောက်သေးဘူးကိုမိုးသား၊ မနေ့တစ်နေ့က ဖြစ်ခဲ့သလိုပဲ၊ ပူပူနွေးနွေးကြီး ရှိသေးတာ”

“အဲဒါ မင်းရဲ့စိတ်က ဖြစ်နေတာပါ၊ တစ်နေရာတည်းကို အခေါက်ခေါက်အခါခါ လျှောက်နေရင် လမ်းမရှိခဲ့တဲ့ တောထဲမှာတောင် လမ်းဖြစ်သွားတယ်၊ နောက်ကို ပြန်မကြည့်ဘဲ ဆက်လျှောက်ကြည့်လိုက်ပါ၊ အတွေ့သစ်၊ အမြင်သစ်တွေနဲ့ မင်းနောက်မှာ ကျန်ခဲ့တဲ့ ခြေရာတွေကို မေ့သွားလိမ့်မယ်”

လည်ဆွဲ မျက်ရည်ပေ့လာတာကို မျက်တောင်တွေခတ်နေရင်း ထိန်းချုပ်နေရှာ၏။ သူမ ငိုနေပြီဆို ဒါမှမဟုတ် ငိုချင်နေတာကို ခုလို ထိန်းချုပ်နေတာမျိုးဆိုလျှင် မျက်စပ်လေးတွေ ရဲတွတ်လျက် ကတုန်ကယင် နှုတ်ခမ်းသားလေးတွေကလည်း ကြည့်ရက်ဖွယ် မရှိပါ..၊

“ကိုယ်ပြောရင် စာနာမှုမရှိလိုက်တာလို့ မင်း မထင်ပါနဲ့၊ ဒီနေ့က စပြီး ကိုယ့်စိတ်ချမ်းသာဖို့ ကိုယ့်ဖာသာ ကြိုးစားပါ၊ ဒါက ဘေးလူ ကူညီ





ပေးရတဲ့ကိစ္စ၊ မင်းဘဝ၊ မင်းရဲ့အနာဂတ်အတွက် ကိုယ် အားလုံး ပြည့်စုံအောင် ကူညီမယ်လို့ ကတိပေးတယ်၊ အဲဒီအတွက် မင်း စိတ်အကျပ်အတည်း အဖြစ်ခံပြီး ဘာမှ ကျပြန်ဖို့မလိုဘူး၊ အားလည်းမနာနဲ့ ဆွေမျိုးရင်းချာတစ်ယောက်လို သဘောထားနိုင်ရင် ဖြစ်တယ်..”

“ရှင့်မှာ မိသားစု မရှိဘူးလားဟင်၊ ဟိုလေ .. လည်ဆွဲ ကို ဒီလို ကူညီထားတာကို ပြောဆိုတားမြစ်လာနိုင်တဲ့ တစ်ယောက်ယောက်..”

“မိသားစုဆိုတာ ကိုယ့်မိဘနဲ့ မွေးချင်းမောင်နှမကို မေးတာလား၊ ကိုယ့်ဇနီးသားမယားမျိုးကိုလား..”

“နှစ်ခုစလုံး ..”

လည်ဆွဲ မျက်တောင်ကော့လေးတွေကို စိုက်ကြည့်ပြီး သူ ပြုံးမိသည်။ ဘာတွေပဲ မေးနေနေ သူမလေးရင်ထဲမှာ ဝမ်းနည်းစရာတွေချည်းပဲ တွေးစရာဖြစ်မနေဘူးဆိုရင် ကျေနပ်ပါ၏။

“မိဘ မိသားစုကတော့ ရှိတာပေါ့၊ ဒါပေမယ့် အခု မေမေနဲ့ ညီမလေးက မရှိတော့ဘူး၊ ဖေဖေ တစ်ယောက်ပဲ ရှိတယ်”

“ဪ ...”

“ကိုယ်တို့က အစကတည်းက သားအဖနှစ်ယောက် စီးပွားရေးလုပ်ငန်းတွေလုပ်ရင်း ဒီလိုပဲ ရောက်ချင်ရာရောက်နေကြတာ၊ ဘယ်မှာနေနေ သိပ်မတော့ ပြဿနာမရှိပါဘူး၊ အဖေဆိုတော့လည်း အမေလောက်တော့ သားသမီးအပေါ် လည်ပင်းမရှည်ဘူးပေ့၊ ဘယ်မှာ ဘာလုပ်နေမယ်ဆိုတာ ဖုန်းတစ်ချက် ဆက်လိုက်ရင် ပြီးသွားတာပဲ”

လည်ဆွဲ ခေါင်းမညိတ်ဘဲ ငြိမ်းသလိုလေး ဖြစ်နေတာကို သတိထားမိပြီး ကိုယ် ပြောမိသည့်စကားကို ပြန်စဉ်းစားကာ..

“ဘာဖြစ်သွားတာလဲ လည်ဆွဲ၊ ကိုယ် မင်းကို လိမ်ညာတာ မပါဘဲ ပြောတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ရှင် လည်ဆွဲ ကို ဒီလိုထားနိုင်တယ်ဆိုကတည်းက ချမ်းသာတဲ့ လူတစ်ယောက်မှန်း လည်ဆွဲ သိပါတယ်၊ ဒါပေမယ့်..."

"ပြောလေ .. ဘာဖြစ်လဲ.."

"ရှင့်ကို လည်ဆွဲ မြင်ချင်လိုက်တာ"

လည်ဆွဲ ဘယ်လိုခံစားနေရတာကို သူ ရိပ်မိလိုက်သဖြင့် နဖူး တစ်ချက်ပွတ်ဂိရင်း...

"ကိုယ့်ကို သုံ့ကြည့်ပါ၊ ဒါပဲ ကိုယ် ပြောစရာရှိတယ်၊ မင်းဘက်က ကြည့်တော့ မျက်လုံးမမြင်ရဘူး ဘယ်တုန်းကမှ မသိခဲ့တဲ့ တစိမ်း ယောက်ျားတစ်ယောက်ကို ယုံဖို့ခက်မှာပဲ၊ ဒါပေမယ့် ကိုယ့်ဘက်မှာ တခြား မရိုးသားဘဲ ကျို့စက်ချက်ရှိနေရင်တောင် အဲဒီလျှို့ဝှက်ချက်က မင်းကို ထိခိုက်စေဘို့ မဟုတ်ဘူး၊ ကိုယ်ကိုယ်တိုင် မင်းကို ဒုက္ခမပေးဘူး အဲဒါ ကတိစကားပါ"

လည်ဆွဲ မျက်လွှာချနေရင်း ခေါင်းလေးညိတ်ရသည်။ သူမဘက် မှာလည်း မမြင်မစမ်းမို့ မယုံမရဲတော့ ဖြစ်နေဦးမှာပါ၊ ဒါပေမယ့် အားကိုးမဲ့ နေပြီမို့ ကံကိုပုံပြီး ဆုံးချုံးနင်းရတာမျိုး...၊

"မင်း ပြောပြခဲ့တဲ့ မင်းအစ်ကိုရဲ့ အလုပ်ပြဿနာတွေကိုလည်း အခု ကိုယ့်ကို ပြောတာမျိုး နောက်ထပ် ဘယ်သူနဲ့မှ မပြောမိပါစေနဲ့ သူ စိုးရိမ် ကြောင့်ကြခဲ့ရတဲ့ သောကမျိုး မင်း ခံစားရလိမ့်မယ်၊ ပြီးတော့ မင်းမှာ အန္တရာယ်ရှိလာနိုင်တယ်"

ထိတ်လန့်သွားသည့် မျက်ဝန်းလေးတွေ ဖျတ်ခနဲ ပင့်တက်လာ၏။

"အဲဒီလူတွေက လည်ဆွဲ နောက်ကိုပါ လိုက်လာနိုင်ကယ်ပေါ့ ဟုတ်လား .."

"မသိဘူး၊ ဘာပဲဖြစ်ဖြစ် မင်း ကိုယ့်လက်ထဲမှာ ဘာမှ မဖြစ်စေ ရဘူး"





"လည်ဆွဲ ကလည်း ယုံကြည်သင့်တဲ့လူမို့လို့ ပြောပြတာပါ၊ ပြီး တော့လေ လည်ဆွဲ အိမ်ကို ခဏတော့ သွားကြည့်ချင်တယ်"

"သွားကြည့်လည်း မင်း မြင်ရမှာမှ မဟုတ်တာ၊ အဲဒီကို မင်း သွားလာနေရင်း သူတို့ သတိထားမိသွားမှာပေါ့"

"တစ်ခါတော့ သွားပါရစေ..၊ လည်ဆွဲ ကို ပို့ပေးပါ၊ အဲဒီမှာ ကိုကြီး ဝယ်ပေးထားတဲ့ ဗီဒီယိုကင်မရာ ရှိတယ်၊ ကိုကြီးရဲ့အသံကို နားထောင် ချင်တယ်၊ ရှင် လည်ဆွဲ ကို ကူညီပါနော်"

"အသစ်ပြန်ဖြစ်မှာတွေ မင်း မလုပ်သင့်ဘူး လည်ဆွဲ၊ အဲဒီမှာ အိမ်စောင့် ရှိသလား"

"လည်ဆွဲ နေတုန်းကတော့ ဒေါ်လေးနု တို့သားအမိ ရှိတယ်"

"ဘာတော်တာလဲ"

"ဟင့်အင်း၊ လည်ဆွဲ အဖော်ရအောင် ကိုကြီး ခေါ်ထားပေးတာ" ဖြစ်ခဲ့တဲ့အချိန်ကို ပြန်တွက်ကြည့်လိုက်ပြီး သက်ပြင်းချမိကာ...

"ရှိမှာ မဟုတ်တော့ဘူး ထင်တယ်၊ အင်းလေ တစ်နေ့နေ့တော့ သွားတာပေါ့၊ လောလောဆယ် မင်းရဲ့ကျန်းမာရေးက အရေးကြီးတယ်၊ မျက်လုံးအတွက် စမ်းသပ်မှုတွေက လုပ်နေရတုန်းဆိုတော့ ခဏတော့ စောင့်ခံပါဦး"

"ဟုတ် .."

"လည်ဆွဲ မင်း ကိုယ့်ကို နာမည်ခေါ် မယ့်အစား နာမ်စားတစ်ခုခုနဲ့ ခေါ်ပြီးအောင် ပြောကြည့်ပါလား"

"ဟင်!..."

"ကိုယ်က တောင့်တနေတာ မဟုတ်ဘူး၊ မင်းနဲ့ ကိုယ် လုံးဝ သက် ဆိုင်မှု မရှိခဲ့တဲ့ စိမ်းသက်မှုကြီးကို မင်း ခေါ်ပြောနေပုံက သက်သေပြ နေတယ်၊ ဒါ့ကြောင့် အမိုးတို့ကို ကိုယ်က မင်းအစ်ကိုရဲ့ သူငယ်ချင်းမို့လို့



www.burmeseclassic.com

www.burmeseclassic.com



မင်းကို စောင့်ရှောက်ပေးနေတာလို့ ပြောယားတယ်၊ ကိုယ့်အစ်ကိုရဲ့ သူငယ်ချင်းတို့ရင် မင်း ဒီထက် ရင်းနှီးနေမှာပဲလေ၊ ကိုယ် ပြောတာ တွေ ယုံ၊ အလေကားမဖြစ်အောင် မင်းရဲ့ သိက္ခာအတွက်လည်း အစိက ဖြစ်တော့…”

“ယုဉ်ဆွဲ နားလည်ပါတယ်၊ ရှင်က လည်ဆွဲ ထက်လည်း အသက် ကြီးတော့ ဒီလိုပြောဆိုနေတာ ရှိင်းသလိုဖြစ်နေမှာကို တွေးမိတယ်၊ ကိုယ့်သဘောနဲ့ ဘာကိုမှ ဂရုမစိုက်မိဘဲ ဆင်ခြင်တုံတရားမဲ့သလို ဆက် ဆံခဲ့မိတာ တောင်းပန်ပါတယ်”

“မတောင်းပန်ပါနဲ့ …၊ ကိုယ် ပြောတာကို လက်ခံတယ်ဆိုရင် ပြီး တာပဲ၊ ဒါဆို ဆိုခဲ့နော်…၊ ကိုယ်တို့ နောက်ထပ် စိတ်ညစ်စရာတွေ မဖြ ဖြစ်အောင် နေမယ်၊ ပိုအိမ်ကို သွားဖြစ်တဲ့အခါ ကြူကြူပါအောင် မငိုပါ ဘူးဆိုတာလည်း ကိုယ့်ကို ကတိပေး…”

“အင်း …”

ရုတ်ချင်း ခေါင်းညိတ်လိုက်ပြီးမှ ‘ဟုတ်ကဲ့’လို့ ပြောသင့်တာကို သတိရပြီး လည်ဆွဲ မျက်နှာလေး ဆီပင်လေးကိုင်ရင်း ပြုံးတုံ့တုံ့ ဖြစ်သွား၏။

ထိုမျက်နှာလေးကို သူကလည်း စိုက်ကြည့်နေမိသည်။

မကျေနပ်စိတ်တွေ၊ သောကတွေနဲ့ လုံးထွေးနေတုန်းက အမှတ် တမဲ့ပေမယ့် ခုကျမှ အသံတိတ်သွားတာနှင့် သူ့ ကိုယ့်ကို ကြည့်နေ လေတာလို့ တွေးလိုက်မိ၏။

မနေ့တကသပိုကြီးဖြစ်တာ ဘာတွေပြောမိမှန်းလည်း မသိပါ။

“လည်ဆွဲ ကို ရှင် …အဲ .. အစ်ကိုညီမလေးလို အားတိုးပြီး စာနာ နေတာပေါ့”

“ညီမလေး ရှိခဲ့ဖူးတော့ စာနာစိတ်က အရင်ဖြစ်သွားတာ ဟုတ် တယ်၊ အားပေးတာတော့ မဟုတ်ဘူး”





“ဘယ်လို!..”

“ဆင်ခြေထောက်ပြတ်တာကို ထိတ်ခြေထောက်နဲ့ အစားထိုးလို့ ရသလား၊ တစ်နှာကြည့်လို့ ရပေမယ့် အစားထိုးလို့ရမလား၊ မင်းကို မင်းရဲ့ မေမေက မွေးခဲ့တာ၊ ကိုယ်နဲ့ ဘာဆော်လို့လဲ..”

ဟုတ်တာတွေ ပြောနေပေမယ့်လည်း နားဝင်မချိုတော့ လည်ဆွဲ မျက်နှာလေး ပြုံးတော့မလိုနှင့် မဲ့သွား၏။

“လည်ဆွဲ ကတော့ ကိုကြီးနေရာမှာ အစားထိုးကြည့်ပြီး အစ်ကို လို့ ခေါ်လိုက်တာ”

“စိတ်ရဲ့ အာဟာရတစ်မှုတော့ ပြည့်စုံသွားမှာပေါ့၊ ဒါပေမယ့် ကိုယ် က မင်းရဲ့ အစ်ကိုဖြစ်လာဖို့တော့ မရှိဘူး”

မရောင်းပါဘူးဆိုမှ ချိန်ပါ၊ ချိန်ပါ ဖြစ်နေပြီလား..၊

သူ ဘာဖြစ်လို့ မောင်နှမဆိုတဲ့ ညီမျှခြင်းတစ်ဖက်ကနေ ခုန်ကူး ချင်နေရတာလဲ..။

မကော်စပ်ကြဘူးဆိုတာ သိနေကြပေမယ့် ဒီထက် ပိုရင်းနှီးကြဖို့ လိုဘူးလား၊ လည်ဆွဲ က မမြင်ရပေမယ့် သူမ မျက်နှာလေးမှာ ရှုပ်ထွေး သွားတာကိုကြည့်ပြီး တိမ်တိုက် က ပြုံးသည်။

ကိုယ် ဘယ်တော့မှ မယူဘူးလို့ ဆုံးဖြတ်ထားတာ..၊

အဲဒီနေ့ရာ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"စားလိုက်ပါ ကလေးရယ် ..သမီးက နေမကောင်းသေးဘူးမို့လား တစ်နေ့တစ်နေ့ ဆေးတွေသောက်နေရတာလည်း နည်းတာ မဟုတ်ဘူး အစား မစားရင် ဘယ်ဇိုလုပ် ခံနိုင်ရည်ရှိမှာလဲ"

သူ့ အပြင်ထွက်လိုက်တာနှင့် ဧည့်ခန်းက စကားသံတွေကို ကြား လိုက်ရသည်။

"ဟုဘ်သားပဲ အန်တီကလည်း၊ သားဆိုရင် ဘာနဲ့စားစား အရမ်း စားလို့ကောင်းတာ၊ ထမင်း နှစ်ဇလုံလောက်ကတော့ ဘူးသီးပြု တို့စရာနဲ့ ငါးမိရည်ဆမ်းစားရင်းတောင် ပြိုက်ခနဲ ကုန်တယ်"

"စားလိုက်နော် သမီး၊ သမီး စားချင်တာ ဖွယ်ဖွယ်ရာရာ ချက်ပေး လိုက်ပါဆိုပြီး လူလေးက သေချာမှာထားတာ၊ တော်ကြာ အမိုး ဂရုမစိုက် ဘူးလို့ အပြစ်တင်တော့မယ်"

"မဟုတ်ပါဘူး အမိုးရယ် .. လည်ဆွဲ ကိုက ဘာမှ မျိုမချချင်တာပါ အဲဒါတွေ သွားသိမ်းလိုက်ပါဦးနော်၊ နေ့လယ်စာကျမှပဲ စားတော့မယ်"

"ဘယ်ရမလဲ လည်ဆွဲ၊ အစားမစားချင်တာ ဖယ်ထားလို့ရပေမယ့် ဆေးက အချိန်မှန် သောက်ရမှာ"





တိမ်တိုက် အသံကြားတော့ လည်ဆွဲ လှုပ်လှုပ်ရှားရှား ဖြစ်သွား သည်။ စိတ်ညစ်သလိုလေးလည်း ဖြစ်သွားကာ...

"လည်ဆွဲ ဘာမှမဖြစ်တော့ဘဲနဲ့ ဘာဖြစ်လို့ ဆေးတွေပဲသောက်နေ ရတာလဲဟင်၊ မျက်စိမမြင်ရတော့တာက ကိုယ်ပူဖျားနာတာမှ မဟုတ်တာ"

သူ့အသံကြားသည့်ဘက်ကို မျက်နှာလေးငဲ့လာပြီး အငွေ့န်တက်၏။ လည်ဆွဲ ထိုင်နေသည့်ဘေးမှာ ရပ်လိုက်ကာ ပြင်ပေးထားသည့် စားစရာ တွေကို သူ ငုံ့ကြည့်လိုက်သည်။

ရှမ်းခေါက်ဆွဲသည် ဟင်းချိုပန်းကန်လေးမှာ ကြက်သွန်မြိတ်လေး ဖြူးလျက် အငွေ့တထောင်းထောင်းထ,နေတုန်း..၊

ပြီးတော့ ကော်ဖီရယ်၊ ပေါင်မုန့်ကြက်ဥကြော်ရယ်..၊

အမိုးက ရှမ်းခေါက်ဆွဲပန်းကန်ကို ကိုင်လျက် ဇွန်းလေးတပြင်ပြင် နှင့် ဆွဲဖွနယ်ဖတ်ပေးတော့မလိုလို၊ လည်ဆွဲ လက်ထဲ ထည့်ပေးတော့ မလိုလို..၊ လည်ဆွဲ ခေါင်းခါနေသဖြင့် ဘာမှလည်း မလုပ်နိုင်..။

"ဒါတွေ သူ မကြိုက်လို့ ထင်တယ်၊ အမိုးလည်း သမီးက ဘာမှ မလုပ်နိုင်းတော့ စားချင်မယ်ထင်တာလေးတွေ လုပ်ပေးထားတာ"

သူ့ကို အကူအညီတောင်းသလိုကြည့်၍ အမိုးက ရှမ်းခေါက်ဆွဲ ပန်းကန်လေး မြှောက်ပြ၏။

"မဟုတ်ပါဘူး၊ လည်ဆွဲ မစားချင်လို့ပါ"

တိမ်တိုက် ကို ပြောတာပေမယ့် လည်ဆွဲ က ဝင်ပြော၏။ သူ့မဘေး မှာ သူ ဝင်ထိုင်လိုက်ရင်း...

"လူမမာဆိုတာ စားချင်တာကို ရှောင်ရတယ်၊ မစားချင်ပေမယ့် စားရတာပဲ"

"ဘယ်မှာ လူမမာလဲ.."

ရန်တွေ့သံလေး ထွက်လာတော့ သူ ပြုံးလိုက်ရင်း..



www.burmeseclassic.com

www.burmeseclassic.com



"ပန်းလည်ဆွဲ လေး.၊ ခေါင်းကဒဏ်ရာလည်း အကင်းမသေ သေးဘူး"

"ပျောက်သွားပါပြီ"

"နှရိုးညပ်လို့ ဆေးစည်းထားရတာ၊ ခုထိ ရှိသေးတယ်လေ"

"မနာတော့ဘူး၊ အဲဒါကြီးကို ဖြည်ချင်နေတာ ကြာပြီ"

အမိုးက ဟိုကြည့်ဒီကြည့်နဲ့ ထိုင်နေပြီးမှ ပန်းကန်ကို အသာလေး ပြန်ချထားလိုက်ကာ ဖိုးခွားကို ခေါ်၍ ထ,ထွက်သွား၏။

"အိပ်ရာထဖကော့ ကိုယ့်ဟာကိုယ် အောက်ဆင်းလာတာလား"

"ဟုတ်တယ်၊ လှေကားလက်ရန်းကို ကိုင်ပြီး ဆင်းရတာ ဘာခဲယဉ်း တာမှ မဟုတ်လို့၊ အိပ်ရာက ထ,တာနဲ့ သူများကိုမှီတဲ့ပြီး မျက်နှာသစ်ရ ရေချိုးရနဲ့ စိတ်ညစ်လှပြီ.."

"ဒါ အစပဲ ရှိသေးတာ"

ဘိမ်ဝိုက် က-ရှမ်းခေါက်ဆွဲပန်းကန်ကို ကောက်ယူလိုက်ပြီး သူ့ မျက်နှာရှေ့နားမှာ ဝှေ့ဝံနေလိုက်ကာ..

"ပူပူနွေးနွေးလေး မွှေးနေတာပဲ၊ အနံ့ မရဘူးလား"

"ရသားပဲ.."

"ဟင်းချိုလည်း ရှိတယ်၊ အဲ..."

သူ့ သေချာ ပြန်ကြည့်နေရပုံရှိကာ ပြီးမှ...

"ကြက်ရိုးနဲ့ ပြုတ်ထားတာ ထင်တယ်၊ ပူပူလေးပဲ၊ စားချင်စရာ လေးကွာ."

"စားချင်ရင် စားလိုက်ပေါ့"

"မင်း စားဖို့လိုတာ မင်းကို ကျွေးမလို့.."

"မစားချင်တဲ့အစားကို မျိုရမယ့်ဒုက္ခ ရှင် ကိုယ်ချင်းမစာတတ်ဘူး လားဟင်"





"မစာတတ်ဘူး၊ ကိုယ် ဖျားရင်လည်း ခုလို ချော့မော့ကြွေးမယောင်း ပြီး အတင်းမျိုချခိုင်းမယ့်လူ မရှိဘူး၊ အဲဒါကြောင့် ကိုယ်ချင်းစာပေးဖို့က လုံးဝကို ဖြစ်နိုင်ခြေမရှိတာ"

ပြောနေရင်း သူကိုယ်တိုင်ပဲ ခေါက်ဆွဲကို ဆွဲဖွနယ်ပေးလိုက်ကာ..

"ကဲ ... ပြော..၊ ပါးစပ်ဟ,ပေးမလား..၊ ဇွန်းကိုယူပြီး ကိုယ့်ဖာသာ စားမလား"

"ရှင်..နော်.."

"တော်ပြီလေ၊ အစ်ကိုလို့ ခေါ်ထားပြီးသား ဘာ'ရှင်'တာလဲ"

နှာခေါင်းထဲမှာ ရှမ်းခေါက်ဆွဲနံ့ကြီး မွှေးမွှေးပါးပါး ဝင်နေသဖြင့် ဒါကြီး ကိုကိုင်ပြီး မျက်နှာရှေ့မှာ တမင်ကပ်ထားမှန်း လည်ဆွဲ သိနေသည်။

"အပြင်ကို မသွားဘူးလား"

"သွားလည်း ဖြစ်တယ်၊ မသွားလည်း ဖြစ်တယ်၊ အလုပ်လုပ်နေ တာမှ မဟုတ်တာ၊ ပျင်းလို့ ထွက်နေတာ၊ ကဲ .. ဦးတည်ချက်တွေ လွှဲဖို့ မကြိုးစားနဲ့၊ စားပြီးရင် ဆေးသောက်ရမှာ.."

စားကို စားရတော့မှာကို သိလိုက်ကာ လည်ဆွဲ မျက်နှာ အကြီး အကျယ် ရှုံ့မဲ့သွား၏။ ကိုယ် သိုးနဲ့ရမယ့်လူ မဟုတ်မှန်း သိပေမယ့် နှာခေါင်းရှုံ့ခြင်း၊ နှုတ်ခမ်းလေးမဲ့၍ သူ့မျက်နှာကို မှန်းသပြီး မျက်စောင်း ရွယ်ခြင်းက သူ့အလိုလို ပြုမိလျက်သား ဖြစ်လျက်..

"ပေး .. အစ်ကို သွားတော့"

"ဘာဖြစ်လို့လဲ.."

လက်လေးကြွလာပြီး ပန်းကန်ကို ဖမ်းတော့ သူ့လက်ကို လွှဲထား လိုက်မိကာ ...

"တော်ကြာ မစားတဲ့ သွန်ပင်ချင် ဖစ်မှာ၊ ကိုယ့်ရှေ့မှာ စား"

"ဟာ!... မစားချင်ပါဘူး၊ သူများစားတာကို ကြည့်နေမှာ."



www.burmeseclassic.com

www.burmeseclassic.com



လက်လေး ဆောင့်အောင့်ပြန်ချကာ မျက်နှာလေး ငုံ့ပစ်လိုက်တော့ တိမ်တိုက် ရယ်မိကာ သူမလက်ကလေးကို ဆွဲယူသည်။

ပြီးတော့ ပန်းကန်ကို လက်ထဲ သေချာထည့်ပေး၍..

"သဘောပေါက်သွားပြီ၊ ရော့.. တစ်ဝက်ဖြစ်ဖြစ် ကုန်အောင် စားနော်၊ ကော်ဖီတွေ အေးကုန်ပြီထင်တယ်၊ အသစ်ဖျော်ခိုင်းလိုက်မယ်"

ကော်ဖီကြီးက သောက်ရဦးမည်၊ လည်ဆွဲ ပန်းကန်ကိုင်ရင်း မမြင်မစမ်းနှင့် ဘယ်သူ့ကို စိတ်တိုမှန်း မသိ..၊

"စားလေ .. ကိုယ် သွားပြီ"

သူ ထ,သွားတာကို သိလိုက်သည်။ ဒါပေမယ့် မစားဖြစ်သေးဘဲ ရှိ၏။

"အစ်ကို .."

ငိုင်နေပြီးမှ ကမန်းကတန်း ပြန်လှည့်ခေါ်တော့ တိမ်တိုက် အသံကို ခပ်လှမ်းလှမ်းက ကြားရ၏။

"ဘာလဲ.."

"အပြင် ထွက်မသွားနဲ့ဦးနော်"

"ဖြစ်ရပြန်ပြီ၊ ဘာလုပ်မလို့လဲ"

"လုပ်စရာရှိလို့"

လည်ဆွဲ တုံးတိတိလေး ဖြေလိုက်ပြီး ခေါက်ဆွဲကို မစားချင်ဘဲ နှစ်လုတ်လောက်တော့ မျှားမျှားစားစား ဆွဲသွင်းပစ်လိုက်သည်။

ပြီးတော့ ပန်းကန်ကို ကိုင်ထားလျက်နှင့် ပတ်ဝန်းကျင်ကို နားစွင့်လိုက်သေးသည်။ မိုးသား ကို ဒီနေ့ အလွှတ်ပေးလို့ မဖြစ်..၊

ဒီနေ့မှ အိမ်ကို သွားခွင့်မရလျှင် သူမ..၊





## အခန်း (၁၃)

"မစားဘူး၊ မသောက်ဘူးနဲ့ အစ်ကို့ကို အမိုး သွားမပြောနဲ့နော်"

"ဘာဖြစ်လို့လဲ သမီးရယ်..၊ သမီးရဲ့ ကျန်းမာရေးအတွက် အမိုးက..."

"အဲဒါဆို အမိုးကို လည်ဆွဲ မခေါ်တော့ဘူး.."

"ဒီလိုတော့ မလုပ်လိုက်ပါနဲ့ သမီးရယ်..၊ သမီးလည်း စားသောက်ဖြစ်အောင်၊ အမိုးလည်း ပြန်မပြောတော့ဘူးလေ၊ ဒါလေးတော့ နှစ်ခုလောက် စားလိုက်နော်"

"အမိုးကလည်း မစားချင်တာကို စားနေရတာလောက် ဒုက္ခကြီးတာ မရှိဘူး သိလား .. လည်ဆွဲ ကို သနားပါ၊ အတင်းမကျွေးပါနဲ့နော်၊ ပြီးတော့လေ အရမ်းဝမ်းနည်းနေရင် လည်ချောင်းက ကျပ်နေတာ၊ ဘာမှ မျိုချလို့ မရဘူး.."

"အေးပါ သမီးရယ်၊ ကဲ .. အမိုး မကျွေးတော့ပါဘူး၊ သမီးလည်း ငိုချည်းပဲ မနေနဲ့နော်၊ ဖိုးခွားကို လွှတ်လိုက်မယ်၊ သူ အနားမှာရှိရင် သမီး ငိုချိန်ရမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း.၊ လည်သွဲ့ တစ်ယောက်တည်းပဲ နေချင်တာ"

သက်ပြင်းချသံနှင့်အတူ အသံတွေ ပြန်လာည် တိတ်ဆိတ်သွားခဲ့၏။ ခဏကြာတော့ မှန်နှင့် နို့ဖန်ခွက်လေး တင်ထားသည့် ဇန်းကလေး ကိုင်၍ အမိုး အပြင်ထွက်လာသည်။

"ဟင်!... လှူးလေး.."

အမိုး ကိုင်ထားတာတွေ လွှတ်ကျမတတ် မျက်လုံးတွေ ပြူးသွားသည်။ ဟိမ်တိုက် က လက်ကာပြလိုက်ပြီး သွားခိုင်းတော့မှ ပျာပျာသလဲ ခေါင်းညိတ်၍ လှည့်သွား၏။

သူ ဝင်သွားသော် လည်သွဲ့ က ဖိုက်ရာပေါ် ကဆင်း၍ ထ,ရပ်ကာ တံခါးဆီကို လှည့်လာ၏။ လက်က ခပ်ခမ်းခမ်းလုပ်နေရသဖြင့် ဂါဝန် အရှည်ကြီး ဝတ်ထားတာကို မေ့သွားကာ အဖျားစ,ကို နင်းမိရင်း...

"အား!..."

ပစ်စလက်ခတ်လဲပြိုကို သိလိုက်ကာ ရင်ထဲမှာ လှပ်ခနဲ ဖြစ်သွား၏။ သို့သော် သူမ ကြမ်းပြင်ပေါ် ကို ဘိုင်းခနဲ လဲကျသွားတာမဟုတ်ဘဲ မွေးပျံ့နွေးထွေးသော ရင်ခွင်တစ်ခုထဲသို့...

"အစ်ကို.."

"ဘယ်လိုဖြစ်တာလဲ လည်သွဲ့ ရယ်..၊ ကိုယ့်ကိုယ်ကိုယ်တောင် မနိုင်ဘဲနဲ့ ဂါဝန် ဒီလောက်အရှည်ကြီး ဘာဖြစ်လို့ ဝတ်ထားရတာလဲ"

"အစ်ကိုက .. အစ်ကိုက အပြင်မှာ ရပ်နေတာလား၊ ဒီနားကို ဘယ်လို ရောက်လာတာလဲ"

မေးတာကိုမဖြေဘဲ အမောတကော ပြန်မေးသည်။ သူ့ရင်ခွင်ထဲမှာ ခါးကို ပြန်ဖက်ထားသည့်ပုံစံလေးနှင့် မတ်မတ်ပြန်ရပ်ပြီး နောက်ဆုတ်ဖို့လည်း မေ့နေပုံရှိကာ...

"ပြောလေ..၊ ချက်ချင်းကြီး ဘယ်လိုလုပ် ရောက်လာတာလဲ"





လည်သွဲ့ ပခုံးလေးနှစ်ဖက်ကို ကိုင်၍ ရင်ခွင်ထဲကနေ ဆွဲယူပေးရင်း သူ အသံမထွက်အောင် ရယ်မိသည်။

မကြာသေးခင်ကျင်တဲ့အကြောင်းတွေကို သူ ကြားလိုက်ရမှာ အရေးအလဲ ခိုးရိပ်နေသည့်မျက်နှာလေးပေါ်က ပြူးပြူးကြောင်ကြည့်နေပြီး မျက်လုံးချင်းလည်း မဆုံနိုင်..၊

"ချက်ချင်းကြီး ရောက်လာတာ မဟုတ်ပါဘူးကွာ၊ အမိုး ထွက်လာပြီးမှ ကိုယ် ဝင်လာတာပါ၊ ဘာတွေ ဖြစ်သွားနိုင်လို့လဲ"

"ဟင် .. ဘာမှ မဖြစ်ပါဘူး"

မျက်နှာလေး ဖျတ်ခနဲ ပြောင်းသွားပြီး ကိုင်မယားပေါ့ဘိနှင့် ခုကျမှ ပခုံးလေးနှစ်ဖက်ကို ပွတ်သပ်ခါနေလျက်...

"ဟို .. လည်သွဲ့ လဲကျသွားကာမှ သွားခနဲ ရောက်လာသလိုကြီး မို့ ပြောတာ"

ပြောပြီးသည်နှင့် နောက်ပြန်လှည့်သွားသည်။ ခုနကအဖြစ်ကို ရှက်ဖို့ သတိရသွားတာလား၊ တစ်ခုခု အလိုမကျတာလား..၊

ဟိမ်တိုက် ဒီအဖြေကို သိလိုက်သည်။

ဟိုကြောင့် သူမ မျက်နှာရှေ့ကို ချက်ချင်းရောက်သွားကာ..

"လည်သွဲ့.."

လည်သွဲ့ က မတွေးပါ၊ မျက်နှာလေး ငုံ့ထားရင်း ခါးဖျားလေးတွေကို ကိုင်လိုက်၊ လည်ပင်းကို ပွတ်လိုက်နှင့် နှုတ်ခမ်းလေးကို တင်းတင်း စေ့ထားသည်။

သူမသော မျက်လုံးမြင်လျှင် သူ့ရှေ့ကနေ ရှောင်ကွင်း၍ ဆိုးဆိုး ဆတ်ဆတ် လှည့်ထွက်သွားမှာ သေချာနေသည့် မျက်နှာလေး..

"ကိုယ့်ကို စိတ်ဆိုးနေတာလားဟင်"

"[illegible]"



www.burmeseclassic.com

www.burmeseclassic.com



"လည်ဆွဲ.."

"ဖယ်ပါ.."

ငိုသံလေး အဖျားခတ်သွားသဖြင့် သူ ပျာသွားသည်။ ပခုံးလေးပေါ် လက်တင်မိတော့ သူမက ဖယ်ချပစ်လိုက်ပြီး...

"လည်ဆွဲ မှာ ဘာမှဖြစ်ခွင့် မရှိပါဘူး၊ ကျေးဇူးပြုပြီး မမေးပါနဲ့"

"မဟုတ်သေးဘူး လည်ဆွဲ..၊ မင်းကို ဒီနေ့ ကိုယ် လိုက်ပို့မလို့ပါ"

"ဟွန်း.."

လည်ဆွဲ က မဲ့၍ မျက်နှာလေး လွှဲထား၏။ အိမ်မှာ ကင်မရာ သွားယူရင်း ကိုကြီးနဲ့အတူ ရယ်မောပျော်ရွှင်ခဲ့ကြသည့်နေရာလေးတွေ မှာ ခဏတဖြုတ်လေးဖြစ်ဖြစ် ထိုင်နေချင်လို့..၊

ပြီးတော့ ကိုယ့်ရဲ့ အသုံးအဆောင်ပစ္စည်းတွေနဲ့ အဝတ်အစားတွေ ရော၊ ဒေါ်လေးနတို့ ခုထိ အိမ်မှာရှိနေမနေဆိုတာရော၊ ယူစရာရှိတာ ယူမည်၊ လုပ်စရာရှိတာ လုပ်ခဲ့ချင်လို့..၊

ဒါပေမယ့် 'လိုက်ပို့ပေးပါ'လို့ ခယတောင်းပန်နေတုန်းကလည်း သူ 'အင်း'တစ်လုံး မချခဲ့ပေ၊ နောက်တော့မှ လိုက်လျောတော့မလိုလို၊ ခွင့်ပြု ချင်သလိုလို လေသံပစ်၍ လည်ဆွဲ ကို ထားရစ်ခဲ့၏။

သူမမှာတော့ သွားရတော့မှာဆိုပြီး ကိုယ့်ကိုယ်ကိုယ်လည်း မမြင် ရဘဲနဲ့ ခေါင်းတွေဖြီး၊ အမိုးကို အကျီငွေ့ရှေးမိုင်း..၊

ကိုယ်အဖြစ်ကို ရှက်လည်း ရှက်မိပါသည်။ သူ့ကို ဒေါသဖြစ်သွားခဲ့ ပေမယ့် ကိုယ့်အဖြစ်ဆိုးကို တွေးမိတော့ ငါ့ိုယ့်မှာပဲ အပြစ်ရှိတာပါ..၊

"လည်ဆွဲ .. ဟာကွာ၊ အဲဒီလောက် ဖြစ်သွားတာလား၊ ဒီမှာ ဒီဘက် လှည့်ပါ၊ ကိုယ် ပြောပြမယ်.."

"ဟင့်အင်း .. ဟင့်အင်း .."

မျက်ရည်တွေ အသံတိတ် ပိုးပိုးပေါက်ပေါက်ကျနေခြင်းကနေ





တအင့်အင့် ရှိုက်ငိုလေသည်။

သူက ကိုင်လိုက်၊ လည်ဆွဲ က ဖယ်ချလိုက်နှင့် အားမလိုအားမရ ဖြစ်လာတော့ သူမ ပခုံးလေးနှစ်ဖက်ကို အတင်းဖိဆုပ်ကိုင်ပြီး မျက်နှာ လေး မော့လာအောင် လုပ်ပစ်လိုက်သည်။

"လည်ဆွဲ.."

လည်ဆွဲ က မျက်နှာလေး လွှဲယားပြီး ရှိုက်နေဆဲ...

"ကိုယ် တကယ် ပြောနေတာ၊ မင်းကို လိုက်ပို့ပါ့မယ်လို့ သေချာ ပြောခဲ့ပေမယ့် မင်း ဒီလောက် သွားချင်နေတာ လိုက်ပို့မယ်လို့ ကိုယ် ဆုံးဖြတ်ထားတာ.."

လည်ဆွဲ သူ့လက်ကို ဖယ်ချဖို့ ကြိုးစားနေပေမယ့် ဘာမှမပြော တော့ပေ..၊

"ပြီးတော့ အဲဒီကို လိုက်ပို့ဖို့အတွက် ကိုယ့်မှာ ဘာအခက်အခဲ ဖြစ် စရာရှိလို့လဲ..၊ တားခဲ့တာက မင်းအတွက်ပဲ ရှိတာ"

တိမ်တိုက် က ဖိဆုပ်ထားသည့် လည်ဆွဲ ပခုံးလေးတွေကို လွှတ် ပေးလိုက်ပြီး ပျော့နွဲ့သည့် ဆံနွယ်လေးတွေရှိသည့် ခေါင်းထက်မှာ လက် ဝါး ခဏတင်ထားလျက်...

"မင်းကို အပ်ထားတဲ့ မျက်လုံးအထူးကုဆရာဝန်ကြီး အရေးတကြီး ခန်းဆက်လို့ ကိုယ် ထွက်သွားတာ .."

ခေါင်းပေါ်ကနေ တဖြည်းဖြည်း လျှောချသွားခဲ့ပြီး ထိုလက်ဖြင့် လည်ဆွဲ မေးဖျားလေးကို သူ မော့ယူလိုက်သည်။

ပြီးတော့ ပါးပြင်ထက်က မျက်ရည်တွေကို သုတ်ပေးရင်း စိုစွတ် နေသည့် မျက်တောင်ရှည်ကြီးတွေကို လက်ခုံနဲ့ အသာလေး ပင့်ကော် ဆိုထိကာ...

"မင်းမျက်လုံးတွေ ပြန်မြင်နိုင်အောင် ကိုယ် ကြိုးစားနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မင်းလက် အရေးကြီးတဲ့ အကြောင်းအကြောင်းတစ်ခုခုနဲ့ သွားတာ မဟုတ်ဘူးဆိုရင် မကျေနပ်နိုင်ဘူးလေ"

လည်ဆွဲ ထံမှ ငိုသံရော .. ပြောသံရော အားလုံး တိတ်နေခဲ့၏။ ခဏကြာမှ သူ့လက်ကို ဖယ်ပြစ်ကာ..

"လည်ဆွဲ ကလေးအနမ်းသွားတာ တောင်းပန်ပါတယ်"

"မလိုပါဘူး၊ ကိုယ်ကလည်း မင်း အတင်လွဲသွားနိုင်လောက်တဲ့ အဖြူအမှုမျိုး လုပ်ခဲ့တာကို။ မိဟ်ပြေသွားပြီဆိုရင် ကိုယ်တို့ ထမင်း သွားစားရအောင်"

"ဘယ်လို!.."

"ကိုယ် ဘာမှ မစားရသေးဘူး"

"တစ်နေကုန်လျှောက်နေပြီတဲ့၊ ခုနက အမိုး လည်ဆွဲ ကို နေ့လယ် အဆာပြေ လာကျွေးတာ"

"ဟုတ်လား၊ သွားလာနေရတာနဲ့ အချိန်တောင် သတိမထားမိဘူး၊ အဆာပြေ မင်း စားလိုက်တယ်ပေါ့"

လည်ဆွဲ ခေါင်းမညိတ်ရဲဘဲ ငြိမ်သွား၏။ အမိုးကို ပြန်မပြောပါနဲ့လို့ ဟန်ပြီး ကိုယ့်ကို တိုက်ရိုက်မေးလာမှတော့ ပြောင်ပြောင်ကြီး ညာလိုက်ဖို့ စိတ်ကမလှ..။

ဟုတ်တယ်ဆို အမိုးမပြုမပြောနဲ့ နေ့လယ်စာလည်း ဒူမ မစားဖြစ်ခဲ့ပါ။ အခုအချိန်မှာ မိုးသား ထိုင်လူကို ချွေးပိုကောင်းနေတုန်း..။

ခေါင်းငြိမ့်လိုက်၊ မျက်ရည်ကျလိုက်၊ အကြိတ်လိုက်..၊ အမိုး လည်း ဘယ်လိုမပြောပြော မအောင်မြင်ရော စားစရာတွေ တစ်ခုပြီးတစ်ခု ပြောင်းလဲယူလာပြီး နောက်ဆုံးမှာ အခေါက်ခေါက်အခါခါ..။

"ဟိုတ် .. မေးနေတာ ဖြေလေ"

"ဟင်!..."





"ဘာတွေ စားထားလဲလို့"

"ဟို .. နည်းနည်းပါးပါး.."

"ဒါဆိုလည်း ကိုယ် အဖော်ရအောင် တို့တို့တိတိတော့ ဝင်စားပေးသွား လာပါ."

လည်ဆွဲ သူ့ကို အားနာသွားမိသည့်အရှိန်နှင့် သူ ခေါ်သည့်အတိုင်း ထမင်းစားခန်းထဲထိ ပါလာခဲ့လေသည်။

အမိုးက လည်ဆွဲ ပါလာတာမြင်တော့ ဝမ်းသာအားရကြီးဖြစ်ကာ စောစောက မအောင်မြင်ခဲ့လို့ ပြန်သိမ်းထားရသမျှ အမျိုးမျိုးသော စားစရာတွေကို ချက်ချင်း ခင်းကျင်းပြင်ဆင်၏။

"အမိုး ဘာတွေ ချက်ထားတာလဲ၊ ပြောပြပါဦး"

ကြည့်လိုက်တာနဲ့ စားချင်စဖွယ် ဟင်းလျာတွေဆိုတာ သိသည်။ လည်ဆွဲ ကြားပြီး စားချင်စိတ်လေးဖြစ်အောင် တိမ်တိုက် တမင်မေး လိုက်တာ ဖြစ်၏။

"ဟောဒီမှာ ဝက်သားကို အပြားခင်ပြီးမှ ခရမ်းချဉ်သီးနဲ့ ကြက်သွန်နီ အကွင်းမပျက်အောင် အချိုနှပ်ထားတာ၊ သမီးက ပဲငံပြာရည် မကြိုက်ဘူးဆိုလို့လေ၊ ဒီမှာ အချဉ်လေးပါအောင်လို့ ကြက်သားကို အိနေအောင်ပြုတ်ပြီး ရှောက်ရည်လေးနဲ့ သုတ်ပေးထားသေးတယ်.."

"အစပ်မပါဘူးလား၊ သိပ်မစားချင်နေတဲ့လူကို စံတွင်းတွေ့အောင်.."

"ပါတယ် သားရဲ့ .. အရမ်းလည်း မစပ်အောင် ငရုတ်ပွကို ထက်မြမ်းခွဲပြီး ပုစွန်တုပ်အကောင်လိုက် ထည့်နှပ်ထားတယ်၊ အတို့အမြှုပ်တွေလည်း အစုံပဲ၊ အရည်သောက်က ပိန်းရိုးဟင်းခါးလေ၊ ငါးရံ့ပြုတ်ရည်လေးနဲ့ ချက်သားတာ"

"အံ့ခေ .. ရပြီ၊ အားလုံး ပြည့်စုံနေတာပဲ၊ နေ့လယ်စာ လည်ဆွဲ စားလို့ကောင်းရဲ့လား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်.."

လည်ဆွဲ မဖြေဘဲ မျက်တောင်တွေပဲ ခတ်နေတော့ သူ ပြုံးလိုက်မိသည်။

"လူလေးတို့ လိုအပ်တာရှိရင် အသံပေးလိုက်နော်၊ အမိုး ဒီရှေ့မှာ ဖိုးချွားကို ကြမ်းတိုက်ခိုင်းရင်း ရှိနေမှာ.."

အမိုးက မေးခွန်းတွေ သူ့ဘက်ကို လှည့်လာမှာစိုးကာ ကမန်းကတန်း ထွက်သွား၏။

"လည်ဆွဲ"

"ဟင်.."

"ဟင်းတွေ ဘယ်လိုနေလဲ၊ ကိုယ် ဘာအရင်စားရရင် ကောင်းမလဲ"

သူ ဒါပဲ ခဏခဏ မေးနေတော့ လည်ဆွဲ ရိပ်မိလာ၏။ ကိုယ့်မှာ သူ မေးတိုင်း အနေခက်သလို ဖြစ်ရရင်း သူ့အသံက ရယ်ချင်သလိုလို အလိုလိုက် ချော့မော့နေတာလိုလို..၊

"ဟင်းတွေက နွေးထားတာ မွှေးနေတာပဲ၊ နည်းနည်းပါးပါး မြည်းမဆာဘူးလား။ အတူတူ စားရအောင်နော်"

"ကိုမိုးသား.."

"ဟာ!... လုပ်ပြီ"

ဒေါသဖြစ်သွားပြီမှန်းသိတော့ သူ့အသံ ရယ်ကျဲကျဲက သိသာစွာ-

"ဘယ်လိုလဲ..၊ အစ်ကိုဖြစ်လိုက် .. မိုးသား ဖြစ်လိုက်"

"ရှင် သူများကို တမင် ဒုက္ခပေးနေတာလား"

"စားစေချင်လို့ ကျွေးနေတာကို ဒုက္ခပေးတယ် ထင်ရလားကွ ပြဿနာပဲ.."

"လည်ဆွဲ ဘာမှ မစားထားမှန်း သိနေတယ်မို့လား၊ အဲဒါကြောင့် ညဏ်များပြီး ခေါ်ချလာတာ"





"အပျှန်း .. အဲဒီလိုမှန်း သိနေရင်လည်း ကိုယ် ညဏ်များနေဖို့ မလိုအောင် စားစေချင်နေတဲ့ စေတနာလေးကိုလည်း အသိအမှတ်ပြုဦးတော့.."

"ကဲ .. တော်ပါတော့"

"စားမှာလား"

"စားမယ်..၊ အမိုးကို ခေါ်ပေး"

"ဘာလုပ်ဖို့လဲ"

"လည်ဆွဲ ဘယ်လိုလုပ် စားမလဲ"

"ကိုယ် ခွံ့ကျွေးမှာပေါ့"

"ဟင်!..."

လည်ဆွဲ မျက်နှာလေး နီသွားတာကို သူ စိုက်ကြည့်ကာ..

"သူတို့က မင်းကို ကျွေးမွေးတဲ့အချိန်မှာပဲ အဆင်သင့်ပြင်ထားမှာ ... ခုဆို အဝတ်လျှော်၊ ကြမ်းတိုက်နဲ့ ဘယ်လိုလုပ် ကောင်းတော့မှာလဲ"

လည်ဆွဲ မျက်ဝန်းတွေ ငြိမ်ငြိမ်သက်သက်လေး ဖြစ်သွားကာ...

"ဒီလိုပဲ စားရမှာပေါ့၊ လည်ဆွဲ က မျက်မမြင်ဒုက္ခိတပဲ"

"ကိုယ့်ကိုယ်ကိုယ် ပြားပြားဝပ် မှောက်ချမထားစမ်းပါနဲ့၊ မနေ့ ... နေ့က အကောင်းတိုင်း ရှိခဲ့တာတောင်မှ မင်း အခု ဒီလိုဖြစ်ခဲ့ရတာ၊ ... ဆက်ထပ် ပြန်မကောင်းနိုင်တော့ဘူးလို့ တွက်စရာလား..၊ လူတစ် ... ယောက်ဟာ ကိုယ့်ဘဝကို မြှင့်တင်နိုင်တယ်၊ ဆွဲချနိုင်တယ်၊ ဆွဲချနေတဲ့ ... မဖြစ်ချင်ပါနဲ့ လည်ဆွဲ ရယ်..၊ စားချိန်၊ အိပ်ချိန်မှန်အောင် ကြိုးစား၊ ... ကျန်းမာမှ မင်းရဲ့ အနာဂတ်ကို အကောင်းဆုံးဖြစ်အောင် ဖန်တီးနိုင် ... မှာတဲ့ဘူးလား"

"လည်ဆွဲ မျက်လုံးက အာရုံကြော ပျက်စီးသွားတာမို့လို့ ဆရာဝန်ခိုက် ... လို ရုတ်တရက် ဘာမှမပြောနိုင်သေးဘူးဆို.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ .. မကုနိုင်ဘူးလို့ ပြောတာမှ မဟုတ်တာ၊ မင်းရဲ့ မျက်လုံး ပြန်ကောင်းဖို့အတွက် ကိုယ် ကြိုးစားနေတာပါ။ အဲဒီအတွက် မင်းဘက်က ပျော်ပျော်ရွှင်ရွှင် ကျန်းကျန်းမာမာ နေပေးရုံပဲ"

လည်ဆွဲ မျက်နှာလေး ကြည်လင်သွားတာကို ကြည့်ပြီး သူ ပြုံး လိုက်သည်။

"စားမယ်နော်၊ အင်း .. ဘာနဲ့ ကျွေးရင်ကောင်းမလဲ၊ ကြက်သား သုပ်လေး အရင်မြည်းကြည့်၊ ပါးစပ်ဟာ.."

"အစ်ကို လည်ဆွဲ ပါးစပ်ကို ကြည့်မနေနဲ့နော်"

"မကြည့်ဘဲနဲ့ ဘယ်လိုလုပ် ကျွေးမလဲ၊ ဘာဖြစ်လို့လဲ .."

"ရှက်လို့ပေါ့"

"ထမင်းစားဘာ ရှက်စရာလား လည်ဆွဲ ရဲ့ .. ဒိပ်ချပါ၊ မင်း ထမင်းကျွေးနေတဲ့အချိန်မှာ ကိုယ့်ညီမလေးကို ပြုစုပေးနေသလို ဖြူ စင်စင်ပဲ"

ထမင်းကျွေးနေတဲ့အချိန် မဟုတ်ရင်တော့ မဖြူစင်ဘူးဆို သဘော သက်ရောက်သွားသည်လား..၊

ပြီးတော့ သူ့ထံမှ ခပ်ရှုရှု ရယ်သံညက်ညက်ကြောင့် စိတ်ထဲ တွေးမိတာကို အတည်ပြုပေးလိုက်တာနှင့် တူသွား၏။

တီမ်တိုက် ကတော့ လည်ဆွဲ ပါးပြင်လေးတွေ အရောင် ပို တက်လာတာကို သိနေသည်။ သူလည်း သစ္စာမရှိ၊ ကတိမတည် ပါးပြင်လေးတွေကို မကြာခဏ ခိုးကြည့်မိ၏။

စိမ်းညို့ထူနက်သည့် မျက်နှာတန်းလေးတွေက ချစ်စရာကော သည်။ ထူပြည့်စုထွေးနေသည့် နှုတ်ခမ်းသားလေးတွေက သူ့စိတ် ဘယ်လိုမှ ရိုးသားခွင့်မပေးခဲ့တဲ့ ညှို့ငင်ဖြားယောင်းနေခဲ့၏။

သူ့ရင်တွေ ခုန်နေသည်လား..၊



"အစ်ကို မစားဘူးလား"

"မင်း စားဖြစ်ဖို့က အရေးကြီးပါတယ်"

"သိသားပဲ.."

နှုတ်ခမ်းလေးပိတ်၍ ထမင်းဝါးရင်း မဲ့ရွဲ့သွားတော့ သူ့ရင်ထဲ တစ် နေရာမှာ ရှိန်းခနဲ ထဖြစ်၏။

နှုတ်ခမ်းဆီမှ မျက်နှာလွှဲရင်း ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ် ချင်..၊ ဘာပဲဖြစ်ဖြစ် လည်ဆွဲ ဟာ သူ ရိုးသားသင့်တဲ့ မိန်းကလေးပါ။

မရိုးသားခွင့် မရှိဘူးဆိုတာလည်း မသိတာ မဟုတ်ဘဲနှင့်...

"မင်း အဲဒီကောင်မလေး လှလို့ စိတ်ဝင်စားသွားတာဆိုရင် အကျ ကောင်းမှာ မဟုတ်ဘူး တီမ်တိုက်၊ မင်း ဘယ်လောက် ချစ်နေနေ မင်းကို စလက်ခံဝင် မှုန်းမယ့်သူ.."တဲ့..။

သူ ညွှန်ကြားသမျှ အားလုံးတော့ လုပ်ပေးသည်။ ဒါပေမယ့်... ညီသီထွန်း ဆီက ကြားရသမျှ စိတ်ချမ်းသာစရာ စကားတစ်ခွန်းမှ မပါ..။

သနားကရုဏာဆိုသည့် သူ့စေတနာတွေကရော အခု ဘယ်လို လဲ..၊

ဖြူစင်ချင်တာပါ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ရောက်ပြီလားဟင်"

"ရောက်ပြီ၊ ဒီမှာ ခဏစောင့်.."

သူ ခြံတံခါး ဆင်းဖွင့်လိုက်သည်။ လည်ဆွဲ ဆေးရုံက မဆင်းခင် ကတည်းက ဒေါ်နုရီ ဆိုသည့် မိန်းမကြီးတစ်ယောက်က ရောက်လာပြီး လည်ဆွဲ ကို တွေ့ခွင့်တောင်းခဲ့တာ ဖြစ်၏။

သူမစိတ်တွေ မီးလောင်ပြာကျသလို ဖြစ်နေသည့်အချိန်မှာ မလို အပ်ဘဲ နှိုက်ချွတ်၊ တူးဆွဖွယ်ဖြစ်မှာ မလိုလားသဖြင့် ဆရာဝန်တွေနဲ့ အတူ သူကိုယ်တိုင် သေချာပြောပြပြီး ပြန်လွှတ်လိုက်သည်။

ထို့ကြောင့် အိမ်သော့၊ ခြံသော့တွေကိုလည်း အပ်သွားခဲ့၏။ လည်ဆွဲ ဆီက သော့တွေထပ်ပေးတော့ သူ့မှာ သော့နှစ်စုံ ရှိသည်။

လည်ဆွဲ ကတော့ မသိခဲ့ပေ..၊

"ဒါဆို.. ဒေါ်လေးနု တို့ မရှိတော့ဘူးပေါ့၊ တံခါးတွေအားလုံး ပိတ်ခဲ့လားဟင်"

"ပိတ်ခဲ့တယ်၊ သော့လည်း ဒီဝါးကအိမ်ကို အပ်ခဲ့တယ်လို့ ကြားတယ်၊ နောက်တော့မှ မေးကြည့်တာပေါ့ကွာ.."





"အင်း"

သူ လည်ဆွဲ နဲ့အတူ တံခါးဖွင့်ပြီး အထဲဝင်ခဲ့တော့ အံ့သြသွား၏။ တိုက်ကြီးက အတွင်းပစ္စည်းတွေကအစ တစ်တိုက်လုံး လက်လက် တောက်နေသည်။

နေလက်စကို ပြန်ဝယ်လိုက်တာ မဟုတ်ဘဲ ဆောက်ပြီးစ အသစ် ကို ဝယ်ထားတာဖြစ်၏။

ချမ်းသာ ဆိုတဲ့ကောင် သူ့ကိုယ်သူ အထင်ကြီးလွန်းတာလား ဒါမှမဟုတ် မဖြစ်တဲ့အကြောင်း တစ်စုံတစ်ရာ ရှိလို့လား..၊

တကယ်ဆိုရင် သူ ရထားတာတွေကို ပိုက်ပြီး ဒီညီမလေးလက် ကိုဆွဲကာ တစ်ပြည်ရပ်ခြားကို ထွက်သွားလိုက်ရင် ပြီးသွားနိုင်၏။

ပြဿနာရှာသွားတာကို သူတို့ ချက်ချင်း သိကြတာမဟုတ်ပေ..၊ သူ လစ်ထွက်သွားတာနဲ့ သူတို့ သိလိုက်သည့်ကြားမှာ ဘဝတစ်ခုကို ကောင်းကောင်းကြီး ဖတ်မြူးသွားနိုင်အောင် လှုပ်ရှားဖို့ အခွင့်အရေး တွေ ရှိခဲ့တာတောင်...

"အစ်ကို.."

"ဟင်.."

"ဘာတွေ လိုက်ကြည့်နေတာလဲဟင်၊ အစ်ကို့လို လည်ဆွဲ လည်း မြင်ချင်လိုက်တာ၊ ဒီအိမ်ကို ကိုကြီး ဒီလောက်ထိကောင်းအောင် ပြင် ဆင်ထားခဲ့ပြီး သိပ်မနေခဲ့ရဘူး သိလား၊ ညီမလေးအတွက် ကိုကြီး ကြိုးစားခဲ့တာ၊ ညီမလေး ကြိုက်ရင် ပြီးတာပဲတဲ့.."

လည်ဆွဲ က သူ့လက်ကို ဆုပ်ကိုင်၍ အထဲကို ဘစ်လှမ်းချင်း လျှောက်ခဲ့ရင်း ပြောပြနေသည်။

အသံလေးတွေ တုန်နေပေမယ့် မငိုအောင်တော့ ထိန်းနေရှာ၏။

"လည်ဆွဲ လည်း ကိုကြီးနဲ့အတူ နေဖို့ မျှော်နေရတာနဲ့ တိုက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာနေပြီး မပျော်ခဲ့ပါဘူး၊ ကိုကြီး ပြင်ဆင်ထားတာ မလှဘူးလားဟင်"

"ဟင်!... သြော် .. လှပါတယ်"

"ညည့်ခန်းက ဘယ်ဘက်မှာ တစ်ခန်း၊ ညာဘက်မှာ တစ်ခန်း၊ အစ်ကိုရဲ့ ဒီလိုတည့်တည့်လျှောက်နေရင် စာကြည့်ခန်းထိပ်နဲ့ လှေကားကြီးအဆင်းကို ရောက်မှာ .."

"လည်ဆွဲ က ဧည့်ခန်းမှာ ထိုင်ချင်လို့လား"

"ဟင့်အင်း..၊ စာကြည့်ခန်းကို သွားမှာ၊ အဲဒီထဲမှာ လည်ဆွဲ ကို ရိုက်ထားတဲ့ ဗီဒီယိုကင်မရာ ရှိတယ်၊ ဒါပေမယ့် အခု မီးဖိုခန်းကို ပို့ပေးနော်"

"ဘာလုပ်မလို့လဲ"

"အဲဒီထဲမှာ ကိုကြီး ရောက်လာတိုင်း လည်ဆွဲ တို့မောင်နှမ အတူ ချက်ပြုတ်စားနေကျ၊ ကိုကြီး ထိုင်တဲ့ခုံမှာ လည်ဆွဲ ခဏထိုင်ချင်တယ်"

"လည်ဆွဲ ရယ်.."

"နောက်ပြီး ထမင်းစားပွဲပေါ်မှာလေ၊ လက်ဆန့်ထားတဲ့ ဘိုမရုပ်လေး ရှိတယ်၊ သူ့လက်လေးကို သွားလှုပ်လိုက်ရင် 'ကြိုဆိုပါတယ်၊ စားစရာများကို စိတ်ချမ်းသာစွာ စားသုံးပါ'လို့ အင်္ဂလိပ်လို ပြောတယ် သိလား၊ အဲဒီအရုပ်လေး ကိုကြီး ဝယ်လာပေးတာ.."

"လည်ဆွဲ .."

"ဟင် .."

လည်ဆွဲ ကို သူမ ပြောသည့်အတိုင်း မီးဖိုခန်းကို တွဲခေါ်လာခဲ့ရင်း...

"လွမ်းတာတွေ ဒီမှာပဲ ထားခဲ့ရမယ်နော်၊ မဖြစ်နိုင်သေးပေမယ့် မင်းအတွက် ခွန်အား လိုအပ်တယ်၊ သူ့ရဲ့ အငွေ့အသက်တွေကို ခံစားတာ၊ သူ ထားခဲ့တဲ့ အမှတ်တရတွေကို သိမ်းထားချင်တာ၊ အားလုံးကွာ..





သိမ်းစရာရှိတာ သိမ်း၊ ယူစရာရှိတာ ယူ၊ နောက်ထပ် ဒါကြောင့် တမှိုင်မှိုင် ငေးငေး မနေရဘူး၊ ငိုနေတာ အဆိုးဆုံးပဲ.."

"လည်ဆွဲ သိပါတယ်၊ ဒါဆို အခု ငိုလို့ရတယ်ပေါ့နော်"

"ဟာကွာ.."

ဘယ်တုန်းကတည်းက ထိန်းချုပ်ထားမှန်းမသိတဲ့ ထမင်းစားပွဲကို လက်ကလေးနဲ့ ထိကိုင်မိတာနှင့် မျက်ရည်တွေ တလိမ့်လိမ့် ဆင်းကျလာတော့၏။

ထို့ပြင် နောက်ထပ်ရှိနေသေးသည့် ထိုင်ခုံတစ်လုံးကို စမ်းကိုင်ပြီး ဖြည်းဖြည်း ထိုင်လိုက်ကာ ရှိုက်ငိုလေသည်။

စိတ်ထဲမှာ 'ကျွတ်'ခနဲ စုတ်သပ်မိပေမယ့် အသံမထွက်အောင် နှုတ်နှာရော လူရော ကျောခိုင်းနေလိုက်ရသည်။

ငိုပစေတော့၊ ကိုယ့်စကားနဲ့ကိုယ် ကြည့်နေရုံအပြင် မတတ်နိုင်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

"ဘယ်သူ့ကို ဆက်မလို့လဲ"

"ဟင်!..."

ဖုန်းကို ကိုင်နေရင်း တိမ်တိုက် အသံကြားလိုက်တော့ အသံလာတဲ့ ဆီကို မျက်နှာလေး လှည့်လာ၏။

"အစ်ကို အပြင်ထွက်သွားပြီဆို.."

"ဟုတ်တယ် .. ဒါပေမယ့် စိတ်ကူးတစ်ခု ပေါက်လာလို့ ပြန် လှည့်လာတာ"

"ဘာလဲဟင်"

"မင်းနဲ့ လမ်းလျှောက်ထွက်မလို့"

"လမ်းလျှောက်မယ်.."

"အင်း .. မင်း အိမ်ထဲမှာပဲ နေရတာ ကြာပြီလေ၊ ညနေ အေးချမ်း တဲ့တစ်နေရာကို လမ်းလျှောက်ထွက်မယ်"

လှည့်ဆွဲ က ဖုန်းကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ထားလိုက်ပြီး ငေး သွား၏။





"လှည့်ဆွဲ ဘာမှမြင်ရဘဲနဲ့ စမ်းတဝါးဝါးနဲ့ လျှောက်နေရမှာ.."

"ဘေးမှာ ကိုယ် ရှိနေတာပဲ"

တိမ်တိုက် က လှည့်ဆွဲ လက်ထဲကို ငုံ့ကြည့်၍...

"တစ်ယောက်ယောက်ဆီကို ဆက်ဖို့ ရှိလို့လား၊ ကိုယ် ခေါ်ပေး မယ်လေ"

"ဟင့်အင်း .."

လှည့်ဆွဲ က မမြင်ရဘဲ ဖုန်းကို ငုံ့ကြည့်သလိုလေး ဖြစ်သွားကာ အယှတယ ပွတ်သပ်ကိုင်နေရင်း...

"ခေါ်ရမယ့်လူ မရှိပါဘူး၊ ခေါ်မယ့်လူလည်း မရှိဘူး"

သနားစရာ လှည့်ဆွဲ မျက်နှာလေးကို သူ စိုက်ကြည့်ရင်း သူမနဲ့ ဆောင့်မှန်ကျနေရာလေးမှာ ဝင်ထိုင်လိုက်သည်။

မျက်လုံးတွေကတော့ သူမ ဘာဆက်ပြောမှာလဲလို့ နားစွင့်ရင်း မျက်နှာလေးက မခွာဖြစ်ပေ၊ အနက်ရောင် ပျော့အိနေသည့် တီရှပ် လက်ပြတ်လေးနှင့် မြင်နေကျအတိုင်း ဘောင်းဘီရှည် အညိုရောင်ပွပွ လေးနှင့် ဖြစ်၏။

ဖြူဝင်းနေသည့် မျက်နှာလေးသည် အနက်ရောင်အကျီနှင့် ဆံနွယ် တွေကြားမှာ မျက်ခုံးလေးတွေ ထင်းနေပေါ့ ပိုလှ၏။

ပြီးတော့ ဘယ်ဘက်နှုတ်ခမ်းထောင့် ပါးပြင်လေးနားမှာ ပါးချိုင့် လေးနဲ့..၊ ဒါ ပါးချိုင့်မဟုတ်ပါဘူးလို့တော့ အမိုးကို ပြောပြနေတာ ကြားဖူးသည်။

"ငယ်ငယ်က ကျောက်ကြီးပေါက်တာပါ အမိုးရဲ့၊ ဖေဖေတို့ဆိုရင် ပါးကို ဖောက်တော့မလား၊ ပါးလေးတစ်ဖက် ပျက်စီးတော့မလားနဲ့ အရမ်း စိုးရိမ်ခဲ့ရတာတဲ့၊ အနာရှင်းကနေ ကြာလာမှ ပါးချိုင့်နဲ့ဘယ်လို ဟူသွားလဲ မသိဘူး၊ သူများတွေက ပါးချိုင့်ထင်ပြီး လှတယ်ပြောခိုင်း



www.burmeseclassic.com

www.burmeseclassic.com



လည်ဆွဲ မလုံဘူး သိလား”တဲ့..၊

သူလည်း မယုံချင်ပါ၊ ရယ်လိုက်တိုင်း ချစ်စရာကောင်းနေတာက ပါးချိုင့်လေးပဲ မြင်နေတာမို့ ဘယ်လိုကြည့်ကြည့် လှနေ၏။

“အစ်ကို..”

“ဟင် .. ပြော..”

ငေးနေမိသဖြင့် သူ ဆတ်ခနဲ ဖြစ်သွားသည်။

“ဒီဖုန်း သိမ်းထားပေးပါ”

“ဘာဖြစ်လို့လဲ”

“လည်ဆွဲ အတွက် သုံးဖို့မှ မလိုတာ”

သူမ မျက်နှာလေးမှာ ကြေကွဲခြင်းတွေ ဖိစီးလျက်နှင့်...

“လည်ဆွဲ ဟန်းဖုန်းကို လည်လည်ပတ်ပတ်တောင် မသုံးတတ်သေးဘူး၊ ဟိုတုန်းကလည်း မကိုင်ခဲ့ဖူးပါဘူး၊ ကိုကြီး ဝယ်ပေးခဲ့တာလည်း မကြာသေးဘူးဆိုတော့..”

လည်ဆွဲ ဆက်မပြောတော့ဘဲ ဖုန်းကို သူ့ရှိရာကို လှမ်းပေး၏။ သူက ထိုလက်ကလေးကို ပြန်တွန်းပို့လိုက်ပြီး...

“ဒါက ဘယ်သူ့အတွက် ဘယ်အချိန်မဆို အသုံးဝင်တဲ့ပစ္စည်းပါ၊ မင်းအစ်ကိုရဲ့ ဖုန်းကဒ်လည်း ကိုယ် ထုတ်ထားတယ်၊ ဟန်းဆက်ကတော့ ကြေသွားတယ်လေ၊ မင်းရဲ့ ဖုန်းနံပါတ် ဘယ်လောက်လဲ..”

“ဖိုက်(ဗ်) ဇီးရိုး ဖိုက် ဖိုက် ဖိုး ဆဲဗင်း စစ်(သ်)”

တစ်ခါပဲ ပြောလိုက်ရသည်။ သူ ဘယ်လို မှတ်လိုက်သည်မသိဘဲ မေးခွန်းတစ်ခု ချက်ချင်းထွက်လာ၏။

“ဒီနံပါတ်နဲ့ ဘယ်သူမှ မခေါ်ဖူးဘူးပေါ့”

“ဟင့်အင်း”

“နောက်ဆို ကိုယ်နဲ့ ပြောလို့ရပြီ”





“ရှင်က ဖုန်းကိုင်လို့လား”

သူက ပြုံးလိုက်ကာ...

“ဘာဖြစ်လို့လဲ”

“ဖုန်းပြောသံ မကြားလို့..”

ပြောစရာပါပဲ၊ ဒီမှာပဲ လည်ဆွဲ က အပေါ်ထပ်၊ သူက အောက်ထပ်မှာ နေလာခဲ့တာ တစ်လကျော်ခဲ့ပြီ..၊

တွေးလိုက်မိတုန်းမှာ ဖုန်းသံက ကျယ်ကျယ်လောင်လောင် ထမြည်၏။ အိတ်ထဲကို လက်တစ်ဖက်နှိုက်၍ သူ ပိတ်ပစ်လိုက်သည်။ ငေးစွင့်နေသည့် လည်ဆွဲ က...

“ရှင် မကိုင်ဘူးလား”

“မလိုအပ်လို့ပါ”

မလိုအပ်ဘူး၊ လိုအပ်တယ်ဆိုတာ ကိုယ်ကချည်းပဲ ဆုံးဖြတ်လို့ အမြဲတမ်း ရနေသလား၊ တစ်ဖက်က အရေးတကြီး ဖြစ်နေတာဆိုရင် ဘယ်လိုလုပ်မလဲ..။

သူမက ဖုန်းအကြောင်း တွေးနေမိသော်လည်း...

“လည်ဆွဲ..၊ မင်း လက်သည်းတွေ အရှည်ကြီးပါလား၊ တမင် ထားတာလား”

မထင်မှတ်ဘဲ တခြားအကြောင်း ရောက်သွားသဖြင့် လည်ဆွဲ ဖုန်းကိုင်ထားသည့်လက်ကို တစ်ဖက်နှင့် ပြန်ဆုပ်ထားလိုက်ကာ..

“ဟို .. တမင်ထားတာက ဒီလောက်ရှည်အောင်တော့ မထားဖူးပါဘူး၊ အခု...”

“သိပြီ..၊ အဲဒါတွေ ဖြတ်ပစ်လိုက်ပါလား၊ ကျန်းမာရေးအတွက် လည်း မကောင်းဘူး၊ ဒါမျိုးက အမြဲတမ်း ‘သ’နေမှ လှတာလေ၊ မင်းဆန္ဒ ရှိမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ၊ အမိုးကို လည်ဆွဲ ပြောပါ့မယ်"

"မလိုပါဘူး။ ကိုယ် ညှပ်ပေးမယ်"

"ဟင်!..."

သူ ထသွားတာ၊ လှုပ်ရှားနေတာတွေကို လည်ဆွဲ နားစွင့်နေမိ၏။ ခဏလေးပဲကြာကာ သူ့ရဲ့ကိုယ်သင်းနံ့ တစ်ချက် ဝေ့သွားပြီး...

"ဒီဘက် နည်းနည်းစောင်းပြီး မင်းရဲ့လက်တွေ ပေး.."

အားနာသလိုလို ရှက်သလိုလိုတော့ ဖြစ်သွားသေးသည်။ ဒါပေမယ့် လည်ဆွဲ သူ့အပေါ်မှာ ရင်းနှီးတဲ့စိတ်တွေ ဖြစ်နေပါပြီ။ ထို့ကြောင့်...

သူ့ဘက်ကို ပခုံးတစ်ခြမ်း တိမ်းလှည့်ကာ လက်ချောင်းလေးတွေ ဖြန့်ပေးလိုက်၏။ လက်ကို သူ ဆွဲယူလိုက်သည့်အချိန်မှာ သူနဲ့ လည်ဆွဲ ပခုံးချင်းထိကပ်သွားတာကို သတိထားမိလိုက်သည်။

ဒါက ဧည့်ခန်းထဲမှာ ဖြစ်သည်။

အမိုးတို့များ တစ်မျိုးတစ်မည် ထင်မလား..၊ မိန်းကလေးမို့ သူ့ကို အားနာစိတ်နဲ့ ဘယ်လိုပဲ မျိုသိပ်ထားထား ပူပန်စိတ်ကတော့ အချိန်တိုင်းမှာ ဖြစ်လာတတ်၏။

"လက်သည်းလေးတွေက ဖျော့ဖျော့လေးတွေပဲ။ ပြီးတော့ အကြည်ရောင်လေးတွေ"

"အဲဒါ ဘာဖြစ်တတ်လဲဟင်.."

"ကိုယ် ဖတ်ဖူးတဲ့စာအုပ်ထဲမှာတော့ အဲဒီလက်သည်းမျိုးရှိတဲ့ လူတွေက စိတ်ထားနူးညံ့တယ်၊ ဒါပေမယ့် ထင်ရာလုပ်တတ်တယ်တဲ့၊ ပြီးတော့ ပျော့ညက်ညက်ပုံပေါက်နေပေမယ့် အနာရောဂါ အလွန်နည်းတဲ့ လူမျိုးတဲ့"

"ဟုတ်တယ်"

"ဟုတ်တာပေါ့၊ အဲဒီအတိုင်းပဲ ရေးထားတာ၊ ဘာလဲ .. မှန်သွား





ပြီလား"

"အင်း.."

လည်ဆွဲ အားတက်သရော ခေါင်းညိတ်လိုက်ကာ မျက်နှာလေး လည်း စိတ်ဝင်စားမှုကြောင့် ဝင်းထိန်ကြည်လင်လျက်...

"လည်ဆွဲ အဲဒီအတိုင်းပဲ သိလား။ တစ်ခုခု စိတ်တိုင်းမကျတာကို ဒီတိုင်းနေလိုက်ရရင် ငိုချင်တယ်၊ ငိုပြီဆိုရင်လည်း ချော့လိုက်တာနဲ့ ပိုပို ငိုချင်တယ်၊ ဒါပေမယ့် ကိုယ့်ဖာသာ လုပ်ပစ်ချင်တာရှိရင် ဘယ်သူ တားတား နားမထောင်ဘူး"

ပူဆွေးသောကတွေ ဝေနေတတ်သည့် မျက်နှာလေး တက်ကြွ ကြည်လင်နေတာကို ပထမဆုံး မြင်ရတာမို့ သူမ လက်ချောင်းလေးတွေကို ဆုပ်ကိုင်ထားရင်း ငေးကြည့်နေမိသည်။

"ကိုကြီးကတော့ လည်ဆွဲ ကို အမြဲတမ်း အလိုလိုက် အလျှော့ပေးတယ်၊ ဖေဖေကကျတော့ လည်ဆွဲ ကို ဘာပြောလဲ သိလား"

ပြောပြချင်စိတ်တွေများနေကာ သူ့ဖာသာ ငြိမ်သက်နေသည့် ဆံပင်တွေကို စိတ်မရှည်သလို လက်နဲ့ထပ်၍ ဖိသိပ်ချသေးသည်။ အပြောလည်း မပျက်..၊

"အဲဒီလို တဇွတ်ထိုးလုပ်တတ်တဲ့လူကို လွှတ်လပ်ခွင့်ပေးလို့ မရဘူးတဲ့၊ တော်ကြာ တဇွတ်ထိုးစိတ်နဲ့ ယောက်ျားနောက်လိုက်သွားရင် ခက်မယ်ဆိုပြီး ဆယ်တန်းအောင်တာတောင် ဒေးမတက်ခိုင်းဘူး"

ပြောနေရင်း မဲ့ကျသွားကာ စကားဆုံးမှ မိဘကို အပြစ်တင်သလို ဖြစ်သွားတာကို သတိရမိသလိုမျိုး မအီမလည်လေး ပြုံးဖြစ်တော့ သူ ရယ်လိုက်မိသည်။

လည်ဆွဲ ကလည်း ခပ်အမ်းအမ်းမျက်နှာလေးနှင့် လိုက်ရယ် ရှာ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဖေဖေက တကယ်ပြောသလို လုပ်တာ၊ တစ်သက်လုံး အလိုလိုက်ထားခဲ့တာ၊ ဒီအချိန်မှာ မရဘူးတဲ့"

"ဒါက ငယ်ကျင့်ပဲကွာ..၊ မင်းကို ဒေးမတက်နိုင်းတာ ဒီအပြစ်တစ်ခုတည်းနဲ့ မဟုတ်နိုင်ပါဘူး"

"*မှာတ်ပါတယ်ဆို၊ လည်ဆွဲ မှာ တခြား ဘာမှ အမှားလုပ်ခဲ့တာမရှိဘူး*"

"အဲဒါကြောင့် ဗုသေချာတာ၊ မင်းကို ဒေးမတက်နိုင်းတာ စီးပွားရေး မပြေလည်တာကြောင့် မဟုတ်ရင်..."

"ဘာကြောင့်လဲ.."

"စိတ်မချနိုင်လောက်အောင် လှနေလို့ ဖြစ်မှာပေါ့"

"ဟာ .. မဟုတ်ပါဘူး"

လည်ဆွဲ ပါးမို့လေးတွေ အနီရောင်သမ်းသွား၏။ အမှတ်တမဲ့ပြန်ရုတ်ဖို့ပြင်လိုက်သည့် လက်ဖဝါးလေးကို သူ ဖိဆုပ်ထားမိကာ..

"တကယ်ပါ.. မင်း အရမ်းကို လှတယ်၊ သူ့သမီးလေး ပညာမစုံခင် ဖွတ်တရွတ်လိုက်တဲ့ကောင်တွေနဲ့တွေ့ပြီး တဖွတ်ထိုးညဉ်လေးနဲ့ ပြေးသွားမှာစိုးတာ၊ မင်းအဖေ ပူသင့်တာပေါ့"

"လည်ဆွဲ က အဲဒါတွေကို ပြောချင်တာ မဟုတ်ပါဘူး"

"ဒါဆို ဆက်ပြောလေ"

"ဟို .. လည်ဆွဲ ရဲ့စိတ်က အဲဒီလို မှန်တယ်၊ နူးညံ့သလိုလိုနဲ့မာချင်တာမျိုး။ ပြီးတော့ ကျန်းမာရေးလည်း ခုချိန်ထိ ဒီလိုမဖြစ်ခင်အထိလေ၊ ချူချာသလိုလို ခဏခဏ ဖြစ်တာပဲရှိတာ၊ ကြီးကြီးကျယ်ကျယ် ဘာမှမဖြစ်ဘူး၊ အစ်ကို ပြောသလို ပျော့ညက်ညက်နဲ့ အနာရောဂါနည်းတာမျိုးလေ.."

"ဒါဆို ကိုယ့်ရဲ့ဟောကိန်း မှန်သွားပြီပေါ့"





"မှန်တယ် .. လည်ဆွဲ လေ လက္ခဏာဗေဒင် သိပ်ဝါသနာပါတာ၊ ...မယ့် ယတြာတွေဘာတွေ ပေးတာကျတော့ မလုပ်ဖြစ်ဘူး။ ကိုယ့် ...ကြောင်း ဒါမှမဟုတ် ကိုယ် စိတ်ဝင်စားတဲ့အကြောင်းအရာ တစ်ခုခု ...နော်၊ အဲဒါကို သူများက ပြောတာဟောတာ နားထောင်ချင်ရုံ ...က်သက်ပဲ"

"အဲဒါကျတော့ ကိုယ် ကြားဖူးတယ်၊ ဆရာဝန်ဆီသွားပြီး သူ့စကား ...မထောင်ရင် ဆေးကုတာ အလကားဖြစ်သလို ဗေဒင်မေးပြီး ယတြာ ...ရင် ဘာမှမထူးဘူးတဲ့"

"ထူးထူး မထူးထူးပေါ့၊ ယတြာချေတာမှ ဝါသနာမပါတာ၊ သူတို့ ...ဘာတာ မှန်မမှန် နားထောင်ချင်တယ်၊ ပြီးခဲ့တာတွေကို ဘယ်လို မှန် ...အောင် ဟောသလဲ၊ ဖြစ်လာမှာတွေကို ဟောတာ မှန်နိုင်သလား။ မမှန်နိုင် ...လား၊ စိတ်ဝင်စားတာ အဲဒီထိပဲ.."

လက်သည်းညှပ်ခြင်းကို နူးနူးညံ့ညံ့လေး ဆောင်ရွက်နေရင်း သူ ...ည်မိသည်။ မိန်းကလေးတော့ ပီသပါ၏။ ဒါပေမယ့် ဟိုမရောက် ...ရောက်ပါလား..၊

"အစ်ကို.."

"ဟင်.."

"အစ်ကိုဖတ်တဲ့ စာအုပ် လည်ဆွဲ ဖတ်ချင်လိုက်တာ၊ အရမ်း မှန် ...ပဲ"

"ဗေဒင်စာအုပ် မဟုတ်ဘူးကွ၊ ဘယ်ထဲမှာ ဖတ်မိတာမှန်းတောင် ...တော့ဘူး၊ ကိုယ်က ဝါသနာပါလို့ ရှာဖတ်တာ မဟုတ်ဘူး၊ ဖတ် ...က်မိလို့ မှတ်ထားလိုက်တာ"

"ဘာပဲဖြစ်ဖြစ် လည်ဆွဲ လည်း ဖတ်နိုင်မှာမှ မဟုတ်တာ"

တက်ကြွနေသည့်အသံလေး တစ်ခါတည်း ခွေခေါက်သွားတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ မော့ကြည့်ကာ...

"မဖတ်နိုင်ပေမယ့် မင်း ဝါသနာပါတာကို အကောင်အထည်ဖော်လို့ ရပါတယ်"

"ဟင် .. ဘယ်လိုမျိုးလဲ"

"အခု လမ်းလျှောက်ထွက်ရင်း တိတ်ဆိတ်ရှင်းလင်းတဲ့နေရာကို မသွားတော့ဘူး၊ ဘုရားသွားမယ်"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ်လေ..၊ ဘုရားစောင်းတန်းတွေမှာ ဗေဒင်လက္ခဏာ ဟောတဲ့ ဆိုင်ခန်းတွေ ရှိတယ်၊ တခြား နာမည်ကျော် ကွန်ပျူတာဗေဒင် ဘာညာတွေ ကြားဖူးပေမယ့် ဘယ်နေရာတွေမှန်း မသိဘူး၊ ဘုရားကို သွားရင် ဘုရားလည်း ဖူးဖြစ်မယ်၊ ဗေဒင်လည်း မေးလို့ရတယ်၊ မကောင်း ဘူးလား"

"မကောင်းပါဘူး အစ်ကိုကလည်း..၊ လူရှုပ်ရှုပ်ထဲမှာ လည်ဆွဲ ဘယ်လိုလုပ် လျှောက်တတ်မှာလဲ"

"ကိုယ့်လက်ကို တွဲ၊ မျက်လွှာချပြီး လျှောက်၊ ခလုတ်မတိုက်စေ ရဘူး၊ ခြေလှမ်း မမှားစေရဘူး"

"အစ်ကို ဗေဒင်မေးတာ ပါသနာပါလို့လား"

"စိတ်ဝင်စားပါတယ်၊ မေးတော့ မမေးဖူးဘူး"

ဝါသနာမပါဘူးလို့ ဖြေလိုက်ရုံပဲကို ကိုယ့်အတွက် ဖေးမငဲ့ညာပြီး ပြောနေတော့ လည်ဆွဲ ပြုံးလိုက်မိသည်။

ဘာပဲဖြစ်ဖြစ် စိတ်ထဲမှာတော့ တစ်စုံတစ်ရာကြောင့် ပေါ့ပါးကြည် လင်သွားသလိုပင်..၊

"ရပြီထင်တယ်၊ ခဏ.."

ရပြီပြောပြီး လည်ဆွဲ ရဲ့ လက်ချောင်းထိပ်လေးတွေကို ပွတ်တိုက်





ကြည့်နေပြန်သည်။

"နည်းနည်းလေး လိုသေးတယ်၊ နည်းနည်းပဲ"

သူပဲ ပြော၊ သူပဲ မပြီးနိုင်..၊

လက်သည်းတွေပေါ်ကို လုံးဝ ပြေပြစ်နူးမွတ်သွားအောင် သေချာ နေပြီးမှ...

"ရပြီ"

လည်ဆွဲ ရဲ့ လက်ကလေးတွေကို လွှတ်ပေးလိုက်ပြီး စာရွက်ချိုး တွေ ကြားသဖြင့် နားစွင့်မိကာ..

"လက်သည်းညှပ်စတွေ အစ်ကို ပြန်သိမ်းနေရတာလားဟင်"

"မသိမ်းရပါဘူး၊ စာရွက်ခံထားတာ၊ သွားပစ်လိုက်ရုံပဲ"

ပြောပြီး ဘေးကနေ ထသွားတာ၊ ပြန်ရောက်လာတာ အားလုံးကို လည်ဆွဲ နားစွင့်နေမိ၏။ သူ ပြန်ထိုင်တော့ တစ်ဖက်ထိပ်မှာဖြစ်ကာ..

"ခဏကြာရင် မင်း ရေမိုးချိုးတော့လေ၊ ကိုယ် အပြင်ခဏသွားမယ်၊ ပြီးတဲ့အချိန်လောက် ပြန်လာခဲ့မယ်"

"အလုပ်မရှိဘူးဆိုပြီး အစ်ကို တစ်နေ့ကို တစ်ခေါက်၊ နှစ်ခေါက် ထွက်နေတာပဲ၊ ဘယ်သွားသွားနေတာလဲဟင်"

သူ့အသံ ခဏတိတ်နေ၏။ ပြီးမှ မတ်တပ်ရပ်လိုက်သည့် အသံ မြင့်နှင့်...

"ယောက်ျားလေးပဲကွာ၊ မိန်းကလေးတွေလို အိမ်ထဲမှာ ဘယ်လို ကြာကြာနေနိုင်မှာလဲ၊ အလုပ်မရှိပေမယ့် ဒီလိုပဲ သွားလာနေ တာပေါ့"

"မဟုတ်ပါဘူး၊ လည်ဆွဲ က အစ်ကို့အဖေ ဘယ်အချိန် လှမ်းခေါ် လဲလို့ တွေးမိနေလို့ပါ"

"ခေါ် မှာစိုးတာလား .. ခေါ် စေချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကလည်း လည်ဆွဲ က ဘာဖြစ်လို့ ခေါ်စေချင်ရမှာလဲ"

လည်ဆွဲ အသံလေးက စိတ်ထိခိုက်သွားမှန်း သိသာနေသဖြင့် သူ စကားမှားသွားပြီမှန်း သိလိုက်သည်။

ထို့ကြောင့် နေရာမှာ ပြန်ထိုင်လိုက်ရကာ..

"ဆောရီးကွာ၊ ကိုယ်က မင်းကို နောက်လိုက်တာပါ"

သူ လည်ဆွဲ နဲ့ ပိုနီးသွားအောင် လက်တင်မှာ တံတောင်တစ်ဖက် ထောက်၍ မျက်နှာတိုးကာ..

"ကိုယ့်ဘက်မှာ ဘယ်လိုအကြောင်းကိစ္စတွေ ပေါ်လာလာ မင်း မသိစေရဘူး၊ ကိုယ့်မှာ အပူမီးတွေ ဝိုင်းနေရင်လည်း မင်းကို အပူမထိအောင် ကာကွယ်ပေးထားမှာ၊ ဥပမာ ပြောတာပါ၊ မင်းက မငြိုငြင်သရွေ့ မင်းနားက ကိုယ် ဘယ်မှမသွားဘူး"

စကားတို့သည် တစ်စုံတရာဆီကို ဦးတည်နေသလို ခံစားလာရ၏။ ဒါပေမယ့် မဖြစ်နိုင်သည့်အကြောင်းတရားများနဲ့ ထိုခံစားချက်ကို ဖယ်ခ ပစ်လိုက်သည်။

သူနဲ့ လည်ဆွဲ အဲဒီလို ဖြစ်ဖို့မရှိ..၊





အခန်း (၁၆)

"ဘာတွေ ခေါ်ကန်နေတာလဲ၊ မင်း မသိဘူးလား ညီထွန်း"

"သိပါတယ်၊ သိလို့ ငါ ထပ်မခေါ်တော့တာ၊ ဒါပေမယ့်..."

"ဒါပေမယ့်တာ မလိုချင်ဘူး၊ ဘာအကြောင်းပဲရှိရှိ မလိုအပ်ဘူးလို့ ငါ သတ်မှတ်တဲ့အချိန်မှာ မင်း လိုအပ်တာတွေ ငါ မကြားချင်ဘူး၊ မင်း ရှေ့မှာပဲ လေးလေးကို ငါ ပြောခဲ့တာ မင်း မကြားဘူးလား"

ဖုန်းထဲမှာပေမယ့် တိမ်တိုက် ခေါ်သတွေ ဘယ်လောက်ဖြစ်နေသလဲဆိုတာ ပြေးကြည့်ဖို့မလို၊ ဘာတွေဖြစ်နေနေ သူကတော့ ပြောမှ ဖြစ်မှာမို့...

"အေး .. မင်း မကြားချင်လည်း ဖုန်းမချလိုက်နဲ့ဦး၊ ငါ လိုရင်းပဲ ပြောမယ်၊ မင်းနဲ့ လည်ဆွဲ အေးဆေးဖြစ်သွားပြီဆိုတော့ မင်း လှုပ်ရှားဖို့ ရနေပြီ၊ သူတို့မောင်နှမရဲ့ အိမ်ထဲကို မင်း ဝင်မလား၊ ငါတို့ ဝင်ရှာရ မလား"

"အဲဒီလို စိတ်ကူးနဲ့ ညက အိပ်ပျော်သွားတာဆိုရင် အခု ခေါင်း ခြေလျှော်လိုက် ညီထွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. မင်းကလည်း ခါလှချေလား"

"ခါနေမှန်းသိရက်နဲ့ မင်းတို့ ဖွတ်တိုးကြံစည်နေတာက ဘာလဲ"

"မင်းတို့လို့ မပြောပါနဲ့၊ လေးလေးက သဘောမတူသေးဘူး၊ ငါ
တိုင်ပင်ထားတာ"

"လေးလေး သဘောတူရင် ပြီးပြီပေါ့"

"မဟုတ်ပါဘူး တိမ်တိုက် ရေ..၊ မင်းရဲ့ ဆုံးဖြတ်ချက်ကြောင့် ခက်နေ
တာပါ။ လေးလေး တို့မှာလည်း ဦးထွန်းအောင် လူစုကို ပြန်ကြောက်နေ
ရတဲ့အဖြစ်နဲ့.."

"အဲဒီလူတွေက အခု ဘာသံတွေ ထွက်နေသလဲ"

"ဘာမှမထွက်ပါဘူး၊ ဒါပေမယ့်..."

"ငါ ပြောမယ်၊ လည်ဆွဲ ကို ငါ စောင့်ရှောက်နေတာ ဒီပစ္စည်းတွေ
ပြန်လည်ရလို့မှုနဲ့ မဆိုင်ဘူး၊ အဲဒါ သိတယ်မို့လား၊ အစေကြီးကတည်း
က မင်းကိုယ်တိုင် စွဲချက်တင်ခဲ့တာလေ"

ညီညီထွန်း စိတ်ပျက်စွာ ခေါင်းခါနေမိသည်။ 'စွဲချက်တင်ရုံတင်
မကဘူး ဖြစ်ကို ဖြစ်မှာကို သိနေခဲ့တာ'လို့ ပြောလိုက်ချင်သည်။

တစ်သက်လုံးက ညီအစ်ကို၊ သူငယ်ချင်းလို ပြောဆိုဆက်ဆံလာ
ခဲ့ကြပြီး ဒီကောင်မလေးမျက်နှာကိုမြင်မှ ဘာမှ ပြောဆိုမကောင်း..၊

"ညီထွန်း..၊ ငါ ဘာမှမပြောဘဲ မင်းတို့ အဲဒီအိမ်ရှေ့ကတောင် ဖြတ်
မလျှောက်ပါနဲ့"

ဒေါသထွက်ပြီဆို ဘယ်တော့မှ နှုတ်မဆက်တတ်သည့်အကျင့်
အတိုင်း တိမ်တိုက် ဖုန်းချသွားတာ 'တီ'ခနဲ..၊

ဒီကောင် ဘာဖြစ်သွားတာလဲ..၊ တိုက်ပွဲထွက်နေရင်း သိချင်းတွေ
ကဗျာတွေ ရေးကြတဲ့ စစ်သူကြီးတွေ ရှိခဲ့တာ သူ အံ့ဩခဲ့ဖူးသည်။

တိမ်တိုက် နဲ့ကျမှ တကယ်ပါလားလို့ တွေးမိလာ၏။





ပြောရဲပါသည်၊ ပြတ်သားလွန်းသည်ဆိုသော ခက်ထန်ခြင်းတွေကို
ပြီးတိုင် စွန့်လွှတ်လိုက်တာလား ..

ဒါမှမဟုတ် အဲဒီကောင်မလေးရှေ့မှာ ဖယောင်း၊ တစ်ဖက်မှာ သံ
ချောင်းလို ကျင့်နေသည်လား၊ အဲဒီလိုရော ရတတ်လို့လား..၊

မတတ်နိုင်တော့ပါ။

ကလောင်တစ်ဖက်၊ ဓားတစ်ဖက်နဲ့ တိုက်ပွဲဝင်တော့မည်ဆိုရင်
လည်း နောက်က လိုက်ရုံသာ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ကြာသပတေးသမီးနော် .."

"ဟုတ်.."

မျက်မှန်ကြီးနှင့် ရေးခြစ်တွက်ချက်နေသည့် ဗေဒင်ဆရာက ခဏ
ကြာမှ လည်ဆွဲ မျက်နှာဆီ ပြန်မော့လာကာ..

"ဒီနှစ်ထဲမှာ ကိုယ်မကျန်းမာ၊ စိတ်မချမ်းသာတွေ ဖြစ်နေလိမ့်မယ်
ကွယ့်"

"ရှင်!..."

"ဟုတ်တယ် .. အထူးသဖြင့် ဦးခေါင်းပိုင်းမှာ ထိခိုက်ဒဏ်ရာ ရနိ
တယ်၊ ဖြူနီးခန့် သေကံမရောက် သက်မပျောက်တာမျိုး.."

လည်ဆွဲ ရင်တွေ တထိတ်ထိတ်ခုန်အောင် ကျေနပ်သွား၏။

ကိုယ် သိချင်တဲ့အနာဂတ်ကို အနည်းအကျဉ်းတော့ သိခွင့်ရနိုင်ပြီ
ခေါင်းလေး ညိတ်ပြမိသည်။

"ဖြစ်ပြီးပြီဆိုရင်တော့ နောက်ထပ် ဖြစ်ဖို့မရှိတော့ဘူး၊ မဖြစ်သေ
ဘူးဆိုရင် ဂရုစိုက်ပါ၊ လက္ခဏာနဲ့ ဇာတာ နှစ်ရပ်စလုံးမှာ ပြနေရင် ဒ
ပေါ့ဆလို့ မရဘူး"





"ဟုတ်ကဲ့ပါ ဆရာ"

'ဗေဒင်ဆရာကို ကိုယ့်အကြောင်း ဘာမှသွားမပြောနဲ့၊ သူ ပြော
တာကိုပဲ နားထောင်'လို့ မိုးသား မှာထားတာသာ မရှိခဲ့လျှင် 'ဟုတ်
ပါတယ်၊ ကျွန်မ အခု မျက်လုံးကွယ်နေတာပါ' ဘာညာတွေ ဇာတ်စုံ
ခင်းပြီး ဖြစ်လိမ့်မည်။

ခုတော့ လည်ဆွဲ ပြောပြချင်တာကို မျိုသိပ်၍ ခေါင်းသာညိတ်
နေရ၏။

ဗေဒင်ဆရာကတော့ သူ တွက်ချက်ထားသည့်ပေါ်မှာ ခဲတံ
ဖြင့်တောက်တောက်နှင့်ထောက်၍ မျက်မှောင်ကုတ်မပြေဘဲ ရှိလျက်...

"အင်း .. ညည်း ဒီနှစ်ထဲမှာ တော်တော် ညံ့နေတယ်ကွယ့်"

ပြောသမျှမှာ စိတ်ချမ်းသာဖွယ် မပါသေးဘဲ နောက်ထပ်လည်း
ပျော်ရွှင်စရာ မရှိနိုင်သေးတာ ကြားကာ လည်ဆွဲ မျက်နှာလေး မှိုင်ကျ
သွား၏။

ဘေးမှာ ခါးမတ်မတ်ထိုင်၍ လက်ပိုက်ကြည့်နေသည့် တိမ်တိုက်
မျက်လုံးတွေက ထိုမျက်နှာလေးပေါ်မှာ ဖျတ်ခနဲ ဝေ့၏။

ပြီးတော့ ဗေဒင်ဆရာကို ပြန်ကြည့်ကာ..

"ဟောလိုက်ပါ ဆရာ၊ ကောင်းတာဖြစ်ဖြစ် မကောင်းတာဖြစ်ဖြစ်
ရပါတယ်၊ ဆရာ ဟောပြီးမှ သူ့ကို ကျွန်တော် ပြန်ခေါ် လို့ရမှာဆိုတော့
ပြီးမြောက်ဖို့ပဲ လိုတာပါ"

ဗေဒင်ဆရာ့မျက်နှာကို မမြင်ရပေမယ့် လည်ဆွဲ သူ့စကားကြောင့်
ကိုယ်လေး မတ်သွားကာ..

"အစ်ကိုကလည်း ဆရာ့ကို အားနာစရာ.."

"ရပါတယ်ကွယ်.."

ဆရာ့အသံ ဝင်လာတော့ ကျေရာကျေကြောင်းပါပဲ၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ပညာမှာနနှင့် နောက်ထပ် ခပ်မျှင်းမျှင်းရယ်သံကတော့ မကြည်လင်..။

"ဗေဒင်ဆိုတာ ယုံကြည်တဲ့သူ၊ မယုံကြည်တဲ့သူ၊ ပြီးတော့ အစွန်းရောက် ယုံကြည်လွန်းတဲ့သူ အမျိုးမျိုးပေါ်မှာ ဘယ်သူ့ကိုမှ မဆွဲခေါ်ဘဲ ဘက်မလိုက်ဘဲ သူ့ဌာနနဲ့သူ ရပ်တည်နေတာမျိုးပါ။ ဒါကြောင့် မယုံကြည်တဲ့သူကို ဒီလိုပြောလာတိုင်း စိတ်ဆိုးနေလို့ ဘယ်ဖြစ်မလဲ၊ တစ်ခုတော့ ရှိတာပေါ့ကွယ်.."

ဗေဒင်ဆရာက သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်၍..

"ကောင်းတာကိုဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် ယူတတ်ဖို့ပဲ လိုတာပါ"

"ဟုတ်.. ဟုတ်ပါတယ် ဆရာ၊ ဟိုလေ .. ဆရာဟောတာတွေကို လည်ဆွဲ သဘောကျပါတယ်၊ အစ်ကိုက လည်ဆွဲ စိတ်ညစ်မှာစိုးလို့ စိတ်ပူပြီး ပြောလိုက်တာပါ။ အစ်ကိုကလည်း လည်ဆွဲ နားထောင်ချင်လို့ပါ၊ ဆရာ ဟောပါစေ..နော်.."

လည်ဆွဲ မခြင်ရဘဲနှင့် အသံတွေကိုမှတ်ပြီး ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက် တောင်းပန်နေမိသည်။

နှစ်ယောက်စလုံး အသံတွေ တိတ်နေပြီးမှ...

"ကျွန်တော့်စကားက စော်ကားသလိုဖြစ်သွားရင် တောင်းပန်ပါတယ် ဆရာ၊ ဆက်ဟောပေးလိုက်ပါ"

တိမ်တိုက် အသံကြားမှ လည်ဆွဲ သက်ပြင်းချလိုက်သည့်ပုံလေးနှင့် ဆရာဘက် ပြန်လှည့်၏။

"ရပါတယ်ကွယ်၊ ဆရာတို့က ဒါမျိုးတွေ အများကြီး ကြုံဖူးနေကျပါ။ တချို့ဆို မောင်ရင့်ထက်တောင် ပိုပါသေးတယ်"

ပြောပြီး ဗေဒင်ဆရာက တွက်ချက်ရေးမှတ်ထားသည့် စာရွက်ပေါ်ကို အာရုံပြန်ထားလျက်...

"ပြီးခဲ့တဲ့ အဲ .. နှစ်ထောင့်ကိုး ဒီဇင်ဘာကနေ နှစ်ထောင့်တစ်ဆယ်





ပြီးတော့ နောက် နှစ်ထောင့်တစ်ဆယ့်တစ် ဖေဖော်ဝါရီထိ ဆိုတော့ အဆိုးအညံ့တွေကို နောက်ကြောက်လအတွင်းထိ၊ အတိအကျ ပြောရရင် နှစ်ထောင့်တစ်ဆယ့်တစ် သုံးလပိုင်းကျမှ လွတ်မြောက်နိုင်မယ်"

"လွတ်မြောက်တယ်ဆိုတာ ဘယ်လိုမျိုးလဲဟင်၊ ဟို .. ရောဂါဖြစ်နေတာတွေပါ ပျောက်မှာလား၊ လူလည်း နေကောင်းမယ်၊ စိတ်လည်း ချမ်းသာမယ်၊ အဲဒီလိုလားဟင်.."

လည်ဆွဲ မျက်လုံးပြန်မြင်နိုင်ရေးကို အားတက်သရော မေးနေတာမှန်း တိမ်တိုက် က သိသည်။ စိတ်မချမ်းမြေ့စွာ မျက်နှာလွှဲပစ်မိရင်း သူမမျက်လုံးကို အမြန်ဆုံး ခွဲစိတ်နိုင်အောင် ကြိုးစားပေးဖို့လည်း ဆုံးဖြတ်လိုက်၏။

"ဟုတ်တာပေါ့၊ ဒီလကလွန်မြောက်ရင် သမီးအတွက် ထီပေါက်သလို ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလိမ့်မယ်၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်သေးလဲဟင်"

"အကောင်းမလာခင် အဆိုးကြုံရသလိုပေါ့ကွယ်၊ သုံးလပိုင်း မတိုင်ခင်မှာ သမီး ချစ်ခင်တဲ့သူတွေနဲ့ စကားစမြည် ပြောရနိုင်တယ်၊ မထင်မှတ်ဘဲ အခင်မင်ပျက် စိတ်ဆင်းရဲတာတွေဖြစ်မယ်၊ အဲဒါတွေကို ကြံ့ကြံ့ခိုင်ခံနိုင်အောင် ကြိုးစားပါ"

"ဟုတ်.."

ဗေဒင်ဆရာကို ဉာဏ်ပူဇော်ခ တစ်သောင်းခွဲပေးခဲ့ရသည်။ ကိုယ့်အတွက် ပါလာတာက သောကတွေပဲ ဖြစ်၏။

"ဘာလဲ..၊ ငိုချင်နေပြီလား"

လည်ဆွဲ လက်ဖဝါးလေးကို ဆုပ်ကိုင်ထားရင်း တိမ်တိုက် အကြည့်မေး၏။ လည်ဆွဲ ခေါင်းငုံ့နေရာကနေ ပျာပျာသလဲ မော့၍ခေါင်းခါပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မငိုပါဘူး၊ စိတ်မကောင်း ဖြစ်သွားတာ"

"ဘာမှမထူးပါဘူးကွာ၊ အဲဒီလို စိတ်ညစ်စရာတွေ ကြုံသိပြီးတော့လည်း ကိုယ် ဘာလုပ်နိုင်လို့လဲ၊ သူဟာသူ မှန်တာ မမှန်တာထား၊ ဗေဒင်မေးတာကိုက အဓိပ္ပာယ်ကို မရှိတာ"

"ရှိပါတယ် အစ်ကိုကလည်း၊ ကြုံသိတော့ မကောင်းတာဆိုရင် ရှောင်လို့ရတာပေါ့၊ လည်ဆွဲ ဒုတိယနှစ်ဖြေတုန်းက ကျူရှင်မှာတွေ့တဲ့ သူငယ်ချင်းဆို သူ့အစ်မက ဗေဒင်မယုံဘူးတဲ့၊ သူ့အမေက ယုံတယ်၊ အဲဒါနဲ့ သူ့အစ်မ ခရီးဝေးသွားဖို့ရှိတာကို ခရီးသွားရင် ကောင်းမကောင်း သူ့အမေက ဗေဒင်သွားမေးတာလေ.."

"ဘာတဲ့လဲ.."

"ဗေဒင်ဆရာက ရေကြောင်းခရီး လုံးဝ မသွားနဲ့ဦး၊ အသက်အန္တရာယ် ရှိတယ်လို့ ဟောလိုက်တယ်တဲ့၊ အဲဒါနဲ့ သမီးက သွားမယ် အမေက မသွားနဲ့ငြင်းပြီး ပူညံပူညံတွေတောင် ဖြစ်ကြသေးတယ်တဲ့၊ သူ့အစ်မ လိုက်မယ့် မော်တော်လေ အဲဒီနေ့မနက် ကမ်းကခွာတာနဲ့ တန်းနစ်တာ၊ လူတွေ သေကြတာ မနည်းဘူးတဲ့ သိလား၊ သူ့အစ်မ အရမ်းကြောက်ပြီး မအေကို ကျေးဇူးတင်လွန်းလို့ သူ ပြန်ခံပြောမိပါတယ်ဆိုပြီး ချက်ချင်း ထိုင်ရှိခိုးတာတဲ့"

လည်ဆွဲ ပြောပြနေသည့် မျက်နှာလေးကို ငုံကြည့်ပြီး သူ ပြုံးလိုက်မိသည်။ နောက်ထပ်လည်း မယုံကြည်တာတွေ၊ အပြစ်တင်တာတွေ မပြောရက်တော့ပါ..၊

"လာ .. ဒီဘက်ကို .."

အရှေ့ဘက်မှခ်ရဲ့ ဓာတ်လှေကားဘက်ကို ခေါ် လာခဲ့ရင်း...

"ကိုယ်နဲ့ လက်မောင်းချင်းထပ်အောင် ဖိလိမ်မထားနဲ့၊ ရဲရဲတင်းတင်း လျှောက်၊ ဘာမှ ခလုတ်တိုက်ဖို့ မရှိဘူး၊ အလာတုန်းကအတိုင်းပဲ"





"အစ်ကို့ကို မှီထားသလိုကြီး ဖြစ်သွားလို့လား၊ ဆောရီးနော်"

လည်ဆွဲ ပြုံးလိုက်တာလေးကို သူ လိုက်ငုံကြည့်မိသည်။ ဒီလို ပြုံးရယ်တတ်လာတာလေးကို ကြည်နူးသွားမိပြီး...

"မှီတာ ဘာမှမဖြစ်ဘူး၊ တစ်ကိုယ်လုံးပဲ ပွေ့ချီသွားရသွားရ၊ မင်းကြောက်နေတာကို မကြောက်ဖို့ ပြောချင်တာ"

"လည်ဆွဲ မကြောက်ပါဘူး"

"ဘာလို့ မကြောက်ရမှာလဲ၊ လက်ကို ဆုပ်ကိုင်ထားတာတောင် လက်မောင်းချင်းထပ်ပြီး ပခုံးစွန်းလေးတောင် ဒီမှာ တင်နေတယ်"

"မဟုတ်ဘဲနဲ့.."

"ဟုတ်တယ် .. မင်း ရှေ့ကိုလှမ်းနေပြီး နောက်ကို ယိုင်နေတာ၊ ခြေလှမ်းတွေတောင် တစ်လှမ်းနဲ့တစ်လှမ်း တစ်ထွာကွာရဲ့လား မသိဘူး"

"အစ်ကိုကလည်း.."

လည်ဆွဲ က ရယ်လိုက်ပြီး ဟိုဘက်လက်လေးနဲ့ပါ သူ့လက်မောင်းကို ဖက်ထားလိုက်၏။ ပြီးတော့ ချက်ချင်း ပြန်လွှတ်လိုက်ကာ ထိုလက်လေးက ခေါင်းကို ရောက်၏။

တိမ်တိုက် စိတ်မကောင်းဖြစ်သွားမိသည်။

ဟိုနေ့က ချမ်းသာ ရိုက်ထားသည့် ဗီဒီယိုကို သူမ ဖွင့်ခိုင်းပြီး 'ကြည့်' ဆိုလို့ သူ ကြည့်ဖြစ်ခဲ့သည်။

မောင့်နှမနှစ်ယောက် ဘယ်လောက်ထိ ချစ်ကြသလဲဆိုတာ နောက်ထပ် မေးဖို့ မလိုတော့အောင် နွေးထွေးကြလေသည်။

သူမကတော့ အသံတွေကိုပဲ နားစိုက်ထောင်ရင်း မျက်ရည်တွေ သံတိတ် ကျနေရှာ၏။

သူမ စိတ်ထဲမှာ သူ့အပေါ် အစ်ကိုလို ရင်းနှီးသွားလိုက်တာစိမ်းတွေဆိုသည့်အသိတွေ ဖြစ်သွားလိုက်နှင့် အမှုအရာလေးတွေ အမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားတတ်တာ သူ သိသည်။

"အစ်ကို လည်ဆွဲ ကို ပြောမရဆိုမရဆိုပြီး စိတ်ပျက်သွားလားဟင်"

"ဟာ ... မဟုတ်တာ"

ရုတ်တရက် မျက်နှာလေးမော့လာပြီး မေးတော့ မမြင်တဲ့သူကို ခေါင်းပါခါပြမိ၏။

"စိတ်ပျက်စရာလား လည်ဆွဲ ရယ် .. မင်းကို မျက်မမြင်လေးပါလားဆိုပြီး သူများတွေ သနားတဲ့မျက်လုံးနဲ့ ကြည့်သွားတာ မခံနိုင်လို့ ပြောနေတာ၊ ကိုယ် ရှိနေရင် မင်း ခလုတ်တောင် မတိုက်စေရဘူးလို့ ပြောထားတာပဲ၊ ရဲရဲတင်းတင်း လျှောက်ပေါ့၊ အခု ကိုယ်တို့ တက်လာခဲ့တဲ့ ဓာတ်လှေကားကို ပြန်သွားနေတာ"

"ဒါဆို ညောင်ပင်ကြီးအောက် ရောက်ပြီလားဟင်၊ သစ်ရွက်လေတိုးသံလေးတွေ ကြားနေရသလိုပဲ"

ညောင်ပင်ကြီးကို မော့ကြည့်ပြီး သူ ပြုံးလိုက်သည်။

"ဟုတ်တယ် .. ရောက်နေပြီ၊ လူရှင်းတယ်၊ ခဏ ထိုင်ဦးမလား"

"အင်း .."

"ဒါဆို လာ ..."

သူ လည်ဆွဲ လက်လေးတစ်ဖက်ကိုဆွဲ၍ ညောင်ပင်နဲ့ အုတ်ခုံတိုင်းရဲ့ ထောင့်နားကို လျှောက်သွားလိုက်သည်။

လည်ဆွဲ ဝတ်ထားတာ ကြည်ပြာရောင်မှာ ရွှေအိုရောင် ဒူးနားချိတ်လေးနှင့်မို့ ထဘီကို မပေအောင် သူ့ခြေထောက်နဲ့ အရင် ကြွေပြားပေါ်ကို ပွတ်တိုက်ပစ်လိုက်သည်။

ပေလောက်စရာ ဘာမှမရှိအောင် ကြွေပြားလေးတွေကလည်း ပြောင်လက်လို့ပါ..၊

"အသံတွေ တိတ်နေတာပဲနော် အစ်ကို"





"ဒီအချိန်ဆို ဘုရားမှာ လူရှင်းတယ်ကွ၊ အခါကြီး ရက်ကြီးတွေ၊ ဥပုသ်ရက်တွေဆိုရင်တောင် ဒီအချိန်ဆို ရှင်းနေပြီ"

"အခု ဘယ်နှစ်နာရီ ထိုးသွားပြီလဲ"

"ခြောက်နာရီကျော်နေပြီ၊ တော်ကြာဆို မိုးချုပ်တော့မှာ"

"ဖေဖေဆိုရင် ညကိုးနာရီကျမှ ဘုရားမှာ ပုတီးလာစိပ်တာ"

"ညပိုင်းကျမှ လာတဲ့လူတွေလည်း ရှိတယ်လေ၊ ဒီအချိန်က ကြားအချိန်ပေါ့"

"သြော် ..."

လည်ဆွဲ ကတော့ ဘုရားကို မကြာခဏ မရောက်တာ အမှန်ပါ၊ သုငယ်ချင်းအပေါင်းအသင်း သိပ်မရှိရတဲ့အထဲ ဖေဖေက လည်ဆွဲ ကိုပဲ မျက်စိဒေါက်ထောက်ကြည့်နေတာက မိခင်တစ်ယောက် အုပ်ထိန်းတာထက်တောင် ဆေ့စပ်သေးသည်။

"ဟိုလိုမနေနဲ့၊ ဒီလမ်းမသွားနဲ့နဲ့ တားဆီးနေရတာ ချုပ်ချယ်တယ်ဆောင်နဲ့ သမီး၊ မိန်းကလေးတစ်ယောက်ဟာ ရှိသင့်တဲ့အလှထက်ပိုပြီး လှနေရင် အန္တရာယ်များတယ်၊ ဆင်းရဲတဲ့ မိန်းကလေးတွေ အပေါင်းအသင်းပြီး ခြေလှမ်းများပြီဆိုရင် အဲဒါ အမြင်ကျယ်တာ မဟုတ်ဘူး၊ ပျက်စီးတာ..၊ ဖေဖေကတော့ သမီးမိန်းကလေးတွေ မိခင်မရှိလို့ ပျက်စီးတယ်ဆိုတာ အဖြစ်မခံနိုင်ဘူး"တဲ့..၊

ဖေဖေ စိတ်မချလို့ တားမြစ်ခဲ့ခြင်းများမှာ ဘုရားကိုတောင် ဘယ်နှကြိမ်ရောက်သလဲဆိုတာ လက်ချိုးရေလို့ရသည့်အဖြစ်..၊

"ဘာတွေ စဉ်းစားနေတာလဲ"

"ဟင့်အင်း .."

"အဲဒီလို ငေးသွားတဲ့အချိန်လေးမှာ မင်းတွေးလိုက်တဲ့အကြောင်းကို မင်းရဲ့မျက်လုံးလေးတွေထဲမှာ ဖတ်လို့ရရင် ကောင်းမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟင်"

"မင်းနဲ့ပတ်သက်တာမှန်သမျှ ကိုယ် သိချင်လို့"

"လည်ဆွဲ ဘာမှ ဖုံးကွယ်မထားပါဘူး အစ်ကိုရယ်၊ ဘာကို မယုံလို့လဲဟင်"

"ကဲ .. ဒီမှာ ထိုင်လို့ရပြီ၊ အရင်ထိုင်လိုက် .. ပြီးမှ မဟုတ်တာက အစ မမှန်မကန်တာတွေအဆုံး ထင်ချင်သလို ဆက်ထင်၊ ဟုတ်ပြီလား"

"ဟာ .. အစ်ကိုကလည်း လည်ဆွဲ ကို ပြောလိုက်တာ"

ပခုံးလေးကို ဖိနှိမ့်ပေး၍ သူက ထိုင်ခိုင်းသည်။ လည်ဆွဲ က ထိုင်လိုက်ရင်းမှ ပြန်မော့ပြီး စကားပြောလိုက်တော့ ထိုင်တာက လဲကျသွားသလို ဖြစ်သွားခဲ့၏။

လည်ဆွဲ လက်လေးကို ပြန်ဆွဲထားပြီး ထိန်းရင်း နှစ်ယောက်စလုံး ပူးကပ်ထိုင်လိုက်သည့်နှယ်..၊

"အ.."

"ဆောရီးကွာ..၊ ကိုယ်လည်း ထိန်းနေရင်းနဲ့ ဆောရီး"

ဘယ်လို ပြိုကျသွားခဲ့မှန်း မသိဘဲ လည်ဆွဲ ရဲ့ လည်တိုင်နုနုမှာ သူ့မျက်နှာ ထိကပ်သွားတာကို ခံစားမိလိုက်၏။

ရုတ်ရုတ်နှင့် ဖင်အောင့်သွားတာကိုတောင် ဂရုမစိုက်မိတော့ဘဲ လည်ဆွဲ ကိုယ့်လည်ပင်းကို ယောင်ရမ်း အုပ်ထားလိုက်မိသည်။

ပြီးတော့ မတော်တဆမှန်းလည်း သိနေတာမို့ သူ့ကို အားနာကာ လက်ကို ပြန်ခွာမိပြန်သည်။

"လည်ဆွဲ ခါးတွေဘာတွေ နာသွားလားဟင်၊ ကိုယ့်ကို စိတ်ဆိုးသွားတာလား၊ တကယ် မတော်တဆပါ"

"အစ်ကိုက လည်ဆွဲ ကိုကျတော့ မဟုတ်တာ၊ မမှန်တာတွေ ထင်သလို ပြောနေတယ်တဲ့၊ အစ်ကို့ကျတော့ရော.."





"ဘာဖြစ်လို့လဲ"

"ထင်ချင်သလို ထင်ပြီး လိုက်မေးနေတာ"

"ကိုယ်က စိုးရိမ်တာပေါ့ လည်ဆွဲ ရဲ့ .. ကိုယ့်အပေါ် မင်း စိတ်[illegible]တာ၊ အထင်လွဲသွားမှာကို နည်းနည်းလေးမှ မခံနိုင်ဘူး"

"လည်ဆွဲ လည်း ဒီလိုပဲလေ၊ ဒီ့ထက်တောင် ပိုသေးတယ်၊ ဘာဖြစ်[illegible]လဲဆိုတော့ အစ်ကိုက လည်ဆွဲ ရဲ့ တစ်ယောက်တည်းသော အားကိုး[illegible]ပဲ.."

"ကိုယ့်ကို ဘယ်လိုမျိုး အားကိုးတာလဲ"

"ဟင်!..."

"ဩော် .. ဒီလိုလေ .. မင်းရဲ့ ယုံကြည်အားကိုးမှုကိုရအောင် ကိုယ်[illegible]ည်း ကြိုးစားခဲ့ရတာ၊ ခုလို တရင်းတနှီး နေထိုင်ပြောဆိုဖို့လေးတွေ[illegible]လာအောင်ပေါ့၊ အခု မင်းစိတ်ထဲမှာ ဘယ်လိုပုံစံ ရင်းနှီးလာတာလဲလို့[illegible]ချင်တာ"

"အဲဒါ မသိဘူးလေ၊ အစ်ကို့ကို လည်ဆွဲ ယုံကြည်လာတာ ထင်[illegible]ယ်၊ အဲဒီကနေ ရင်းနှီးလာတာ၊ ဟုတ်တယ် .. အားကိုးတယ်ဆိုတာ[illegible]တော့ ..."

လည်ဆွဲ တကယ် စဉ်းစားညှစ်ထုတ်နေတာကိုကြည့်ပြီး သူ ရယ်[illegible]သည်။

"ရပြီ .. ရပြီ၊ ဘယ်လိုပဲ အားကိုး အားကိုး ဒီက စောင့်နေသူပါ"

"အစ်ကို .."

"ဟင် .."

"ခုလို လည်ဆွဲ နဲ့ ပူးပူးကပ်ကပ်ဖြစ်သွားတုန်း အစ်ကိုနဲ့ ပတ်သက်[illegible] တစ်ယောက်ယောက် မြင်သွားရင် ပြဿနာရှိနိုင်လားဟင်"

"ဘာလဲ .. ရှင်းရှင်းမေး၊ မိဘကို မေးတာလား၊ ရည်းစားလား"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ခုစလုံး"

"မဟုတ်ဘဲနဲ့ကွာ၊ မင်း သိချင်တာ တစ်ခုတည်းရယ်၊ ကိုယ်
တယ်၊ အဲဒါပဲ မေး .."

လည်ဆွဲ က မျက်နှာလေးငုံ၍ ရယ်သည်။

ပြီးတော့ သူနဲ့ ပန်းချင်းထိကပ်ထိုင်နေသဖြင့် နှာခေါင်းထဲ
ကျီစယ်နေသည့် သူ့ဆီက ရေမွှေးနံ့ကို သတိတရကြီး နှစ်သက်
ပြန်၏။

လည်ဆွဲ နားကို သူ ရောက်လာတာ၊ သူ မရှိတော့တာ ဒီရေမွှေး
ကပဲ သတိပေးသည်။ တစ်ခါတလေ သူနဲ့ ကိုးလိုက်ထိကပ်သွားမိ
တွေမှာလည်း သူ့ကိုယ်သင်းနံ့ဟာ ရေမွှေးနံ့သက်သက်ကြီး မဟုတ်
စွဲမက်ဖွယ်ကောင်းနေပြန်၏။

လည်ဆွဲ ဒီရေမွှေးနံ့ကို ဘယ်လောက်ထိ ကြိုက်သလဲဆိုလျှင်
မျိုး ဝယ်ပေးပါလို့တောင် ပြောချင်စိတ် ဖြစ်ခဲ့ဖူးလေသည်။

"ဟိတ် .. ဘာတွေ ဉာဏ်များဖို့ စဉ်းစားနေတာလဲ"

"မဟုတ်ပါဘူး၊ စိတ်က တခြားရောက်သွားလို့"

"သိသားပဲ၊ အဲဒီစိတ်ကိုပဲ ဖမ်းဆုပ်ထားချင်လို့ ပြောနေတာ၊
ကိုယ့်မှာ ပြဿနာတက်စရာ ဘယ်မိန်းမ၊ ဘယ်ချစ်သူမှ မရှိခဲ့ဖူး
မင်းအတွက် ပြဿနာရှိနိုင်သလား၊ အဲဒါ ပြန်ဖြေ..."

"မရှိပါဘူး၊ လည်ဆွဲ ရည်းစားထားရဖို့ နေနေသာသာ
စည်းကမ်းချက်တွေ များလွန်းလို့ ဘုရားကိုတောင် မရောက်ဖြစ်ဘူး
တွေးမိပြီး ခုနက ငိုင်သွားတာလေ၊ လည်ဆွဲ မျက်လုံးထဲမှာ အစ်
ဖတ်လို့မရတဲ့စာပေါ့.."

"အိုခေ..၊ ဒါဆို ဒီပြဿနာအတွက် မင်းနဲ့ကိုယ် ညီမျှခြင်း.."

လည်ဆွဲ က ထိုင်နေရင်း အေးနေသည့် ရင်ပြင်တော်ပေါ်က





လေးတွေကို လက်ဖဝါးလေးနဲ့ ကပ်လိုက်၊ ပွတ်လိုက်လုပ်နေကာ..

"လည်ဆွဲ တွေးမိတယ် သိလား .."

"ဘာလဲ.."

"ဗေဒင်ဆရာ ဟောသလိုဆိုရင် လည်ဆွဲ ချစ်ခင်တဲ့သူတွေနဲ့ အခင်
ကွက် စိတ်ဆင်းရဲရမယ်ဆိုတော့ လည်ဆွဲ မှာ ချစ်ခင်နေရတဲ့လူ
သူရှိလို့လဲ"

တိမ်တိုက် က လည်ဆွဲ ပြောလာမှာကို နားစိုက်ထောင်နေရင်း
မပြောတော့ ပြန်ငဲ့ကြည့်ကာ..

"ပြောလေ.."

"အစ်ကိုပဲ ရှိတာလေ၊ အစ်ကိုနဲ့ ဘယ်လိုအကြောင်းပြဿနာတွေ
လာနိုင်သလဲလို့ တွေးကြည့်မိတာပေါ့"

"ခမ်မင်တဲ့သူဆိုတာ သွားလာရင်း နှုတ်ဆက် ပြုံးပြဖြစ်တဲ့သူတွေ
သည်း ခင်မင်သူလို့ ပြောတာပဲကွ၊ အဲဒါတွေက အနှစ်မပါတဲ့ အကာရံ
ခင်ဖို့ကောင်းရင် ခင်မယ်၊ စိတ်ထဲမတွေ့ရင် နောက် နှုတ်မဆက်
တွေ့ရှောင်သွားမယ် .. ဒါပဲ၊ မင်းနဲ့ကိုယ်က အဲဒီလောက်အဆင့်ပဲ ရှိ
သား"

"ဒါပေမယ့်..."

"ဘာမှဖြစ်ဖို့ မရှိဘူး လည်ဆွဲ၊ ကိုယ့်ဘက်က လုံးဝ သေချာတယ်၊
သေချာဖို့ပဲ လိုတာ"

"လည်ဆွဲ ကတော့ အစ်ကို လည်ဆွဲ နားမှာ မရှိတော့မယ့်အချိန်
ဆွေးပြီး ထိတ်လန့်နေရတာပါ၊ ဘာပဲဖြစ်ဖြစ် လည်ဆွဲ မျက်လုံး
ရတဲ့အထိတော့ လည်ဆွဲ ဘက်က ရပ်တည်ပေးပါနော်၊ ဘ
သက်တည်း ကျန်ခဲ့ပေမယ့် မျက်လုံးမြင်နေရရင် လည်ဆွဲ
ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မျက်လုံး ပြန်မြင်ပြီးရင်တော့ ကိုယ် မလိုတော့ဘူးလား .."

"အဲဒီလို မဟုတ်ဘူးလေ၊ အစ်ကို ထွက်သွားမယ်ဆိုရင် ဘယ်အခ
ဖြစ်ဖြစ် လည်ဆွဲ တားပိုင်ခွင့်မှ မရှိတာ၊ မနေချင်တော့တဲ့လူကို နေခ
လို့လည်း မတားချင်ပါဘူး၊ အဲဒါကြောင့် အခု လည်ဆွဲ အပေါ်မှာထား
အစ်ကို့ရဲ့ စေတနာမေတ္တာတွေကို ပျောက်ကွယ်သွားမှာ စိုးနေတယ်"

တိမ်တိုက် ထိုင်ရင်းကနေ လက်နှစ်ဖက် နောက်ပစ်ပြီး မျက်နှာ
မော့လှန်နေလိုက်မိ၏။ တလှုပ်လှုပ် ယိမ်းနွဲ့နေကြသည့် ညောင်ရွက်စိ
စိမ်းတွေက သူ့ကို ငုံ့မိုးကြည့်ကာ 'မင်း ဘာဖြစ်နေတာလဲ'လို့ မေး
သည့်နှယ်..၊

လည်ဆွဲ ပြောသည့်စကားတွေ၊ တောင်းပန်နေတာတွေ အား
ဟာ သူ့ရင်ဘတ်ထဲကို တိုက်ရိုက်ထိ၏။ ထို့ပြင်..

အဆိပ်ပြင်းသည့် ဆူးတစ်ချောင်း နှစ်ဝင်ထားသလို တစ်မြ
တဆစ်ဆစ် နာကျင်ကျန်ရစ်၏။ နောင်တစ်ချိန်ချိန် ဒါမှမဟုတ် သူ့အင်
ကို သေစေခဲ့သူဟာ သူ့ဘေးမှာ တစ်ချိန်လုံးရှိနေခဲ့သည့် တိမ်တိုက်
တာ သိတဲ့နေ့..၊

မိုးသား ဆိုတဲ့နာမည်နဲ့ အနီးကပ် လိမ်ညာနေခဲ့သူမှန်း သိခဲ့ရင်

"မင်း ကိုယ့်ဒုက္ခ ကိုယ်မရှာနဲ့"

"အဲဒီကောင်မလေး သူ့ကို ပစ်စလက်ခတ်မှန်းမှာ လေးလေး၊ အ
သေချာတယ်"

"လုံးဝ မဖြစ်နိုင်တာကို မင်း စိတ်မကူးပါနဲ့ကွာ၊ ကျန်းမာအေ
ဆေးကုပေးလိုက်ရင် ပြီးတာပဲ၊ ကျန်တာ ငါတို့ကိစ္စ ဆက်လုပ်ရ
ပစ္စည်းတွေ ဒီကောင်မလေးဆီမှာ ရှိကိုရှိတယ်"

"ပစ္စည်းတွေကြောင့် ချဉ်းကပ်မယ်ဆိုရင်တောင် သဘာဝကျ
တယ်၊ မင်းကို နားကို မလည်တော့ဘူး"





ညီညီထွန်း ပြောတဲ့စကားတွေကို ကောက်နတ်သတိရလာသည်။

ဒီလို ဖြစ်လာမှာပဲဆိုတာ မသိဘဲ နေမလား၊ ဒါပေမယ့် သူ့အစ်ကို
ကိုယ်ပယောဂကြောင့် သေဆုံးခဲ့ရပြီး တစ်ယောက်တည်း ဒုက္ခတာဝနဲ့
ကျန်ရစ်ရှာသူလေးကို သူ ပစ်မထားနိုင်..။

ဂရုစိုက် စောင့်ရှောက်ရင်းကနေ သူမကို စိတ်မဆင်းရဲစေချင်တာ၊
သူမရဲ့ ယုံကြည်မှုကိုပဲ အလိုရှိခဲ့တာ..၊

အဲဒီ ခံစားချက်တွေ ဘယ်လိုဖြစ်လာမှန်း သူကိုယ်သူလည်း မသိ၊
ထို့ပြင် ဝိုဝိုပြီး နိုင်မာလာခဲ့တာက သူမနဲ့ ပဋိပက္ခဖြစ်ရမှာကို ကြောက်
လာခြင်း..၊

စုရှိန်မှာ တစ်ခုကိုပဲ တောင့်တမိ၏။
ရင်ထဲမှာ အရင်အတိုင်းပဲ ရှိနေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၈ )

"ကျွန်တော် မလာနိုင်သေးဘူး အန်ကယ်လ်"

"ဒါဆိုရင် အချိန်တစ်ခုခုတော့ ကန့်သတ်ပေးပါလား တိမ်တိုက်
အန်ကယ်လ်ကလည်း အားလုံးရဲ့ကိုယ်စား ပြောပေးနေရတာပါ။ အား
ပဲလည်း မင်းကို လုံးဝ ယုံကြည်တဲ့သူတွေပါ၊ ဒါပေမယ့် ဒီထဲမှာ စုန်းပြ
တစ်ယောက်တလေတော့ ပါမှာပဲလေ၊ သူတို့ ကျေနပ်သွားအော
အန်ကယ်လ် ပြောပြချင်တယ်"

စကားလှအောင် တမင်ပြောနေတာမှန်း သူ သိသည်။

လေးလေးတို့လည်း ဘယ်လိုမှ ပြောဆိုထိန်းချုပ်မထားနိုင်တော
သာ သူနဲ့ တိုက်ရိုက်ပြောစေလိုက်ရတယ်ဆိုတာ နားလည်သည်။

နဂိုဖိတ်ရင်း အမှန်နဲ့သာဆို တိမ်တိုက် ဆိုတဲ့ နာမည်တစ်လုံး
အမှိုက်တစ်စ ဖုန်တစ်စက်မှ အတင်ခံမှာ မဟုတ်သော်လည်း...

"အချိန်လည်း ကန့်သတ်မပေးနိုင်ဘူး အန်ကယ်လ်၊ အဲဒီအတွ
တော့ ဆောရီးပါ၊ ကျွန်တော့်ကို ယုံကြည်နေဆဲပဲဆိုရင် စိတ်ချလက်
စောင့်ပေးပါ။ ဒီက အခြေအနေတစ်ခု ပြီးပြတ်ရင် အားလုံးကျေနပ်အော
ကျွန်တော် ရှင်းပေးမယ်"





"ယုံတာက ဒီလိုရှိတယ် တိမ်တိုက်၊ အားလုံး ယုံကြည်အောင် မင်း
ဘက်က အကြောင်းပြချက်တစ်ခုခု ရှိနေရင်လေ၊ အခု မင်း ဘာမှပြော
နိုင်ဘူးလား .. အန်ကယ်လ်တို့က ဘာကိုယုံကြည်ပြီး မျှော်လင့်နေရ
မဲ့ ပစ္စည်းတွေက နိုင်ငံတစ်နိုင်ငံ ထူထောင်နိုင်တယ်နော်၊ ဒီလောက
အကြောင်း မင်း သိပါတယ်၊ အားမနာတမ်း ပြောရရင် မင်းရဲ့ ထစ်ငေါ့နေ
ပြဿနာကို အန်ကယ်လ်တို့ သိခွင့်ရှိရင် သိပါရစေ"

ဖုန်းကိုင်လျက်နှင့် ကျိုခနဲ အံကြိတ်မိ၏။ မာနကြီးသည့် လူတစ်
ယောက်၏ မျိုသိပ်သည်းခံနေရသော မချိတင်ကဲဝေဒနာက လက်တွေ့
အလိုက်ရတော့ နင့်နေအောင် နာ၏။

"အခု ဘာမှမပြောနိုင်ဘူးဆိုရင် အန်ကယ်လ်တို့ဘက်က ဘယ်လို
ဆောင်ရွက်ဆိုလဲ
သဘောထားဖို့ ရှိသလဲ..၊ အဲဒါ အခု ကြေညာလိုက်ပါ."

"ဟာ ... ဒီလို မဟုတ်ဘူးလေ၊ မင်းက လူငယ်ပေမယ့် အန်ကယ်လ်
တို့က ကိုကောင်း ကို လေးစားသလို တန်းတူ ဆက်ဆံခဲ့တာပါ၊ ကျုပ်တို့
က ဒီလိုအခြေအနေထိ ဖြစ်စေရာ မလိုပါဘူး၊ နောက်ထပ်လည်း အလုပ်
လုပ်ကြမယ့်သူတွေ၊ အန်ကယ်လ် မေးလိုက်မိတာ ရှင်းသွားရင် ခွင့်
လွှတ်ပါ၊ မင်းဘက်က အကြောင်းတစ်ခုခု ပြန်တဲ့အထိ ကျုပ်တို့ စောင့်ပါ့
မယ် အတတ်နိုင်ဆုံး မြန်မြန်ပြီးသွားအောင်တော့ မင်း ကြိုးစားပေးပါ၊
နော် .. အိုခေ"

ဒီက စကားပြန်တာကို မစောင့်ဘဲ ဦးထွန်းအောင် ဖုန်းချသွား
သည်။

ဖအေခြေရာကို နင်းနိုင်တဲ့သားလို့ သတ်မှတ်ထားကြတာမို့ သူနဲ့
ဆက်ဆံရေးပျက်မည့်အရေး ရှောင်ကြဉ်သွားကြပေမယ့် တကယ်တော့
တို့ ဖြစ်သင့်ပါသည်။

စိတ်ရှုပ်ထွေးကာ မှန်တာ၊ မှားတာတွေကို ဖယ်ထုတ်၍ ဒီဘက်

www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုက်လျှင်...

"အစ်ကို.."

"လည်ဆွဲ ဘာလဲ.."

"ထမင်းစား .. အမေ!.."

"ဟာ!..."

ခေါ်သံနှင့်အတူ လူက တံခါးရှေ့မှာပေါ်လာကာ ချက်ချင်း ခလုတ်တိုက်ပြီး ရှေ့ကို ဟပ်ထိုးလဲ၏။

သူ ရှေ့ကို ဖျတ်ခနဲ တိုးလိုက်သဖြင့် လည်ဆွဲ ကိုယ်လေး သူ့ရင်ခွင်ထဲ အော်ကိုမစ်တစ် ရောက်လာသည်။

"ကန်တော့ .. ကန်တော့ အစ်ကို..၊ လည်ဆွဲ အဲ့ဒီလိုဖြစ်တိုင်းသာ အစ်ကို အနားမှာမရှိရင် သွားတွေ တစ်ချောင်းမှရှိမှာ မဟုတ်တော့ဘူး"

မတ်မတ်ပြန်ရပ်ဖို့ ကြိုးစားရင်း လည်ဆွဲ တောင်းပန်နေ၏။ သူ့ခေါင်းလေးကို ခပ်ဆတ်ဆတ်လေး လှမ်းပုတ်မိကာ...

"သိရင်လည်း သွားတာလာတာ ဆင်ခြင်ပေါ့။ ဘာတွေ စိတ်စောလာတာလဲ၊ ပြော..."

"ဟို .. ဟိုလေ..."

တကယ်ဖြစ်ခဲ့တာကို ဘယ်လို ပြောရမှန်း မသိ..၊ အိမ်ထဲမှာ နည်းနည်းကျင့်သားရပြီဆိုတာနှင့် ဘယ်နေရာဖြစ်ဖြစ် ကိုယ့်ဖာသာ ထသွားလိုက်ချင်သည်။

အမိုးက ထမင်းစားမယ်ဆိုတာ 'အစ်ကိုကို လည်ဆွဲ သွားခေါ်မယ်' ဆိုပြီး အောက်က တက်လာခဲ့တာ အကောင်း..။

အပေါ်ထပ်မှာ နားစွင့်ရင်း စကားပြောသံကြောင့် ဝရန်တာကခါးနားထိ ရောက်အောင် လာခဲ့တာလည်း ဘာမှမဖြစ်..၊

ဒီမှာ ပြောနေတာတွေ ကြားလိုက်ကာမှ...





"လည်ဆွဲ အစ်ကိုပြောနေတာကို စောင့်ရင်း အဲဒါတွေကို ကြားမိ..."

ဝန်ခံဖို့ပေမယ့် စကားက ရှေ့မဆက်နိုင်ဘဲ ဖြစ်နေခဲ့၏။

"ချောင်းနားထောင်တယ်ပေါ့"

"ဟင့်အင်း .. မဟုတ်ပါဘူး"

မိုးသား အသံက ဒေါသမပါမှန်း သိသော်လည်း ဒါက မဖွယ်ရာသည့်အလုပ်မို့ ပျာပျာသလဲ ငြင်းလိုက်မိကာ...

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဟိုလေ .. ရပ်စောင့်နေရင်း နားထောင်နေလိုက်မိတာ၊ အစ်ကို ဖုန်းပြောပြီးပြီမှန်း သိလိုက်တာနဲ့ လည်ဆွဲ ကို တစ်မျိုးထင်သွားမှာစိုးလို့ ရှေ့ကို အလောတကြီး ထွက်လိုက်တော့.."

"တော်ပါတော့ကွာ .. မင်းကို အပြစ်တင်ဖို့ မေးနေတာ မဟုတ်ဘူး၊ ခိုးရိမ်လို့ပြောတာ၊ အမိုးက ထမင်းစားခေါ် ခိုင်းလိုက်တာလား"

"မဟုတ်ပါဘူး၊ လည်ဆွဲ ဖာသာ တက်လာတာ"

"နောက်ကို ဘယ်နေရာဖြစ်ဖြစ် သတိထားနော်၊ လှေကားက မြင့်တယ်၊ အန္တရာယ်ရှိတဲ့နေရာမှာဆို မလွယ်ဘူး၊ လာ .. သွားမယ်"

တိမ်တိုက် က လည်ဆွဲ လက်ကလေးကို ဆုပ်ကိုင်လိုက်၏။ လည်ဆွဲ က ပြန်ရုန်းကာ...

"အစ်ကို.."

"ဟင် .. ဘာလဲ"

"အစ်ကို လည်ဆွဲ ကြောင့် ပြဿနာတက်နေတာလားဟင်"

"မဟုတ်ပါဘူး၊ တခြားကိစ္စပါ"

"တခြားကိစ္စဆိုရင်လည်း လည်ဆွဲ နားမှာ အစ်ကိုနေရတာကြောင့် မသွားနိုင်၊ မလာနိုင်တွေ ဖြစ်ပြီး..."

"လည်ဆွဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်.."

"လက်လှမ်းမမီတာတွေကို လှမ်းဆွဲပြီး ခေါင်းထဲ မထည့်နဲ့လေ၊ ကိုယ် ပြောပြီးပြီမို့လား၊ ကိုယ့်ဘက်မှာ ဘာတွေဖြစ်နေနေ မင်း ဘာမှ မဖြစ်ရဘူး"

"လည်ဆွဲ အဲဒီလို တစ်ဖက်သတ်ကြီး ရယူနေရတာမျိုးကို မလိုချင်ပါဘူး"

"တစ်ဖက်သတ် မလိုချင်တော့ ဘာပြန်ပေးချင်လို့လဲ.."

လည်ဆွဲ ဖျတ်ခနဲ မော့လာပြီး သူမ ပြောလိုက်တာ အဲဒီလို အဓိပ္ပာယ်ဖြစ်သွားသလားဆိုသော နှုတ်ခမ်းလွှာလေး မပွင့်တပွင့်နှင့်..၊

"မဟုတ်ဘူးလေ၊ အဲဒီလိုလည်း လည်ဆွဲ မှာ ပေးစရာ မရှိပါဘူး၊ ဒါပေမယ့်..."

"ဒါပေမယ့်မနေနဲ့၊ မင်းဆီကလည်း ကိုယ် ဘာမှမမျှော်လင့်ဘူး၊ ဒီစကားမျိုး နောက်ထပ် မပြောနဲ့တော့၊ ကြားရဲ့လား.."

စကားမှားသွားတာကို သူဖာသာပဲ ပြန်ပိတ်လိုက်ပြီး သက်ပြင်းရှိုက်မိ၏။

လည်ဆွဲ နဲ့ သူ့အတွက် မနက်ဖြန်တွေကို မုန်းနေမိသည်လား..။





## အခန်း ( ၁၉ )

"လည်ဆွဲ .. အစ မင်းကို ကိုယ် ပို့ပေးမယ့်ဆိုင်က မိန်းကလေး အသုံးအဆောင် အထည်တွေ ရောင်းတယ်၊ ဒီမှာတော့ မျက်လုံး မမြင်ရ တာကို ဝန်မခံမဖြစ်မှာနော်၊ အထဲမှာနေခဲ့ပြီး မင်း လိုတာ သူတို့ကိုပြော၊ မိန်းကလေးတွေချည်းပဲ ရှက်နေဖို့ မလိုဘူး၊ ကိုယ် အပြင်မှာ ထွက်စောင့်နေမယ်"

ပြောပြီး လည်ဆွဲ ပခုံးလေးကို ဖက်၍ သူ ခေါ်သွားခဲ့သည်။

"ဘာအလိုရှိပါသလဲ .. မေးကြည့်ပါရှင်."

ဒီလိုဆိုင်ထဲကို သူ အထဲထိ ပါသွားခဲ့တာ မျက်နှာကို ဘယ်သွားထွင့်ပစ်ရမှန်း မသိ..၊

ကောင်မလေးတွေကလည်း ဘာအလိုရှိသလဲဆိုပြီး ဘာရှိတယ်၊ ညာရှိတယ်၊ ဆက်ပြောဖို့ကို ခပ်တွန့်တွန့်ဖြစ်သွားကြတော့ ပိုဆိုး၏။

"ဒီလိုဗျာ .. သူက မျက်လုံး ထိခိုက်မိထားလို့ သိပ်မကောင်းဘူး၊ သူ့ သိုအပ်တာလေးတွေ ညီမတို့ ပြည့်စုံအောင် လုပ်ပေးလိုက်ပါ၊ တို့ လှမ်းမြင်ရတဲ့နေရာမှာ ရှိနေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြောလိုက်မှ အားလုံး သဘောပေါက်သွားကြကာ လည်ဆွဲနားကို ရောက်သွားကြ၏။ 'ရပြီ၊ တော်ပြီ'ဆိုမှ သူ ပြန်ရောက်လာပြီး လည်ဆွဲ လက်ကလေးကို လာတွဲ၏။

"ဘာလိုအပ်သေးလဲ ညီမလေး၊ အစ်မတို့ဆိုင်မှာ မိန်းကလေးနဲ့ ပတ်သက်တာ အသေးအမွှားလေးတွေကအစ ရှိတယ်"

"နောက်လည်း လိုအပ်တာရှိရင် လာခဲ့နော်"

"စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်"

"ကျေးဇူးတင်ပါတယ်"

စသဖြင့်သော ဂါဝရတရားများနှင့် တစ်ဆိုင်လုံးက ဆက်ဆံရေးကောင်းကြသည်။ လိုအပ်တာတွေ ဝယ်ခြမ်းနေရသဖြင့် စိတ်လည်း ချမ်းသာပါသည်။ ဒါပေမယ့် ကိုယ် ဝယ်သမျှကို မိုးသား ချည်းပဲ ဒိုင်ခံသယ်နေရပြီမှန်း သိနေသဖြင့် ဆက်မဝယ်ချင်တော့ပေ..၊

"ဘာဖြစ်လဲကွ .. မင်းက ကျန်းမာနေတဲ့သူမှ မဟုတ်တာ၊ ဖြစ်နိုင်ရင် မင်းကိုပါ ကိုယ့်စိတ်ထဲ လုံးထွေးကောက်ထည့်သွားချင်တာ"

လည်ဆွဲ ရင်ထဲမှာ နွေးခနဲ ဖြစ်သွား၏။ ဘာမှ မတော်စပ်တဲ့သူက ရိုးသားပါတယ်ဆိုပြီး ဒီလောက်ထိ ယုယ အနွံတာခံနေခဲ့တာ ဟုတ်မှ ဟုတ်ရဲ့လား..၊

ဒါမှမဟုတ် ပါးစပ်ကနေ ပြောလို့ရတိုင်း ပြောနေပြီး လည်ဆွဲ မမြင်ရတဲ့ သူ့မျက်နှာပေါ်မှာ မုသားဆန်သည့် မဲ့ပြုံးတွေ ရှိနေသည်လား..၊

မိုးသား ဒီလိုလူ မဟုတ်နိုင်တာကို ယုံကြည်ပေမယ့် မရိုးသားသည့် ဝန်ခံစကားမျိုးလည်း မဆိုခဲ့ဘူးတော့ ရင်ထဲမှာ ရှုပ်ထွေးနေမိ၏။

"လူကို ဘာဖြစ်လို့ ခဏခဏ မော့ကြည့်နေတာလဲ"

မမြင်ရဘဲနှင့် ဟန်မဆောင်နိုင်အောင် စူးစမ်းနေတော့ တိမ်တိုက်က ရယ်သည်။ သူမ နှုတ်ခမ်းလေးတွေမှာလည်း ရှက်ပြုံးလေးတစ်ချက်





ထင်လျက်...

"အစ်ကို့ကို မြင်ချင်တဲ့စိတ်တွေ တစ်ခါတလေမှာ အရမ်းဖြစ်တာပဲ"

"ဟုတ်လား..၊ ဒီဘက် တိုးလျှောက်၊ ဟိုဘက်စပ်မှာ လှေကားက ညစ်ပတ်နေတယ်"

"အစ်ကို.."

"ဟင်.."

"အခု ဘယ်ကို သွားနေတာလဲဟင်"

"တတိယထပ်ကို တက်မယ်လေ၊ အခု လှေကားထစ် စတော့မယ်၊ ခြေလှမ်းကို ရဲရဲတင်းတင်းကြီး မလှမ်းနဲ့၊ နည်းနည်းပြန်ထိန်း၊ ဟုတ်ပြီ.. လှေကားထစ်တက်သလို ခြေထောက် တင်လိုက်၊ အင်း .. ရပြီ၊ ဒီတိုင်းပဲ ရဲရဲတက်တော့..."

"လှေကားထစ်တွေ များလားဟင်၊ လည်ဆွဲ ကြောင့် အစ်ကို စက်လှေကားနဲ့ မတက်ရဘဲ ပင်ပန်းနေပြီ"

"ဘာဖြစ်လို့ ဒါတွေပဲ ပြောနေတာလဲ"

"အ!.."

"ဟော .. ဖြစ်ပြီ၊ အဲဒါ စကားများလို့.."

လှေကားနဲ့ ခလုတ်တိုက်တော့ လည်ဆွဲ ခါးလေးကို သူ ဖက်ထားသဖြင့် ဘာမှမဖြစ်လိုက်။ သူ့ရင်ခွင်ထဲကို ရောက်သွားရသည့်အဖြစ်တွေ ကြုံလာတိုင်း သူ့ကိုယ်က မွှေးပျံ့သည့်ရနံ့တစ်မျိုးကြောင့် လည်ဆွဲ ရင်တုန်ပန်းတုန်ဖြစ်ရတာလည်း ခဏခဏ..၊

သူကတော့ ဒီလိုမဖြစ်ဘူး ထင်သည်။ ပြီးတော့ ခါးကို ဖက်ထားတာလည်း နေရခက်နေ၏။

"လှေကားဆုံးရင် လွှတ်မယ်နော်၊ မင်း လဲမှာစိုးလို့"

သူမ ရင်ထဲကအတွေးကို သိနေသလိုမျိုး မိုးသားက ရှင်းပြနေ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ဒီကတော့ ဒီလိုမဟုတ်..၊

ထိုစဉ် တစ်စုံတစ်ခုကို သတိရသွားကာ...

"ဟယ် .. အစ်ကို၊ ဟိုဟာလေး ကျန်နေခဲ့ပြီ"

"ဘယ်ဟာလေးလဲ.."

"အရင်ဆုံး အစ်ကို ဝယ်ပေးတဲ့ ဖုန်းအိတ်လေ၊ ခုနက ဝင်တဲ့ ဘော်လီဆိုင် .. အဲ .. အဲဒီဆိုင်မှာ..."

"ဒါဆို နေဦး၊ ဒီထိပ်မှာ ခဏရပ်နေ၊ ကိုယ် ပြန်ယူပေးမယ်"

"လည်ဆွဲ လည်း လိုက်မယ်လေ၊ လှေကားထိပ်မှာ သူများတွေ ဝင်တိုးသွားမှာပေါ့"

"လှေကားဘက်မှာ လူရှင်းပါတယ်၊ လာ .. ဒီမှာ ခဏကပ်နေ ကိုယ် ချက်ချင်း ပြန်ပြေးခဲ့မယ်"

လည်ဆွဲ သူ ကပ်ပေးခဲ့သည့်နံရံမှာပဲ သာမန်လူလို ခပ်တည်တည်လေး ရပ်နေလိုက်သည်။ အနားမှာ သူမရှိဘူးဆိုသည့်အသိက ဟင်းလင်းပြင်ကြီးအလယ်မှာ ရပ်နေရသလိုလို..၊

ကိုယ့်ကို လူတွေ ဝိုင်းကြည့်နေကြသလိုလို..၊

ဘာဖြစ်တာလဲ လည်ဆွဲ ရယ်..၊ ဒီလူက နင့်နားမှာ ဘယ်လောက်ထိများ နေမှာမို့လို့လဲ..၊ သူ ဒီလောက်ထိ ကိုယ့်အပေါ်မှာ ဂရုစိုက်နေတာတောင် တခြားအကြောင်းတစ်ခုခု ရှိနေမလား နင် တွေးဦး..၊

လည်ဆွဲ ကိုယ့်ကိုယ်ကိုယ် ပြန်အပြစ်တင်ရင်း ဝမ်းနည်းသွားမိသည်။ သူမအဖြစ်က ဖြေ့ဖြစ်ဖြစ် .. မြည်းဖြစ်ဖြစ် အနားမှာရှိနေသူသာ ကယ်တင်ရှင်ဖြစ်၏။ ထိုလူ ကိုယ့်အပေါ် ယုတ်မာသွားမည်လား၊ တကယ် စေတနာထားသည်လား၊ ဒါလည်း ကိုယ့်ရဲ့ကံကြမ္မာပဲ ဖြစ်သည်။

တစ်ခါတလေကျတော့လည်း ကံကိုယုံပြီး ဆူးချုံနင်းပစ်ချင်မိသည်။ မိုးသား ကို သူမ မမြင်မစမ်း ရမ်းသမ်းပြီးတော့ပဲ စိတ်ဝင်စားနေမိ





ပြီ ဖြစ်သည်။ ဘုရား .. ဘုရား ဒီ့ထက် မပိုပါစေနဲ့၊ မချစ်မိပါစေနဲ့..၊

"ပန်းလည်ဆွဲ"

"ဟင်!..."

ထူးလိုက်တာ မဟုတ်ဘဲ ထိတ်ခနဲဖြစ်သွားသဖြင့် အသံပါ ပါသွားခဲ့၏။ စီးကရက်နံ့တွေ၊ ကွမ်းယာနံ့လား၊ အရက်နံ့လား မသိသော စူးရှရှ ချွေးနံ့ဆိုးတွေ ခေါ်သံနှင့်အတူ ထိုအနံ့တွေက နှာခေါင်းထဲ ဝင်လာ၏။

သူမရှေ့ကို ရောက်လာကြတာ နှစ်ယောက်လား .. သုံးယောက်လား၊ တစ်ယောက်တည်း မဟုတ်တာတော့ သေချာ၏။

"မင်းက ချမ်းသာ ရဲ့ညီမမို့လား.."

နောက်ထပ် မေးခွန်းကို နောက်တစ်ယောက်က မေး၏။

'ကိုကြီးကို လိုက်နေတဲ့လူတွေ' ဆိုတာ သိလိုက်သည်နှင့် လည်ဆွဲ မျက်နှာလေး နာကြည်းမှုများနှင့် နီရဲတင်းမာသွား၏။ လူဆိုးတွေမှန်း သိနေပြီး ကြောက်လန့်ဖို့ မေ့သွားခဲ့လျက်...

"ဟုတ်တော့ .. ဘာဖြစ်လဲ.."

"အံမာ .. ဖြေပုံက မာရေကြောရေနဲ့"

"နေစမ်းပါဦး မင်းကလည်း၊ ဒီလောက်လှနေတာကို ဒေါသတွေ မပေးပါနဲ့၊ ဟဲ .. ဟဲ .."

"ဟိတ်ကောင် မင်းညို .. ဒီအခြေအနေမှာ မင်းကို ဖွန်ကြောင်ခွင့် မပေးနိုင်ဘူး၊ ဖယ်ပေး .."

သူတို့ ဘယ်လိုအခြေအနေ ရှင်းနေကြမှန်း ကြားနေရကာ လည်ဆွဲ ဒေါသတွေ ဆတိုးဖြစ်လျက်...

"လူယုတ်မာတွေ၊ ငါ့အစ်ကိုကို မသေရုံတမယ် ဝိုင်းထိုးကြတာ"

"ဘာပြောတယ်..၊ အံမာ .. ငါတို့က မသေရုံတမယ် ထိုးတာယ် ဟုတ်လား၊ နင့်ကို ဒီကောင်က ဒီတိုင်းပဲ ပြောတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတာ မပဲ့တ်ဘူး၊ ငါကိုယ်တိုင် မြင်တာ၊ နင်တို့ကြောင့် ငါ့အစ်ကို သေရတာ ငါ့မျက်စိရှေ့တင်"

လည်ဆွဲ ကလည်း အော်သည်။ သူတို့ကလည်း မခံ..၊

"ဘာတွေ ပြောနေတာလဲ၊ နင့်အစ်ကိုကသာ ငါတို့ကို တစ်ပတ်ရိုက်ထားခဲ့တာ၊ အလုပ်မလုပ်ချင်တော့သလိုလို၊ ပြန်တော့မှာလိုလိုနဲ့ ဟန်ဆောင်ကောင်းပြီး သဘာဝကျအောင် သူ့ငွေကားကို မောင်းပြလိုက်သေးတယ်၊ ငါတို့ကတော့ စိတ်မကောင်းတွေဖြစ်လို့ ရည်ရွယ်ချက်တွေထားပြီး မအောင်မြင်သေးဘဲ ပြန်သွားတယ်ပေါ့"

"လွှမ်းပြမနေနဲ့ ဟိတ်ကောင်၊ အဲဒါ နှစ်ပေါက်တစ်ပေါက်ကောင်ရဲ့ ညီမ၊ လိုရင်းကို မြန်မြန်ပြောလိုက်.."

အသံကြားပုံအရ သူတို့က သုံးယောက်ဖြစ်သည်။ လည်ဆွဲ မျက်လုံးမမြင်တာကိုလည်း သူတို့ သိကြပုံမရပေ..၊

သိလျှင် ဘယ်လိုနေမလဲ..၊ ထိတ်လန့်ခြင်းက အစပြု၏။

"ပန်းလည်ဆွဲ .. မင်းအစ်ကိုထားခဲ့တဲ့ ပစ္စည်းတွေက ငါတို့လည်း ရသင့်တယ်၊ အဲဒီတော့ ဘာလုပ်ရမယ်ဆိုတာ နင် သိတတ်ရင် အားလုံး ငြိမ်းချမ်းမှာပဲ"

"အံ့ကြွယ် ရာ..၊ အလှူခံနေတာကျနေတာပဲ၊ ဟိတ် .. ဒီမှာ အဲဒီပစ္စည်းတွေထဲက တစ်ဝက်ကို နင်ယူ၊ တစ်ဝက် ငါတို့ကိုပေး.."

"ဘာ!..."

"ဒါ အများကြီး သဘောထားကြီးထားတာ၊ ငါတို့ ခွဲယူရမှာက ငါးယောက်တောင် .."

"ဘာတွေ လာပြောနေတာလဲ မသိဘူး"

"ဘာပြောတယ်.."

တစ်ယောက်က လည်ဆွဲ ရှေ့ကို နီးကပ်သွားအောင် ထပ်တိုးလိုက်





သည်။ သူ့ရင်ဘတ်ရှေ့မှာ လက်တစ်ဖက် ထိန်းဘန်းသွားကာ တစ်ချက်တည်း ရင်ဘတ်ကို လက်ပြန်တွန်းလိုက်သဖြင့် နောက်ယိုင်သွား၏။

"ဟင်!... မင်း .."

မင်းညို မျက်လုံးပြူးသွားကာ ယိုင်သွားသည့်ကိုယ်က နောက်ကို နောက်အလျောက် ထပ်ဆုတ်မိလျက်သား ဖြစ်ခဲ့၏။

"မင်း .. မင်းက .."

"တိမ်တိုက်"

လက်ပြန်ရိုက်ချက်ပဲ ဖြစ်၏။ အတွန်းခံလိုက်ရသူနှင့် အရိုက်ခံရသူ နှစ်ယောက် ထပ်လျက်သား တစ်ဆစ်ချိုး လှေကားပေါ် ပစ်ကျသွားကြသည်။

ဘယ်သူလဲ..၊ ဘာတွေ ဖြစ်ကုန်တာလဲ..။ သူမ နှစ်သက်သည့် အမွှေးနံ့ကြောင့် မိုးသား ရောက်လာမှန်း သိလိုက်ပြီး ဝမ်းသာသွားသည့် အခိုက်က 'တိမ်တိုက်'လို့ ခေါ်သံကြောင့် ဇဝေဇဝါ ဖြစ်သွား၏။

ထပ်ရောက်လာတာ ကယ်တင်ရှင်လား .. ဒါမှမဟုတ် အဲဒီရိုက်ကောင်တွေ မကြာခင် သူမဆီ ရောက်လာဟော့မည်လား..။

နံရံမှာ ကျောကပ်မိသွားအောင် ဆုတ်လိုက်ရင်း မိုးသား မြန်မြန် ရောက်လာပါစေဟု ဆုတောင်းနေမိသည်။

သို့သော် အသံတွေ တိတ်ကျသွားခဲ့ပြီး...

"လည်ဆွဲ.."

"ဟင်!.. အစ်ကို.."

"ဆောရီးကွာ၊ ကိုယ် ပြန်ဆင်းသွားတုန်း အရေးကြီးတဲ့ဖုန်း ဝင်လာလို့ စကားရပ်မပြောနေလိုက်တာ"

ပြုံးမှုနေကျအတိုင်း တွဲခေါ်ပြီဆို လည်ဆွဲ ရဲ့လက်ဖဝါးလေးကို ထပ်ဆုပ်ကိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အရှမ်း ကြောက်သွားလား"

"အစ်ကိုက ဘယ်လိုလုပ် ရောက်လာတာလဲ၊ ခုနက တိမ်တိုး
ဆိုတဲ့လူရော..."

"သူတို့ အချင်းချင်းနေမှာပေါ့၊ ကိုယ် ပြေးဟက်လာတုန်းပဲ သူ
ထွက်သွားကြတာ"

"ဟင့်အင်း .. အချင်းချင်း မဟုတ်ပါဘူး"

လည်ဆွဲ မျက်မှောင်ကုပ်နေလျက်နှင့် ခေါင်းခါ၏။

"သူတို့ ရန်ဖြစ်နေကြတာ.."

"ကိုယ် မြင်လိုက်ပါတယ်၊ ရန်ဖြစ်တာ မဟုတ်လောက်ပါ
တစ်ယောက်က အပေါ်က ဆင်းလာတာ၊ သူတို့ကို နိုင်တဲ့သူဖြစ်မှာ
အတူတူပြန်ထွက်သွားကြတယ်၊ မင်းကို ဘာတွေလာပြောသွားတာ

"ကိုကြီးရဲ့ပစ္စည်းတွေတဲ့.၊ လည်ဆွဲ မှ မသိတာ"

"ဒီလိုလူတွေ ပေါ်လာနိုင်တယ်လို့ ကိုယ် ပြောခဲ့သားပဲ၊ ကဲပါကွာ
ကိုယ့်ရဲ့ ရွာမှာဖြစ်ဖြစ်၊ ရှေ့မှာပဲဖြစ်ဖြစ် မင်းကို ကာကွယ်ပေး
တဲ့ ကိုယ့်ရဲ့ဘုန်းကံရှိပါကြောင့် မင်း ဘာမှမဖြစ်စေရဘူး၊ မကြော
တော့နော်"

လည်ဆွဲ စိတ်ချလက်ချဖြစ်သွားပြီး ခေါင်းလေးညိတ်ရှာသည်
တိမ်တိုက် လည်ဆွဲ လက်လေးကို ဆွဲလာခဲ့ရင်း စိတ်ထဲက တောင်း
မိ၏။

မေတ္တာ ကရုဏာတွေနဲ့ သုံ့ကဲ့ 'မှသား' ပါ လည်ဆွဲ ရယ်..၊ ကိုယ့်
ခွင့်လွှတ်ပါ..၊

တကယ်ဆိုရင် မင်းရဲ့ဘေးမှာ ရှိနေတဲ့ မိုးသား ဆိုတဲ့ကောင်က





## အခန်း (၂၀)

အိမ်ရှေ့ရောက်နေပေမယ့် ကားပေါ်က မဆင်းဖြစ်သေးဘဲ မြည်
သည့်ဖုန်းကို ဖွင့်လိုက်၏။

"လေးလေး .. ဘာကိစ္စရှိလို့လဲ"

"အေး .. မင်းက ဖုန်းမဆက်ပါနဲ့ဆိုပေမယ့် ကိုထွန်းအောင် နဲ့
ပြောတဲ့ကိစ္စ အဆင်ပြေသွားသလား သိချင်လို့လေ..၊ အဲဒီကိစ္စလည်း ငါ
ဘက်ကို ညွှန်ပြလိုက်တာ မဟုတ်ဘူး တိမ်တိုက်၊ သူတို့ပုံစံကိုက ဒီ
ကို..."

"ကျွန်တော် စကားကုန်ပြောပြီးပြီ"

"ဘယ်လို!..."

"ဒီတစ်ခါ သူတို့ဆက်သွယ်ရင် ကျွန်တော့်ကိုပဲ ဆက်သွယ်မှာပါ"

"နေပါဦး တိမ်တိုက် ရယ် .. လေးလေး တစ်ခုတော့ သိပါရစေ၊
မိန်းကလေးနဲ့ပတ်သက်ပြီး ဒီပြဿနာကို လုံးဝ လက်လွှတ်လိုက်မှာ
အရုံးထိ တစ်ခါတည်း ဆုံးဖြတ်ထားတယ်ဆိုရင်လည်း အရ ပြော
လိုက်ပါ၊ တကယ်ဆိုရင် မင်းကလွဲပြီး ကျန်တဲ့လူအားလုံးက မိုးသား

www.burmeseclassic.com



မျက်နှာ ရဲ့ အပြင်လူတွေပါ၊ လေးလေးတို့ ကြိုးစားနေကြတာ မင်း
အတွက်..."

"ကျွန်တော် နားလည်ပါတယ် လေးလေး၊ ဒါကို ဖျောက်ဖျက်
မဖ့လျော့ပစ်ဖို့ မလွယ်မှန်းလည်း သိတယ်၊ ဒါပေမယ့် ဒီမိန်းကလေး
မျက်မမြင်ဘဝနဲ့ ရှိနေသမျှ သူ့အပေါ် အနိုင်ကျင့်တာမျိုး အခွင့်အရေး
မယူချင်ဘူး၊ အခု ကျွန်တော်က သူ့ကို စောင့်ရှောက်ထားတဲ့သူ ဖြစ်နေ
တယ်၊ အဲဒါကြောင့် သူ ပြန်ကောင်းလာအောင် ကျွန်တော် အမြန်ဆုံး
ကြိုးစားနေတာ၊ ကောင်းသွားပြီဆိုရင် ကျွန်တော်ကိုယ်တိုင် မျက်နှာချင်း
ဆိုင် မေးမှာပါ"

"အေးလေ..၊ အဲဒီလို သိရတော့လည်း စိတ်အေးသွားပါပြီ၊ အခု
မင်းအပေါ် လည်း သိပ်နေမကောင်းဘူး၊ ရန်ကုန်ကို ဆင်းလာချင်နေတာ"

'မင်းရဲ့ စိတ်နဲ့'လို့ မပါပေမယ့် ကိုယ့်ကြောင့် အန်တီ ဖြစ်နေတာမှန်း
သူ သိသည်။ ဒါပေမယ့်...

"မလာပါစေနဲ့၊ ကျွန်တော် ခုချိန်မှာ ဒုက္ခရောက်နေတဲ့သူကို ကူညီ
နေတဲ့ သာမန်လူတစ်ယောက်အဖြစ်နဲ့ပဲ ရှိနေချင်တယ်"

လေးလေး ပြောဖို့ရှိသေးတာကို သိပေမယ့် သူ ဖုန်းချပစ်လိုက်
သည်။ ကားကို နောက်နည်းနည်း ပြန်ဆုတ်၍ နေရာဟကျ ရပ်ပြီး
ဆင်းခဲ့လျှင် ဖိုးခွား က တံခါးဖွင့်လျက် အသင့်စောင့်နေ၏။

"ဦး နောက်ကျတယ်နော်၊ အန်တီတောင် အိပ်ပျော်သွားပြီ"

ဖိုးခွား က ကလေးပီပီ သွက်သည်။ ပြောသင့်သင့် မသင့်သင့် စိတ်
ထဲရှိတာကို ပြောလိုက်တာပဲ ဖြစ်၏။

"အေး.."

သူ တစ်ခွန်းပဲဖြေပြီး အထဲဝင်လိုက်သည်။ ဖိုးခွား က တံခါးပြန်
ပိတ်နေသဖြင့်...





"ဦးကို ပေး.."

"ရပါတယ် ဦးရဲ့၊ ကျွန်တော် တံခါးတွေ လိုက်ပိတ်နေကျပါ"

ဖိုးခွား က သူ့ပဲ တံခါးပိတ်လိုက်ရင်း စကားလည်း ပြောလျက်...

"ခုနက အမိုး စောင့်နေသေးတယ်၊ အန်တီနဲ့ စကားပြောနေတာ၊
အန်တီ အိပ်သွားတော့မှ ပုတီးစိပ်ဦးမယ်ဆိုပြီး ဝင်သွားတာ.."

အမိုးက ကရင်ပေမယ့် ဗုဒ္ဓဘာသာတွေပဲမို့ အစစ အဆင်ပြေနေ၏။
ဖိုးခွား ပြောတာ နားထောင်ရင်း သူ အထဲဝင်လာတော့ ဧည့်ခန်းမှာ
လည်ဆွဲ ခွေခွေခေါက်ခေါက်လေး အိပ်ပျော်နေတာကို မြင်လိုက်ရသည်။

"ဟာ!... လည်ဆွဲ ဒီမှာ အိပ်နေတာလား"

"ဟုတ်တယ် ဦး ရေ..၊ အမိုးက သွားအိပ်ပါဆိုတာ မရဘူး၊ အစ်ကိုက
ဒီလိုမျိုး မိုးချုပ်တဲ့အထိ မနေဖူးဘူးတဲ့၊ ရှစ်နာရီတောင် ကျော်နေပြီဆိုပြီး
အဲဒီမှာပဲ ငုတ်တုတ်ထိုင်နေတာ"

သူ နာရီ ငုံ့ကြည့်မိတော့ ကိုးနာရီထိုးတော့မည်။ ကိုင်ထားသည့်
ကားသော့ကို စားပွဲပေါ်မှာ ချထားလိုက်ပြီး ကျောမှီလျက်လေးနှင့် ခွေကျ
သလို ဖြစ်နေသည့် လည်ဆွဲ ကို အသာလေး ပွေ့ယူလိုက်သည်။

ပြီးတော့ ခြေလှမ်းများက အပေါ်ထပ်ကို တောက်လျှောက်ဟက်ခဲ့
ဆဲ ဖိုးခွား တိတ်ဆိတ်စွာရပ်ကြည့်နေရင်း လှေကားကနေ တိမ်တိုက်
ပျောက်ကွယ်သွားတော့ လှေကားရင်းထိ လျှောက်လာပြီး အပေါ်ကို
မော့ငေးနေသေးသည်။

နောက်ထပ်၍ ဟားခနဲ ရယ်ရင်း ပါးစပ်ကို ကမန်းကတန်းပိတ်၍
စိတ်ထဲမှာ...

"ကြည့်လို့ကောင်းလိုက်တာ၊ ဟီး .. ဟီး"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၁ )

စမ်းသပ်စစ်ဆေးမှုတွေလုပ်ပြီး ပြန်လာကြတော့ လည်ဆွဲ မျက်နှာလေး ပြုံးကြည်နေခဲ့၏။ ကားမောင်းနေရင်း မကြာခဏ ငဲ့ကြည့်ဖြစ်ရင်း တိမ်တိုက် သက်ပြင်းတွေပဲ ချနေမိသည်။

မျက်လုံးကတော့ ခွဲစိတ်ဖို့ သေချာသွားပြီဖြစ်၏။ အာရုံကြောတွေနဲ့ပါ ဘိုက်ရိုက်သက်ဆိုင်နေလျှင် ပြန်ကောင်းဖို့ဆိုတာကတော့ ငါးဆယ်ရာခိုင်နှုန်းပဲ ဖြစ်သည်။

သူ့အတွက်က လည်ဆွဲ ပြန်ကောင်းလျှင်လည်း သူမအတွက် ဝမ်းသာစရာပေမယ့် သူ့ဘက်မှာ ချမ်းမြေ့ဖွယ် မရှိပါ။

အကယ်၍ ပြန်ကောင်းမလာခဲ့ရင်တော့..

"အစ်ကို.."

"ဟင်.."

"တိတ်နေတာပဲ၊ ဘာတွေ စဉ်းစားနေတာလဲဟင်"

အတွေးထဲမှာ ခဏ နစ်မျောသွားသဖြင့် လည်ဆွဲ မျက်နှာလေး ညှိုးငယ်နေတာကို မြင်လိုက်တော့ သူ အံ့သြသွားသည်။





ခုနက ပြုံးလို့ ကြည့်လို့..၊

"မစဉ်းစားပါဘူး၊ ဘာဖြစ်လို့လဲ လည်ဆွဲ .."

လည်ဆွဲ က သူ့မျက်နှာဆီကို မရောက်နိုင်သော အကြည့်လေးတွေကို ဝေ့လျှက်...

"အဲဒီလို မှုန်ကုပ်လိုက်တာက လည်ဆွဲ လို မျက်မမြင်တစ်ယောက်အတွက် ပိုပြီး ကြောက်ခဲ့ရပါတယ် အစ်ကို..၊ အစ်ကို တွေးနေတာ တစ်ခုခုကို လည်ဆွဲ သိပါရစေ၊ ပြောပြပါ.."

သူ ကားကို တစ်နေရာရာမှာ ရပ်ဖို့ မျက်လုံးကစားရင်း ရှာဖွေရင်းဖို့ကြိုးစားရ၏။

"တွေးနေတာလည်း မင်းအကြောင်းပါပဲ လည်ဆွဲ ရယ်..၊ မင်းရဲ့ အကွယ်ရာမှာလည်း ဒေါက်တာနဲ့ ကိုယ် တိုးတိုးဆွေးနွေးခဲ့တာ ဘာမှ မရှိဘူး၊ အဲဒီလို ဆွေးနွေးရအောင်လောက်အောင်လည်း မင်းရဲ့အခြေအနေက ဆိုးသေးဘူး၊ ကိုယ်က ဘာကို မှုန်ကုပ်ရမှာလဲ"

တိမ်တိုက် ကားကို ကော်ဖီဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်လိုက်ရင်း သူ ချရင်ဆင်းသည်။ ပြီးတော့ ဝိတ်တာကိုခေါ်၍ ဆိုင်အောက မယ်ဇလီပင်လေးနားမှာ စားပွဲထုတ်ပေးဖို့ ပြောလိုက်၏။

"လာ .. ကိုယ်တို့ တစ်ခုခုစားရင်း စကားပြောရအောင်"

"လည်ဆွဲ မစားချင်ပါဘူး"

"စားလိုက်ပါကွာ..၊ မနက်ကတည်းက ထွက်လာတာ၊ မင်း ဆာနေမှာပေါ့"

တိမ်တိုက် က တံခါးကိုဆွဲဖွင့်ပေးပြီး လည်ဆွဲ လက်ကလေးကို ဆွဲခေါ်လိုက်သည်။

လည်ဆွဲ က လက်ကိုပြန်ရုန်း၍ ခေါင်းခါသည်။ ပြီးတော့ သူ့လက်ကိုက ထပ်ကိုင်ပြီး ဖယ်ချပြီးကြိုးစားလျှက်...



www.burmeseclassic.com

www.burmeseclassic.com



"လည်ဆွဲ မေးတာ အစ်ကို အမှန်အတိုင်း ဖြေမှာလား"

"ဘာလဲ..၊ ကဲ .. ဖြေမယ်ကွာ၊ လာ .. ဆင်း.."

လည်ဆွဲ နှုတ်ခမ်းလေး ဖိပိတ်ထားပျက် သူ့ ဆွဲချတဲ့အတိုင်း ပါလာသည်။

"ဒီမှာ ထိုင်..၊ ကော်ဖီဆိုင်ပေမယ့် ဒါ ဆိုင်ထဲမှာ မဟုတ်ဘူး အပြင်က သစ်ပင်အောက်မှာ၊ ပတ်ဝန်းကျင်ကလည်း သန့်တယ်၊ အခြား အနားမှာ လူမရှိဘူး။ မင်း စိတ်ကျဉ်းကျပ်မှာစိုးလို့ ပြောပြတာ.."

လည်ဆွဲ မျက်လုံးထဲမှာ ပတ်ဝန်းကျင် အနေအထားကို မြင်သာ အောင် သေချာပြောပြတတ်တာ မိုးသား ရဲ့စေတနာတွေပဲ ဖြစ်သည်။

ဒါကို သူမ မသိလို့ မဟုတ်ပါ။ သိလို့လည်း ခက်နေတာဖြစ်၏။ ဒီယောက်ျား၏ ဂရုစိုက်စောင့်ရှောက်ခြင်း၊ ယုယ ကြင်နာတတ်ခြင်းတွေ ကို မက်မောတတ်ခဲ့ပြီးသည့်နောက်..၊

"ပြီးတော့ ဒီကနေ ဆယ်ကိုက်လောက်အကွာမှာ ငှက်လှောင်အိမ် ကြီး တစ်ခုရှိယ်၊ အဲ .. လှောင်အိမ်က ခြောက်ပေ၊ ခုနစ်ပေ ပတ်လည် လောက်ရှိမယ်၊ အကြီးကြီးပဲကွ၊ ဒီဆိုင်က အလှမွေးထားတာ ထင်တယ် ငှက်ကလေးတွေ တော်တော်လှတယ်၊ ပြီးတော့.."

"အစ်ကို.."

"ဟင်.."

"လည်ဆွဲ မေးခွန်းတွေ မေးမှာစိုးလို့ စကားလမ်းကြောင်းတွေ လွှဲနေတာလား"

"လွှဲနေလည်း မင်း မေးမှာပဲမို့လား"

တိမ်တိုက် က လည်ဆွဲ မျက်နှာလေးကို စိုက်ကြည့်ပြီးရယ်ကာ-

"ကိုယ်က ဘယ်နေရာကိုရောက်ရောက် ကိုယ် မြင်နေသလို မင်းရဲ့ စိတ်မျက်လုံးမှာ မြင်လို့ရအောင် စေတနာနဲ့ပါ"





လည်ဆွဲ ကို ပြောလိုက်ရင်း နို့တစ်ခွက်နဲ့ မုန့်တွေ မှာသည်။ သူ့ အတွက်က ဟော့ဒေါ့ဝ်ကော်ဖီ..

"တစ်ဂရုစားဆိုပြီးတော့ ဒီနှပ်"

အသံကို နားထောင်ပြီး လည်ဆွဲ မ..ကျမနပ် ပြောပြန်သည်။ တိမ်တိုက် က ရယ်ရင်း လည်ဆွဲ ဆံပင်လေးကို လှမ်းကိုင်၍..

"နှုတ်ခမ်းစူနေတာ ကလေးပေါက်စလေး ကျနေတာပဲကွာ၊ နာခေါင်းဆွဲညှစ်မိတော့မယ်၊ မင်းနဲ့အဆင်ပြေတာ ဒါပဲရှိတာ မဟုတ် ဘူးလား"

"အဲဒါ လူမမာစာတွေပဲ၊ အိမ်မှာလည်း ဒါပဲ"

"လူမမာမို့လို့ ကျွေးတာ မဟုတ်ဘူး၊ ဒီလိုနေရာမှာ မင်းဟာမင်း အဆင်ပြေပြေ စားသောက်လို့ရတာကို ရွေးရတာ၊ ဒါမှမဟုတ်ရင် ချင်တာ စားမှာလား၊ ကိုယ် ခွံ့ကျွေးတာကို စားရမှာလေ.."

ဒါလည်း ဟုတ်သည်။ လည်ဆွဲ မျက်မှောင်ကုတ်နေတာလေး ပြေကျသွား၏။ ဒါတောင်မှ နို့ပန်းကန်ကို သူကိုယ်တိုင် လည်ဆွဲ လက် ကိုကိုင်ပြီး ထိကပ်ပေးရမည်။ မုန့်စားမယ်ဆို လက်ထဲကို သူပဲ ထည့်ပေး ရမှာ ဖြစ်၏။

တွေးမိသွားပြီး လည်ဆွဲ အပြစ်ကင်းမိတာကို အားနာသွားသည်။ ဘိုစဉ် စားစရာတွေ ရောက်လာတော့ နာခေါင်းထဲမှာ အနံ့မျိုးစုံ ဝင်လာ သည်။

"ဟော့ဒေါ့ စားမလား"

"နေပါစေတော့၊ မုန့်တွေ မစားချင်ဘူး"

"နို့လည်း မသောက်ချင်ဘူးလား၊ ဒါဖြင့်လည်း စားချင်တာ ပြောလေ၊ ကိုယ် ခွံ့ကျွေးမှာပေါ့၊ ဒီနားမှာ ကြည့်မယ့်သူ သိပ်မရှိပါဘူး"

"မဟုတ်ပါဘူး၊ နို့ သောက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အပွန်း .. လိမ္မာတယ်"

ခေါင်းကို လှမ်းပုတ်ပြီး ဆံပင်ကိုပါ ဖွသွားသည်။ လည်ဆွဲ ရဲ့ဆံပင်တွေဟာ သူ ဒီလို နေ့တိုင်း တို့ထိမွှေ့ယမ်းနေလို့ အဓိပ္ပာယ်ရှိနေခဲ့သည်လား..၊

မိုးလင်းတာနှင့် အရင်ဆုံးကိုင်မိတာက ဘီး ဖြစ်နေသလို ဆံပင်တွေကို ဖြီးနေရင်း သူ လှမ်းပုတ်တတ်သည့်နေရာလေးတွေကိုလည်း စမ်းကြည့်မိသည်။

ပြီးတော့ သူ လှမ်းဖွလိုက်တိုင်း ဘယ်ဘက်ဆံစလေးတွေကို ဖြန့်ကာ သူ့လက်နဲ့ မထိတထိဖြစ်သွားတတ်သည့် ပါးပြင်လေးကို စမ်းခိုတိုင်လည်း ရင်တွေခုန်သည်။

မမြင်ဖူး မသိဖူးခဲ့သည့် လူတစ်ယောက်အပေါ်မှာ သူ့ဘက်ကလည်း မရိုးမသား စကားတစ်ခွန်း၊ တစ်စုံတရာသော အပြုအမူမျိုးနှင့် မစခဲ့ပါဘဲ သူ့မ ဒီလောက်ထိ ရွှလမ်းနေမိခဲ့သည်။ ဒါပေမယ့်...

"အစ်ကို့ကို ပြန်မေးလေ၊ ရော့ .. ဒါလေး သောက်ရင်းနဲ့ပေါ့.."

နို့ကို ပန်းကန်လုံးတစ်ခုထဲ ခွဲထည့်မည်။ သောက်လို့ရတဲ့အထိ သူ့ သေချာမှုတ်ပြီးမှ သက်ထဲကို ထည့်ပေးတာမှန်း လည်ဆွဲ သိသည်။

ထို့ကြောင့် ထည့်ပေးထားတာကို ကုန်အောင်သောက်လိုက်ပြီး...

"တော်ပြီ.."

"တစ်ဝက်တောင် မရှိဘူး လည်ဆွဲ ရာ..၊ ဒီမှာ အေးအောင် မှုတ်ထားရတာ၊ နည်းနည်းထပ်သောက်.."

"တော်ပါပြီဆို.."

"ပြီးရောကွာ၊ ကဲ .. မေးကိုမေးချင်နေတာ မေးတော့.."

သူ ပြောလိုက်တာကို လည်ဆွဲ ရယ်မိကာ ကုန်သွားသည့်ပန်းကန်ကို သူ ယူတော့ အသာလေး လွှတ်ပေးလိုက်ရင်း...



"အစ်ကို .. ဖြီးစလွယ် မဖြေနဲ့နော်"

"လူကို မယုံကြည်တာလား"

"အဲဒါနဲ့ မဆိုင်ပါဘူး"

"မဆိုင်ရင် မေး..."

ခုမှ မိုးသား စားသောက်ရပုံပေါ်ကာ လည်ဆွဲ မေးမှာကို နားစွင့်မျက်နှာကို စိုက်ကြည့်နေမယ်ဆိုတာလည်း သူမ သိနေသည်။

"ဒေါက်တာနဲ့တွေ့ပြီးတော့ အစ်ကို တစ်ခုခုတွေးသွားတာ လည်ဆွဲ ...တယ်၊ အဲဒီတစ်ခုခု ဘာလဲဆိုတာလည်း လည်ဆွဲ တွေးမိပါတယ်၊ ...ယ်တော့ မျက်လုံးခွဲစိတ်တော့မှာဆိုပြီး ဝမ်းသာပေမယ့် မြင်ရဖို့ ...ရဖို့ကလည်း ငါးဆယ်ရာနှုန်းစီပဲရှိတာ၊ ကုန်ကျမယ့်စရိတ်ကလည်း ...တာ မဟုတ်ဘူးလေ၊ အစ်ကို့အတွက်..."

"လည်ဆွဲ .. မင်း ကိုယ့်ကို မေးခွန်းထုတ်ချင်တာလား၊ ဝေဖန်...သပ်နေမှာလား"

"အဲဒါတွေ တကယ် မဟုတ်လို့လား၊ အစ်ကို စိတ်ညစ်သွားတယ်...တာ လည်ဆွဲ ခံစားမိတယ်"

"မဟုတ်ဘူးလို့ ပြောလည်း မင်း မျိုသိပ်ပြီး သံသယတွေနဲ့ ဟိုဟိုဒီဒီ...နေဦးမှာပဲ၊ ခက်တာပဲကွာ.. ဘာဖြစ်လို့ ဖြေရခက်တာ တွေချည်း...နေရတာလဲ.."

"မခက်ပါဘူး၊ လည်ဆွဲ ကို အစ်ကို ရင်းနှီးတယ်ဆိုရင် အေးအတူ...မျှ တိုင်ပင်ပေါ့"

"မင်းက ကိုယ့်အတွက် တိုင်ပင်ရမယ့်သူ မဟုတ်ဘူး လည်ဆွဲ၊ ...အတူပူအမျှ မျှဝေခံစားခိုင်းဖို့လည်း ကိုယ် ဘယ်တော့မှ စိတ်ကူး...ဟုတ်ဘူး၊ အဲဒါ မင်းကို နေ့မလောင်၊ မိုးမခအောင် တယုတယ...စောင့်...ထားချင်တဲ့ ကိုယ့်စေတနာ.."

www.burmeseclassic.com



"ဒါဟာ အစ်ကို့စေတနာပဲ၊ လည်ဆွဲ ကကျတော့ အစ်ကို့ကို ဘာ
နားလည်ခွင့်မရတဲ့ အပြင်လူတစ်ယောက် ဖြစ်မနေဘူးလား"

"မင်း ကိုယ့်ကို မယုံကြည်တာတွေ ရှိနေလို့ ဖြစ်မှာပါ"

"ဘယ်လို!..."

"ကိုယ် မင်းအပေါ်မှာ ထားခဲ့တဲ့စေတနာက အားလုံးသော
စေတနာတွေထက် ပိုတယ် လည်ဆွဲ၊ စေတနာနယ်လွန်လို့ ကိုယ့်ဘက်
ဘာတွေဖြစ်သွားသွား မင်းအတွက်ဆို ကိုယ် ဘာမှမစဉ်းစားဘူး၊ အ
တစ်ဝက်လောက် မင်း ကိုယ့်ကို ယုံကြည်လိုက်ရင် အားလုံး ငြိမ်း
သွားလိမ့်မယ်"

လည်ဆွဲ သူ့အသံကို နားထောင်နေရင်း မျက်ဝန်းအိမ်မှာ မျက်ရ
တွေ ပြည့်တက်လာ၏။ ကိုယ်ကရော ဒီလိုစေတနာမျိုး မထားရ
ဘူးလား..၊

နယ်လွန်တဲ့ စေတနာဆိုတာ ဘာလဲ..၊ ကိုယ် မသိတဲ့ ယောက်
တစ်ယောက်ကို တမ်းတမ်းစွဲအောင် ချစ်မိနေတဲ့ မိန်းမတစ်ယောက်
နယ်လွန်စေတနာမျိုး မရှိနိုင်ဘူးတဲ့လား..၊

လည်ဆွဲ ကျတော့ မျက်မမြင်တစ်ယောက်မို့ ဒါတွေကို အသိအမှ
မပြုတာလား..။

"လည်ဆွဲ.."

လည်ဆွဲ စားပွဲပေါ်တင်ထားသည့် လက်ဖမိုးပေါ်မှာ တိမ်တို
က ထပ်ဆုပ်ကိုင်ကာ..

"မငိုနဲ့ကွာ..၊ မင်း မျက်ရည်ကျခဲ့တာတွေက ကိုယ်နဲ့ မသက်ဆိ
ဘူးလို့ ထင်ခဲ့တာတောင် အဲဒီမျက်ရည်တွေကို ကိုယ် မနှစ်မြို့ခဲ့ဘူး၊ အ
ဘာဖြစ်လို့ ငိုတာလဲ..၊ ကိုယ်ပြောတာ မှားသွားလို့ရှိရင် ကိုယ့်ကြော
ကျတဲ့ မျက်ရည်တွေလား"





လည်ဆွဲ မဖြေပါ၊ မျက်နှာလေး ငုံ့ပစ်လိုက်ပြီး ခေါင်းခါပစ်သည်။
ကိုယ်မေးတာကို ဖြေလိုက်တာလား၊ ဘာကို မကျေနပ်လို့ ခေါင်းခါလိုက်
တာလဲ..၊

တိမ်တိုက် စိုးရိမ်စိတ်တွေ ဖြစ်နေပေမယ့် လည်ဆွဲ က ဘာတစ်
ခွန်းမှ ထပ်မပြောတော့ဘဲ မျက်နှာလေး လွှဲသွား၏။

သူ့မ ရင်ထဲမှာလည်း အဆမတန် နာကျင်လှုက်သာ..၊

မျှော်လင့်ရင်းနဲ့သာ ပြီးဆုံးရမည့်အချစ်၏ ပူလောင်ခြင်းဟာ ဘာမှ
သည်း ပြောခွင့်မသာ၊ တောင်းယူလို့လည်း မရ..၊

တကယ်တော့ မိုးသား နှင့်ပတ်သက်သမျှ မှုဝေ ခံစားချင်ခဲ့သော
စိတ်တို့ဟာ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"အခုတလော အစ်ကိုပြန်တာ အမြဲ နောက်ကျတယ်နော်"

"ဪ .. သမီး မျက်လုံး ခွဲစိတ်ခါနီးတော့ ပြင်ဆင်စရာရှိတာ ပြင်ဆင်နေတာဖြစ်မှာပေါ့၊ သူ ပြောတယ်လေ..၊ သမားတော်ကြီးတွေ တွေ့ဖို့ လိုတယ်၊ အဲဒီရက်ကျမှ အရေးတကြီး ခရီးသွားဖို့တွေ မကြ အောင် စီစဉ်နေရတယ်ဆိုတာ.."

အမိုးက အိပ်ရာဝင်ချိန်ရောက်တိုင်း ဆေးတိုက်ဖို့အတွက် နို့ဖန်ခွက် လေးနဲ့ဝင်လာရင်း ဖန်ခွက်ကိုချလိုက်ပြီး လည်ဆွဲ ဘေးမှာ ဝင်ထိုင်သည် ပြီးတော့ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး...

"လူလေးက သမီးကို အရမ်း ဂရုစိုက်ပါတယ်ကွယ်၊ သူ သွားလာ လှုပ်ရှားနေသမျှ သမီးအတွက်ပဲဆိုတာ အမိုးတောင် အကဲခတ်မိတယ် ဝါသမီးကလည်း ဆုလိုက်တာ .. ကြွေရုပ်လေး မျက်တောင်ခတ်လာ သလား အောက်မေ့ရတယ်"

"အမိုးကလည်း မဆိုင်ဘဲနဲ့"





အမိုးက လည်ဆွဲ ရှက်သွားတာကို ရယ်ကာ ဂုတ်အောက်ရောက် အောင် ရှည်နေပြီဖြစ်သည့် ဆံနွယ်နက်နက် အိအိလေးတွေကို အသာ လေး သပ်ဖယ်ပြီး မျက်နှာလေးကို ကြည့်သည်။

"ဆိုင်ပါသော်ကော သမီးရယ်..၊ ဒါပေမယ့် ဆိုင်တာတွေကို အမိုး မပြောတော့ဘူး၊ သမီးလေးက ဖြူနုဝင်းစက်နေတာပဲ၊ ဆံပင်လေးတွေ ကလည်း ပျော့ပျော့မှောင်မှောင်လေး၊ ခေတ်လူငယ်တွေ အမိုး မြင်ဖူးနေ တာပဲကွယ်၊ သမီးလေးလို ဆံပင်နက်နက် နှုတ်အလှလေးနဲ့ မျက်နှာလေး မျိုး မတွေ့ဖူးသေးဘူး"

"ဟုတ်တယ်နော် အဘွား၊ အန်တီက မျက်လုံးမမြင်တော့ ဘာမှ လည်း လိမ်းရတာမဟုတ်ဘူး၊ မပြင်ဘဲနဲ့ လှနေတာ"

ဖိုးခွားက အမိုး နှ် ထားသည့် ဗီရိုကို ရှင်းနေရင်း နောက်လှည့် ပြောသည်။ အမိုးက လည်ဆွဲ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး အဓိပ္ပာယ်များစွာနှင့် ပြုံးနေ၏။

"လူလေးက သမီးကို အရမ်းကို သံယောဇဉ်ကြီးရှာပါတယ်၊ အပြင် ထွက်ခါနီးတိုင်း တတွတ်တွတ်မှာ၊ ပြန်လာတာနဲ့ လည်ဆွဲ ရောဆိုတာ ဘာန်းမေးတာပဲ၊ သမီးလေး ကံကောင်းပါတယ်၊ ဘယ်တော့မှလည်း တစ် ယောက်တည်း အတိဒုက္ခရောက်မှာ မဟုတ်ဘူး၊ အဲဒါ အမိုး ပြောရဲတယ်"

"အမိုး.."

"ဟင်."

"အစ်ကို တခြားအလုပ်တစ်ခုခု လုပ်နေတာများရှိလား၊ အမိုး သိလားဟင်"

"ဟင်!... အလုပ်ကိစ္စတော့ အမိုး ဘယ်သိမလဲ ကလေးရယ် သိရင်တောင် အဲဒါတွေက အမိုးတို့ ပြောခွင့်မရှိတဲ့စကားတွေပဲ သမီး ဘာမှမတွေးနဲ့ ကိုယ့်ကိုယ်ကိုယ် စိတ်ချမ်းသာအောင် နေပါကွယ်"

www.burmeseclassic.com



အမိုးက လည်ဆွဲ နို့သောက်ချင်အောင်၊ ပြီးတော့ ဆေးသောက်ပြီးတဲ့အထိ သူမစိတ်လေး ငြိမ်းချမ်းသွားအောင် ချော့မော့ပေးရှာသည်။

ပြီးမှ နေရာမှ ထကာ..

"ဖိုးခွား .. အဲဒါရှင်းပြီးရင် ဆင်းခဲ့နော်၊ တံခါးလိုက်ပိတ်ရမယ်"

ဖိုးခွားကို မှာခဲ့ပြီး ပြန်ထွက်သွား၏။ ဖိုးခွားက အဘွားဖြစ်သူကို ကြောက်ရသူပီပီ အလုပ်ကိုတော့ မြန်မြန်ဆန်ဆန်ပြီးအောင် လုပ်သည်။

ထို့နောက် ပြတင်းပေါက်နားကို ခပ်စမ်းစမ်းလျှောက်သွားနေသည့် လည်ဆွဲ နားကို ရောက်လာ၍..

"အန်တီ.."

"ဟင်.."

"အဘွားကို ပြန်မတိုင်ဘူးဆိုရင် အန်တီ့ကို ပြောပြဖို့တွေ ရှိတယ်"

"ဟုတ်လား..၊ ဘာတွေလဲ.."

"နေဦး.."

ဖိုးခွားက စာကြည့်စားပွဲက ခုံကို ပြေးဆွဲပြီး အနားယူလာကာ..

"အန်တီ ဒီမှာ ခဏထိုင်"

"အင်း"

လည်ဆွဲ ကို ကတိတောင်းပြီး ဘာမှလည်း အာမခံချက်မရသေးဘဲ ပြောချင်နေသည့် အားတက်သရောအသံလေးနှင့်..

"အန်တီ.."

"ဟင်.."

"အန်တီ ဟိုတစ်ညက ဦးကို့စောင့်ရင်း အိပ်ပျော်သွားတာ မှတ်မိလား၊ ဧည့်ခန်းမှာလေ.."

"မှတ်မိတယ်၊ အစ်ကိုပဲ အိပ်ခန်းထဲ ရွှေ့ပေးသွားတာဆို၊ ကောင်စုတ်လေး အစ်ကိုလာရင် ငါ့ကိုနှိုးပါဆိုတာ မနှိုးဘူး"





"ဟာ .. အန်တီကလည်း၊ နှိုးချိန်ကို မရဘူး၊ အန်တီ ဆိုဖာပေါ်မှာ ကွေးကွေးကောက်ကောက် အိပ်ပျော်နေတာမြင်ပြီး ဦးက ချက်ချင်းပွေ့သွားတာ"

"အဲဒါ ဘာဖြစ်လဲ..၊ မနက်ကျတော့ အစ်ကို ပြောသားပဲ"

"ပြောတာက ပွေ့သွားတာကိုပဲ ပြောတာ၊ ကျန်သေးတယ်"

"ဟင်!..."

ဘာမှန်းမသိသေးဘဲ လည်ဆွဲ ရှိန်းခနဲ ပူနွေးသွား၏။ ဖိုးခွား၏ ဟီးခနဲ ရယ်လိုက်သံကြောင့် ပိုဆိုးသွားကာ..

"ဘာလဲ .. ဘာရယ်တာလဲ"

"အဲဒါကြောင့် အဘွားကို မတိုင်ဖို့ပြောတာ"

"ဘာလဲ..၊ မတိုင်ဘူး ပြော.."

"အန်တီကို အိပ်ရာပေါ် ဖွဖွလေး ချပေးပြီး စောင်ခြုံပေးတယ်၊ ပြီးတော့ အန်တီ့ဘေးမှာ ထိုင်လိုက်တယ်၊ ပြီးတော့ အန်တီ့မျက်နှာကို အကြာကြီး ကြည့်နေပြီးလေ .. ဟီး .. ဟီး.."

"အို!..."

လည်ဆွဲ ရှက်ရှက်နှင့် ပါးတစ်ဖက်ကို ယောင်ရမ်းအုပ်ပစ်လိုက်မိ၏။

"ပါးကိုမအုပ်နဲ့ အန်တီ၊ ဦးက ပါးကိုနမ်းတာ မဟုတ်ဘူး"

"ဟင်!..."

"အန်တီ့ နှုတ်ခမ်းကို.."

"ဖိုးခွား .. တော်တော့ .."

ကလေးစိတ်နဲ့ ပြောနေတာလား၊ အလိုက်မသိတဲ့အကျင့် ရှိကိုရှိနေတာလား မသိ၊ ဖိုးခွားက ပြောနေတာကို မရပ်ပေ..၊

"အန်တီကလည်း.. ဦးက ညစ်ညစ်ပတ်ပတ်တွေ မဟုတ်ပါဘူး၊ အန်တီ နိုးမှာစိုးလို့ နှာခေါင်းနဲ့ ထိရုံလေးထိတာ.."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေက ကလေး ပြောရမယ့်စကားလား ဖိုးခွား၊ ငါ အမိုး
တိုင်လိုက်ရင် နင် အရိုက်ခံထိတော့မယ်"

"မတိုင်ဘူးလို့ အန်တီ ကတိပေးထားတယ်လေ၊ ပြီးတော့ ကျ
သေးတယ်..၊ အန်တီ့လက်ကို ကိုင်ပြီး သူ့ပါးနဲ့ ကပ်ထားတာလည်း
အကြာကြီးပဲ၊ ကျွန်တော်က အန်တီ့ကို ဦးက ချစ်တယ်ဆိုတာ အန်
မသိလို့ ပြောပြတာပါ၊ အန်တီနဲ့ ဦးနဲ့ ဘာမှမတော်ဘူးမို့လားဟင်"

"ဘာလုပ်မလို့ မေးတာလဲ"

"ဘာမှမတော်ကြရင် လက်ထပ်လို့ရတယ်မို့လား၊ အဘွား
တောင် ပြောနေသေးတယ်"

"ဟင်!.. အမိုးက ပြောတယ်"

"ဟုတ်တယ်၊ ဒီကလေးနှစ်ယောက် ဒီလောက် သံယောဇဉ်တွ
နေကြတာ ဘာဖြစ်လို့ လက်မထပ်ကြတာလဲ မသိဘူးတဲ့၊ ညားများသွ
ကြရင် ဒီအိမ်မှာ ဘယ်လောက် ချမ်းမြေ့လိုက်မလဲတဲ့"

အမိုးတို့လည်း သိနေကြပြီလား..၊ တကယ် ဒီတိုင်းဖြစ်ခွင့်ရမ
ဆိုရင် ကိုယ်ကတော့ ကျေနပ် ပျော်ရွှင်မိမှာပေမယ့် သူကရော..၊

သူ့ရင်ထဲကို ဘယ်လို သိနိုင်မှာလဲ..။





အခန်း (၂၃)

မိုးတွေသည်းနေသဖြင့် မှေးခနဲ အိပ်ပျော်သွားသည့် မျက်လုံးတွေ
သ ဖန်စပ်စပ်နှင့် ဖွင့်လာ၏။ နာရီကြည့်လိုက်တော့ ညနေ ငါးနာရီ..၊

တိမ်တိုက် ခေါင်းအုံနေတာကို နားထင်နှစ်ဖက်ကို ဖိနှိပ်ရင်း အခန်း
ခြင်ထွက်ခဲ့၏။ သူ ဒီလိုပဲ ခဏတဖြုတ် အိပ်ပျော်သွားတိုင်း နိုးလာတာနှင့်
ခေါင်းအုံတတ်သည့်အကျင့် ရှိသည်။

ထို့ကြောင့် တော်ရုံနဲ့လည်း မအိပ်ဖြစ်ပါ..၊ ခုကျမှ အုံ့မှုက်မှုက်
အရိပ်များနှင့် ဒရင်းမ်ဘက်ဒ်မှာ ခဏ လှဲမိတုန်း အိပ်ပျော်သွားမှန်းပင်
သိ..။

"အဘွားကလည်း ကျွန်တော် သွားပါ့မယ်၊ ပေးပါ ထီး.."

"နင် သွားခေါ်လို့ သမီးက လိုက်မှာမဟုတ်ဘူး၊ ဖယ်စမ်း.."

"ဘာဖြစ်နေကြတာလဲ"

သူ မျက်နှာသစ်ပြီး တဘက်စောင်ကိုင်လျက်နှင့် မြေးအဘွားများ
ကို ရောက်သွား၏။

အမိုးက အားကိုးတကြီး လှည့်ကြည့်ကာ..



www.burmeseclassic.com

www.burmeseclassic.com



"သား နိုးလာပြီလား၊ သမီး မိုးမရွာခင်က ခြံထဲဆင်းသွားတာ သာ
ရယ်၊ စောစောက သွားကြည့်တော့ သား ခေါင်မိုးအုပ်လေး ဆောက်ပေ
ထားတဲ့အောက်မှာ..၊ မိုးတွေ ဒီလောက်သည်းတော့ လုံပါ့မလား၊ အ
အမိုး သွားခေါ်မလို့.."

"နေပစေ..၊ ကျွန်တော် သွားခေါ်လိုက်မယ်"

"ဟင်!... အေး .. အေး .. သွားခေါ်လိုက်နော်သား၊ ဒီမှာ ထီး
ဒီမှာ မိုးကာ .."

တိမ်တိုက် အခန်းထဲ ခဏပြန်ဝင်ပြီးမှ ထွက်လာကာ ထီးတစ်ဖက်
မိုးကာအင်္ကျီတစ်ဖက်နှင့် နောက်ဖေးခြံထဲ ဆင်းလာခဲ့၏။

မိုးသည်းနေသည်မို့ ထီးဆောင်းထားတာတောင် သူ့ပုဆိုးအနား
တွေ ချက်ချင်း စိုသွား၏။ လည်ဆွဲ က စပယ်နဲ့ ဇွန်ပန်းရုံတွေကြား
သူ ခေါင်မိုးလုပ်ထားပေးသည့် ခုံတန်းလေးမှာ ထိုင်လို့ပါ..၊

ပြီးတော့ သူ့မဘေးမှာ ဖွင့်လျက်သား ဗီဒီယိုကင်မရာလေး ရှ
လျက်..၊ သူ အနားတိုးသွားတော့ မိုးသံကြောင့် အသံကုန်တင်ထားသည်
ကင်မရာထဲက အသံတွေကိုပါ ကြားလိုက်ရ၏။

"ဟာ!... ခါးကြီးကော့ပြီး ဘာလုပ်တာလဲ၊ ဟင်းချက်နေတာနဲ့ မတူ
ဘူး၊ ဗိုလ်ချုပ်ကြေးရုပ်ကြီးအတိုင်းပဲ.."

"အော် .. လုပ် .. ကိုကြီးက အကုန်ရိုက်မှာ"

"နေဦးလေ ကိုကြီး၊ ဒီမှာ ပုံဆိုးပန်းဆိုး ရယ်နေတာ"

"ကိုကြီးနော်..၊ သူများ ငိုလောက်အောင် ပူသွားတာကို လိုက်
ရိုက်နေတာ၊ သူ့ဟာကြီးကြောင့် ဒီမှာ မျက်ရည်တွေကို တားထားရတယ်
ဖယ်လိုက်ပါ၊ ငိုမလို့.."

"ဟုတ်ပြီ..၊ ငိုလို့ရပြီ"

"ဟာ!... ဘာလို့ ချိန်ထားတာလဲ"





"ဒါ မှတ်တမ်းလေ၊ ညီမလေး ဆိုပူလောင်တာကို ကိုကြီး ပြုစုတာ
သည်း ပါမှဖြစ်မှာပေါ့"

ရယ်သံတွေရော .. အော်သံ .. ငိုသံတွေရော..၊ ထို့ပြင်...

အပြင်မှာ လည်ဆွဲ ရယ်ရင်းငိုနေသည့် လည်ဆွဲ ရဲ့အသံလေးက
သည်း ရောစွက်နေ၏။ ပြီးတော့ ပြောနေသေးသည်။

"ကိုကြီး ပြုစုပေးနေတာကိုလည်း လည်ဆွဲ မမြင်ရတော့ဘူး
သိလား၊ လည်ဆွဲ ကန်းနေပြီ ကိုကြီးရဲ့.."

ပြောလိုက်ရင်း အငင့်ခနဲ ရှိုက်သည်။ ပြီးတော့ ကင်မရာကို လက်
လေးတစ်ဖက်က စမ်းရင်း...

"အစ်ကို ဒီနားမှာ ရောက်နေတာလားဟင်"

မိုးသံတွေနဲ့ ကင်မရာထဲကရော သူ့မ ငိုနေတာရော အသံတွေ စုံနေ
တာတောင် သူ့မ သိသွားတာကို တိမ်တိုက် အံ့ဩသွားမိသည်။

ထို့ကြောင့် ရှေ့ဆက်တိုးခဲ့ရင်း...

"ဟုတ်တယ် .. မင်း ငိုလို့ပြီးအောင် စောင့်နေမလို့ပါ၊ ကိုယ် မင်း
အနားကို ရောက်လာရင်တော့ ငိုခွင့်မပြုဘူးနော်.."

"လည်ဆွဲ ကိုကြီးကို အရမ်း သတိရလို့ပါ"

လို့ ပြော၍ မျက်ရည်တွေ သုတ်ပစ်ရှာ၏။ တိမ်တိုက် ကင်မရာကို
ပိတ်ပစ်လိုက်ပြီး ဘေးကို ရွှေ့ထားလိုက်၏။

ထိုနေရာမှာ သူ ဝင်ထိုင်ကာ...

"တတ်နိုင်သလောက် မေ့ထားလိုက်ပါ လည်ဆွဲ ရယ်..၊ မျက်လုံး
ခွဲစိတ်ဖို့လည်း နီးနေပြီ၊ နောက်ကို ပြန်ကြည့်ပြီး ငိုနေရတဲ့ မင်းရဲ့ မျက်လုံး
တွေကို ညှာတာလိုက်ပါ"

လည်ဆွဲ နားကို ထပ်တိုးလိုက်ရင်း ဘယ်ဘက်ပါးပြင်ပေါ်းကို အုပ်
ကွယ်နေသည့် ဆံစတို့ကို သိမ်းဖယ်ပေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လက်ရုတ်လိုက်လျှင် ဆံပင်တွေ ပြန်ကွယ်သွားမှာ စိုးတာမို့ ဒီတိုင်းပဲ လက်ခုံနဲ့ ပင့်တင်ထားမိလျက်၊ လက်ချောင်းတို့က သူမရဲ့ ပါးပြင်ဖြူနုနုလေးမှာ..၊

"လည်ဆွဲ.."

သူ့ခေါ်ပုံကြောင့် လည်ဆွဲ ရင်ထဲမှာ ဒိတ်ခနဲ ခုန်သွား၏။ ထိုစဉ် သူမ နှုတ်ခမ်းဆံစလေးတွေပေါ်ကို ခုန်ဆင်းစီးစွတ်သွားခဲ့သည့် မိုးရေစက်ကိုပါ သူ့လက်နဲ့ ခါထုတ်ပစ်လိုက်ပြီး...

"ကိုယ် ရောက်နေတာ ဘယ်လိုလုပ် သိတာလဲ"

သူ ပြောလာတာက ကြားချင်တဲ့စကား မဟုတ်ပါ..၊ လည်ဆွဲ မျက်နှာလေး မှိုင်သွားခဲ့ပြီး...

"အစ်ကို့ရဲ့ ကိုယ်နံ့ကို လည်ဆွဲ သိနေလို့ပါ"

"ဟုတ်လား .. အဲဒီလောက်တောင် ကိုယ့်ရဲ့ကိုယ်နံ့က ပြင်းသလား"

လည်ဆွဲ ခေါင်းလေးခါ၍...

"လည်ဆွဲ ကြိုက်နေတဲ့အနံ့မို့လို့ သိနေတာ"

တစ်မျိုးထင်ပြီး အထင်အမြင်သေးမယ်ဆိုလည်း မတတ်နိုင်..၊ ဒီမေးခွန်းကို လိုးလွှဲဖြေဖို့အတွက် သူမမှာ ပြင်ဆင်ထားတာ မရှိ..။

"တော်သေးတာပေါ့ကွာ၊ ကိုယ်နံ့ဆိုးနေရင် နောက်ထပ် မင်းနားကို ကပ်ဖို့ ခက်ပြီ"

လည်ဆွဲ မချိုပြုံးလေးနှင့် မမြင်ရသည့် သူ့မျက်နှာဆီ လှည့်ကြည့်မိသည်။ ပြီးတော့ သူ ဖွသွားသည့် ဆံစတို့ပေါ်မှာ သူမ ထပ်ကိုင် ဖိသပ်လိုက်ရင်း...

"အစ်ကို ဘာလာလုပ်တာလဲ"

"မေးရက်တယ်ကွာ .. မိုးတွေ ဒီလောက်ရွာနေတာကို လာမခေါ်ရဘူးလား"





"မိုးတိတ်မှ တက်မယ်ဆိုပြီး နေတာပါ"

"မိုးမတိတ်ခင် မင်း ခြေထောက်တွေကို ရေစင်နေတာ စိုနေပြီ ခါင်မိုးမလုံလို့ တစ်ပေါက်တစ်ပေါက် ဟိုကကျ၊ ဒီကကျနဲ့ ကြာရင် တစ်ကိုယ်လုံး ရွှဲသွားမှာမို့လား၊ ဒီမှာ လာခိုချင်လို့ တမင်ဆင်းလာပြီးတော့ ထိုင်တီးဂျစ်ကန်နဲ့ .. မင်း..."

လည်ဆွဲ နှုတ်လေးကို လက်ခုံနဲ့ခပ်ဖွဖွပုတ်လိုက်ပြီး သူက ရယ်သည်။ ရိုးသားပြုနေတာလား၊ တကယ်ပဲ ဆန်းပြားဖို့မလွယ်တာလား..၊

ဒါမှမဟုတ် သူများတွေက သိပ်လှပါတယ်ဆိုတဲ့ လည်ဆွဲ ရဲ့ အလှအပတွေက သူ့အတွက် ဘာမှမဟုတ်ခဲ့ဘူးလား..၊

ဒါတွေ မဟုတ်ဘူးဆိုရင်တော့ လည်ဆွဲ က ကန်းနေလို့ပဲ ဖြစ်လိမ့်မည်၊ ရင်ထဲမှာနင့်သွားသဖြင့် နှုတ်ခမ်းလေးကို မသိမသာကိုက်ထားမိသည်။

"ဒေါက်တာ့ဆီက ပြန်လာတုန်းက မင်း ပျော်နေတာကို ကိုယ် အထပဲ မြင်လိုက်ရတယ် လည်ဆွဲ ရယ်၊ ဘာဖြစ်သွားတာလဲဟင် .. အဲဒါကြောင့် မင်းကို တွေးနေငေးနေခွင့် ကိုယ် မပေးချင်တာ ဘာတွေ တွေးနေမိလို့ မျက်နှာ မကြည်ရတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ လည်ဆွဲ တို့ အိမ်ပေါ် တက်ကြမယ်လေ"

"နေဦး.."

လည်ဆွဲ က ထ,ရပ်လိုက်သဖြင့် သူ ကမန်းကတန်းလိုက်ထ,ကာ လည်ဆွဲ ကို မိုးကာအင်္ကျီလေး ဝတ်ပေးလိုက်သည်။

"ခြုံထားရင် ရပြီပဲဟာ"

"လျှောကျသွားရင် ပြန်ကောက်ဝတ်လို့ မကောင်းတော့ဘူးလေ၊ လက်ကို ဆန့်လိုက်ပါကွာ.."

လည်ဆွဲ က လက်ကလေးဆန့်ပေးထားရင်း သူ့မျက်နှာဘက်ကို လှည့်၍...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကို လည်ဆွဲ မြင်ချင်လိုက်တာ"

ကောက်ခါငင်ခါပြောလိုက်တော့ သူက အသံထွက်အောင်ရယ်ကာ—

"ကိုယ်က ခပ်ကြမ်းကြမ်းပုံကြီးကွ၊ မချောဘူး"

"ဘီလူးလောက်တော့ ရုပ်မဆိုးဘူးမို့လား"

"အဟွန်း .. မင်း မြင်ရတော့မှာပါ၊ မျက်လုံးခွဲတဲ့နေ့ကျရင်တော့ ကိုယ် ခဏ ရှောင်နေရမယ်ထင်တယ်"

"ဘာဖြစ်လို့လဲ"

"မင်း လန့်သွားမှာစိုးလို့"

"အစ်ကို ဘာဖြစ်လို့ ရယ်နေတာလဲဟင်၊ လည်ဆွဲ ပြောနေတဲ့ ခံစားချက်တွေက ရယ်စရာကောင်းနေလို့လား"

"ဟောဗျာ!..."

တိမ်တိုက် လွှတ်ခနဲ ညည်းမိရင်း လည်ဆွဲ မျက်နှာလေးကို စူးစိုက် ကြည့်မိသည်။

မိုးစက်ကျသံတွေ အနည်းငယ် အရှိန်လျော့သွားသည်မို့ ပြောရဆိုရ တာ သိပ်အော်စရာမလိုတော့ဘဲ သက်ပြင်းချသံကအစ ကြားလာရ၏။

လည်ဆွဲ မျက်နှာလွှဲပစ်တော့ မေးဖျားလေးကို ပြန်ဆွဲယူမိကာ—

"မဟုတ်တာတွေချည်း ဆွဲတွေးနေတယ် လည်ဆွဲရယ် .. ကိုယ်က မင်းမမြင်နိုင်တဲ့အဖြစ်ကို ခံစားနေရမှာစိုးလို့ ပြေပျောက်သွားအောင် ကြံ စားတာပါ၊ ဒါဆို ဒီလိုလုပ် .. 'အခု ကိုယ်တို့ အိမ်ထဲဝင်မယ်၊ အထဲ ရောက်တော့ လည်ဆွဲ ကိုယ့်မျက်နှာပေါ်ကို လက်နဲ့ စမ်းကြည့်လေ"

လည်ဆွဲ စိတ်ဝင်တစားပုံစံလေးဖြစ်လာရင်း နှုတ်ခမ်းလေးတွေ လည်း ပြုံးယောင်သမ်း၏။

"မျက်လုံးနဲ့ မမြင်ရတော့ ထိတွေ့မိတဲ့အတိုင်း ပုံပြီး ပုံပေါ်တာပေါ့ ဘယ်လိုလဲ.."



"အင်း .. ခုပဲ စမ်းကြည့်မယ်၊ အစ်ကို ရှေ့တိုးပေး.."

"အခု..."

"အင်း.."

တိမ်တိုက် မိုးစက်တွေ ကျနေတာကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ.."

ဟု ဆိုကာ လည်ဆွဲ မျက်တောင်ဖျားလေးပေါ် လက်ခနဲ ခုန်ချ လာသည့် မိုးစက်မှုန်လေးကို သူ့လက်ခုံနဲ့ အသာလေး ကပ်တို့ပေးလိုက် သည်။ ထို့နောက် ပါးမို့လေးပေါ် စင်သွားသည့် ရေစက်လေးတွေကိုပါ အသာလေး ပွတ်သုတ်ပေး၍ ရှေ့ထပ်တိုးလိုက်၏။

"ရပြီ.."

သူ လည်ဆွဲ လက်ကလေးကို ဆွဲယူကာ လက်ချောင်းလေးတွေကို ဖြန့်ပေးလိုက်၏။ မျက်နှာပေါ်ကို တင်ပေးဖို့ပါ..၊

ဒါပေမယ့် လည်ဆွဲ က သူ့လက်ပေါ်ကို ထပ်အုပ်ကိုင်ကာ လက် ဖမိုးကို သူမလက်လေးနှစ်ဖက်နဲ့ ဖွဖွရွရွလေး စမ်းကိုင်နေ၏။

ပထမဆုံး သတိထားမိသည်က လက်ဖမိုးစောင်းနားမှာ ကြမ်းရှရှ မွေးညှင်းတွေဖြစ်၏။ မွေးညှင်းတို့ကို သေချာ ဆွဲဆန့်နေမိရင်း လည်ဆွဲ ပြုံးလိုက်မိသည်။ လက်ချောင်းတွေကို ကိုင်တော့ လက်ဆစ်ရယ်လို့ ထင်သာစွာ ဖုထစ်နေတာ မရှိဘဲ ခပ်သွယ်သွယ်..၊

"အစ်ကိုက ကဗျာဆန်တာမျိုး မဟုတ်ဘဲနဲ့ စိတ်ဆတ်ပြီး နူးညံ့တဲ့ သဘော ရှိတယ်နော်"

"ဖေဒင်ဟောချက်ထွက်လာတာ မြန်လှချေလား၊ ဖေဖေကတော့ ကိုယ့်ကို လူငယ်ဖြစ်ပြီး မနူးညံ့တတ်ဘူးလို့ ခဏခဏ ပြောတယ်၊ မင်း ဟောတာ မှားနေပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မမှားနိုင်ပါဘူး၊ အစ်ကို့လက်ကို ကိုင်ကြည့်လိုက်တာနဲ့ သိသာနေတဲ့ဟာ၊ လက်က သွယ်ပေမယ့် မိန်းကလေးတွေလို နုပြည့်နေတာမျိုး မဟုတ်ဘူး၊ အရိုးမာတဲ့ပုံ ပေါက်ပြီး လက်ဆစ်တွေ မကြီးတဲ့အတွက် အစ်ကို့စိတ် ဘယ်လိုမှ မကြမ်းနိုင်ဘူး .. အဲဒါ သေချာတယ်၊ လက်ဖဝါးကလည်း နုတာနဲ့ ကြမ်းတာရဲ့ကြားထဲမှာ အနေတော်ပုံမျိုး၊ ငယ်ငယ်ကတည်းက မဆင်းရဲခဲ့ဘူးဆိုတဲ့သဘောပဲ၊ ဟုတ်တယ်မို့လားဟင်၊ မှန်တယ်လို့ ပြောနော်၊ မညာနဲ့."

"မှန်မှန် မမှန်မှန် မှန်တယ်လို့ ပြောရမှာလား"

"အစ်ကိုနော် .."

နှစ်ယောက်၏ရယ်သံလေးတွေဖြစ်သွားရင်း လည်ဆွဲ နဖူးဆံစလေးတွေကို သူ လေနဲ့မှုတ်လိုက်သဖြင့် အနီးကပ်မို့ နွေးခနဲ ကျီစယ်သွားသည်။

"မှန်တယ် .. မှန်တယ် .."

"တမင်တကာကြီး ညစ်ထုတ်ပြီး မှန်လိုက်ရတာလား"

"မဟုတ်ပါဘူးဗျာ .. အရမ်းကို မှန်ပါတယ်၊ ကဲ .. ပြီးပြီလား၊ မီးချုပ်တော့မယ်၊ တော်ကြာ ခြေထောက်တွေ ခြင်ကိုက်တော့မယ်ကွ"

"မပြီးသေးဘူးလေ၊ အစ်ကို့မျက်နှာ ငုံ့ပေး"

"ဒီတိုင်းပဲ စမ်းကြည့်ပေါ့ကွ၊ ဒါမှ မင်း ကိုယ့်အရုပ်အမောင်းကို သိမယ်၊ ပုံစံကို ခန့်မှန်းကြည့်လို့ ရပါတယ်၊ မျက်နှာနဲ့ လူပုံကိုလေ.."

"ဟင့်အင်း၊ အစ်ကို့ အရုပ်အမောင်းကို လည်ဆွဲ ခန့်မှန်းကြည့်ပြီးသား၊ စကားပြောနေကြရင် အစ်ကို့အသံက လည်ဆွဲ ထက် ခေါင်းတစ်လုံးလောက် ပိုမြင့်တဲ့နေရာက လာတာ၊ အစ်ကိုက အရပ်မြင့်မြင့်၊ အဲ.. အသားဖြူလားဟင်"

"သိပ်မဖြူဘူး ထင်တယ်၊ ခပ်လတ်လတ်လောက်ပဲ မှန်းကြည့်လိုက်ကွာ"





"ဒါဆို ပိုတောင် ကြည့်ကောင်းဦးမှာ၊ လည်ဆွဲ မှန်းကြည့်ခဲ့တဲ့ ပုံစံမျိုးပဲ"

ပြောနေရင်း လည်ဆွဲ ရဲ့လက်ကလေးတွေ သူ့ရင်ဘတ်ပေါ် ဖွဖွလေး ကပ်လာ၏။ ပြီးတော့ လည်ပင်းဆီရောက်ကာ မေးရိုးနှစ်ဖက်ကနေ ရှုရှုလေး ထိကိုင်သည်။

"မျက်ခုံးထူထူ၊ နှာတံလည်း ပေါ်တယ်၊ မေးရိုးကားတယ်ဆိုတော့ အစ်ကို့မျက်နှာနဲ့ အရုပ်အမောင်းက လိုက်ဖက်တာပေါ့နော်၊ နားသယ်စပ်က ဆင်းတဲ့ ဆံပင်တွေက မေးရိုးနားထိ ရောက်နေတယ်၊ အစ်ကို့မှာ ပါးသိုင်းမွေးတွေ ရှိဖူးလားဟင်."

"အင်း .. ခဏခဏ ရိတ်ရတာပေါ့"

လည်ဆွဲ က လည်ပင်းမှာ လက်လေးနှစ်ဖက်နဲ့ ထိကပ်ထားရင်း မော့ငေးနေတော့ ဖက်ထားသလိုဖြစ်လျက် မျက်နှာချင်းက အထက်အောက် နီးနီးလေး..၊

မမြင်တဲ့လူက မမြင်လို့ သက်သာမှာပေမယ့် ကော့နက်သည့် မျက်တောင်ဖျားတွေ၊ မှောင်လဲ့လဲ့မျက်ဝန်းလေးတွေရယ်..၊ ပြီးတော့ ပြည့်နီမြန်းသည့် နှုတ်ခမ်းအစုံကို စီးမိုးမြင်နေရသူမှာ အလှူးအလိမ့်...

"အစ်ကိုက ပခုံးကျယ်တယ်နော်၊ ပြီးတော့ ရင်ဘတ်တွေ အဲ.. ကျောမှာရော ခါးမှာရော အဆီပို မရှိဘူးဆိုတော့ လမ်းလျှောက်ပုံလည်း ကြည့်ကောင်းမယ် ထင်တယ်"

သူမ လက်လေးတွေ ကိုယ့်ရဲ့ခန္ဓာကိုယ်မှာ ထိကပ်ရွှေ့လျားနေသူ့ တိမ်တိုက် ဘယ်လိုမှလည်း မကာကွယ်နိုင်..၊ အလိုက်သင့် ဖြန့်သည့် မျှောပါဖို့ကလည်း...

"လည်ဆွဲ .."

ရှေ့ကနေ ကျောပြင်ဆီရောက်သွားတော့ သူ ရှိန်းခနဲ ဖြစ်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



လည်ဆွဲ လက်ကလေးတွေကို ဖိဆုပ်ထားလိုက်မိ၏။

"လည်ဆွဲ.."

"ဟင်.."

"မင်း .. မင်း အဲဒီလိုလုပ်နေတာ မင်းမှာ အန္တရာယ်ရှိတယ်၊ အဲ သိရဲ့လား.."

လည်ဆွဲ အံ့သြသွားသည့်မျက်နှာလေးနှင့် သူ ဆုပ်ကိုင်လိုက်သည့် အတိုင်း လက်လေးတွေ ငြိမ်သက်သွားသလို ပြုံးရယ်ခြင်းတွေ ပျောက် ဆုံးသွားခဲ့ပြီး...

"အစ်ကို ဘာပြောတာလဲဟင်၊ လည်ဆွဲ မှ မမြင်ရတာ၊ အစ်ကို့ ဘယ်လိုလဲဆိုတာ ပုံဖော်ကြည့်ခွင့် မရှိဘူးလား၊ အစ်ကို မကြိုက် လားဟင်.."

"မဟုတ်ဘူး .. အဲဒီလို မဟုတ်ဘူး လည်ဆွဲ ကိုယ် ပြောတာက-

သူ ရှေ့ဆက်မပြောရသေးခင် ဂျိမ်းခနဲ မိုးခြိမ်းသံတစ်ချက်သည် လည်ဆွဲ တစ်ကိုယ်လုံးကို သူ့ရင်ခွင်ထဲအရောက် ပစ်ထည့်ပေးသလို လျက်..၊ ထိန်းသိမ်းသင့်သည်ဆိုတာ သိတော့သိပါ၏။ ဒါပေမယ့် မျက်လုံး ထဲမှာ ရုတ်တရက် အမှောင်ကျသွားခဲ့သလို အသိတရားတို့ဟာ တခဏ ခဏလေးဖြစ်ဖြစ် ကျူးကျော်လိုကြသည်။ နူးညံ့ဆွဲ့ပျံ့သည့် ပန်းဝတ်မှုန် တို့၏ ချိုမြိန်ခြင်းကို ခဏတာ ယစ်မူးခဲ့ရင်း မက်မပြေနိုင်..၊

ဟိုသိမ့်သိမ့် ကြည်နူးခြင်းသည် ကိုယ့်ကိုယ်ကိုယ် စိမ်းသက်သော ကမ္ဘာသစ်တစ်ခုမှာ ပျော်မွေ့နေပါလားဆိုတာလည်း သတိမရ..၊

ထိုအချိန်လေးမှာ သူမ ကြည်ဖြူသည်ဖြစ်စေ၊ မကြည်ဖြူသည် ဖြစ်စေ ဘာမှမသိ၊ လည်ဆွဲ အဖြစ်ကလည်း သူမ အိပ်မက်မက်နေသည် လား.. ဒါမှမဟုတ် တမ်းတခဲ့ဖူးသည့်စိတ်ကူးတွေ သက်ဝင်လှုပ်ရှားလာ ခဲ့တာလား..၊ အနမ်းတို့ဖြင့် ထိပါးကျူးကျော်ခြင်းကို ကျေနပ်နေခဲ့သည်





အချစ်နှင့် ဆွေမျိုးရင်းချာဖြစ်သောသည်အနမ်းများကို ဒုံ့နေခဲ့ပြီး ဆိုင်ပြီးသည့်နောက် သူ့ထံမှ 'ချစ်တယ်'ဆိုသည့် စကားသည်သို့ဆင်း

"ကိုယ့်ကို ခွင့်လွှတ်ပါ.."

ဟင်!...

'ခွင့်လွှတ်ပါ'ဆိုတာ သူ ပြောလိုက်တာလား..၊

လည်ဆွဲ ကိုယ်လေး ကျင်စက်နဲ့ အတို့ခံလိုက်ရသလို ကျိန်းရှ သွင်ခဲ့သွား၏။ သူမ နားကြားမှားတာ ဖြစ်ပါစေ..။

"တကယ်ဆို ကိုယ် ထိန်းသိမ်းသင့်တာ၊ ကိုယ် တောင်းပန်ပါတယ် လည်ဆွဲ ရယ်.."

ရင်ခွင်ထဲမှာ နစ်မြုပ်နေသည့် လည်ဆွဲ ကိုယ်လေး မသိမသာ တောင့်မတ်သွားသည်။ ပူနွေးနေဆဲ နှုတ်ခမ်းသားလေးတွေကို ရှက်ရွံ့စွာ ကိုက်ထားမိရင်း သူ့လက်တွေကို ဖယ်ချပစ်မိ၏။

"လည်ဆွဲ ကိုယ့်ကို စိတ်ဆိုးသွားလားဟင်"

"ဟင့်အင်း"

ခေါင်းခါနေမိသည်။ ဘာဖြစ်လို့ ခါနေမိမှန်း လည်ဆွဲ ကိုယ်တိုင် သိ..၊ ပြီးတော့ မျက်ရည်စက်တွေ လက်တို့ မျက်စပစ်ရင်း ပျော်ပျော်ကြီး ပေါက် လျှောဆင်းသွားကြတာကိုလည်း တားဆီးဖို့ မေ့နေခဲ့သည်။

သူ့ရဲ့ တောင်းပန်သံက နားထဲမှာ သံရည်ပူတွေ အဆက်မပြတ် သင်နေကြသလိုပင်..၊

မေ့မေ့မူးမူး နမ်းနေခဲ့ပြီးမှ တောင်းပန်တယ်တဲ့လား..၊

ရှင် သိပ်ရက်စက်တယ် မိုးသား..၊



www.burmeseclassic.com

www.burmeseclassic.com



လည်

## အခန်း (၂၄)

"လည်ဆွဲ.."

နောက်ကခေါ်သံကြောင့် ကျောခိုင်းရပ်နေရင်း မျက်နှာလေးတေ
ငဲ့ကြည့်လိုက်မိသည်။ ပြီးတော့ ရှေ့ပြန်လှည့်ရင်း ပါးပြင်မှာ စွန်းထင်း
သည့် မျက်ရည်စတို့ကို ကမန်းကတန်း သုတ်ပစ်မိ၏။

ဒါပေမယ့် မျက်ရည်တွေကို ကုန်စင်အောင် မသုတ်လိုက်ရဘဲ
လက်ကလေးကို သူ ဆွဲထားလိုက်ကာ..

"မငိုပါနဲ့ လည်ဆွဲ ရယ်.. တော်ပါတော့နော်၊ ကိုယ် ဘယ်လိုစကာ
နဲ့ တောင်းပန်ရမှန်း မသိတော့ဘူး၊ မင်းအပေါ်မှာ အခွင့်အရေး ယူလို
မယ်ဆိုတဲ့စိတ် တကယ် မရှိခဲ့ဘူးဆိုတာ ယုံပါ၊ ကိုယ်လေ .. ကိုယ် ဘာ
ဖြစ်သွားမှန်း မသိဘူး၊ အဲဒီအချိန်လေးမှာ ကိုယ်ဟာ ကိုယ်မဟုတ်တော
သလိုပဲ၊ ရင်တွေ အရမ်းခုန်ပြီး..."

ပြောပါ အစ်ကို..၊ ဆက်ပြောလိုက်ပါ။ လည်ဆွဲ အစ်ကို့ရဲ့အနမ်
တွေကို စိတ်ဆိုးနေတာ မဟုတ်ဘူး၊ အနမ်းနဲ့အတူ အချစ်တွေ ပါလာဖို့
ရူးသွပ်နေခဲ့တာ..၊





လည်ဆွဲ နှုတ်ခမ်းသားလေးတွေ တလွန့်လွန့် လှုပ်ခတ်နေခဲ့ပြီး
တိတ်ဆိတ်နေသလောက် မျက်ရည်နှစ်စက် တစ်ပြိုင်တည်း ပြိုဆင်း
သွားကြ၏။

"တိတ်တော့နော်..၊ လာ .. ကိုယ့်ဘက်ကိုလှည့်၊ ကိုယ် တောင်းပန်
နေတာကို ကျေအေးမယ်ဆိုရင် ပြုံးပြစမ်းပါ.."

လည်ဆွဲ ပခုံးလေးနှစ်ဖက်ကို သူ ဆွဲလှည့်လိုက်သည်။ ပြီးတော့
ပခုံးလေးတွေထိ ခွေဝိုက်နေကြသည့် ဆံနွယ်လေးတွေကို သူ့လက်နှစ်
ဖက်နဲ့ သိမ်းဖယ်ကာ မျက်နှာလေး မော့သွားအောင် မြှင့်၍..

"ကိုယ့်ကို တစ်မနက်လုံး ရှောင်နေတာမို့လား၊ မကျေနပ်ရင် တစ်ခု
ခု အပြစ်ပေးပါကွာ၊ အဲဒီလိုတော့ မနေပါနဲ့"

ရှင် နမ်းခဲ့တဲ့အတွက် အလျော်အစားက အချစ်တစ်ခုပဲဆိုတာ ရှင်
အသိချင်ယောင် ဆောင်နေတာလား..၊ လည်ဆွဲ ရင်ထဲမှာ တနင့်နင့် ခံစား
သာရလျက် တစ်ဖက်သတ် ရူးသွပ်မိတဲ့ ကိုယ့်အဖြစ်ကိုပဲ ဖြေသိမ့်နိုင်
အောင် ကြိုးစားဖို့ ဆုံးဖြတ်ရင်း..

"လည်ဆွဲ စိတ်မဆိုးပါဘူး"

လို့ ပြောလိုက်ရင်း သူ့လက်တွေကို ရှောင်ဖယ်၍ မျက်နှာငုံ့ထား
လိုက်သည်။

"ဝမ်းသာလိုက်တာ လည်ဆွဲ ရယ်.. မင်းအတွက် ကိုယ် လက်ဆောင်
ပေးစရာ ရှိတယ်"

"ဘာ!..."

နမ်းခဲ့သည် .. တောင်းပန်သည် .. လက်ဆောင်ပေးမည်.. တဲ့..၊
လည်ဆွဲ မျက်ဝန်းလေးတွေ ရူးရူးရဲရဲ ဖြစ်သွား၏။

"လည်ဆွဲ .. ကိုယ် ပြောတာ အဲဒီသဘောမျိုး မဟုတ်ဘူးနော်"

တိမ်တိုက် ပျာပျာသလဲ တောင်းပန်ကာ ဆတ်ခနဲ ခါချပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့် သူမလက်ကလေးတွေကို အမိအရ ပြန်ဖမ်းထားလိုက်ပြီး…

"ကိုယ် ပေးချင်တဲ့လက်ဆောင်က ကိုယ်နဲ့ အမြဲရှိနေခဲ့တဲ့ ကိုယ့်ရဲ့ လက်စွပ်လေးတစ်ခြမ်းပါ။ အဲဒီလက်စွပ်လေးမှာ အဓိပ္ပာယ်တွေ ရှိတယ် ပေးဖို့စဉ်းစားနေတာလည်း ကြာခဲ့ပါပြီ၊ ဒါပေမယ့်…"

သူ ဆက်မပြောဖြစ်ပါ..၊

လည်ဆွဲ သူ့အပေါ်မှာ လိုက်လျောခဲ့တာ၊ ကြည်ဖြူခဲ့တာတွေကို သူ သိသည်။ ဒါတွေဟာ အားကိုးမဲ့နေတဲ့ မိန်းကလေးတစ်ယောက်ဘက် က အားနာစွာ ခါးပါရခြင်းလား..၊ တကယ့်ရင်ခုန်သံတွေနဲ့လား သူ မခွဲခြားနိုင်..၊

အကယ်၍ သူမကလည်း သူ့လိုပဲ ထပ်တူညီဖို့ အဆင်သင့် ရှိနေ သည်ဆိုလျှင်တောင် မဖြစ်နိုင်တဲ့အကြောင်းတွေကို သိနေသည့် သူ့ဘက် က မိုက်မဲဖို့ မသင့်ပေ..၊

ထိန်းချုပ်ရခြင်းများစွာထဲမှာ ရင်ခုန်သံတွေကို ထိန်းချုပ်ရခြင်းဟာ အခက်ခဲဆုံး..၊ အချစ်ကို လိမ်ညာနေရသည့်အဖြစ်ဟာလည်း ဝဋ်ကြွေး တစ်ခုသာ..၊

သူ လည်ဆွဲ မျက်နှာလေးကို မြင်လိုက်ကတည်းက ဥပေက္ခာ မထားနိုင်တော့ဘဲ စွဲလမ်းခြင်းတွေဖြစ်ခဲ့တာ သူ့ကိုယ်သူပဲ သိသည်။

သူမ မျက်နှာလေး ညိုသွားတာကို မမြင်ရက်၊ မရှုစိမ့်နိုင်၍ အား အားလုံးကို ရင်ဆိုင်ဖို့လည်း ဆုံးဖြတ်ခဲ့သည်။ အားလုံးသော လိုက်လျော ကြည်ဖြူခြင်းတွေဟာ နောက်ဆုံးမှာ ဝမ်းနည်းကြေကွဲခြင်းတွေသာ ဖြ ရမည်မှန်း သိနေခဲ့သည့် သူ့အဖြစ်က..၊

"ကိုယ် ပြောသမျှ ကိုယ့်ဘက်က မင်း နားမလည်နိုင်လောက် အပြုအမူမှန်သမျှကို တစ်နေ့တော့ မင်း နားလည်လာမှာပါ.."

တနင့်ကြီး တွေးနေရင်း ဒီစကားကိုပဲ ပြောထွက်ခဲ့၏။ လည်





ည် မျက်တောင်ရှည်တွေ လိပ်ပြာတောင်ပံခတ်သွားသလို တဖျတ် ဖျတ် ရိုက်ခတ်ငေးလျက်…

"ဘာကိုလဲ အစ်ကို..၊ လည်ဆွဲ ကို ဆယ့်ရှစ်ရာစုနှစ်လောက်က စ်ဇာတ်လမ်းတစ်ပုဒ် ဖတ်ပြနေတာလား၊ အဲဒီလိုစကားမျိုးနဲ့ ကြေကွဲ း နှုတ်ဆက်သွားတဲ့ ဇာတ်ကောင်တွေကို ရုပ်ရှင်ထဲမှာ ကြည့်ဖူးရင် ည်း မှန်းတယ်၊ စာထဲမှာ ဖတ်မိရင်လည်း မကြိုက်ဘူး၊ အကန့်အသတ် ဲ့ တစ်နေ့နေ့ကို လည်ဆွဲ စိတ်မဝင်စားဘူး၊ အခုပဲ ပြောပါ၊ အစ်ကို့မှာ ပြောမပြနိုင်လောက်တဲ့ လျှို့ဝှက်ချက်တွေ ဘာတွေ ရှိနေသလဲ"

ခဏစောင့်ပေမယ့် ဖြေသံ ထွက်မလာခဲ့ပေ၊ ဒါပေမယ့် လည်ဆွဲ က်ဖဝါးလေးကို ဖြန့်လိုက်ပြီး လက်သူကြွယ်လေးမှာ လက်စွပ်တစ် း စွပ်ချပေးလိုက်တာကို သိလိုက်၏။

ပြီးတော့ လက်ချောင်းကလေးတွေကို လက်သီးဆုပ်လေးဖြစ်သွား င် သူပဲ ပြန့်၍ ဖိဆုပ်ထားလိုက်ပြီး…

"အူတော်ပဲ.."

ကြည်နူးစွာ ပြောသံသဲ့သဲ့နှင့် လည်ဆွဲ ရဲ့ လက်ခုံလေးမှာ နွေးခနဲ း တစ်ချက် စွန်းထင်းခဲ့၏။

သူမ တစ်ကိုယ်လုံး ပူနွေးသွားသလိုပင်၊ လိုချင်တာကို မရ..၊ မလို တူးလို့လည်း မငြင်းနိုင်ပါလား..၊ သူ့ရဲ့ အထိအတွေ့ အားလုံးမှာ င်မိခြင်းသာမက တစ်ကိုယ်လုံး စုန်းစုန်းမြုပ်လေသည်။

"ရှင့်ကို သိပ်ချစ်တယ် သိလား.."

ရင်ထဲမှာ ကျယ်ကျယ်လောင်လောင် အော်ဟစ်လိုက်မိ၏။

"ဒီလက်စွပ်ကို မနေ့က ကိုယ့်လက်ကို ကိုင်တုန်းက မင်း သတိထား ယ်နော်"

"အင်း .. ဘယ်ဘက် လက်သန်းမှာ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..၊ အခု မင်းရဲ့လက်သူကြွယ်မှာ စွပ်ပေးလိုက်တာ လက်စွပ်ရဲ့ အပေါ်တစ်ခြမ်း.."

"လက်စွပ်က တစ်ကွင်းတည်း မဟုတ်ဘူးလား"

"ဟုတ်တယ် .. ပုံဆန်းဆန်းကြီးတော့ မဟုတ်ဘူး လည်ဆွဲ ရဲ့ ပတ်လည်ကွင်းပြားလေးပဲ၊ ဒါပေမယ့် အလယ်မှာ ညောင်ရွက်ပုံလေး ထွင်းထားတယ်၊ အခု မင်းဆီမှာ ညောင်ရွက်ရဲ့အပေါ်တစ်ခြမ်းလေးပေါ့ စမ်းကြည့်ပါလား.."

သူပဲ လည်ဆွဲ လက်လေးကို ကိုင်ပြီး လက်ချောင်းလေးတွေနဲ့ သေချာ တို့ထိပေးခဲ့သည်။ ရှိနေခဲ့သည့် ဝေဒနာတချို့ဟာ သူ ပြောပြနေသော အကြောင်းအရာပေါ်မှာ စိတ်ဝင်စားခြင်းဖြင့် တဒင်္ဂ ပျောက်ပျက်သွားခဲ့သည်။

သူ့ရဲ့လက်သန်းမှာရှိသည့် လက်စွပ်က ကိုယ့်ရဲ့လက်သူကြွယ်မှာ အံနေတော်..၊ လက်စွပ်လေးရဲ့အောက်တန်းမှာလည်း အချိုင့်ကလေးဖြစ်နေတာ တကယ်ပင်..၊

"အဲဒါ ဘာအဓိပ္ပာယ်လဲဟင်..၊ သူများတွေဆို အသည်းပုံတို့ Love တို့ ပုံဖော်ထည့်တာ .."

"ပြောရရင်တော့ ကိုယ် အဲဒီအချိန်မှာ လူကလည်း အထက်တန်းကျောင်းသားအရွယ်၊ စိတ်ဆတ်တာ၊ စိတ်မြန်တာတွေပဲ ကိုယ့်မှာ လွှမ်းမိုးနေပြီး ကဗျာမဆန်တတ်ဘူး"

လူငယ်တွေ့ အဲဒီအရွယ်မှာ အသည်းရိုင်းနဲ့ အကဲစမ်းကြတာပဲ မဟုတ်ဘူးလား၊ လည်ဆွဲ သူ့ကို ထူးဆန်းနေခဲ့ရင်း ပြောသမျှကို စိတ်ဝင်တစား နားထောင်နေမိသည်။

"ကိုယ်တို့မိဘတွေက အဘိုးအဘွားတို့ လက်ထက်ကတည်းက အစဉ်အလာ၊ အဲ .. ဟို .. အကျင့်တစ်ခု ဆိုပါတော့ကွာ၊ ကိုယ် ချစ်ခင်တဲ့ ယောက်ယောက်ကို လေးလေးနက်နက် လက်ဆောင်ပေးချင်တဲ့ ကိုယ့်စိတ်ကူးထဲကအတိုင်း ဖြစ်ရအောင် ရတနာပစ္စည်းတစ်ခုခု ပြီး ကိုယ်မှာ ဆင်ထားတတ်ကြတယ်၊ လက်စွပ်၊ ဆွဲကြိုး ဒါတွေပဲ ကွာ၊ ကိုယ်ကတော့ ရတနာပစ္စည်းတွေ ဝတ်တာလည်း မပါဘူးလေ၊ ကြောင့် ဒီရည်ရွယ်ချက်အပေါ်မှာလည်း ထက်သန်မှုမရှိခဲ့တော့ လက်စွပ်လေးကိုပဲ လုပ်ဝတ်ခဲ့တာ.."

"ဒါ ငွေလက်စွပ်လေးလားဟင်"

"ဟုတ်တယ်..၊ အချစ်တွေ၊ မေတ္တာတွေ တစ်စုံတစ်ယောက်အပေါ် နှင့်သည်းစွာ ထားမိဖို့လည်း တွေးမကြည့်ခဲ့ဖူးဘူး၊ အဲဒါကြောင့် င်ရွက်လေးထည့်ပြီး ပေါ့ပေါ့ပါးပါး လုပ်ခဲ့တာ၊ ဖေဖေကတော့ ပြော သိလား..၊ လက်စွပ်တစ်ကွင်းထဲကို နှစ်ကွင်းဖြစ်အောင် နှစ်ပိုင်း မှ ပုံစံတစ်ခုတည်းပေါ်လာအောင် မင်းလုပ်တာ၊ မင်းက သူများ ပိုပြီး စိတ်ကူးယဉ်တတ်တဲ့ကောင်တဲ့"

သူက ပြောပြရင်း ရယ်နေသေးသည်။ လည်ဆွဲ ကတော့ လက်စွပ် ကို ဖွဖွလေးစမ်းနေမိရင်း ပဟေဠိနန်းတော်ကြီးထဲမှာ ချာချာလည် ၊

မိဘဘိုးဘွား အစဉ်အဆက်ကတည်းက လက်ဆင့်ကမ်းလာကြတဲ့ စ္စည်းဆိုတာ ကိုယ့်ရဲ့ အိမ်ထောင်ဖက်အတွက် ရည်ရွယ်ကြတာ တ်ဘူးလား..။

သူပြောတဲ့ ချစ်ခင်သူဆိုတာ ဘယ်လိုလူမျိုးလဲ..၊ လည်ဆွဲ ကို လိုအမျိုးအစားထဲမှာ ဘယ်လိုပုံစံ သတ်မှတ်ပြီး ဒါကိုပေးတာလဲ..၊ မျက်တောင်လေးခတ်သွားလိုက်၊ ငေးနေလိုက်နှင့် လက်စွပ်ကို စမ်းကိုင်နေဆဲ လည်ဆွဲ မျက်နှာလေးကို စိုးမိုးကြည့်ရင်း တိမ်ဆိုက် ရှိ ပြုံးမိ၏။







www.burmeseclassic.com

www.burmeseclassic.com



သူမ ရှုပ်ထွေးနေတာကို သူ သိပေမယ့် ရှင်းမပြနိုင်ပါ။ တခင်တကာ အမှန်တရားကို ရှောင်ရှားပြီး ရှုပ်ထွေးအောင် ပြောနေရသည့် အဖြစ်ကြောင့် နှလုံးသားထဲမှာ ဆူးတစ်ချောင်း နစ်ဝင်နေသလိုပင်..၊

"လည်ဆွဲ.."

"ဟင် .."

"ဒီလက်စွပ်လေးက တန်ဖိုးနည်းပေမယ့်..."

"မနည်းပါဘူး အစ်ကို၊ လည်ဆွဲ မြတ်နိုးတယ်၊ ပစ္စည်းတစ်ခုရဲ့ တန်ဖိုးဆိုတာလည်း လိုချင်သူရဲ့ ရင်ထဲမှာပဲ ရှိတာပါ၊ ကိုယ် လိုချင်လို့ ရအောင် ယူခဲ့တာ၊ မလိုချင်လို့ စွန့်ပစ်ခဲ့တာ၊ အားလုံးဟာ တပ်မက်ခြင်း အပေါ်မှာ ဖြစ်သွားတဲ့ တန်ဖိုးတွေပဲ.."

လည်ဆွဲ က ဒီလိုကျတော့လည်း နူးနူးညံ့ညံ့ တည်တည်ငြိမ်ငြိမ်လေး ဖြစ်နေပြန်သည်။ အဖြူရောင် ပခုံးချိတ် လည်ဟိုက်လေးပေါ်မှာ အထပ်ဝတ် အနီရဲရဲ ခါးတိုလေးနှင့် ပါးမို့လေးတွေပါ နီမြန်းနေသည့် မျက်နှာလေးကို နောက်ထပ် မေ့မူးချင်မိ၏။

ပြီးတော့ လုပအိန္ဒြနေသည့် သူမရဲ့ ဆံနွယ်လေးတွေကို စိတ်ရှိလက်ရှိ ဆွဲဖွ၊ မွှေနှောက်၍ ဖွေးနုသော လည်တိုင်ကြောမှာ ခဏလေး အတိတ်မေ့သွားချင်သည်။

သူနဲ့ သူမအတွက် ခါးသီးဖွယ်ဖြစ်သော အတိတ်နဲ့ အနာဂတ်အထဲ ဘာမှသတိပြုနိုင်မရဘဲ သူမရဲ့ လက်လေးတစ်ဖက်ကိုဆွဲရင်း ပေါင်းဖက်ခဲ့ ကြသည့် ချစ်သူများအတိုင်း..၊

"အစ်ကို လည်ဆွဲ ကို တစ်ခုတော့ ပြောပြပါ"

"ဟင် .. မေးလေ၊ ဘာလဲ.."

"ဒီလက်စွပ်တစ်ခြမ်း လည်ဆွဲ ကို ဘာအဓိပ္ပာယ်နဲ့ ပေးတာလဲ လည်ဆွဲ ထင်သလို မဟုတ်ဘူးလို့ အစ်ကို ပြောခဲ့တယ်လေ၊ အဲဒီအဓိပ္ပာယ်





က ဘာလဲ.."

"ဟို..."

သူ အုတ်မြစ်ချခဲ့သည့်စကားရဲ့ အစကို တစ်ပတ်ပြန်ပြေးပြီး ရှာဖွေလိုက်ရသည်။ ပြီးမှ...

"မင်းက ကိုယ့်ဘဝမှာ အရင်းနှီးဆုံး မိန်းကလေးတစ်ယောက်ပါ တကယ်လို့ ကိုယ်တို့ အကြောင်းတစ်ခုခုကြောင့် ခွဲခွာကြရမယ်ဆိုရင် ကိုယ့်ကို သတိရနေစေချင်လို့.."

"အစ်ကိုကရော.."

"ဘယ်တော့မှမမေ့နိုင်အောင် ရင်ထဲမှာထည့်ထားတာပါ လည်ဆွဲရယ်"

ဒီလောက်ထိတော့ ပြောပြချင်သည်။ မပြောမိအောင်လည်း ထိန်းလို့မရပါ။ တစ်နေ့နေ့ အမုန်းကြီးမုန်းပြီး ဝေးကွာသွားကြမည်ဆိုလျှင်...

"လည်ဆွဲ ကို နှုတ်ဆက်နေတာလား အစ်ကို၊ လည်ဆွဲ မျက်လုံး ခွဲစိတ်ပြီးတဲ့အထိ အစ်ကို စောင့်နေရတာလား"

အဲဒီအချိန်မှာ မုန်းတီးစွန့်ခွာသွားမှာက မင်းပါ..၊ သူ ရင်ထဲမှာ ပြောဖြစ်ရင်း သက်ပြင်းချသည်။

"မင်းမျက်လုံးတွေ ပြန်ကောင်းမလာဘူးဆိုရင် ကိုယ် မင်းကို ထားမသွားပါဘူး"

"ပြန်ကောင်းလာရင် ပြီးပြီပေါ့"

"ခုတောင် ပတ်ဝန်းကျင်မှာ မတင့်တယ်တာတွေကို လုံးထွေး လွှင့်ပစ်ထားရတာ၊ မင်းရဲ့ သိက္ခာအတွက်ပါ၊ လူမမာမို့လို့ ကူညီစောင့်ရှောက်တာ တင့်တယ် ပမယ့် မဟုတ်ဘဲနဲ့ အတူတူနေကြဖို့က မဖြစ်နိုင်ဘူး၊ ပြီးတော့ ကိုယ်က တစ်မြို့သား.."

လည်ဆွဲ နားလည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကိုယ့်ရင်ထဲကို မခေါ်ဘဲ ဝင်လာခဲ့သလို မနှင်ဘဲ ထွက်သွ
မည့်သူ..၊ ကိုယ်က တစ်ယောက်တည်း ရှူးသွပ်နေခဲ့ရပေမယ့် သူကတေ
အမြဲတမ်း ဧည့်သည်ဆန်စွာ..၊

မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ် ဖြစ်လာပြန်၏။ သူ
ကို မြင်ချင်လွန်းလို့ မျက်လုံးတွေ ပြန်မြင်ချင်သည်။

ဆုံးရှုံးရမည်ဆိုလျှင်တော့ နေပါစေ..၊

ဒီမျက်လုံးတွေ တစ်သက်လုံး အမှောင်ကျသွားမယ်ဆိုရင်တော်





## အခန်း (၂၅)

တူးခါးသည့်အရသာကို မနှစ်မြို့ဘဲ မျိုချထားခဲ့သည့် တရိပ်ရိပ် မှုးဝေခြင်းက လေကားထစ်တွေကို နီးနီးကပ်ကပ်ကြီး မြင်လာလိုက် သေးကွေး ဝေးကွာသွားလိုက်နှင့်..၊

ယိုင်နဲ့နေသည့်ကိုယ်ကို စိတ်မချနိုင်တော့ဘဲ လေကားလက်ရမ်းကို ကိုင်ထားလိုက်ရ၏။ ပြီးတော့ တစ်ထစ်ချင်း နင်းဖြတ်တက်လာခဲ့သည်။

ညဥ့်နက်နက် မီးအလင်းရောင်က ဖွေးဖွေးလှုပ်နေသလောက် တိတ်ဆိတ်ခြင်းက အထီးကျန်ဆန်လွန်း၏။ လည်ဆွဲ နဲ့ သူ ခွဲခွာသွားရ သည့်အခါ ဒီလို အထီးကျန်ဆန်မှုတွေကို တစ်သက်လုံး ရင်ဝယ်ပိုက်သွား ရတော့မှာ ဖြစ်၏။ ခံနိုင်ရည် ရှိပါ့မလား..၊

ကိုယ် ရင်ဆိုင်စရာစွမ်းအား မရှိတော့ဘူး လည်ဆွဲ ရယ်..၊

တရိပ်ရိပ်မှူးနေသည့် အာရုံထဲမှာ လည်ဆွဲ က လှချင်တိုင်း လှ နေသည်။ ညိုနေသည့် နှုတ်ခမ်းလေးတွေ စိုရွဲနေတာကို အပိုင်လိုချင်၏။

နွေးအိသည့် သူမရဲ့ လှပတဲ့ကိုယ်လေးကို ထာဝရပွေ့ဖက်ပြီး ငြိမ်း ချမ်းချင်မိသည်။ ဒါကြောင့် .. ဒါကြောင့်လေ .. ကိုယ်..



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!.., အစ်ကို အရက်တွေ သောက်လာတယ်"

"လည်ဆွဲ.."

လေ့ကားကို အောင်မြင်စွာ ဖြတ်သန်းခဲ့ပြီး မခြေလှမ်းတွေ ရောက်ရင်း လည်ဆွဲ ရဲ့ အိပ်ခန်းရှေ့မှာ ရပ်လိုက်မိစဉ် သူမက သူ့ရှေ့ ရောက်လာခဲ့ပြီး...

"အစ်ကို ဟုတ်တယ်မို့လား၊ အစ်ကို အရက်သောက်လာတယ် ဘာတွေ ဖြစ်လာတာလဲ"

အခန်းထဲက မီးရောင်ကို ကျောပေးထားပေမယ့် သူမရဲ့ ကိုယ် သွယ်သွယ်လေးက ကောက်ကြောင်းလေးတွေ ထင်းနေသည်။

သူ ငေးနေရင်း ရှေ့ကို တစ်လှမ်းတိုး၏။ ပြီးတော့ လည်ဆွဲ ပခုံးလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာ..

"လည်ဆွဲ..၊ ကိုယ့် .. ကိုယ့်ကို မကြောက်နဲ့နော်၊ ကိုယ်လေ မင်း အရမ်းချစ်တယ်၊ ဘယ်လိုမှ မျိုသိပ်မထားနိုင်တော့လို့ .. အခု .. အ ကိုယ် မိုက်ရူးရဲလုပ်တတ်လာအောင်..."

"အို!... အစ်ကို .."

"လည်ဆွဲ ရယ်... ကိုယ့်ကို ခွင့်လွှတ်ပါနော်၊ ကိုယ် မင်းရဲ့နှုတ်ခမ်း လေးကို တမ်းတရင်း ညည အိပ်မပျော်တာကြာပြီ ကိုယ့်ကိုလေ .. ကိုယ်

"ဟင့်အင်း .. အဲဒီလို မလုပ်ပါနဲ့၊ လည်ဆွဲ ကြောက်တယ်"

"ချစ်တယ် .. ကိုယ့်အချစ်ကို မယုံဘူးလား လည်ဆွဲ ရယ်၊ ယုံလို ပါကွာ..နော်၊ မင်းကို သိပ်ချစ်တယ်"

"အစ်ကို.."

လည်ဆွဲ နောက်ဆုတ်နောက်ဆုတ်နှင့် ပါသွားရင်း သူနဲ့အတူ မွေ့ ပြင်နန့်မှာ...

"ဘာကိုမှ ဂရုမစိုက်ချင်ဘူးကွာ၊ ကိုယ်တို့ အတူတူနေမယ် သိလား





မင်းကို ကိုယ် ဆုံးရှုံးမခံနိုင်ဘူး"

လည်ဆွဲ မငြင်းနိုင်အောင် သူ ယစ်မူးခွင့်တွေ မရမက တောင်းဆို နေခဲ့၏။ ထို့ပြင် နှစ်ယောက်တည်း ကမ္ဘာသစ်တစ်ခုမှာ စက္ကန့် မိနစ်တွေနဲ့ တိုက်စားဖြတ်သန်းဖို့ ကြိုးစားနေမိသည်။

တသိမ့်သိမ့် လှိုက်ခါရှိုန်းမြနေသော ကြည်နူးခြင်းများသည့်...

❖ ပန်းနုရောင် နှုတ်ခမ်းပါးကို နမ်းဖူးသူတစ်ယောက်မို့ပါ.. နောက် ထပ် တစ်ခါ နမ်းခွင့်တော့ လိုချင်တာ.. ❖

ဒီသီချင်းသံကို သူ ရင်းနှီးနေသည်။ အသိတရားတွေ ကိုယ်မှာ တွယ်ကပ်လာတော့ ဖုန်းလာခြင်းဖြစ်မှန်း သိလိုက်၏။

မျက်လုံးတွေ ဖွင့်ကြည့်လိုက်လျှင် ဖန်စပ်စပ်ဖြစ်နေခြင်းအပြင် ခေါင်းက တဆစ်ဆစ်ကိုက်နေ၏။ ထထိုင်လိုက်သည်နှင့် အိပ်မက်ကမ္ဘာ လေးထဲမှာ သူ ခဏလေး ကြည်နူးခဲ့ရပြီး ထာဝရဆုံးရှုံးလိုက်ရခြင်းကို မကျေမနပ် တက်ခေါက်မိ၏။

စခရင်မ်လင်းနေသည့် ဖုန်းကို လှမ်းကြည့်ကာ နားထင်နှစ်ဖက်ကို လက်ဝါးနဲ့ဖိထောက်ရင်း မျက်နှာမှာ မသာယာနိုင်..၊

'တစ်နာရီတည်း မောင်နဲ့ ချစ်ပါရစေ' ဆိုတဲ့ သီချင်းလေးကို သတိ ရကာ ချစ်သူနဲ့ 'ချစ်ခွင့်' ဆိုတာကို ပို၍ နားလည်ခဲ့၏။

သူ့ရင်တွေ တငြိမ့်ငြိမ့် ကြည်နူးလှိုက်ခုန်နေတာ ခုထိမပြေ..။

ခဏလေး အပိုင်ရခဲ့သည့် နှုတ်ခမ်းလေးတစ်စုံကို တမ်းတရင်း ဖုန်းထဲမှာ ဒီသီချင်းလေး ပြောင်းထားလိုက်တာ မကြာသေးပါ..၊

ဒီနေ့တော့ နောက်ထပ် နမ်းခွင့်ကြုံခဲ့ပေမယ့် ဒီသီချင်းကြောင့်..၊ နားလိုက် .. ခေါ်လိုက်ဖြစ်နေသည့်ဖုန်းကို လှမ်းယူလိုက်ရင်း မျက်မှောင် ကုတ် ကြည့်မိ၏။ ပြီးမှ...

"ညီထွန်း"



www.burmeseclassic.com

www.burmeseclassic.com



"အေး .. ငါရယ်၊ မင်း ငါ့ကို ခေါ်တယ်ဆို.."

"ဟုတ်တယ်..၊ မနေ့က မင်းဖုန်းကို ခေါ်လို့မရလို့ လေးလေး မှာထားတာ"

"ငါ့ကို အရေးတကြီး လာပါဆိုတာ ဘာလုပ်ဖို့လဲ"

"ဒီရောက်မှ ပြောမယ်..၊ မနက်ဖြန်ညအရောက် မင်း လာခဲ့ကွာ"

"နည်းနည်းတော့ ပြောပြကွာ"

"မပြောနိုင်ဘူး .. အရေးကြီးတယ်နော်၊ ငါ နည်းနည်းမှောထား ‌ေါင်းကိုက်နေတယ်၊ ဒါပဲ"

သူ ဖုန်းချလိုက်ပြီး အိပ်ရာထဲမှာ ပြန်လှဲနေလိုက်မိ၏။

မျက်လုံးက နာရီဆီကို ရောက်သွားတော့ ည ကိုးနာရီ..၊

အိမ်မှာ လည်ဆွဲ မရှိပါ၊ နောက်လည်း လည်ဆွဲ နဲ့သူ ဒီအိမ်ေ အတူနေဖို့ ဖြစ်နိုင်ခြေ မရှိတော့ပေ..၊ သူမ မျက်လုံးခွဲစိတ်ပြီးပြီ ဖြစ်သည်

ပတ်တီးဖြည်သည့်အခါ အကယ်၍ ဒီမျက်လုံးတွေ အလင်းမရခဲ့ ဆိုလျှင် သူ ပစ်ထားနိုင်မှာ မဟုတ်သော်လည်း ဒီလိုအဖြစ်မျိုး လည်း မရောက်ဘူးလို့ သူ့စိတ်ထဲမှာ သိနေသည်။

ထို့ကြောင့် သူမ မျက်လုံးတွေ မြင်လာရတဲ့ရှေ့မှာ သူ ဘယ် နေမလဲ..၊ ပြဿနာတွေ ရှင်းရဖို့ရှိသည်။

သူမနဲ့ အမုန်းကြီး မုန်းကြတော့မည်။ ထိုအချိန်မှာ သည်းထန် ငိုကြွေးရင်းဖြင့် အမုန်းစကားတွေ ဆိုလာမည့် သူမ မျက်နှာလေးကို အတွေးမဆုံးခင် ဆတ်ခနဲ ထထိုင်ရင်း မျက်နှာကို လက်ဝါးနှိပ်ပွတ်ပစ်မိသည်။

လုပ်လိုက်စမ်းပါ..၊

ကံကြမ္မာဆိုတဲ့ လက်ထဲမှာ ဘယ်လို ပဉ္စလက်တွေ ရှိနေသေး





## အခန်း (၂၆)

"စိတ်ကို ငြိမ်ငြိမ်ထားနော် ကလေး၊ ဆရာတို့က 'ဖွင့်' လို့ ပြောမှ ဖွင့်ရမယ်၊ ဟုတ်ပြီ .. ခဏလေး၊ အလင်းရောင်ကို အရင်ခံစားကြည့်၊ မျက်လုံးထဲမှာ ဝင်လာရဲ့လား.."

"ဟုတ်ကဲ့"

"အိုခေ .. ဖြည်းဖြည်းလေး .. ဖြည်းဖြည်းချင်း ဖွင့် .. အလင်းရောင် စူးခနဲဝင်လာရင် မျက်လုံးနာသွားလိမ့်မယ်၊ ဒါကို ကာကွယ်ပြီးသား ပြင်ဆင်ထားရမယ်၊ ဟုတ်ပြီ .. ဖွင့်.."

သမားတော်ကြီးတွေနဲ့ သူနာပြုဆရာမတွေ အနားမှာ စိတ်လှုပ်ရှားစွာ ပတ်လည်ဝိုင်းကြည့်နေကြလိမ့်မည်။

မိုးသား ပုံအော၍ အကုန်ကျခံထားသမျှ အားလုံးကလည်း ကြိုး စားထားရသည်မို့ သူမရဲ့မျက်လွှာတွေ ပွင့်လာမည့်အချိန်က စိတ်လှုပ်ရှား ဖွယ်အတိ ဖြစ်နေမည်သာ။ သူမအတွက်ကတော့ ပျော်စရာ မဟုတ်ပေ..။

မျက်လုံးတွေ ထာဝရ အမှောင်ဖုံးသွားရတော့မည်ဆိုလျှင် ကြေကွဲ ရမှာဖြစ်သလို ပြန်မြင်ရတော့လည်း ချစ်ရသူကို ဆုံးရှုံးရမည်သာ..၊



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဟာ ဘဝထက် အရေးပါနေသည်လို့ ပြောမိလျှင် သူမ
အရူးလို့ သတ်မှတ်ကြမည်လား..၊

ဒါပေမယ့် သူမအတွက်က သည်မျက်ဝန်းတွေ ပြန်မြင်ခွင့်ရမ
ဆိုလျှင် ပထမဆုံး မြင်ချင်သည့်မျက်နှာက မိုးသား မျက်နှာ..၊

"ဒေါက်တာ.."

"ဟင် .. ဘာဖြစ်လို့လဲ သမီး၊ မျက်လုံးတွေ မဖွင့်နိုင်အောင် နာ
လို့လား"

"မဟုတ်ပါဘူး၊ လည်ဆွဲ မျက်လုံးတွေ ဖွင့်လိုက်တာနဲ့ တကယ်
ပြန်ကောင်းလာမယ်ဆိုရင် အစ်ကိုမိုးသား မျက်နှာကို မြင်ချင်ပါတယ
အစ်ကို့ကို ခေါ်ထားပေးပါနော်"

လည်ဆွဲ ပြောလိုက်တော့ အားလုံး တစ်ယောက်မျက်နှာတ
ယောက် ကြည့်ကြသည်။

သူတို့ မျှော်လင့်နေကြတာက လူနာရဲ့ မျက်လွှာတွေ ပွင့်လာ
မြင်ရခြင်း၊ မမြင်ရခြင်း..၊ ဒါကို လူနာကိုယ်တိုင် စိတ်လှုပ်ရှားစွာ အကောင်း
ဆုံးဖြစ်အောင် ကြိုးစား ဆုတောင်းနေမည်ဟု တကယ်တမ်းကျတော့
မဟုတ်ပါလား..၊

"လူနာရှင်ရော.."

"သူလည်း အပြင်မှာပဲ နေပါရစေလို့ ပြောသွားတာပဲ ဒေါက်တာ
အရမ်း စိတ်လှုပ်ရှားနေလို့ ထင်တယ်"

"ဘာဖြစ်ဖြစ် လူနာရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးရမှာပဲလေ၊ သူ
သွားခေါ်လိုက်ပါ"

အသံတွေကို လည်ဆွဲ ကြားနေရသည်။

အစ်ကို အဲဒီလောက်ထိ စိတ်လှုပ်ရှားနေတာ ဘာအတွက်လဲ
လည်ဆွဲ ကို ပြန်ကောင်းသွားစေချင်တာပဲ ဖြစ်မှာပါ။





လည်ဆွဲ လို ဘယ်သူက ရူးမှာလဲ..၊

"ကိုယ် ရောက်နေပြီ လည်ဆွဲ"

"ဟင်!..."

မျက်နှာချင်းဆိုင် နေရာလောက်က မိုးသား ရဲ့ အသံကို သူမ ကြား
လိုက်ရ၏။

"မျက်လုံးတွေ ဖွင့်လိုက်တော့နော်..၊ အားလုံးက မင်းရဲ့ မျက်လုံး
တွေ ပြန်မြင်ပါစေလို့ ဆုတောင်းနေကြတာ"

လည်ဆွဲ ခေါင်းလေးညိတ်သည်။ ပြီးတော့ စိတ်ထဲကနေ ဂုဏ်
တော်ကို ရွတ်ဆိုရင်း မျက်လုံးကို တဖြည်းဖြည်း ဖွင့်လိုက်၏။

အလင်းရောင်နှင့်အတူ မတ်တပ်ရပ်နေကြသည့် အရိပ်တွေ..၊

မျက်လုံးထဲမှာ ကျင်ခနဲ ဖြစ်သွားသဖြင့် ခဏ ပြန်မှိတ်လိုက်ရ၏။
နောက်ထပ် ပြန်ဖွင့်တော့ အနီ၊ အဝါ၊ အဖြူ စသည့် အရောင်တွေပါ
ဝင်လာသည်။

မြင်ကွင်းက တဖြည်းဖြည်း ကြည်လင်လာကာ သူမ အကြည့်တွေ
တန်းခနဲ ရောက်သွားတာက ဂျူတီကုတ်အဖြူရောင်နှင့် ဆရာဝန်ကြီး
ဘေးမှာ ရပ်နေသော ယောကျ်ားတစ်ယောက်..၊

မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်နှင့် အသားလတ်လတ်၊ အရပ်မြင့်မြင့်၊
ဆိုသူဟာ အစ်ကိုမိုးသား လား..၊

မျက်လုံးချင်းဆုံသွားတော့ သူက ပြုံးပြသည်။ လည်ဆွဲ မပြုံးမိ
ပါ။ အစ်ကိုမှန်း သိနေလျက်နှင့် စိတ်ထဲမှာ စိမ်းသက်ဖံနေသလိုပင်..၊

'ကိုယ့်ကို မင်း တကယ်မြင်လိုက်ရင် ငါ ထင်သလောက်လည်း
မဟုတ်ဘူးဆိုပြီး မင်း မျက်နှာမဲ့သွားမှာ ကိုယ် ကြိုပြောရဲထယ်' လို့
ပြောခဲ့ဖူး၏။

ဒါကို သတိရလိုက်ကာ လည်ဆွဲ နှုတ်ခမ်းလေးတွေ ပြုံးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလားဟင်.."

"ဟုတ်တယ် .. ကိုယ်ပါ"

"လည်ဆွဲ အားလုံးကိုမြင်နေရပြီ၊ အကုန်လုံး ကြည်လင်နေတာပဲ သိလား"

ရှိသမျှလူတွေ ဝမ်းသာအားရတွေ ဖြစ်ကုန်ကြသည်။ မိုးသားက ရှေ့တိုးလာပြီး လည်ဆွဲ ပခုံးလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

ထိုစဉ် ဆွဲခြင်းတစ်ဖက်၊ အိတ်တစ်ဖက်နှင့် ဝဖိုင့်ဖိုင့် အသားဖြူဖြူ ကရင်အမျိုးသမီးကြီးတစ်ယောက် အခန်းထဲ ဝင်လာသည်။

အားလုံး ပြုံးပျော်ရယ်မောနေကြခြင်းနှင့် လည်ဆွဲ ကို အံ့သြတကြီး တစ်လှည့်စီကြည့်၍...

"သမီးလေး .. မျက်လုံးတွေ ပြန်ကောင်းသွားပြီပေါ့"

လည်ဆွဲ မျက်လုံးတွေ ထိုဆီရောက်သွားကာ ချက်ချင်း သိလိုက်တာက အမိုး..၊

"အမိုး .."

"အမလေး .. ဟုတ်ပ .. အမိုးပါနော့၊ ဝမ်းသာလိုက်တာ .. မကြီးမငယ်နဲ့ ထခုန်လိုက်ရရင်လည်း မကောင်း.."

အမိုးက ဗီရိုပုလေးပေါ်ကို ဆွဲကိုင်လာတာတွေ သွားတင်လိုက်ပြီး လည်ဆွဲ ထိုင်နေသည့်နားကို တန်းရောက်လာ၏။

"ငါ့သမီးလေး ပြန်ကောင်းသွားပြီ"

လို့ အသံတုန်ကြီးနှင့်ပြောကာ လည်ဆွဲ နဖူးလေးကို တယုတယ သပ်တင်၏။ မေးဖျားလေးကိုပါ မော့ယူပြီး ကြည့်၍...

"လှလိုက်တဲ့ မျက်လုံးလေးတွေဟယ်၊ ခုမှ အသက်ဝင်လာတာ၊ စိန်တုံးကလေးတွေ ကျနေတာပဲ"

"ကဲ .. ကဲ .. မိသားစုတွေ စကားပြောကြပါစေ၊ တို့တွေ သွား





အောင်"

ဆရာ၊ ဆရာမတွေက ဝမ်းသာစိတ်နှင့် ခဏတဖြုတ် ရပ်ကြည့်နေပြီးမှ သတိတရ လက်တို့ပြီး အခန်းထဲက ထွက်သွားကြ၏။

"အမိုး.."

"ဟုတ်ပါတယ် အမိုးပါ၊ ရော့ .. သေချာကိုင်ကြည့်ပါဦး"

လည်ဆွဲ က အမိုးလက်ကို ဆုပ်ကိုင်ထားလိုက်ရင်း မိုးသား မျက်နှာ မော့ကြည့်ကာ...

"အမိုးနဲ့ အစ်ကို့ကို မြင်လိုက်ရတာ လည်ဆွဲ ရင်ထဲမှာ သပ်သပ်စီ နေရသလိုပဲ"

"ဘာဖြစ်လို့လဲ လည်ဆွဲ .."

မိုးသား က လည်ဆွဲ ရှေ့မှာပဲ ခုံဆွဲ၍ ဝင်ထိုင်လိုက်ကာ..

"ဘယ်လို ခံစားရလဲ .. ပြောပါဦး"

"အမိုးရဲ့ အသံကို ကြားလိုက်တာနဲ့ မြင်လိုက်ရတာ ဘာမှမကွာဘူး၊ လည်ဆွဲ ရင်းနှီးနေတယ်၊ အစ်ကို့ကို ..."

လည်ဆွဲ မျက်ဝန်းလေးတွေ သူ့မျက်နှာထက်မှာ စူးစိုက်လျက်...

"အစ်ကို့ကို မြင်လိုက်ရတာလေ.. လည်ဆွဲ မပြောတတ်ဘူး၊ ဒါပေမဲ့ ဝမ်းနည်းသလိုပဲ"

အမိုးက လည်ဆွဲ နဲ့ မိုးသား ကို တစ်လှည့်စီကြည့်ကာ စိတ်ကောင်းသည့်မျက်နှာကြီး ဖြစ်ကျသွားခဲ့ပြီး တက်ကြွနေခဲ့သည့် စကားဟန်ပန်တွေပါ ပျောက်ဆုံးသွားခဲ့၏။

လည်ဆွဲ မျက်ဝန်းမှာလည်း မျက်ရည်စတို့ ဝေ့သီလျက်ပင်..၊ သူမ လင့်ခဲ့သည့် ဒီနေ့ဟာ မျက်ရည်သွင်သွင်စီးကျလောက်အောင် ဝမ်းသာ ပဲ့ခြင်း၊ ဒါမှမဟုတ် ပူပြင်းလောင်မြိုက်စွာ ငိုကြွေးခြင်း..၊

ထိုနှစ်ရပ်ကြောင့် အပြောင်းလဲကြီး ပြောင်းလဲသွားလိမ့်မည်ဟု..၊



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဝမ်းသာဝမ်းနည်းခြင်းတို့က ညီညွတ်မျှတစွာ ရှိနေလျက်...

"အစ်ကိုရော.."

"ဟင်!..."

"ဘယ်လို ခံစားရလဲဟင်"

သူတို့ မျက်နှာချင်းဆိုင် မေးနေတာမြင်တော့ အမိုးက အသာ နောက်ဆုတ်ကာ ဆွဲခြင်းဆီကို ပြန်ရောက်သွား၏။

"ဘာခံစားရမှာလဲ လည်ဆွဲ ရယ် .. ဝမ်းသာတာပေါ့၊ ကိုယ့်စိတ်တွေ လှုပ်ရှားလွန်းလို့ မင်းမျက်လုံး ဖွင့်လာမှာကိုတောင် စေ့စေ့ကြည့်မနေရဲဘူး၊ အဲဒါကြောင့် အပြင်ထွက်နေတာ.."

လည်ဆွဲ ဆံပင်လေးသပ်ရင်း ရယ်မိသည်။

မိုးသား က သူမလက်ဖဝါးလေးကို ခပ်ဖွဖွ လှမ်းကိုင်လိုက်ပြီး...

"ဒါဆို လည်ဆွဲ ဆေးရုံက ဆင်းလို့ရပြီ ထင်တယ်၊ အစ်ကို ဒေါက်တာနဲ့ သွားဆွေးနွေးလိုက်ဦးမယ်"

မိုးသား ထွက်သွားတာကို လည်ဆွဲ မျက်စိတဆုံး လိုက်ကြည့်၏။

ပြီးမှ အမိုးဘက်ကို လှည့်၍...

"အမိုး.."

"ဟေ..."

"ဒေါင်.."

အမိုးသည် စတီးခွက်လေးတစ်လုံးကို တစ်သျှူးနဲ့ ပွတ်တိုက်နေရာမှ လည်ဆွဲ ခေါ်လိုက်တာနှင့် တုန်ခနဲဖြစ်သွားကာ ခွက်ကို တမင်တကာ လွှတ်ချပစ်လိုက်သလို ကယောင်ချောက်ချား..၊

"အမိုး ဘာဖြစ်သွားတာလဲဟင်၊ ဆေးတရီးနော်..၊ လည်ဆွဲ ရုတ်တရက် ခေါ်လိုက်မိလို့လား"

"မ .. မဟုတ်ပါဘူး သမီးရယ်၊ အမိုး အတွေးလွန်နေမိလို့ပါ"





အမိုးက ရေခွက်ကို ကမန်းကတန်း ပြန်ကောက်၍ စားပွဲပေါ်တင်မလိုလို ခြင်းထဲ ပြန်ထည့်မလိုလိုနှင့် ဘာမှမဖြစ်ဘဲ တစ်သျှူးနဲ့ပဲ သပ်သုတ်၏။

ထို့နောက် ခေါင်းခါပစ်လိုက်ပြီး...

"မဟုတ်သေးပါဘူး၊ ရေဆေးရဦးမှာကို ငါ့နှယ်..."

အမိုး ရေဘူးတစ်ဖက်နှင့် အပြင်ကိုထွက်သွား၏။

လည်ဆွဲ မျက်မှောင်လေးကုတ်ရင်း နားမလည်နိုင်စွာ ကျန်ရစ်ခဲ့သည်။

သူမနဲ့ အတူနေခဲ့သည့်ကာတစ်လျှောက်မှာ အမိုး ဤသို့ လွတ်ကျသောင်မှားတာမျိုး ရှိခဲ့ဖူးလို့လား...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

သူ ဖုန်းချပြီး ဒီဘက်လှည့်လိုက်တော့ ဦးကောင်းလူ က လက်ကိုင်အိတ်ကြီး ချိုင်းကြားညှပ်လျက် မိုးတိုးမတ်တတ်နှင့်...

"လေးလေး ဘာကိစ္စရှိလို့လဲ"

"မင်းရဲ့ အတွင်းဖိုင်တွေဆီက အရင်လကအပ်တဲ့ ပစ္စည်းစာရင်းတွေ လာပြတာ"

"အဲဒီမှာ ထားခဲ့လေ"

ဦးကောင်းလူ က သူဆွဲလာသည့် အိတ်ရှည်အနက်ကို စားပွဲပေါ် ငုံ့ထားလိုက်ပြီး လက်ကိုင်အိတ်ကိုတော့ ချိုင်းကြားမှာပဲ ပြန်ပြင်ညှပ်၍

"ကိုထွန်းအောင် နဲ့ ဖုန်းပြောတာလား"

ဒီကိစ္စ စကားစလိုက်တာနှင့် တိမ်တိုက် မျက်နှာက ချက်ချင်း ထ[…] ခနဲ ဖြစ်၏။

"ဟုတ်တယ်"

"မင်း စိတ်ညစ်နေရပြီမို့လား၊ တိမ်တိုက် ရာ..၊ သူတို့ဘက်ကလည်း မမှားဘူး။ ဒီလောက်ထိ စောင့်နေခဲ့တာကိုက မင်းအပေါ် ယုံကြည်နေ[…]





အတိုင်းအတာပဲ၊ အခု.. ကောင်မလေးလည်း မျက်လုံးမြင်နေပြီမို့လား၊ [မ]င်းပြောသလို အမြန်ဆုံး အကောင်အထည်ဖော်ဖို့ ကြိုးစားကြည့်ပါလား"

တိမ်တိုက် က ဆိုဖာမှာ ထိုင်လိုက်ပြီး စိတ်ဝင်စားသည့်ပုံမရှိဘဲ ဦးကောင်းလူ ချထားသည့်အိတ်ထဲက ဖိုင်ကို ဆွဲထုတ်ကြည့်သည်။

ဟိုလှန်ဒီလှန် လုပ်နေပြီးမှ ပြန်ပိတ်လိုက်ကာ..

"ကျွန်တော် ဒီကိစ္စအတွက် အခု ပြင်ဆင်နေတာပါ"

ဒီစကားမျိုးပဲ ကြားရတော့ ဦးကောင်းလူ သက်ပြင်းချလိုက်သည်။ ထို့နောက် လက်ကိုင်အိတ်ကို စာအုပ်တစ်အုပ်လို ရင်ခွင်ထဲမှာပိုက်၍ တိမ်တိုက် နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်၏။

"မတည့်အောင် စလာပြီလို့တော့ မထင်နဲ့ လူလေးရာ၊ လေးလေး အကြံပေးချင်တာကတော့ ဘယ်သူ့ရင်ထဲမှာမှ မငြိမ်းချမ်းတဲ့ ဒီပြဿနာကြီးကို မင်း အရင် ရှင်းပစ်လိုက်ပါ၊ မိန်းကလေးနဲ့ မင်း ဖြေရှင်းဖို့ရှိတဲ့ အခြားအကြောင်းအရာတွေကို..."

"အဲဒီကိစ္စတွေ အန်တီ့ကို လေးလေး သွားပြောလိုက်တာလား"

"မပြောလို့ မဖြစ်ဘူးလေ၊ မင်းရဲ့အန်တီအကြောင်း မင်း သိပါတယ်၊ သူမဟုတ်တဲ့သူက နားပူနားဆာလုပ် မေးနေတာ၊ ငါ ဘယ်လိုညာရမလဲ၊ [သူ] ဒီကိုလိုက်လာမယ်ဆိုတာ မင်း တွေ့ပြီး စိတ်ချမ်းသာအောင် ပြောပေး[…]တ်ပါကွာ၊ ငါတို့ကို ပြောသလိုတော့ မပြောလိုက်ပါနဲ့"

"ကျွန်တော် ဘယ်သူ့ကိုမှ ဘာမှမပြောချင်ဘူး လေးလေး၊ မပြောချင်[…] ပြောနေရတာ၊ အဲဒါကြောင့် လေးလေး ဘာမှဝင်မပါပါနဲ့လို့ တားနေတာ"

"ငါ မပါပါဘူး၊ အခုလာတာက အလုပ်ကိစ္စသက်သက်.."

"အလုပ်ကိစ္စတွေလည်း ကျွန်တော် စိတ်မဝင်စားသေးဘူး၊ တွင်ခိုင်[…]ကို ပြောထားပေးပါ၊ ပစ္စည်းအပ်တာတွေ နားထားပါလို့၊ အောင်မထား[…]တဲ့သူလည်း ကိုယ့်ဟာကိုယ်ပဲ ဂျူဝယ်ကုတ်ဒ် သပ်သပ်ရှာပြီး..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... တိမ်တိုက် .. မင်း ဒီလို စိတ်လိုက်မာန်ပါ မပြောရဘူး အခု အားလုံးက မင်းကို မင်းအဖေလိုပဲ ယုံကြည် အားကိုးနေကြ ဒီအချိန်မှာ ကိုယ့်အရည်အချင်းကို ထုတ်မပြဘဲ မျက်နှာလွှဲလိုက် ဖအေမရှိတာနဲ့ မနိုင်မနင်း ကသောင်းကနင်းတွေ ဖြစ်ကုန်ပြီလို့ ထင် ကြမယ်၊ ကိုယ့်ပယောဂ မပါဘူးလို့ ထင်ထားကြတဲ့ အခုပြဿနာ ကိုယ့်ကြောင့်လို့ စွပ်စွဲလာကြမှာ၊ ခေါင်းအေးအေးထားပါဦး .. ငါက မင်းလိုလူက မိန်းကလေးတစ်ယောက်ကြောင့် တွေဝေ မိုက်မဲသွား မထင်ရက်ဘူး၊ ထင်လည်း မထင်ချင်ဘူး"

ဦးကောင်းလူ ပြောနေရင်း လှိုက်လှိုက်လှဲလှဲကြီး ဖြစ်လာသ တိမ်တိုက် ဆိုတာက ငယ်ငယ်ကတည်းက ရတနာစိန်ကျောက်တွေ လုံးထွေးကြီးပြင်းလာတဲ့ ကလေး..၊ ကြီးမြတ်တဲ့မျိုးရိုးစဉ်ဆက်တွေ ခဲ့သည့်အတိုင်း မိဘတွေလိုပဲ ဘယ်လိုရတနာဖြစ်ဖြစ် တစ်ချက်ကြ လိုက်တာနဲ့ ခန့်မှန်းနိုင်သည်။ သေချာကြည့်ပြီဆို ဒီရတနာ ဘယ် အတန်းအစားလဲဆိုသည့် အဖြေ ချက်ချင်းထွက်၏။

အလုပ်နဲ့ပတ်သက်လာတိုင်း ဘယ်တုန်းကမှ အတိမ်းအစောင် ခဲ့ဘဲ မှားယွင်းခြင်းကို သူကိုယ်တိုင်လည်း မကြုံက်ခဲ့သည့်လူဟာ ခုက

"ကျွန်တော် လုပ်တဲ့အလုပ်ကို သေသေသပ်သပ်လေးပဲ ဖြ အဆုံးသတ်ချင်တယ် လေးလေး၊ ပြဿနာတွေ၊ ဆုံးရှုံးခြင်းတွေဆို ကိုယ့်မှာ ရှိနေသလို တစ်ဖက်မှာလည်း အများကြီး ဆုံးရှုံးသွား ဘဝတစ်ခုပါ၊ ကျွန်တော် သူ့ကို မိန်းကလေးတစ်ယောက်ဆိုတဲ့ အ မနစ်နာစေချင်တာ၊ သူ ကျူးလွန်ခဲ့တာမဟုတ်တဲ့ အမှုတစ်ခုအ ကိုယ့်ဘာသာပဲ အကောင်းဆုံးနည်းနဲ့ ဖြေရှင်းချင်တယ်"

"မင်း သူ မုန်းသွားမှာကို ကြောက်နေတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် .. ဒါပေမယ့် မုန်းသွားမှာထက် ယောကျ်ား





ာက်ဖြစ်ပြီး မမြင်မစမ်းနဲ့ မိန်းကလေးတစ်ယောက်ကို လှည့်စားခဲ့ ယ်ဆိုတာ အဖြစ်မခံနိုင်ဘူး၊ သူ့ကို ကူညီခဲ့တာက စေတနာသပ်သပ်၊ သနာကို ဖြေရှင်းကြဖို့က တစ်ကဏ္ဍပေါ့၊ ကျွန်တော် ကြိုးစားနေတာ ဒီလိုဖြစ်ချင်လို့.."

"ငါ ထင်တာကတော့ မင်း ဘယ်လို ရှောင်ရှားကိုင်တွယ်နေလည်း နဲ့ ဒီမိန်းကလေး တစ်နေ့နေ့မှာ မုန်းတီးသွားကြမှာပဲ၊ နောက်ပြီး မင်းက လုပ်ခဲ့တာ မဟုတ်ဘူးလို့ သတ်မှတ်ထားပေမယ့် မင်း ထင်သလောက် ာ့ သူ မဖြူစင်ဘူး တိမ်တိုက်"

မျက်မှောင်ကုတ်ထားသည့် အကြည့်တစ်ချက် ရောက်လာတော့ ကောင်းလူ က ရှင်းပြဖို့ရှိတာမျိုး လက်နှစ်ဖက် ကာလိုက်ရင်း...

"ဒီလိုလေ .. သူ့အစ်ကို ယူလာတဲ့ပစ္စည်းတွေကို သူကလွှဲပြီး ဘယ်သူ ာလဲ..၊ အဲဒါတွေကို သူ ဝှက်ထားပေးတယ်ဆိုတော့..."

တိမ်တိုက် ခေါင်းကိုခါလိုက်သဖြင့် ဦးကောင်းလူ ဆက်မပြောဖြစ်ပါ..၊

"သေချာမသိနိုင်သေးတဲ့ကိစ္စတစ်ခုကို မဝေဖန်ပါနဲ့၊ အချိန်တန်ရင် လုံး ဖြစ်သင့်တဲ့အတိုင်း ဖြစ်သွားမှာပါ"

ခေါင်းထဲမှာ ရှုပ်ထွေးနေတာတွေက သက်ပြင်းရှည်ကြီး မှုတ်ထုတ် လို့လည်း မပြေ၊ ပင့်သက်တွေ အခါခါရှိုက်သွင်းနေလည်း မောလျနေ သာ ဖြစ်၏။ တစ်ခါတလေ နောင်တ မရတတ်ခဲ့သော ရင်ထဲမှာ ီးသော အတွေးတွေကြောင့် နောင်တတွေသည်း ဖြစ်တတ်ခဲ့၏။

ဒီမောင်နှမ ကားတိုက်မိသွားခြင်းဟာ ကိုယ့်မျက်စိရှေ့မှာသာ တ်ခဲ့လျှင် .. သူမကို သူကိုယ်တိုင် ဆေးရုံတင်ပေးပြီး သူသာ လူနာရှင် ုပ်မိခဲ့လျှင်..၊ အစကတည်းက ဆုံစည်းဖို့တွေ ဖြစ်မလာခဲ့ရင် အကောင်း လည်ဆွဲ ရယ်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၈ )

နာရီကို လက်လေးပင့်ကြည့်ပြီး လည်ဆွဲ မျက်နှာလေး ပျက်နေ အမိုးက လျှော့်ဖွပ်စရာခြင်းကိုကိုင်၍ အပေါ် ထပ်က ဆင်းလာရင်း လည် ကို လှမ်းကြည့်သည်။ ညှော့်ခန်းမှာထိုင်၍ လည်ဆွဲ မျှော်နေတာကြာ

ခဏထိုင်လိုက်၊ တံခါးဝထိ လျှောက်သွားလိုက်၊ ပြီးတော့ အင် အပြင် နှစ်ခါလောက် လျှောက်ပြီးမှ ပြန်ထိုင်ပြန်သည်။

"ကိုယ် လာခဲ့ပါ့မယ်၊ လည်ဆွဲ ကားမမောင်းနဲ့နော်၊ ကိုယ်လာ အတူသွားမယ်"တဲ့၊ မိုးသား ဖုန်းဆက်ထားသည်။

ထို့ကြောင့် စောင့်နေတာ..၊ ချိန်းထားသည့်အချိန်ထက် နာရီဝ ကျော်နေပြီ ဖြစ်၏။ မျက်လုံး ပြန်ကောင်းသွားပြီဆိုမှ ဟိုတုန်းက ကြည် ခဲ့ရသည့်အချိန်ငလေးကို ဆုံးရှုံးသွားခဲ့သလိုပင်..၊ ရောက်လာရင်သာ အ ကို ဟိုမှာဒီမှာနှင့် ပျာယာခတ်နေတတ်ပြီး ပျောက်သွားပြီဆို တော်တေ နှင့် ပြန်ပေါ်မလာ..၊

ထို့ပြင် ဟိုအရင်လိုလည်း လည်ဆွဲ နဲ့သူ လက်ပွန်းတတီး မဆော ဆံခဲ့ပေ..၊ ခေါင်းလေးပုတ်တာ၊ ဆံစလေးတွေကို လှမ်းဖွတာကအစ





ဘာမှမရှိတော့ဘဲ ထိန်းသိမ်းနေရသည့်အပြုံးနှင့် ရောက်လာပြီး မျက်နှာ ချင်းဆိုင် ပြောသည်။ အတူတူ ပခုံးချင်းယှဉ်လျှောက်ဖြစ်တာလည်း ရှိ၏။

ဟိုအရင်လို မရင်းနှီးတော့တာက သိသာစွာပါ..၊ လည်ဆွဲ သူ့ကို အကဲခတ်ရင်း စိတ်ထဲမှာလည်း စိမ်းသက်သွားသလိုလို၊ မျက်နှာမြင်လိုက် ရတာမှ အိုးတိုးအမ်းတမ်း ဖြစ်မိတာမျိုးလား..၊ ဘာရယ်မသိသော်လည်း သူကလည်း ဆင်ခြင်၊ ကိုယ်ကလည်း ခပ်အမ်းအမ်း..၊

"အမိုးရေ .. လည်ဆွဲ တစ်ယောက်တည်းပဲ သွားတော့မယ်၊ အစ်ကို ရောက်လာရင် သွားပြီလို့ ပြောလိုက်နော်"

"သမီး .. သမီး .. နေပါဦး .."

လည်ဆွဲ အသံကြားသည်နှင့် အမိုး ကမန်းကတန်း ထွက်လာ၏။

"သမီးကို တစ်ယောက်တည်း မသွားနဲ့လို့ မှာခဲ့တယ်မို့လား၊ အမိုး ကိုလည်း မှာထားတယ်၊ သမီး ကားမမောင်းသင့်သေးဘူးလေ"

လည်ဆွဲ က ပြုံးလိုက်ပြီး ဖိနပ်ငုံ့စီးနေရင်း...

"လည်ဆွဲ တက္ကစီနဲ့ သွားမှာပါ၊ ဘာမှမဖြစ်ပါဘူး"

မော်ဒန်စိမ်းရောင် အပေါ်ထပ်အင်္ကျီလက်ရှည်လေးနှင့် စကက် အနက်ကွက်အရှည် လက်တစ်လုံးချိုက်အနက်ရောင် လည်ပိုက်ကို ဝတ် ထားသည့် လည်ဆွဲ မျက်နှာလေးက ဝင်းဖန့်နုမွတ်လျက်..၊

အမိုးက လည်ဆွဲ မျက်နှာလေးကို မမြင်ဖူးခဲ့သူလို ငေးစိုက်ကြည့် နေခဲ့သည်။ အမိုးရဲ့ မျက်လုံးတွေမှာ တစ်မျိုးသော ရီဝေမှုန်မှိုင်းခြင်းတွေ နှင့် ခဏခဏ ပြောင်းလဲသွားတတ်တာကို လည်ဆွဲ သတိထားကြည့်ဖူး၏။

ဒါပေမယ့် အစက ဒီမျက်ဝန်းတွေကို မမြင်ဖူးခဲ့တာမို့ ဒီလိုပဲ တွေး တတ်ငေးတတ်သူဖြစ်မှာပဲလို့ တွေးပြီး ဒါကို ထားခဲ့လိုက်တာ ဖြစ်သည် ခုလည်း လည်ဆွဲ နဲ့ မျက်လုံးချင်းဆုံတာနှင့် အမိုးက မျက်နှာလွှဲပစ်တာ...

"အမိုးတော့ ခဏလောက်ဖြစ်ဖြစ် ထပ်စောင့်စေချင်သေးတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မစောင့်တော့ဘူး"

လည်ဆွဲ ဖိနပ်စီးပြီးသည်နှင့် ဆင်းထွက်သွား၏။ သွားနေရင်း ဖိနပ်စီးတုန်းက ရင့်ခွင်ထဲထည့်မိုက်ထားသည့်အိတ်ကို ပခုံးမှာ ချိတ်လိုက် သည်။ မျက်လုံးပြန်မြင်ရပြီးမှ အပြင်ကိုထွက်ခွင့်ရတာ ပထမဆုံးပဲ ဖြစ်၏

လမ်းပေါ်ရောက်လာတာတောင် ကားငှားဖို့ကို ခဏမေ့ကာ ကြည့်ဒီကြည့်နှင့် ကြည်နူးစိတ်က အတိုင်းအဆမဲ့ ဖြစ်ထွန်း၏။

ထိုအခါ ရှိလာခဲ့သည့် ရင်ထဲက သံသယတွေ တောင်ရောက် မြောက်ရောက် အတွေးတွေ့က ဘာမှမရှိတော့သလို စိတ်တစ်ပြင်လုံး အေးမြနေခဲ့သည်။

ကားတားလိုက်ပြီး ကားပေါ်ထိုင်မိတော့လည်း မိုးသား ဆီ ဖုန်းဆက်ဖို့ ဖုန်းကို ထုတ်ကိုင်လိုက်သေးသည်။ ပြီးတော့ မဆက်ဖြစ် ပြန်ထည့်လိုက်ခြင်းပဲဖြစ်ကာ သက်ပြင်းလေးပါ ချမိလေသည်။

မိုးသား ကို အရင်လို ရင်းနှီးချင်သည့်စိတ်တွေ ဖြစ်လာတိုင်း မျိုသိ မိခဲ့ခြင်းသာ အဖတ်တင်လျက် သူ့ကို တစ်ခုခု ပူဆာ တောင်းဆိုချင်တာ တွေရှိလာတိုင်းလည်း သူမနှုတ်က ဆွံ့အ နေခဲ့ပြန်၏။

လည်ဆွဲ ခြံတံခါးဖွင့်ပြီး အထဲဝင်ခဲ့သည်။ အိမ်တံခါးကို စဖွင့်လိုက် ကတည်းက အထဲကနေ ရိုက်ခတ်လာသည့် တိတ်ဆိတ် အေးစက်ခြင်း ကြောင့် မျက်ရည်တွေ စိမ့်ခနဲ ဖြစ်ခဲ့၏။

ပြီးတော့ တံခါးပြန်ပိတ်ဖို့တောင် သတိမရဘဲ တစ်ခန်းဝင် တစ်ခန်း ထွက်နှင့် မီးဖိုခန်းထဲရောက်တော့ တအင့်အင့် ရှိုက်ငိုမိ၏။

ဒီအိမ်မှာ ကိုကြီးနဲ့ လည်ဆွဲ အတူတူနေခဲ့ရတဲ့အချိန်ဟာ နာရီ လက်ချိုးရေတွက်လို့ ရလောက်တဲ့အထိ နည်းပါးပါသည်။

ဒါပေမယ့် ကိုကြီးရဲ့ရယ်သံတွေကို ပြန်ကြားနေရသလိုလို..၊ ကိုကြီး နဲ့ အတူရှိနေခဲ့တဲ့ အချိန်တွေဟာ မနေ့တစ်နေ့ကပဲ ဖြစ်ခဲ့တာလိုလို





ဒီထဲကိုဝင်တာနှင့် ရင်ထဲမှာ တမ်းတလှိုက်ဟာခြင်းတွေသာ ဖြစ် လာခဲ့၏။ သူမ မျက်ရည်ကြောင်းလေးတွေ အားနည်း အေးစက်လာတဲ့ အထိ မိုးသား ကတော့ ရောက်မလာခဲ့ပေ..၊

လည်ဆွဲ ဘေစင်မှာ မျက်နှာသွားသစ်ပစ်သည်။ သူနဲ့အတူတူ ဒီကို လာဖြစ်မယ်ထင်ပြီး ပြင်ဆင်ထားခဲ့တာတွေလည်း မျက်ရည်တွေနဲ့ မျော ပါကုန်ပါပြီ..၊ မျက်နှာသစ်ပစ်လိုက်တော့ အားလုံး ပြောင်သလင်းခါလျက် မျက်နှာတစ်ပြင်လုံး နီရဲနေခြင်းသာ ကျန်ရစ်၏။

မှန်ထဲမှာ ကိုယ့်မျက်နှာကို ရပ်ငေးနေရင်း ရေစက်တွေကို ဖိသိပ်ချ နေစဉ် အပြင်ဘက်က လှုပ်ရှားသံတချို့ကို ကြားလိုက်ရသဖြင့် နားစွင့် လိုက်မိသည်။ ထို့နောက် မျက်နှာသုတ်ပဝါ လှမ်းဆွဲကာ မျက်နှာကို ဖြစ်သလိုသုတ်၍ ပြန်တင်ထားလိုက်ပြီး အပြင်ကို ထွက်လာခဲ့၏။

"ဟင်!..."

ဧည့်ခန်းထဲကမြင်ကွင်းကြောင့် လည်ဆွဲ ခြေလှမ်းတွေ တုံ့ခနဲ ဖြစ် သွား၏။ ယောကျာ်း သုံးယောက်..၊

ဘယ်သူ့ခွင့်ပြုချက်နဲ့ ရောက်လာတာလဲ..၊ ဘာသဘောနဲ့ အကျ အန ထိုင်နေကြတာလဲ..၊ ဒေါသနှင့် ထိတ်လန့်ခြင်းက ပူးတွဲဖြစ်လာခဲ့ပြီး ကြည့်လိုက်တော့ အိမ်တံခါးကို သော့ခတ်ပိတ်ထားသေးသည်။

"ရှင်တို့ ဘယ်သူတွေလဲ..၊ သူများအိမ်ထဲကို ဘာဖြစ်လို့ ပိုင်စိုး ပိုင်နင်း ဝင်လာကြတာလဲ"

ကြောက်တော့ကြောက်ပေမယ့် ကိုယ့်အိမ်ဆိုသည့်အသိကြောင့် ရှေ့ကို ဆိုးဆိုးဆတ်ဆတ် ထွက်သွားမိသည်။

ထိုအခါကျမှ အတွင်းဘက်ကို ကျောပေး၍ တီဗီခုံရှေ့က ရှိုးကေ့စ် လေးပေါ်မှာ ထိုင်နေသူတစ်ယောက်ကို ထပ်တွေ့လိုက်ရ၏။

"ရှင်!..."



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ ဝိုင်းခနဲ ဖြစ်သွားပြီးမှ စူးရှကျဉ်းမြောင်းသွားခဲ့၏။ ထို့ပြင် သူ့မရင်ထဲမှာ တဆစ်ဆစ် ခါသွား၏။

လွန်ခဲ့သော လများမကြာမီက တွေ့ခဲ့ရသည့်ပုံစံအတိုင်း မျက်မှန်အနက်နှင့် အသားဖြူဖြူ မေးရိုးကားသော လူမိုက်ခေါင်းဆောင်နှင့် တူသော လူ..၊ ထိုလူဟာ ကားဘောနက်ပေါ်မှာ ခြေချိတ်ထိုင်လျက် ကိုကြီးကို ထိုးစမ်း၊ ရိုက်စမ်းဆိုပြီး အမိန့်တွေပေးနေခဲ့တာ ဖြစ်သည်။

ခုလည်း စပို့ရှပ်လည်ဝိုင်းအဖြူပေါ်မှာ ကုတ်အင်္ကျီအနက်ကို ရင်ကွဲဝတ်ထားလျက် ရှိုးကေ့စ်ပေါ်မှာထိုင်ပြီး ဘေးက စာအုပ်ထပ်ပေါ်မှာ လက်တစ်ဖက် ကွေးတင်ထားသည်။ ပါးစပ်ထဲမှာ ပီကေဝါးနေတာမျိုး ဖဲ့ပိတ်ထားသည့် နှုတ်ခမ်းတွေ မဖွင့်ဘဲ မေးဖျားတွေ ခပ်လှုပ်လှုပ်နှင့်..

"ဒီမှာ .. ရှင်တို့ ဘာလာလုပ်တာလဲလို့ ကျွန်မ မေးနေတယ်"

"မင်း သိပါတယ်၊ ဘာလို့ အပိုတွေ မေးနေတာလဲ"

ဆိုဖာမှာ သုံးယောက် တစ်နေရာစီ ထိုင်နေကြသည့်ထဲက ရှပ်အင်္ကျီအပြာနုနှင့်လူက ထရပ်လိုက်ပြီး လည်ဆွဲ နှင့်မျက်နှာချင်းဆိုင်နေရာယူ၍..

"ငါတို့ အေးအေး ပြောရအောင် .. ခဏထိုင်ပါလား"

"ရှင်တို့လိုလူတွေနဲ့ ဘာမှ ဆွေးနွေးဖို့ မရှိဘူး၊ ကျွန်မအိမ်ထဲက ခုထွက်သွားကြ.."

သူတို့မျက်နှာတွေ တင်းကုန်ကြ၏။ လည်ဆွဲ ကတော့ အားလုံးထက် မျက်မှန်နက်နှင့်လူရဲ့မျက်နှာကိုသာ မျက်မှောင်ကုတ်၍ စူးစူးရဲရဲကြည့်သည်။ အမြဲတမ်း မမေ့မလျော့ သတိတရနှင့် မုန်းတီးနာကျည်းခဲ့တဲ့ မျက်နှာ..၊

"ကျွန်မအစ်ကိုကို သတ်ခဲ့တဲ့လူတွေ .. ကျွန်မက မိန်းကလေးဖြစ်နေလို့ ရှင်တို့ကို တွန်းလှန်ဖြိုဖျက်နိုင်မှာ မဟုတ်ပေမယ့် ဘယ်တော့





အခဲကျေမှာ မဟုတ်ဘူး သိရဲ့လား၊ အခု ထွက်မသွားဘူးဆိုရင် ကျွန်မ ရဲကို ဖုန်းဆက်လိုက်မှာနော်"

"ဟီတ် .. ဒီမှာ..."

မတ်တပ်ရပ်နေသူကပဲ သူမကို ခေါ်၍..

"ဒီအိမ်က မင်း မပိုင်သေးဘူးနော်၊ အဲဒါ မင်း သိရဲ့လား"

လည်ဆွဲ ဆွံ့အသွားသည်။ ကိုကြီးကိုယ်တိုင် သူမနာမည်နဲ့ ဝယ်ခဲ့တာပါလို့ ပြောထားပေမယ့်...

"သိန်းထောင်ကျော်တန်တဲ့ ပိုင်ဆိုင်မှုတွေရှိလာရင် အဲဒီလူကို မသင်္ကာမှုနဲ့ စစ်မြစ်လိုက်လို့ရတယ်၊ ဘာစီးပွားရေးလုပ်ငန်း ရှိလို့လဲ၊ ဒီလူ ဘယ်လောက်ထိ အလုပ်လုပ်နေလို့လဲ၊ ဥပမာ တဲစုတ်ထဲမှာ အလုပ်ကြမ်းလုပ်ပြီး ပဲပြုတ်ဆီဆမ်းစားနေရတဲ့ လူတစ်ယောက်က ဒီအခြေအနေမျိုး ဖြစ်လာရင်ပေါ့.."

တစ်လုံးချင်းပြောနေသည့် ထိုလူ့မျက်နှာကို စက်ဆုပ်စွာ ကြည့်နေမိသော်လည်း လည်ဆွဲ ဘာမှမပြောတတ်ပေ..၊ ဒါတွေဟာ သူမနဲ့ မနီးစပ်၊ မကျွမ်းဝင်ခဲ့သောကိစ္စ အကြောင်းအရာများသာ..၊

"မင်းရဲ့အစ်ကို ဒီခြံနဲ့တိုက်ကို လက်ကြိတ်ထိုးဝယ်ခဲ့ပြီး စာရွက်စုတ်တွေကိုပဲ ပိုင်ထားခဲ့တာပါ၊ ဒါကို လူသိရှင်ကြား ပိုင်ဆိုင်နိုင်ဖို့အတွက် သူ့ အလုပ်တွေ ကြိုးစားရမယ်၊ ပြယုဂ်တစ်ခုအဖြစ် လုပ်ငန်းအရှိန်အဝါတွေ မြှင့်မားရဦးမယ်၊ သူ ဘာမှမလုပ်ရသေးတော့ သူဌေးကြီးဖြစ်ဖို့နေပြီး သူများဖိနပ်ချွတ်မှာ ခိုကပ်အိပ်ရတဲ့ဘဝနဲ့ပဲ သေသွားရှာတာလေ .."

"ရှင့်ပါးစပ်ကို ခု ပိတ်လိုက်.."

ဘယ်လိုမှ ဆက်လက်နားထောင်နိုင်စွမ်း မရှိတော့ဘဲ လည်ဆွဲ ကိုင်ထားသည့် ဆလင်းဘက်ခ်အိတ်နဲ့ တအား လွှဲပေါက်ပစ်လိုက်၏။

ထိုသူက ရှောင်လိုက်သဖြင့် အိတ်က နံရံကိုပြေးဆောင့်ကာ ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကို ပြန်ပြုတ်ကျခဲ့သည်။ ထိုပြင် အထဲကနေ လျှောခနဲ ထွက်ကျလာသည့် ဟန်းဖုန်းလေးက ထိုလူ၏ခြေထောက်နားထိ ပြန်ရောက်လာ၏။

"ဟွန်း.."

ရှုံ့စရာကောင်းသည့် နှုတ်ခမ်းထူထူကို မဲ့ကာ ဖုန်းကို ငုံ့ကြည့်၍..

"နီးလာခဲ့တဲ့ သူများပစ္စည်းတွေနဲ့ တော်တော် ကောင်းစားနေတာကိုး.."

"ဟေ့.."

ထိုင်နေသည့် မျက်မှန်နက်နှင့်လူထံမှ ထွက်လာသည့် အသံတစ်ရပ်ကြောင့် သူတို့ လှည့်ကြည့်ကြ၏။ ထိုသူသည် ပီကေဝါးနေသော ခပ်ဖိဖိ နှုတ်ခမ်းတို့ကို မဖွင့်ဘဲ သူတို့ချင်းသာ သိစေသည့်အထာနှင့် ကြည့်နေပြီးမှ နောက်ထပ် တစ်ခွန်းမှ ထပ်မပြော..၊

သူတို့ကတော့ ပုံစံတွေ ချက်ချင်းပြောင်းသွားသလို ပြောနေသည့် အကြောင်းအရာတွေပါ တခြား ဖြစ်ကုန်၏။

"ဟုတ်တယ်၊ မင်း လိုရင်းကိုပဲ ပြောလိုက်"

ထိုင်နေသည့်တစ်ယောက်က ပြောတော့ ရပ်နေသူက စိတ်ထိန်းလိုက်သည့်ပုံစံနှင့်...

"ငါတို့ကို နှင်ထုတ်ဖို့မကြိုးစားဘဲ ပြောတာကို နားထောင်ပါ၊ မင်းရဲ့ အစ်ကို ထားခဲ့တဲ့ပစ္စည်းတွေ ဘယ်မှာလဲ .. ပစ္စည်းတွေ မင်းကို မအပ်ခဲ့ရင်တောင် ထားခဲ့တဲ့နေရာ.."

"ဘာတွေ ပြောနေတာလဲ၊ ကိုကြီး ဘယ်မှာနေမှန်းတောင် လည်ဆွဲ မသိဘူး"

"သူ့မှာ နေစရာ မရှိပါဘူး၊ ဒီတိုက်ကြီးကို သူ့စိတ်ကြိုက် ဝယ်ထားပြီး မင်းကို ထည့်ထားလိုက်တာ၊ မင်းအတွက် သူရှာဖွေထားတာတွေလဲ ပါမှာပဲ"

ထိုစဉ် ထိုင်နေသူနှစ်ယောက်က အသီးသီး ထရပ်လိုက်ကြကာ..





"အဲဒီတော့ မင်း ငါတို့ ဆွေးနွေးမယ်ဆိုရင် မင်းဘဝအတွက် ရပ်တည်နိုင်လောက်အောင် ငါတို့ ပြန်ပေးထားခဲ့ပေးမယ်၊ ဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ ဒီတစ်တိုက်လုံးကို ငါတို့ မြေလှန်ရှာမယ်၊ မင်းအတွက် ပုလင်းကွဲတစ်စတောင် ကျန်ရစ်မှာမဟုတ်ဘူး"

"ရှင်တို့ စကားပြောတာ သူခိုးဓားပြ ဆန်လှချေလားဟင်.."

ပြောနေရင်း မျက်မှန်နဲ့လူရဲ့ မျက်နှာကိုပဲ လှည့်ကြည့်မိကာ...

"ကျောက်တွင်းသူဌေးဆိုတဲ့ အမိပ္ပာယ်က ဒါမျိုးလား .. အလုပ်သမားတွေကို ကျွဲနွားတွေလို ခိုင်း၊ သေရင် ဆွဲချပစ်ရုံပဲလေ၊ မသေဘဲ အကျိုးအမြတ်ရသွားပြီဆိုရင်တော့ ဥစ္စာရှုးတွေလို ငွေဥစ္စာ ပြန်ပေးဆိုပြီး..."

လည်ဆွဲ ပြောပစ်ချင်လွန်းလို့ စကားလုံးကြမ်းကြမ်းရှာရင်း ရှေ့မဆက်နိုင်ဘဲ ဖြစ်သွားသည်။

မျက်မှန်နက်ပိုင်ရှင်က ဘာမှမပြောပါ၊ ရှိုးကေ့စ်ပေါ်မှာ လျှော့ရိလျှော့ရဲပုံစံနှင့် ထိုင်လျက်အတိုင်းရှိကာ မျက်မှန်နောက်က မျက်ဝန်းတွေကတော့ လည်ဆွဲ ကို စူးစိုက်ကြည့်နေနိုင်၏။

ဘေးလူတွေက စိတ်မရှည်ဖြစ်လာကာ သူမဆီကို တက်ညီလက်ညီ ချီတက်လာကြပြီး...

"ကဲ .. မင်း ဆုံးဖြတ် .."

"မဆုံးဖြတ်ဘူး .. ဆုံးဖြတ်စရာလည်း မလိုဘူး၊ လည်ဆွဲ မသိဘူးလို့ ပြောပြီးပြီမို့လား"

"ဘာလို့ မသိရမှာလဲ၊ မင်းအစ်ကို မင်းကို ဘာမှမပေးဘဲ၊ မပြောဘဲ နေမှာမဟုတ်ဘူး၊ မင်း မပြောဘူးလား .. ပြောမှာလား .."

"အဟွန်း.."

လည်ဆွဲ မျက်ဝန်းလေးတွေ စူးရဲလက်တောက်သွား၏။ ဒေါသရာလိုလိုခေါင်းဆောင်လိုလိုနှင့် တစ်နေရာမှာ သီးသန့်ထနေတော့မှပြီ စကားတစ်ခွန်း



www.burmeseclassic.com

www.burmeseclassic.com



မှလည်း မပြောခဲ့သည့်တစ်ယောက်ထံ အကြည့်တစ်ချက် ဝေသွားပြီးမှ...

"ဒီမှာ .. ရှင်တို့ သံယောဇဉ်ငင်နေမှာစိုးလို့ ပြောပြလိုက်မယ်၊ ကျွန်မအစ်ကို ရိုးသားစွာ ရှာဖွေရရှိလာခဲ့တဲ့ အဲဒီပစ္စည်းတွေကို ဘယ်မှာထားတယ်ဆိုတာ သိနေရင်တောင် ကျွန်မ ပြောမှာမဟုတ်ဘူး"

"ဘာ!..."

"မကျေနပ်ရင် လူကိုသတ်သွား .. ဘာမှရမှာ မဟုတ်တာတော့ သေချာတယ်"

"ပန်းလည်ဆွဲ .. မင်း ဘာတွေသိလို့ ဒီလိုပြောနေတာလဲ၊ မင်းအစ်ကိုကို မင်းက လူကောင်းမှတ်နေသလားဟင်"

"ဟုတ်တယ် .. ကိုကြီးက လူကောင်း၊ ဘယ်တုန်းကမှ မကောင်းမှု ရလုပ်ခဲ့တဲ့သူ.."

"တောက်!.."

လည်ဆွဲ ရဲ့ မျက်နှာရှေ့တည့်တည့်မှာ ရှိနေသူသည် ခြေမြန်လက်မြန်နှင့် ရှေ့ကိုတိုးကပ်လာပြီးမှ တက်ခေါက်၍ ကိုယ်ရှိန်သတ်သည်။

ထို့ပြင် ရှူးရှူးရှားရှားဖြစ်နေသည့် ဒေါသများနှင့် လည်ဆွဲ ကို ကိုင်ပေါက်လွှင့်ပစ်လိုက်ချင်ပုံပေါက်နေပြီး လက်သီးဆုပ်၊ အံကြိတ်၍ ရှေ့ကို မတက်..။

"ဒီမှာ ပန်းလည်ဆွဲ .. ချမ်းသာ ဆိုတဲ့ကောင်က ကျောက်တူးပြီး ကျောက်အောင်သွားတာ မဟုတ်ဘူး၊ ငါတို့သူဌေးရဲ့ပစ္စည်းတွေ အစုလိုက်အပုံလိုက်ကို ခိုးပြီး ထွက်ပြေးသွားတာ."

"ပြောပေါ့ .. ကိုကြီးက သေသွားပြီပဲ၊ ကျွန်မအစ်ကို ဘယ်တော့မှ မဟုတ်တာ မလုပ်ဘူး၊ မမှန်တာ မပြောဘူး၊ ကိုကြီးရဲ့စကားက လွဲပြီးတော့လည်း ကျွန်မ ဘယ်သူ့စကားကိုမှ ယုံမှာ မဟုတ်ဘူး၊ အဲဒီတော့ ရှင်တို့ ဘာလုပ်ချင်လဲ .,"





လည်ဆွဲ သွေးရူးသွေးပါန်း စိန်ခေါ်မိသည်။

ဒီယောကျ်ားတွေ သည်ဒီနေရာမှာ ကိုယ့်ကို ကောင်းကောင်းကြီး ဒုက္ခပေးသွားနိုင်တာ သိရက်နှင့် မခံချင်စိတ်ကြောင့် အသိစိတ်တွေမှာ အမှောင်ဖုံးသွားခဲ့သည်လား မသိ..၊

ဒါပေမယ့် လက်သီးဆုပ်၍ မမြဲလောက်အောင် ကတုန်ကယင် ဖြစ်နေခြင်းသည် မျက်ရည်တွေကိုပါ လက်တို့ခေါ်နေကြ၏။

ကိုကြီး ဘာတွေ လုပ်လာခဲ့သလဲ..၊ မဟုတ်ဘူး .. ဒီလူတွေ ကိုကြီး ရှိတော့တာကိုသိလို့ ဝိုင်းညာနေကြတာ၊ ကိုကြီးက ဒီလိုလူ မဟုတ်ဘ

"ငါတို့က မိန်းကလေးတစ်ယောက်တည်း ကျန်ခဲ့လို့ စာနာ အပေးအယူစကားတွေ ပြောနေတာ၊ ပစ္စည်းတွေကို ခွဲတမ်း မဟုတ်ဘူး"

နောက်တစ်ယောက်က ဒေါသတကြီး ရှေ့တက်လာပြ သော် မျက်မှန်နှင့်လူဆီ ဖျတ်ခနဲ ပြန်ကြည့်ပြီး နေရာမှာတင် လိုက်၍...

"အေးဆေး ပြောပြနေတာမှ မရရင် ငါတို့ ဘာလုပ်မ

လည်ဆွဲ ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခါသွား၏။

"အခု .. အိမ်ထဲမှာ မွှေလှန်ရှာမယ်၊ မတွေ့ဘူးဆိုရင် တ ကို မီးရှို့သွားမယ်"

"ဒါဆို ဒုတိယအစီအစဉ် စ,မလား.."

"စမယ်.."

တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်၍ အချိန်းအချက် လုပ်လိုက် ကြလျှင် လည်ဆွဲ မျက်လုံးပြူးသွား၏။

တစ်ယောက်တစ်နေရာစီ ခွဲလိုက်ကြသည့် သုံးယောက်တွင် တစ်ယောက်လက်ထဲမှာ မီးခြစ်ပြားလေးကို မြင်လိုက်ရကာ..



www.burmeseclassic.com

www.burmeseclassic.com



"ငါ မီးဖိုချောင်ထဲမှာ ရှာမယ်၊ မင်းတို့ အဆင်မပြေတာနဲ့ အချက်ပြလိုက်၊ ဂတ်စ်အိုး ဖွင့်ပေးလိုက်မယ်"

"မလုပ်နဲ့."

လည်ဆွဲ အရူးမလေးလို ဟိုလူ့ပြေးဆွဲရမလို ဒီလူ့ပြေးဆွဲရမလိုနှင့် နောက်ဆုံး ဂတ်စ်မီးခြစ်ကိုင်ထားသူကို အားရှိသလောက် ပြေးတွန်းပစ်ကာ..

"မလုပ်ရဘူး .. လူယုတ်မာတွေ .. သွား ..."

"ဒုန်း.."

အစ်ဂ သူများကို တွန်းပစ်လိုက်ပြီး သူမလည်း မဟန်နိုင်ဖြစ်ကာ အရှိန်

"ပ ျားပွဲစွန်းနဲ့ခေါင်းနဲ့ ပုစ်တိုက်သွားလေသည်။

မှ မလုပ်ခဲ့ ... အင်း .. ရှင်တို့ .. မလုပ်နဲ့."

"တော့်ဆွဲ မျက်လုံးတွေ ပြာဝေသွားတဲ့ကြားက အတင်း ခေါင်းပြန်

လည်မျက်လုံးထဲမှာ သူ့ဆီကို လူတစ်ယောက် လျှောက်လာနေ၏။

နှင့် ရှေ့ကို ာက် ခေါင်းထဲမှာ စက်ယန္တရားတစ်ခု လည်ပတ်နေသလို

ထိုပြင်တွေ အော်မြည်နေရင်း ဝိုးတဝါးအမြင်တွေပါ မှောင်အတိ ကျ

ပေါက်လွှင့်

မတက်.ဆရာ."

"အတွန်းခံလိုက်ရသူက တီဗီတင်ထားသည့် ရှိုးကေ့စ်ဘေးစွန်းမှာ ရှေ့ယိုကားရား လဲကျနေရာကနေ ပြန်ထလာပြီး အနားမှာ လာရပ်၏။

ပြီးတော့ လည်ဆွဲ ဘေးမှာရှိနေသည့် သူ့ကို တောင်းပန်သလို ပျာပျာသလဲ ငုံ့ကြည့်ကာ..

"ကျွန်တော် သူ လွင့်သွားမှာစိုးလို့ ရှောင်တောင် မရှောင်လိုက်ပါဘူး ဆရာ၊ သူ့အရှိန်နဲ့သူ လဲသွားတာပါ"

"ကိုယ့်အလုပ် ကိုယ်သွားလုပ်.."





သူ လည်ဆွဲ ကိုယ်လေးကို အသာလေး ပွေ့ယူလိုက်ကာ နဖူး စောင်းမှာ သွေးစို့နေသည့်ဒဏ်ရာလေးကို ငုံ့ကြည့်၏။

ပြီးတော့ ဆိုဖာပေါ်မှာ အသာလေး ချသိပ်လိုက်ပြီး ဖုန်းခေါ်လိုက်သည်။

"အေး .. မင်း ခု လာခဲ့ကွာ .. ဆယ်မိနစ်အတွင်း.."

ဖုန်းကို ပြန်သိမ်းကာ သူ့ရဲ့လက်တစ်ဖက်က လည်ဆွဲ ရဲ့ နဖူးက ဒဏ်ရာလေးပေါ်မှာ မထိရက်ထိရက် တို့ထိလျက်..၊

မင်း ကိုယ့်ကို ခွင့်လွှတ်ပါ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၉ )

လည်ဆွဲ မျက်ရည်တွေတွေကျနေလျက် ဘာစကားမှလည်း မပြောနိုင်..၊ မိုးသား က သူမ မျက်ရည်ကျသမျှ တစ်သျှူးလေးနဲ့ တို့သုတ်ပေးရင်း တောင်းပန်စကားတွေ တွင်တွင်ပြော၏။

"ကိုယ် အချိန်မီ လာတာပါကွာ၊ လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်နေတဲ့ လူနာတစ်ယောက်အတွက် အချိန်မီ ကယ်ချင်တာနဲ့ ဖုန်းလည်း မဆက်ဖြစ်ဘဲ ဆေးရုံရောက်သွားခဲ့တာ၊ ဖုန်းမဆက်နိုင်လောက်အောင် ကိုယ် ဖြစ်သွားခဲ့တဲ့အတွက် ကိုယ့်မှာ အပြစ်ရှိပါတယ်"

လည်ဆွဲ က ပက်လက်ကလေးကနေ သူ့မျက်နှာကို မျက်ဝန်းလေးတွေ ဖွေကြည့်သည်။ ပြီးတော့ မျက်ရည်သုတ်ပေးနေသည့်လက်ကို အသာလေးကိုင်၍ ဖယ်ချပစ်လိုက်၏။

တောင်းပန်သော၊ နားမလည်သော အကြည့်တွေကိုပါ ဥပေက္ခာထားလိုက်မိကာ ငိုချင်တာကို အံကြိတ် တားဆီးနေမိ၏။

ကိုယ့်အတွက် သေဆုံးသွားနိုင်သော ဒါမှမဟုတ် ဘဝပျက်သွားနိုင်သည့်အချိန်မှာ သူ့ကို အားကိုးတကြီး တမ်းတခဲ့မိသည်။





သူ ရောက်လာမှာပါဆိုသည့် ယုံကြည်ချက်နှင့် စကားတွေ မထိန်းသိမ်းဆိုမိရင်း သွေးရူးသွေးတမ်းတွေ ဖြစ်ခဲ့၏။

အကယ်၍သာ သူမကို ထိုသူတွေ ဇော်ကားဖျက်ဆီးသွားခဲ့လျှင် ဆွေးရုံနဲ့တောင် နာကျင်ကြေကွဲမိသည့်စိတ်ကို ဖြေလို့မရ၊ ထို့ပြင် အိမ်ကို ပြန်ပစ်ခဲ့ဦးမည်ဆိုလျှင်...

"အစ်ကို.."

"တင် .."

"လည်ဆွဲ အိမ်မှာ ပြန်နေပါရစေ"

"ဘယ်လိုလုပ် ဖြစ်မှာလဲ လည်ဆွဲ ရာ..၊ အဲဒီအိမ်ကို အခု သူတို့ ဝိုင်းလိုဝင် .. ထွက်လိုထွက် လုပ်နေကြတယ်မို့လား၊ မင်း တစ်ယောက်တည်း သွားနေရင် ဘယ်လောက်အန္တရာယ်များသလဲ၊ အမိုးတို့ကို လိုက်ခိုင်းရင်လည်း သူတို့က နေတယ်ထားဦး .. မင်းအစ်ကိုရဲ့ ကိစ္စတွေကို မိဖော်တွေကအစ သိနေကြတာမျိုး ဖြစ်ကုန်မယ်၊ နောက်ပြီး အဲဒီ အချိန်မှာဆိုရင် ကိုယ် ခုလို ဝင်ထွက်နေရင် မသင့်တော်တော့ဘူး၊ မင်းရဲ့ နောက် ဖြစ်သွားပြီ"

"အခု .. အစ်ကို့ပိုင်နက်မှာ နေတာကျတော့ သင့်တော်သလား အစ်ကို"

"ဒါက .. ဒါက ဒီလိုရှိတယ်လေ၊ ခုကျတော့ အစ်ကိုက မင်းရဲ့ ကျန်းမာရေးမကောင်းခဲ့စဉ်တည်းက စောင့်ရှောက်ထားတာ.."

"အမြဲတမ်း နေသွားလို့လည်း မဖြစ်နိုင်ဘူးလေ၊ အဲဒါကြောင့် လည်ဆွဲ ဆုံးဖြတ်တာပါ၊ လည်ဆွဲ ကိုယ်တိုင်လည်း လွတ်လွတ်လပ်လပ် သွားလာနေထိုင်လို့ ရပြီ၊ နေလည်း နေချင်ပြီ၊ အစ်ကိုလည်း သွားမယ့် လမ်းကို နောက်ဆံမတင်းဘဲ သွားပါ၊ ခဏတဖြုတ်ဖြစ်ဖြစ်တော့ ဘယ်တော့မှ ပြန်မတွေ့နိုင်ဘူးဆိုရင်တောင် ကြာရင်တော့ မေ့သွားကြမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုစကားတွေ ပြောထွက်လိမ့်မည်လို့ လည်ဆွဲ ကိုယ့်ကိုယ်ကို
တောင် မထင်ခဲ့ပေ၊ ရင်ထဲမှာ မသိမသာ ကွဲရှနေခဲ့တာက ဟိုအရင် ကြ
နှုးခဲ့ရသည့် မိုးသား ဆီက အကြွင်းနာတွေကို ဆုံးရှုံးလိုက်ရခြင်းကြော
ပြီးတော့ စိမ်းသက်သွားသလို ခံစားမိသည့်ရင်ထဲမှာ မိုးသား ဆီ
အစ်ကိုလို့ သူ့ကိုယ်သူ ထည့်ပြောတတ်သော စကားတွေ..၊
မိုးသား တစ်ခါမှ 'အစ်ကို' လို့ မသုံးခဲ့ဖူးပါ။ အထူးတလည် ကင်း
ရှင်းရှင်းနေလိုသော ပုံစံတွေကလည်း သိသာပါသည်။
ကြာတော့လည်း လည်ဆွဲ ကိုယ့်ကိုယ်ကိုယ် သိနေသော နှလုံးသ
က လှောင်ရယ်လာကြပြီဖြစ်၏။ 'ညည်း မရှက်ဘူးလား" တဲ့..၊
သူဟာ ဘယ်လိုလူဖြစ်နေနေ ညည်းအတွက် တာဝန်ယူလာခဲ့
အခြေအနေတွေကို ပြန်ကြည့် .. ညည်းဘဝနဲ့ သူ့ဘဝ အများကြီး ကွာ
ခြားတယ် လည်ဆွဲ..၊
ရှေ့ဆက်ဖို့ မရှိကြတော့ဘူးဆိုတော့လည်း သူ ရှောင်ဖယ်သ
နေခဲ့ ဟ အပြစ်ရှိလို့လား၊ ကိုယ့်ကိုယ်ကိုယ် အထပ်ထပ်မေး၍ ဆုံးမ
ဘာလုပ်သင့်သည်ကို ဆုံးဖြတ်ရမှာပါ..၊
မိုးသား ဘက်ကလည်း အကြာကြီး တိတ်ဆိတ်နေပြီးမှ...
"စဉ်းစားပါဦး လည်ဆွဲ ရယ်..၊ မင်းမှာ အန္တရာယ်ရှိနေမယ်လို့ ကို
ထင်နေတယ်၊ မင်း လွတ်လပ်ချင်တယ်ဆိုတာ ကိုယ် လာနေလို့လာ
ဒါဆို ကိုယ် အသွားအလာ ဆင်ခြင်ပေးမယ်"
လည်ဆွဲ ဖျတ်ခနဲ ပြန်လှည့်ကြည့်သည်။ ကော့ညွတ်နက်မှော
သော မျက်တောင်ရှည်တို့က သူ့ကို စူးစိုက်ငေးနေချိန်မှာ တစ်ပင်
ယှက်ဖြာနေတာကို ဒီတိုင်းမြင်နေရ၏။
မိုးသား ပြန်ငေးကြည့်နေပြီးမှ မျက်နှာလွှဲပစ်ရသည်။
အသည်း ဘယ်လောက်ထိ ရိုင်းနေသလဲဆိုလျှင် ထိုမျက်ဝန်းလေ





တွေနဲ့ ကြာကြာ မဆုံရဲတဲ့အထိပါ။ ပြီးတော့ သူဟာ...
"ဟို .. ကိုယ် ပြောတာကို နားထောင်နော်"
လည်ဆွဲ က သူ ထပ်ပြောလိုက်တာကို ပြုံးလိုက်ရင်း မျက်ဝန်းလေး
တွေ ဘေးကို ရွှေ့လျှားသွား၏။ 'အသွားအလာ ဆင်ခြင်ပေးမယ်' တဲ့..၊
"အစ်ကို လည်ဆွဲ ဆီကို ဘယ်လောက်ထိများ လာနေခဲ့လို့လဲ"
ရင်ထဲမှာ အသံတိတ်မေးရင်း နှုတ်ခမ်းလေး မသိမသာ ညွတ်ခနဲ
ဖြစ်၏။ ပြန်ကောင်းသွားပြီဆိုကတည်းက 'မသင့်တော်ခြင်း' ကန့်လန့်ကာ
ခွင့် ထွက်သွားလိုက်တာ လှမ်းခေါ်တာတောင် လာချင်မှလာခဲ့တာ မဟုတ်
ဘူးလား..၊
လည်ဆွဲ မှာ မရှက်တတ်တဲ့မျက်နှာရှိရင်တော့ သူ လာမယ့်အချိန်
လေးကိုပဲ တမ်းတမျှော်ငေးရင်း စောင့်နေမိမှာပါ။ ဒါပေမယ့်...
"လည်ဆွဲ ဆုံးဖြတ်ပြီးပြီ..၊ အမိုးတို့ကိုလည်း ခေါ်မသွားပါဘူး၊
ဒီအိမ်မှာပဲ သွားနေတော့မယ်"
ထပ်ပြောလိုက်တော့ သူ အံ့သြသည့်မျက်နှာနှင့်...
"လည်ဆွဲ က သူတို့လာရင် သူတို့ပြောသလို အလဲအလှယ်လုပ်
လိုက်ဖို့ ဆုံးဖြတ်ထားလို့လား"
သူမ မျက်ဝန်းတွေ သူ့ဆီ ပြန်လှည့်လာ၏။ မိုးသား က ဖျတ်ခနဲ
လှဲရှားသွားသည့်မျက်နှာကို ချက်ချင်းပြင်ဆင်ကာ..
"မဟုတ်ဘူး .. ကိုယ်က မင်း;တစ်ယောက်တည်း ရှိနေတုန်း ခုလို
တစ်ခါ ထပ်ဖြစ်ကြရင် မင်းကို သက်ညှာသွားမှာ မဟုတ်တော့
ဘူးလို့ တွေးမိလို့ပါ"
"ဘာဖြစ်လို့ တွေးမိတာလဲ အစ်ကို"
"အဲဒါတော့ မပြောတတ်ဘူး၊ အခုက ကိုယ် ရောက်လာလို့ မင်းကို
ကိုင်း ထားသွားတာလား၊ တမင် ညှာတာခဲ့တယ်ဆိုရင်တောင် အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးဆိုတာ နှစ်ခါ ထပ်ရမှာမဟုတ်ဘူး”

'ကိုယ့်ရဲ့ စောင့်ရှောက်မှုအောက်မှာ ကိုယ့်ရဲ့ဘုန်းကံရှိစ်ကြောင့် ဘာမှမဖြစ်စေရဘူး' လို့ ရှင် ပြောခဲ့တာလေ၊ မေ့သွားတာလား .. မပြောချင်တော့တာလား..၊

ရင်ထဲမှာခံစားနေရသည့် အမည်မဲ့ဝေဒနာတစ်ရပ်ကြောင့် လည် မပြုံးချင်ဘဲ ပြုံးမိသည်။ ပြုံးတာနှင့်မတူဘဲ မဲ့နေသလိုရှိလျက်...

“အခွင့်အရေးက နှစ်ခါ မရနိုင်ဘူးဆိုရင်လည်း သူတို့ လည်ဆွဲ ဒုက္ခမပေးချင်ဘူးဆိုတာ လည်ဆွဲ သိနေတယ် အစ်ကို”

“ဘာဖြစ်လို့လဲ”

“နဖူးမှာ ပွန်းပဲ့ရုံဖြစ်သွားတဲ့ဒဏ်ရာကိုတောင် ဆေးထည့်ပေး တာ ဘာဒုက္ခပေးဦးမှာလဲ”

သူ့မျက်နှာကို စိုက်ကြည့်နေရင်း ပြောမိသည်။ သူ တစ်ခုခုပြော ပြင်လိုက်တာကိုလည်း မြင်သည်။ ထို တစ်ခုခုကို နားထောင်ဖို့အတွ လည်ဆွဲ ခဏစောင့်ပေမယ့် မိုးသား တိတ်ဆိတ်နေခဲ့၏။

ဒါဆို ဟုတ်တယ်လို့ ပန်ခံလိုက်သည်ပေါ့..၊ လည်ဆွဲ ရင်ထဲ တဆစ်ဆစ် တိုးဆောင့်လာခဲ့၏။ သူ လှုပ်နှိုးနေသည့်အချိန်မှာ လည် နဖူးကဒဏ်ရာသည် ဆေးထည့်၊ ပလာစတာ ကပ်ထားပြီးသား..၊

“လည်ဆွဲ .. လည်ဆွဲ ဘာတွေ ဖြစ်ကုန်တာလဲ၊ မသေကော မပျောက်ကောင်းကွာ..၊ သတိရပြီလား .. ကိုယ့်ကို ကြည့်ဦး..”

သူ လှုပ်ခေါ်ရင်း စုမှရောက်လာတဲ့ ခြေမကိုင်မိ၊ လက်မကိုင်မိ ကို လည်ဆွဲ နောက်ကျမှ ဆက်စပ်တွေးကြည့်မိခဲ့သည်။

ဒီဒဏ်ရာကို ဘယ်သူ ဆေးထည့်ပေးခဲ့တာလဲ..၊

ဟိုလူတွေ ထွက်သွားခြင်း၊ မိုးသား ရောက်လာခဲ့ခြင်းရဲ့ ကြား ကာလမှာ လည်ဆွဲ နားကို ဘယ်သူ ရောက်လာခဲ့သလဲ..၊





ဒီဒဏ်ရာကို ဟိုလူတွေ ဆေးထည့်ပေးသွားတာမှ မဟုတ်လျှင် သိကြားမင်း လူပြည်ဆင်းလာပြီး ကုသပေးသွားသည်ပေါ့..၊

မျက်ရည်ကျရင်း ရယ်ပစ်လိုက်ချင်၏။ ခုလို မိုးသား ဆေးထည့်ပေး ခဲ့တာမဟုတ်မှန်း တိကျစွာ သိလိုက်ရတော့ ဝေဒနာက အတိုင်းအဆမဲ့ ဖြစ်ထွန်းသွားခဲ့သည်။

'မဟုတ်ပါဘူး၊ ကိုယ် ဆေးထည့်ပေးထားတာ' လို့ သူ ပြောလိုက် ရင်တောင် တမင်သိချင်လို့ အစ်အောက်ကြည့်လိုက်တဲ့ သူမ ရင်ထဲမှာ ပြဿနာတစ်ရပ် ရှင်းသွားဦးမည်။ ခုတော့..၊

“အဲဒီလို မင်း ယုံကြည်နေတယ်ဆိုရင်လည်း သူတို့ကို ဘယ်လို လူမျိုးတွေ ဖြစ်နိုင်သလဲဆိုတာ ပြန်တွေးကြည့်ပြီး ဓွေးနွေးသင့်ရင် ဆွေးနွေးကြည့်ပါလား လည်ဆွဲ ရယ်..”

မိုးသား ထံမှ နောက်ထပ်ထွက်လာသည့်တိုက်တွန်းချက်က ဤသို့..၊

“ဘာပြောလိုက်တာလဲ အစ်ကို”

“ဒီလိုလေ .. မင်းကို ကိုယ် စိတ်မချလွန်းလို့ တွေးကြည့်နေတာ၊ သူတို့က မင်းကို ဒုက္ခမပေးချင်တာ သေချာနေတယ်ဆိုတော့ မင်းအစ်ကို ယူလာတဲ့ပစ္စည်းကြောင့်ပဲ ဖြစ်နေတာလေ၊ ကိုယ်လည်း ရသင့်သလောက် ရခဲ့မယ်ဆိုရင် မင်း လိုက်လျောလိုက်ဖို့...”

“အစ်ကို ..”

လည်ဆွဲ လှဲနေရာကနေ ငုတ်တုတ်လေး ထိုင်လိုက်၏။ တကယ် က ဒဏ်ရာကြောင့် အိပ်ရာထဲ လဲနေတာလည်း မဟုတ်ပါ..၊

စိတ်တိုင်းမကျသည့်အတွေးများနှင့် အဖြေရှာမရသော ဝေဒနာတွေ လုံးထွေးရင်း လူက လှုပ်ကိုမလှုပ်ချင်တော့အောင် နွမ်းယဲ့ ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။ ခု ထပ်ပြီး မယုံနိုင်သော မျက်ဝန်းတွေမှာ မျက်ရည်စတွေ ဝေ့သီ လာခဲ့လျက်...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဟိုအရင်က အဲဒီပြဿနာတွေကို ဘာမှ ဝင်မစွက်ဖက်ခဲ့ဘူး၊ လည်ဆွဲ စိတ်ဆင်းရဲစရာတွေပဲ တွေးနေတယ်ဆိုပြီးတော့တောင် တားဆီးခဲ့သေးတာ.."

"ဟုတ်ပါတယ် .. အခု ကိုယ်တို့က အမြဲတမ်း အတူတူ မနေနိုင်တော့ဘူးလေ၊ မင်းကို စိတ်မချလို့ပါ.."

ပြောနေရင်း လည်ဆွဲ နားမလည်နိုင်တာကို စိတ်ရှုပ်ထွေးသည့်ပုံစံ မျက်နှာငုံ၍ ဆံပင်တွေ ဖွသည်၊ ထိုမျက်နှာကိုပဲ လည်ဆွဲ က စိုက်ကြည့်နေကာ..

"ဒီပစ္စည်းတွေကို လည်ဆွဲ သိမ်းထားတယ်လို့ အစ်ကိုက ထင်နေတာလား"

သူ ဖျတ်ခနဲ မော့လာ၏။ လည်ဆွဲ မျက်လုံးတွေထဲကို ခဏစိုက်ကြည့်နေကာ..

"အစ်ကိုက ဘာမှမသိပါဘူး ညီမရယ် .. မင်းအတွက်ချည်း အကောင်းဆုံးကို တွေးပေးနေတဲ့သူပါ၊ ကိုယ် ဘာတွေ အကြံပေးပေး မင်း ဆုံးဖြတ်မှဖြစ်မှာ၊ မမှားစေချင်လို့.."

"ကျေးဇူးတင်ပါတယ် အစ်ကို၊ လည်ဆွဲ ဘာမှမသိတဲ့ပြဿနာ အတွက် အပေးအယူလုပ်ဖို့လည်း ဘာမှမရှိဘူး၊ ဖြစ်လာသမျှအကြောင်းကို အကောင်းတွေပဲလို့ပဲ မှတ်ရမှာပါ၊ အခု သေချာသွားတာက သူတို့ရဲ့ လည်ဆွဲ မကြောက်ဘူး"

မကြောက်တာကို အံ့ဩတာလား..၊ ပြောဆိုမရလေခြင်းဆိုပြီး စိတ်ပျက်သွားတာလားမသိ၊ မိုးသား ဘာစကားမှ မဆိုဖြစ်ဘဲ လည်ဆွဲ မျက်နှာကိုပဲ စူးစိုက်ကြည့်နေ၏။

ထိုစဉ် လည်ဆွဲ မျက်နှာလွှဲပစ်ရင်း လက်တစ်ဖက်က ဆံပင်ကို သပ်လိုက်မိလျှင်..





"အား!..."

"ဟင်.."

ဆံပင်တွေကို အမိုးကိုယ်တိုင် မျက်နှာကနေ အပြောင်သိမ်းလှန်ပြီး ခေါင်းစည်းကွင်းလှလှလေးနဲ့ စည်းပေးထားခဲ့တာ..၊

လက်စွပ်က ခေါင်းစည်းကွင်းရဲ့အနားစပ်က ချည်မျှင်အနားကွပ်လေးတွေမှာ ငြိမိသွားလျက်...

"နေဦး .. လည်ဆွဲ၊ ကိုယ် ဖြုတ်ပေးမယ်"

မိုးသား က ထိုင်ရာကနေ ကမန်းကတန်း ထရပ်လိုက်ပြီး ငြိနေတာကို ဖြုတ်ပေးလိုက်၏။

"ရပြီ.."

လည်ဆွဲ လက်ကိုပြန်ရုတ်၍ လက်စွပ်လေးကို ငုံ့ကြည့်နေတော့ သူက ပြန်ထိုင်လိုက်ရင်း ငုံ့မိုးကြည့်ကာ..

"လက်စွပ်က အလယ်မှာ အချိုင့်ကလေးဖြစ်နေတာကိုး၊ အဲဒါကြောင့် ခေါင်းစည်းကွင်းနဲ့ ငြိမိတာ"

လည်ဆွဲ လက်စွပ်လေးကို ပွတ်သပ်ကြည့်နေရင်း သူ့ဆီ မျက်လုံးတွေ တန်းခနဲ ရောက်၏။

သူကိုယ်တိုင်ပေးခဲ့သည့် လက်စွပ်ကို မိုးသား ကြည့်ပုံက ဘာမှ မသိသလို..၊

လည်ဆွဲ က လက်စွပ်လေးကို သူ့မျက်နှာရှေ့ ထိုးပြကာ..

"ဒီလက်စွပ်လေးက လည်ဆွဲ ကို သူများ လက်ဆောင်ပေးထားတာ"

"ဪ .."

"ရိုးရိုးငွေကွင်းလေးပါပဲ၊ ဒါပေမယ့် လည်ဆွဲ အရမ်းမြတ်နိုးတယ်"

မိုးသား က ပြုံး၍ ခေါင်းညိတ်ပြသည်။

"ဒါပေါ့၊ လက်ဆောင်ပစ္စည်းဆိုတာ ဘာနဲ့မှ တန်ဖိုးဖြတ်လို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



လည်ဆွဲ မျက်လွှာချလိုက်ရင်း လက်ဖွပ်လေးကို တစ်ဖက်နဲ့ တင်းကျပ်စွာ ဖိဆုပ်ထားလိုက်မိ၏။

ထို့နောက် လက်တို့သည် ဖိဆုပ်ထားရင်း တဆတ်ဆတ် တုန်ယင်လာခဲ့ပြီး ထူပိတ်သော မျက်တောင်ကော့တို့ စိုက်ချကာကွယ်ထားသည့် အောက်ကနေ မျက်ရည်စက်တွေ တလိမ့်လိမ့် စီးကျလာခဲ့၏။

အစ်ကို ဘယ်ရောက်သွားခဲ့သလဲ..၊

လည်ဆွဲ နားမှာ တစ်စုံတစ်ယောက်ကို အစားထိုးထားရစ်ခဲ့ပြီး အစ်ကို ထွက်ပြေးသွားတာ ဘာဖြစ်လို့လဲ..၊

ရက်စက်လိုက်တာ အစ်ကိုရယ်..၊





## အခန်း (၃၀)

အမိုး တံခါးဖွင့်လိုက်သည်နှင့် အခန်းထဲကမြင်ကွင်းကြောင့် ထိတ်ခနဲ ဖြစ်သွားခဲ့၏။ ဖိုးခွား က ခေါင်းကုတ်ရင်း ရှုံ့မဲ့နေကာ လည်ဆွဲ က မှန်တင်ခုံရှေ့မှာ မျက်ရည်တွေ စွန်းထင်နေသော မျက်နှာလေး နီရဲလျက်..၊

"ဖိုးခွား .. နင် .. နင် .. ဘာတွေ လျှောက်ပြောနေတာလဲ"

ပျာပျာသလဲမေးရင်း ဖိုးခွား လက်ကိုလည်း ခပ်ဆောင့်ဆောင့် ဆွဲလိုက်မိ၏။ လည်ဆွဲ က မျက်ရည်ပြည့်လျှမ်းသည့်အကြည့်တို့နှင့် မော့လာကာ..

"ဖိုးခွား က ဘာမှမပြောပါဘူး၊ ဒါပေမယ့် လည်ဆွဲ သိပြီးပြီ၊ နားမလည်တာက အမိုးတို့ ဘာဖြစ်လို့ လည်ဆွဲ ကို ဝိုင်းညာခဲ့ကြတာလဲ"

အမိုးက ဖိုးခွား ပခုံးကို ဖက်ထားလျက် မျက်နှာငုံ့ပစ်၏။

လည်ဆွဲ မှန်တင်ခုံကို ကျောပေးလိုက်ပြီး မြေးအဘွားနှစ်ယောက်ဘက်ကို မျက်နှာမူ၍...

"လည်ဆွဲ မျက်လုံးတွေပွင့်လာတာနဲ့ လည်ဆွဲ အရမ်းချစ်သင့်ခဲ့တဲ့ သူဟာ ဒီလူပါဆိုတာ မြင်လိုက်ရတော့ မသိစိတ်မှာ အင်အားမဲ့သွားသလို



www.burmeseclassic.com

www.burmeseclassic.com



လို .. အားမလိုအားမရ ခံစားခဲ့ရတယ်၊ ဟုတ်ရဲ့လားလို့လည်း တွေးမိခဲ့သေးတယ်၊ အဲဒါ မျက်လုံးဖွင့်စ စက္ကန့်ပိုင်းလောက်အတွင်းမှာ ဖြစ်ပျက်သွားတဲ့ ခံစားချက်တွေပဲ၊ ဒါပေမယ့် အဲဒါတွေအားလုံးဟာ အမိုးကို မြင်လိုက်ရတဲ့အချိန်မှာ အကုန် ငြိမ်းချမ်းသွားခဲ့တယ်၊ မယုံကြည်တာတွေ၊ သံသယနဲ့တူတာတွေ အကုန်လုံး အမိုးရဲ့ မပြောင်းလဲတဲ့ အမူအရာတွေကြောင့် ပျောက်ပျက် ပြီးဆုံးသွားခဲ့တာ .."

လည်ဆွဲ သည် ကြမ်းပြင်မှာ ဝှမ်းလျားမှောက်ချတော့မတတ် ခေါင်းကြီးငုံ့နေသည့် အမိုးကို ငေးကြည့်ရင်း မျက်ဝန်းတွေက စူးစိုက်အေးစက်နေပေမယ့် မျက်ရည်တွေက တပေါက်ပေါက် ကြွေဆင်းလျက်..

"အဲဒီလောက်ထိ အမိုးကို လည်ဆွဲ ယုံကြည်ခဲ့တာပါ၊ မျက်လုံးတွေမမြင်ရခင်ကရော, မြင်လာရတဲ့အချိန်မှာရော လည်ဆွဲ ကို တစ်လောကလုံးမှာ တစ်ယောက်တည်း ကျန်ရစ်တဲ့ အထီးကျန် အချစ်ငတ်သမားအဖို့ အမိုးတို့ကို မိဘ .. အမိုးတို့ပဲ ဆွေမျိုးရင်းချာ .. မိတ်ဆွေကောင်းလို့လည်း သတ်မှတ်ခဲ့တာ၊ အဲ့ဒါ .. အဲ့ဒါကို အမိုး ဘာဖြစ်လို့ ညာခဲ့တာလဲ..၊ သူ ပြောထားတဲ့အတိုင်း နေရတာဆိုရင်တောင် အမိုးတို့ နှုတ်လုံနေပုံက ဝတ္တရားမဆန်ဘူး အမိုးရဲ့..၊ အစ်ကိုမိုးသား ကိုသာ အရင်းအချာလို သတ်မှတ်ပြီး လည်ဆွဲ က ဘေးရောက်သွားခဲ့တာ 'နီးရာဓားကို ကြောက်ရတာပါ'၊ 'သူ့ဆန်စား ရဲမှ' ဆိုတဲ့ စကားပုံတွေအတိုင်း.."

"တော်ပါတော့ သမီးရယ် .. အမိုး တောင်းပန်ပါတယ်ကွယ်"

အမိုး မျက်နှာမော့လာတော့ ဖြူဖွေးပြည့်ဝိုင်းသည့် မျက်နှာကြီးက နီရဲလျက် .. မျက်ရည်တွေနဲ့ပါ၊ စကားနဲ့မပြောဘဲ ဖိုးခွားကို အပြင်ထွက်ဖို့ တွန်းလွှတ်လိုက်ပြီးမှ မျက်ရည်တွေသုတ်ကာ..

"အလုပ်ရှင်မို့ သူ့စကား နားထောင်ရတာ မှန်ပါတယ်၊ ဒါပေမယ့် သမီးတို့နှစ်ယောက်ကို အမိုး တပြိုင်တည်းမှာ ဆုံခဲ့ရတာပါ၊ ကိုယ့်သား





သမီး မြေးမြစ်လေးတွေလို ချစ်ခဲ့ရတာချင်းက အတူတူပါပဲကွယ်"

အမိုးမျက်နှာကို မော့ကြည့်ရင်း လည်ဆွဲ ခေါင်း တွင်တွင်ခါသည်။ ပခုံးအောက်သာသာထိ နွဲ့ဖြာနေသော ဆံနွယ်လေးတွေ ဖျတ်ဖျတ်ခါလျက် အမိုး မကြည့်ရက်နိုင်..၊

"နားထောင်ပါဦး သမီးရယ် .. အမိုးလေ သမီး မျက်လုံးမခွဲခင်ကတည်းက လူလေးက အခြေအနေကို ရှင်းပြပြီး ဒီလိုနေပေးပါ၊ ဒီလိုမျိုးသိပ်ပါလို့ တောင်းဆိုခဲ့လို့..."

"ဘာအခြေအနေလဲ..၊ အမိုးကို သူ ဘာတွေပြောခဲ့လို့လဲ၊ လည်ဆွဲ လည်း သိပါရစေ"

"အကြောင်းအရာ အတိအကျကို မပြောပါဘူး၊ အမိုးက အဲဒီလောက်ထိ သိဖို့ မလိုတဲ့လူလေ"

အမိုးက လည်ဆွဲ ရှေ့မှာ ပိုနိမ့်သည့် ခုံပုလေးဆွဲထိုင်ကာ လည်ဆွဲ ရဲ့ ဒူးနှစ်ဖက်ပေါ် ကို ကတုန်ကယင် လက်တို့တင်၍..

"သမီး မျက်လုံး ပြန်ကောင်းလာတာနဲ့ အခုရှိနေတဲ့ သူ့ယော်ကိုပဲ မိုးသား နေရာမှာထားပြီး အရင်လို မှုမပျက် ခေါ်ပြောဆက်ဆံသွားဖို့.."

အမိုးက လက်မောင်းပင့်၍ မျက်ရည်သုတ်လိုက်ပြီးမှ ဆက်ပြောပြ၏။

"ဘာအကြောင်းလဲဆိုတာ အမိုး မစဉ်းစားပါနဲ့၊ ကျွန်တော်လည်း သေချာပြောမပြနိုင်ဘူး၊ အခိုင်အမာပြောရဲတာက လည်ဆွဲ ရဲ့ ကျန်းမာရေးနဲ့ သူ့အတွက် အားလုံး အဆင်ပြေဖို့တွေပဲ၊ အဲဒါတွေက သူနဲ့ကျွန်တော် မတွေ့မှဖြစ်မှာ၊ တကယ်ဆိုရင် အမိုးတို့ကို ဖြုတ်ပစ်လိုက်ပြီး လူစားလဲလိုက်တာနဲ့ ဒီပြဿနာ ရှင်းသွားမှာ၊ ဒါပေမယ့် သူ့အတွက် အမိုးတို့ကိုပဲ စိတ်ချတယ်၊ ပြီးတော့ သူ့အကျိုးအတွက်ဆိုရင် အမိုး ဒါကို စောင့်ထိန်းသွားမှာပဲလို့လည်း ကျွန်တော် ယုံတယ်၊ သူ လုံးဝ မသိပါစေနဲ့

'ဒါပဲလား'လို့ လည်ဆွဲ ထပ်မေးချင်သေးသည်။ ဒါပေမယ့် အမိုး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သိသလောက် အကုန်ပြောပြတာပဲမို့ တောင်းပန်စကားအပြင် ဘာမှ အပိုမပြောနိုင်ရှာ..၊

"သူ ဒီတိုင်းပဲ ပြောတာပါ သမီးရယ် .. သမီးအတွက် ငဲ့ပြီး သူ အမိုးကိုတောင် ဖြုတ်မပစ်ခဲ့ဘူးဆိုတဲ့တစ်ချက်နဲ့ပဲ အမိုး ဒီလိုနေပါ့မယ်လို့ လက်ခံခဲ့မိတယ်၊ သူ ထားရစ်တဲ့လူကိုလည်း အမိုး မျက်ခြည်မပြတ် စောင့်ကြည့်နေတာပါ၊ ဒီသူငယ်ကိုယ်တိုင်က မောင်မိုးသား ကို ရိုသေလေးစားတဲ့အတွက် သမီးအပေါ်မှာ ဘာအခွင့်အရေးမှ မယူရဲဘူး၊ ယုံကြည်ထိုက်တဲ့သူမို့လို့ အမိုး ခုချိန်ထိ ရေငုံနှုတ်ပိတ်ခဲ့တာ၊ ဒါပေမယ့်..."

အမိုးက နှာတစ်ချက်ရှုံ့၍ ပင့်သက်ရှိုက်လိုက်ပြီး...

"အမိုး သိပ်ကို အနေခက်ပါတယ်၊ မုသာဝါဒတွေကို ငုံ့ခဲပြီး နေ့စဉ်မျက်လွှာချနေရတာကို စိတ်ဆင်းရဲလှပြီ၊ အားလုံး အဆင်ပြေအောင်လို့ စိတ်တင်းထားပေမယ့် ကိုယ့်ရဲ့စိတ်က ပြန်ပြီး ခြောက်လှန့်နေတာမျိုး၊ နောက်ပြီး သမီး မျက်လုံးမြင်ကာမှ မောင်မိုးသား ကို တစ်ခါပဲ တွေ့ရသေးတယ်၊ သူနဲ့ ဟိုတုန်းကလို နေကြရရင်တော့ တစ်မျိုးပေါ့ကွယ်၊ သူ မရှိဘဲနဲ့ သမီးက စိမ်းသက်တဲ့လူတစ်ယောက်ကို မသိယောင်မှားပြီး တွယ်တာနေတာ မြင်ရတော့..."

"တော်ပါတော့ .. မပြောပါနဲ့တော့ အမိုးရယ်.."

"သမီးရယ် အမိုး မကောင်းပါဘူး၊ အမိုးကို အလုပ်ထွက်ခွင့်ပြုပါကွယ်"

လည်ဆွဲ ရှိုက်ငိုခြင်း မပြုတော့ဘဲ မျက်ရည်တွေကိုလည်း မသုတ်..၊ မျက်ဝန်းထဲမှာ မျက်ရည်တွေပြည့်သိပ်နေတာတောင် မျက်ရည်ပြိုကျလောက်အောင် မျက်တောင် ခပ်ပြင်းပြင်းမခတ်..၊

နေရာမှ ဖြည်းလေးစွာ ထရပ်လိုက်ပြီး...

"လည်ဆွဲ အရင်သွားပါရစေ..၊ အမိုးက လည်ဆွဲ ရဲ့အလုပ်သမား မဟုတ်တဲ့အတွက် အမိုး သူ့ဆီက ဆုံးဖြတ်ချက်ကိုပဲ မေးပါ"





"သမီး .."

လည်ဆွဲ လှည့်မကြည့်ဘဲ ပြတင်းတံခါးမှာ သွားရပ်လိုက်သည်။ ဘယ်ကိုကြည့်ကြည့် သစ်ပင်၊ တိုက်တာအဆောက်အအုံတွေကို မမြင်..၊

မိုးကောင်းကင်ကြီးတစ်ခုလုံး ပျောက်ဆုံးသွားခဲ့သလို ပတ်ဝန်းကျင်မဲ့နေခဲ့၏။ လည်ဆွဲ ရင်ထဲမှာ မြင်ခြင်း၊ ကြားခြင်းတွေ အားလုံး ပျက်သုဉ်းခဲ့ပြီလား..၊

ရွှေသမင်တော့ မဟုတ်ပေမယ့် တံလျှပ်ကို ရေထင်ပြီး အလိုက်လွဲခဲ့မိသည့်အဖြစ်ချင်းတော့ အတူတူပါပဲ..၊

လူတိုင်း၏ဘဝက 'ဘ'နဲ့'ဝ'နဲ့ ပေါင်းခြင်းဖြင့် ဘဝ ဖြစ်ကြ၏။ လည်ဆွဲ ရဲ့ဘဝကတော့ စက်ဝိုင်းတစ်ခုလား.. ဒါမှမဟုတ် သုညကလေးလား..၊ လမင်းကြီးလို ဝိုင်းနေပါသည်လို့ ပြောရမည်လား..၊

ဘယ်လို ချရေးရေး ဘာမှမရှိသည့် သုညပဲ ဖြစ်လေသည်။

သူ ဖန်ဆင်းပေးခဲ့သော အရာမှန်သမျှဟာ သူနဲ့အတူ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"မလိုဘူး .. ဘာမှမလိုဘူး .. ကိုမိုးသား ဘယ်မှာလဲ၊ သူ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ၊ အဲဒါ လည်ဆွဲ သိချင်တယ်၊ ဒါပဲ.."

"တစ်ခုမှ ပြောမပြနိုင်ဘူး လည်ဆွဲ၊ သူလုပ်တဲ့အလုပ် .. အခု မင်းရဲ့ဘေးမှာ ငါ သရုပ်ဆောင်ခဲ့ရတာ အားလုံးက မင်းကို ဒုက္ခပေးဖို့ တစ်ခုမှ မပါဘူး"

"အဲဒီစေတနာတွေကို ဘာဖြစ်လို့ ဒီလောက် ပေါပေါကြီး ပေးနေတာလဲ"

လည်ဆွဲ မျက်ရည်တစ်စက်မှမကျဘဲ ကျားသစ်ပျိုမတစ်ကောင်လို ရူးရဲလက်တောက်နေသည့် အကြည့်များနှင့်...

"ရှင်က ဘယ်သူလဲ.."

"ငါ့နာမည်က ညီညီထွန်း"

"ဘာလုပ်ကြတာလဲ..၊ သူ လည်ဆွဲ ကို မပတ်သက်ချင်တော့ရင် ထားခဲ့ရုံပဲ၊ ရှင့်ကို လွှစားလဲပြီး ထားခဲ့လိုက်တာ ကျွန်မကို ရိုက်သတ်လိုက်သလိုပဲ သိရဲ့လား..၊ အဲဒါကမှ တကယ် ရက်စက်လိုက်တာ၊ လည်ဆွဲ





တဲ့မိန်းမက ရှင်တို့ .. ရှင်တို့မှ မမွေးရင် .. ရှင်တို့ရဲ့အရိပ်မှာမှ မနေ တော့ရင်..."

"မင်း ထင်သလို စွတ်ပြောမနေနဲ့ အေး .. ငါတို့ဆိုရင်လည်း ဒီဘဝ ပဲဆိုပြီး လှည့်ထွက်သွားခဲ့မှာ၊ သူ မင်းအပေါ် မှာ သံယောဇဉ်ကြီးခဲ့လို့.."

"မကြားချင်ဘူး .."

လည်ဆွဲ လက်နှစ်ဖက်စလုံး လွှဲခါပစ်လိုက်ပြီး တအားအော်သည်။

"လည်ဆွဲ သူနဲ့ တွေ့ချင်တယ်"

"ငါကိုတောင် လာမတွေ့ဘူး"

ခိုင်းတာကိုလုပ်နေရသည့် ဝတ္တရားဆန်ဆန် နူးညံ့ခြင်းတွေ ပျောက် လျက် ညီညီထွန်း ဆိုသူ၏ မျက်နှာက သုန်မှုန်နေ၏။

အရုပ်အမောင်းရော အသံရော တူပဲတူနိုင်လွန်းပါသည်။ ကိုယ်လုံး ယ်ထည် အနည်းငယ် ပိန်သွယ်သလို လည်ဆွဲ ထင်မှုသည်။

သူ့ရဲ့ လက်ခုံမှာ မွေးညှင်းတွေ ရှိမနေတာကိုလည်း သတိထားမိခဲ့ ပါပေမယ့် သူနဲ့ကျမှ လက်ပွန်းတတီး သိပ်မရှိကြတော့ ကြည့်ရုံမြင်ရုံနဲ့ ဟိုလိုလိုဒီလိုလို ဖြစ်နိုင်တာတွေတွေးပြီး မေ့ပျောက်သွားခဲ့တာဖြစ်သည်။

နာကျင်ရဆုံးသည် သူ အလွန်နှစ်သက်ခဲ့သည့် မိုးသား သုံးနေကျ မွှေးနံ့...၊ ဒါလည်း သူနဲ့သူမ ရင်းနှီးခွင့်တွေ ဆုံးရှုံးခဲ့ရသည်မို့ အနေ ခဲ့ကြခြင်းနဲ့ ဖြေခဲ့ရသည်။

တကယ်တမ်းကျတော့ အားလုံးက သိနေပြီး သူမကသာ သနား သတ္တဝါ..၊ အနက်ရောင်စပို့ရှပ်လည်ဟိုက်ကိုယ်ကျပ်လေးနှင့် မျက် ည်မကျဘဲ မျက်နှာလေးတစ်ပြင်လုံး နီရဲနေသည့် လည်ဆွဲ ကို ညီညီ န်း ကလည်း သနားချင်ပေမယ့် စိတ်တိုမပြေသော မျက်လုံးများနှင့် ကြည့်နေ၏။

သူမရဲ့အလှအပတွေကို အနီးကပ် ရှုစားမိရင်း သူ စိတ်လှုပ်ရှားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖူးသည်။ နူးညံ့သည့်လက်ဖဝါးလေးတွေ၊ နုအိသည့်ပခုံးသားလေးတွေကို ထိကိုင်မိတိုင်း ရှက်သလိုလို သာယာမိသလိုလို..၊

သူလည်း ချစ်သူတောင် မရှိခဲ့သည့် လူပျိုလူလွတ်တစ်ယောက်မို့ ထိတွေ့မှုပေါ်မှာ မလှုပ်ရှားမိအောင်တော့ ထိန်းချုပ်ဖို့ မလွယ်ခဲ့ပေ။

ဒါကြောင့် လည်ဆွဲ လက်ညှိုးထိုး၍ လူလိမ်၊ လူညာ ဖြစ်လောက်အောင် ပက်ပက်စက်စက်ကြီး ပြောဆိုနေတာကို စိတ်တိုနေခြင်း ဖြစ်သည်။ ပြီးတော့ ရှက်လည်း ရှက်ပါ၏။

တိမ်တိုက် ဆိုတဲ့ကောင် စိတ်ကူးထဲမှာရှိသမျှ လက်တွေ့ အကောင်အထည်ဖော်နေသည်၊ အိပ်မက်နဲ့ လက်တွေ့ဘဝကို မရမက တံတားခင်းချင်နေ၏။

ဒါ .. လွယ်ကူတဲ့ကိစ္စလား..၊ သူ ညွှန်ကြားနေနိုင်ပေမယ့် ဒီမှာ ရင်ဆိုင်နေရတာ သူမှ မဟုတ်ဘဲ..၊ အခု အားလုံး အိုးနင်းခွက်နင်းတွေ ဖြစ်ကုန်ပြီ၊ သူ ဘာဆက်လုပ်မလဲ..၊

"ကျွန်မ သွားမယ်.."

"ဒီလို မလုပ်နဲ့လေ"

"ရှေ့က ဖယ်ပေးပါ ကိုညီညီထွန်း..၊ ကျွန်မ ဘယ်သူ့ကိုမှ မစော်ကားချင်ဘူး"

လည်ဆွဲ က အဆင်သင့်ပြင်ထားပြီးသည့် လက်ဆွဲအိတ်တစ်လုံးနှင့် ဆလင်းဘက်ခ်ကို ကောက်လွယ်လိုက်သည်။

"မင်း စော်ကားပြီးရင်း စော်ကားနေတာကိုခံဖို့ ငါတို့ကလည်း တာဝန်ထမ်းဆောင်နေရတာ၊ မင်း ဒီမှာပဲ လုံလုံခြုံခြုံနေလိုက် ပန်းလည်ဆွဲ၊ သူ လုပ်စရာရှိတဲ့အလုပ်တစ်ခု ပြီးဆုံးသွားရင်..."

"ဘာဖြစ်လာမှာလဲ..၊ ဆက်ပြောပါ"

"အဲဒီကျရင် မင်း သူနဲ့ ရှင်းလို့ရပြီ"





"ကျွန်မ မစောင့်နိုင်ဘူး၊ ရှင်တို့တွေ ဝိုင်းဝန်းကာရံထားမှ ကျွန်မဘဝ လုံခြုံမယ်ဆိုရင် ဒီနေ့ပဲ ခါးစက်၊ လှံစက်ထဲ ပြေးဝင်လိုက်မယ်"

"သမီး .. မသွားပါနဲ့ သမီးရယ်.."

"အန်တီ .. အန်တီ .. မသွားပါနဲ့.."

အမိုးတို့ ပြေးထွက်လာကြပြီး တားပေမယ့် လည်ဆွဲ က ဆုံးဖြတ်ပြီးသည့်မျက်နှာလေးနှင့် မေးဖျားလေးပင့်နေအောင် မော့ပစ်သည်။

"သမီးရယ် .. ဒီလိုဆိုရင်လည်း အမိုးတို့ကို ခေါ်သွားပါကွယ်"

"အမိုးတို့ကို လည်ဆွဲ ဘာမှမပေးနိုင်ဘူး၊ လည်ဆွဲ ဘဝ ရပ်တည်နိုင်ဖို့တောင် မနည်းကြိုးစားရဦးမှာ၊ အဲဒါကြောင့် ဘယ်သူမှ မလိုက်ပါနဲ့"

လည်ဆွဲ အားလုံးကို ကျောခိုင်း၍ ဖွတ်ထွက်ခဲ့၏။ လက်ထဲမှာ ငွေဆိုလို့ တစ်ရာတန်တစ်ရွက်တောင် မပါပေ..၊

ဒါပေမယ့် မစိုးရိမ်ပေ၊ ဘာကိုမှလည်း မကြောက်..၊

ရင်ထဲမှာ တဖျစ်ဖျစ်မြည်အောင် လောင်မြိုက်ပူပြင်းနေတာက အချစ်မီး..၊ သူ ရက်စက်ခဲ့တဲ့ ဥပေက္ခာတွေရဲ့နောက်မှာ သူမဘဝ သေဆုံးခဲ့ပြီ ဖြစ်၏။

ဘာကြောင့် ထားခဲ့မှန်း မသိ၊ ဘာကြောင့် ပြန်ငဲ့ကြည့်နေမှန်း လည်း မသိ..၊ မမြင်ကွယ်ရာကနေ စေတနာ မိုးလောက်မြင့်မားနေသည်ဆိုတာကို ဘယ်လိုယုံကြည်ပြီး ဘယ်နှလုံးသားနဲ့ ခံစား ကြည်နူးရမှာလဲ..၊

နေပါစေတော့ ဝေးကြမယ်ဆိုလည်း အဆုံးတစ်ဖက်စီထိ လျှောက်ကြရုံ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

မိုးသက်လေက ကြမ်းသည်။ မိုးစက်တွေကျတော့ တဖြောင်းဖြောင်း ကျလာသံ ကြားလိုက်၊ တိခနဲ ပြန်ပျောက်သွားလိုက်..၊

တစ်အိမ်လုံးမှာ တစ်ယောက်တည်းနေဖို့ ဆုံးဖြတ်ခဲ့တဲ့အတွက် ဘာကိုမှ နောင်တမရပါ၊ ဒါပေမယ့် ညဥ့်နက်နက် မိုးသက်လေပြင်း၏ ရိုက်ပုတ်သံတွေ နှိပ်စက်လာတော့ လည်ဆွဲ ချောက်ချားလာသည်။

နာရီဆီမှ ည ကိုးနာရီထိုးသံက လူကို ဆောင့်တွန်းပစ်လိုက်သလို တစ်ကိုယ်လုံး နာကျင်သွားသလားတောင် ထင်ရသည်။

ရင်ခုန်သံတွေ မြန်လာပြီး ထုံကျင်လာသည့် လက်ဖဝါးနှစ်ဖက်ကို ပူနွေးနေအောင် ဖိဆုပ်လိုက်မိ၏။ ပြီးတော့ တံခါးသံကြားသည့်နေရာကို ထပ်ဝိတ်ရင်း စိတ်ကို တည်ငြိမ်အောင် ဘုရားစာတွေ ရွတ်ဖတ်နေမိ၏။

သို့သော် တစ်ယောက်တည်းဆိုသည့် ချောက်ချားစိတ်မပြေဘဲ မျက်ရည်တွေ အလိုလို ပြည့်သိပ်လာသည်။

ထိုစဉ်...

"တင်းတောင်.."





လည်ဆွဲ ဆတ်ခနဲ တုန်ကာ မျက်လုံးတွေပါ ပြာသွား၏။ ရှုတ် တရက်မို့ အဲဒီလောက်ထိ လန့်သွားတာဖြစ်သည်။

"တင်းတောင် .."

အပေါ်ထပ်ကနေ အောက်ထပ်မှာပဲ ဆင်းနေခဲ့တာမို့ လည်ဆွဲ က ဧည့်ခန်းမှာပါ..၊

လူခေါ်ဘဲလ်သံကြောင့် ရင်တွေ တဒိန်းဒိန်း ဆောင့်ခုန်လာကာ ဘယ်သူတွေလဲ..၊ လူလား .. သရဲလား .. ဆိုသည့် မေးခွန်းတွေ ယောက် ယက်ခတ်သွား၏။

"တင်း..တောင်.."

"သမီးရေ .. လည်ဆွဲ.."

"အန်တီ .. သားတို့ပါ၊ တံခါးဖွင့်ပါဦး .."

"ဂျိမ်း.."

ခေါ်သံများနှင့်အတူ တံခါးကို ဆွဲလှုပ်သည့်အသံကိုပါ ကြားလိုက် ၏။ လည်ဆွဲ လိုက်ခနဲ ဝမ်းသာသွားပြီး တံခါးပြေးဖွင့်လိုက်လျှင် အပြင်မှာ အဝတ်အိတ်ကြီးတစ်လုံးနှင့် အမိုးတို့ မြေးအဘွား..၊

"အမိုး .."

"သမီး .. သမီးလေး တစ်ယောက်တည်း ကြောက်နေလားဟင်"

လည်ဆွဲ ဟန်မဆောင်နိုင်တော့ပါ၊ အမိုး ရင်ခွင်ထဲ တိုးဝင်ရင်း ငိုချ လိုက်မိ၏။

"အမိုး .. အမိုးတို့ကို အစ်ကို လွှတ်လိုက်တာလားဟင်"

အမိုးက မျက်နှာပျက်သွားခဲ့ပြီး လည်ဆွဲ ရဲ့ မျက်ရည်တွေကို တယုတယ သုတ်ပေးရင်း...

"ဟုတ်တယ် .. ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် အမိုးကိုယ် တိုင်က သမီးနဲ့ပဲ နေတော့မယ်လို့ ဆုံးဖြတ်ပြီးသားပါကွယ်၊ အမိုးတို့ မြေး



www.burmeseclassic.com

www.burmeseclassic.com



အဘွားမှာ တခြား တွယ်တာရမယ့် အနှောင်အဖွဲ့လည်း မရှိတော့ပါဘူး ဝမ်းဝရုံပဲ စားနေရရင် တော်ပါပြီ၊ သမီးလေး စိတ်သန့်အောင် မောင်မိုး သား က ထောက်ပံ့မှာကိုလည်း မယူတော့ဘူး။ တကယ်ပါကွယ်"

လည်ဆွဲ ကြည်နူးဝမ်းသာစိတ်နှင့် ခေါင်းလေး တွင်တွင်ညိတ်သည်

အမိုး တကယ်စေတနာထားတာကို သိလိုက်ရသည့်အပြင် သူ့အတွက် သွေးပျက်မတတ် ချောက်ချားနေရတုန်းမှာ သူ့ရဲ့ဖြည့်ဆည်းပေးမှုက ရွှေမိုးငွေမိုး ရွာပေးလိုက်တာထက် တန်ဖိုးကြီးပါ၏။

လုံးထွေး ပွေလောင်ခဲ့သည့်ရင်ထဲမှာ ရှိသမျှ ဒေါသမောဟတို့သည် ဒီည ကြည်နူးပျော်ရွှင်ခဲ့ရခြင်းမှာ အားလုံး ပျောက်ဆုံးသွားခဲ့ဘို့လိုပင်

ထားလိုက်ပါတော့မည်..၊ ဥပေက္ခာတွေက သပ်သပ်..၊

သူ ကြင်နာနေသေးတာက တခြား..၊





အခန်း (၃၃)

မိဘအမွေအနှစ်မို့ ဒီတိုင်းလေးပဲ တစ်သက်လုံး ထားသွားချင်ပေမယ့် လည်ဆွဲ အတွက် လောလောဆယ် ငွေရေးကြေးရေး အကျပ်အတည်းက အဓိကဖြစ်လာပြီမို့ မတတ်နိုင်..၊

ဖေဖေ ခေါင်းချခဲ့တဲ့ ခြံနဲ့အိမ်ကလေးကို ရောင်းပစ်လိုက်ရသည်။ အမြန်ရောင်းလိုက်ရတော့ ထိုက်တန်တဲ့ ဈေးလည်း မရခဲ့ပါ၊ ဒါပေမယ့် သူမအဖြစ်က ကျောင်းပြီးလို့လည်း ဘွဲ့က မရသေး..၊

ဘွဲ့ရလက်မှတ်ရှိနေရင်တောင် ခုခေတ်ထဲမှာ ဘာသင်တန်းမှ တက်ထားတဲ့ အလုပ်အကိုင်တစ်ခုခု ရဖို့က မလွယ်ပေ..၊

ထို့ကြောင့် အိမ်နဲ့ခြံရောင်းလိုက်ပြီး ရတဲ့ငွေတွေကို ဘဏ်မှာ အပ်နှံတာ အပ်၊ လက်ထဲမှာ ထားသင့်သလောက်ထား၍ ဘဝကို ရပ်တည်ဖို့ ကြိုးစားရမည်။

ကိုယ့်ဘဝအတွက် ကိုယ်သာလျှင် အမိ၊ ကိုယ်သာလျှင် အဖပြီးတော့ ကိုယ်သာလျှင် အားကိုးရာ..၊ အရပ်ရှစ်မျက်နှာမှာ မုန်တိုင်း အရိုင်းတွေ ကျနေမည်ဆိုလျှင် ထိုအရိုပ်တွေကို တာဝန်အသီးသီး ပေးသားမိမှာပါ..၊

www.burmeseclassic.com



ဒီနေ့ကစပြီး ကိုယ်ပိုင် လျှောက်လှမ်းမယ့်ဘဝခရီးအတွက်
မျက်စိတွေ ဖွင့်ရမည်။ ငိုလွယ်ရယ်လွယ်အရွယ်ဆိုသည့် ကိုယ့်ရဲ့
ခြင်းတွေကို ကြည်နူးခံစားခြင်းမှလည်း ရှောင်ကြဉ်ဖို့တိ ဆုံးဖြတ်ပြီး

လည်ဆွဲ အဖြူရောင်ပေါ်မှာ အနီပွင့်တွေပါသည့် စကက်အ
ဝတ်စုံလေးကို လည်စည်းနှင့် လက်ပွလေး ဝတ်ထားသည်။

ပြီးတော့ ကိုယ့်ရဲ့ မတိုမရှည်ဆံပင်တွေကို ခေါင်းစည်းကွင်း
နောက်မှာ စုစည်းထားလိုက်ကာ အဖြူရောင် ရိုးရိုးခုံမြင့်ဖိနပ်လေး
ထွက်လာခဲ့၏။

မျက်နှာမှာ ကရင်ပက်ဖ်လေးပဲ ရိုက်ခဲ့ပြီး နှုတ်ခမ်းနီတောင်
ဖြစ်ခဲ့ပါ၊ သူမ စိတ်ထဲမှာ ထူးဆန်းစွာ အင်အားသစ်များဟာ မျက်လုံး
ပြန်မြင်ခဲ့ရခြင်းကြောင်းလား .. ဒါမှမဟုတ် အမိုးတို့ ရောက်လာ
အတွက် ကိုယ့်ကိုယ်ကိုယ် တစ်ကောင်ကြွက်မဟုတ်တော့သလို ခံစာ
မိ၍လား..၊

ဘာပဲဖြစ်ဖြစ် သူမရဲ့ မနက်ဖြန်တွေကို ကျော်ဖြတ်ဖို့ အား
ကြေကွဲခြင်းတွေ ဖြစ်မနေခဲ့တာတော့ အမှန်ပဲ ဖြစ်၏။

ခြေလှမ်းတွေက မီးပွိုင့်ကို ဖြတ်ကူးခဲ့ပြီး တစ်ဖက် ပလက်
ကိုရောက်မှ...

"လည်ဆွဲ.."

"ဟင်!..."

ပခုံးချင်းတိုက်မိသလိုဖြစ်သွားကြပြီး နှစ်ယောက်စလုံး ကို
သတ်ကာ လည်ဆွဲ က ရှောင်ရှားသွားဖို့ ဖြစ်၏။ တစ်ဖက်မိန်းကလေး
လက်ကိုဆွဲထားလိုက်ပြီး တရင်းတနှီး နှုတ်ဆက်မှ လှည့်ကြည့်ဖြစ်

"ချစ်ငယ်"

"ဟုတ်ပါတယ်.. ချစ်သဲငယ် ပါ၊ နင် .. နင် ကားအက်ဆီးဒင့်





မျက်လုံးကွယ်သွားတယ်ဆို.."

"အေး .. ဟုတ်တယ်၊ အခု ပြန်ကောင်းသွားတာ"

"ဝမ်းသာလိုက်တာ လည်ဆွဲ ရယ်..၊ ငါလေ နင့်ကို အရမ်း သတိရ
ပါတယ်၊ သတင်းဆိုးတွေကြားပြီး စိုးရိမ်လိုက်တာလည်း အရမ်းပဲ၊ ဒါပေ
မယ့် ငါ အဲဒီရက်က ဘန်ကောက်မှာ.."

"သြော် ..."

ချစ်သဲငယ် က ဖြောင့်ထားသည့် ကျောလောက်ရှည်နေသော
ဆံပင်တွေကို ဘေးကသပ်လိုက် နောက်ကဖိလိုက်နှင့် ပြောလိုက်တာ
လည်း မနားပေ..၊

ဘယ်အချိန်ဖြစ်ဖြစ် ဆံပင်ကို ခဏခဏ ကိုင်တတ်တာ ချစ်သဲငယ်
ရဲ့အကျင့်..၊ လည်ဆွဲ က သူမကိုကြည့်ပြီး ခေါင်းပဲညိတ်နေမိ၏။

ဟိုအရင် ကျူရှင်မှာ အတူတူတက်ကြကတည်းက ချစ်ငယ်နဲ့ သူမ
ဘဝချင်းကွာခြားတာကို လည်ဆွဲ နားလည်သည်။

အဝေးသင်ယူတာချင်းတူပေမယ့် ချစ်ငယ် တို့က ကိုယ်ပိုင်ကားနှင့်၊
အစောင့်အရှောက်တွေနှင့် ငွေကို ရေလိုသုံးနိုင်တဲ့သူ..၊

"လာပါဟာ .. စကား အေးဆေးပြောရအောင်၊ ဒီနားမှာ တစ်ခုခု
ဝင်စားမယ်လေ၊ နင် ဘယ်သွားမလို့လဲ"

"ငါက ဒီမှာ သင်တန်းလာတက်တာ၊ ဒုတိယထပ်မှာပဲ"

"သြော် .. KMD မှာလား"

"အင်း"

"သင်တန်းချိန် မနီးသေးဘူးမို့လား၊ လာပါ.."

ချစ်ငယ် နဲ့အတူ ရှမ်းခေါက်ဆွဲဆိုင်ထဲ ဝင်ခဲ့ကြသည်။ ချစ်ငယ် က
အဝါရောင်ကိုယ်ကျပ်လေးနှင့် ဂျင်းဘောင်းဘီရှည်ကို ဝတ်ထားသျှက်
နားဆွဲတွေရော.. ဆွဲကြိုးတွေရော တစ်ကိုယ်လုံး ဖန်စီဆန်ဆန်လေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



လှနေ၏။

"လူကို ကြည့်လှချေလား၊ ဘာလဲ .. အရမ်းလှနေလို့လား"

"ဟုတ်တယ် .. နင်က အမြဲတမ်း လှနေတာပါ ချစ်ငယ် ရယ်၊ ပြီးတော့ မိသားစုနဲ့ စည်းစိမ်ဥစ္စာနဲ့ အားလုံးပြည့်စုံနေတဲ့သူ.."

"အခု ပိုပြည့်စုံသွားပြီ၊ ဒီမှာတွေ့လား.."

"ဟင်!..."

မေးသလိုလေး မျက်ခုံးပင့်ကြည့်လိုက်ပေမယ့် လက်သူကြွယ်လေးကို ထောင်ပြတော့ စွတ်ထားသည့်လက်စွပ်လေးကို မြင်လိုက်သဖြင့် နားလည်သွားသည်။

"နင် လက်ထပ်လိုက်ပြီလား .."

"ဟင့်အင်း .. စေ့စပ်ထားတာ"

ချစ်ငယ် မျက်နှာလေးက ကြည်နူးခြင်း၊ ဂုဏ်ယူဝင့်ကြွားခြင်းတွေ ပြည့်နှက်လျက်...

"သူနဲ့ ဘန်ကောက်မှာ ဆုံကြတာ၊ ငါ့ထက်တော့ ကိုးနှစ်လောက် အသက်ကြီးတယ်၊ ဒါပေမယ့် ရုပ်ချောတယ်၊ ငါ့ကို အလိုလိုက်တယ်၊ ဒီ လက်စွပ်လေးတောင် ဆယ်သိန်းကျော်လောက်တန်တယ် သိလား"

ဒါတွေ ပြောချင်လွန်းလို့ မုန့်လိုက်ကျွေးတာများလားဟု တွေးလိုက်မိပေမယ့် လည်ဆွဲ နားလည်ပါသည်။

ဘယ်မိန်းကလေးဖြစ်ဖြစ် ကိုယ်ချစ်တဲ့သူက ကိုယ့်ကို ဂရုစိုက် အလိုလိုက်နေရင် အဲဒီလူနဲ့ပဲ ထာဝရ အတူနေခွင့်ရခဲ့မယ်ဆိုရင်...

"လည်ဆွဲ .."

ဆွေးသွားသည့်ရင်ထဲကို ချစ်ငယ် ကတော့ မြင်နိုင်မည်မထင်..၊ ရှမ်းခေါက်ဆွဲတွေ ရောက်လာတာကို လည်ဆွဲ ရှေ့ကို တွန်းပို့လိုက်ရင်း...

"ရော့ .. စား .. တို့တွေ ကျောင်းတုန်းကလိုပဲ လွတ်လွတ်လပ်လပ်





ပျော်ပျော်ရွှင်ရွှင် နေကြမယ်ဟာ၊ စိတ်ညစ်စရာတွေ မတွေးပါနဲ့ နေသာ ဆိုရင် ငါ နင့်ဆီကို အလည်လာမယ်၊ ငါ့အိမ်ကိုလည်း ခေါ်မယ်၊ နင် သင်တန်းတွေဘာတွေတက်လို့ ဒီထက်တိုးတက်လာရင် ဘန်ကောက်မှာ အလုပ်လုပ်လို့လည်း ရတယ်၊ ကိုကိုက အဲဒါတွေမှာ ပေါက်ပေါက်ရောက် ရောက်ရှိတယ်ဟာ၊ နင်က ငါ့ထက်တောင် လှသေးတယ်၊ နောက်ပိုင်း လူမှု ရေးနယ်ပယ် ကျယ်ပြန့်လာရင် တကယ့်ဂရိတ် ဆိုတာနဲ့ ချိတ်မိသွားနိုင်ပါ တယ်၊ အားမငယ်နဲ့.."

ရှမ်းခေါက်ဆွဲကို ဆွဲဖွမွှေရင်း လည်ဆွဲ က ပြုံး၍...

"အချစ်မပါဘဲနဲ့ ဘဝအတွက် အားကိုးဖော်ရှာတယ်ဆိုတာမျိုး တော့ ငါ မလုပ်ချင်ဘူး ချစ်ငယ်၊ အထူးသဖြင့် ငါ့လိုအခြေအနေမျိုးနဲ့ မိန်းမတစ်ယောက်အတွက် ပိုပြီး အဆင်ဆိုးဘယ်"

စိတ်ထဲရှိတဲ့အတိုင်း ပြောမိရင်း ရှမ်းခေါက်ဆွဲကို ပါးစပ်ထဲထည့် လိုက်မိစဉ်...

"တိမ်တိုက် ရာ..၊ ငါ စောင့်နေတာ ကြာလှပြီ"

'တိမ်တိုက်'ဆိုသည့် နာမည်က နားထဲမှာ အကျယ်ကြီး မြည်ဟိန်း ကျန်ရစ်၏။ ထိုစဉ် ကိုယ့်နောက်ကနေ ဖြတ်သွားသည့် လူရိပ်တစ်ရိပ်ကို သတိထားမိပြီး လှည့်ကြည့်လိုက်တော့...

"သူပဲ.."

လည်ဆွဲ ကိုယ်လေး တောင့်မတ်သွား၏။

သူ့နာမည်က တိမ်တိုက် လား..၊

နာမည်နဲ့လူကို ခုမှ တွဲလျက် သိလိုက်ရသဖြင့် လည်ဆွဲ မျက်ခုံး လေးတွေ တွန့်ကွေးသွားခဲ့၏။ ဟိုတစ်ခါ ပလာဇာလှေကားထစ်တွေပေါ် မှာ သူ့အဖွဲ့နဲ့ တိုးခဲ့သေးသည်။

တိမ်တိုက် လို့ ခေါ်သံကို သေချာကြားလိုက်တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို သူ ဘာဖြစ်လို့ ဟိုလူဆိုးတွေကို ပြန်ခေါ်ပြီး လည်ဆွဲ ေ
ရှောင်သွားခဲ့တာလဲ..၊ အမြဲတမ်း မျက်မှန်နက်နှင့် မြင်ရတတ်ကာ ကု
အင်္ကျီ သို့မဟုတ် ဂျာကင်နှင့်ဖြစ်သော သူ့ပုံစံကို လည်ဆွဲ လည်ပင်းေ
လိမ်အောင် လိုက်ကြည့်မိ၏။

သူ လည်ဆွဲ ကို မမြင်ဘူးထင်သည်။ အပြင်ကဝင်လာပြီး ဟိုစာ
မှာလည်း မထိုင်..၊

"ငါ မပြီးသေးလို့ပါ။ မင်း မစားလည်း ခဏတော့ ထိုင်ပါကွာ"

ထိုင်နေသူ၏ စကားသံကိုသာ ကြားနေရပြီး သူ့အသံက မသည်
မကွဲ..၊ ပြီးတော့ မတ်တပ်ရပ်နေရင်း တစ်စုံတစ်ခုကို စားပွဲပေါ် မှာ တ
ထားလိုက်ပြီး ပြန်လှည့်ထွက်သွား၏။

"တိမ်တိုက် .. နေပါဦး၊ ငါ ခုပဲ လိုက်မယ်"

ဟိုလူ ကမန်းကတန်း ထလိုက်သွားတဲ့အထိ လည်ဆွဲ ချာချာလည်
အောင် လိုက်ကြည့်နေသဖြင့် ချစ်ငယ် ကပါ လည်ပင်းရှည်လျက်...

"ဘာလဲ .. ချောလို့လား၊ ငါ့ကိုကိုကလည်း သူ့လိုပဲ သိလား .
ဝတ်စားပုံ စမတ်ကျတာကို ပြောတာ၊ ဒီလောက်တော့ ဘော်ဒီမဖြေ
ပါဘူး၊ သူ ဒီကိုလာရင် ငါ မိတ်ဆက်ပေးမယ်"

ပြောပြန်ပြီ သူ့အကြောင်း..၊

လည်ဆွဲ စိတ်ထဲမှာ 'တိမ်တိုက်' ဆိုသည့်နာမည်နှင့် အရိပ်သဏ္ဍာ
တစ်ခုကလွဲ၍..၊





## အခန်း (၃၄)

"ငါ ဝန်မခံလို့ ဘယ်လိုလုပ်ရမလဲ၊ သူ အားလုံးကို သိသွားတာ
ကြင်နာခဲ့တာတွေကြောင့်လေ၊ မင်းနဲ့ထပ်တူ ကြင်နာဖို့ ငါ့ဘက်က
ိုင်သလား၊ မတူတာတွေ အဲဒီက စတာ..."

ညီညီထွန်း ကလည်း စိတ်တိုနေပုံပေါက်ကာ သူ့ကိုချည်း ဖိ
ာက်နေ၏။ စီးကရက်ပြာခွက်ခြင်းကို အေးဆေးကြာမြင့်အောင် တမင်
်နေမိလျက် ခပ်ငုံ့ငုံ့ မျက်မှောင်ကုတ်ထားသည့် မျက်နှာကိုတောင်
မော့ဖို့ မေ့နေ၏။

ညီညီထွန်း က အေးအေးလူလူ ထိုင်နေသည့် သူ့ပုံစံကို စိုက်ကြည့်
...

"မင်း လုပ်ပုံကိုလည်း ပြန်ကြည့်၊ လူဆိုးလုပ်မယ်ဆိုလည်း သဘာဝ
အောင်တော့ ဆိုးလိုက်ပေါ့၊ သူ့ဟာသူ မှုးမေ့လဲတာကိုတောင် ဆေး
ည ဂွမ်းကပ်ပေးလိုက်သေးတယ်၊ အလွှမ်းပြေ လက်စွပ်လေး ထားခဲ့
တာရော..."

"ညီထွန်း.."



www.burmeseclassic.com

www.burmeseclassic.com



တိမ်တိုက် ဆိုဖာမှာ မှီနေရင်းကနေ ကိုယ်ကိုမတ်၍ စီးကရက်တို ခွက်ထဲမှာ ဖိချေပစ်သည်။ ပြီးတော့ ခပ်ဖြည်းဖြည်း ထရပ်၍...

"သူက တင်းကျပ်နေတဲ့ အုပ်ထိန်းမှုတစ်ခုရဲ့ အောက်ကနေ မထင်မှတ်ဘဲ အသိုက်ပျက်ခဲ့ရတာ၊ ဘာမှ အသိအမြင် ဗဟုသုတ မကြွယ်သေးတဲ့ ကလေးသာသာရယ်"

"မင်းက ဒီတိုင်းပဲ မြင်လာတာကိုး၊ ဘယ်သူမှ လူမှန်းသိတတ်တာနဲ့ ရင့်ကျက်ပြီးသား ထွက်မလာဘူး၊ ဘဝခရီးကို ရင်ဆိုင်ရင်း၊ ဖြတ်သန်းရင်းနဲ့ပဲ ဘဝရဲ့ အဓိပ္ပာယ်ကို နားလည်ခဲ့ကြတာ၊ မင်း သူ့အတွက် ဒီလောက် သိတတ်နေဖို့ မလိုဘူး ထင်တယ်"

"အဲဒါကို ငါ ဖန်တီးယူခဲ့တာ မဟုတ်ဘူး ညီထွန်း၊ စိတ်ကိုက ဒီတိုင်း ဖြစ်ခဲ့တာ၊ ငါ့ကွယ်ရာမှာ ရှိနေလည်း သူ့အတွက် ပူပင်နေတဲ့စိတ်ကို ဘယ်လိုမှ ဖျောက်လို့မရဘူး၊ သူနဲ့ငါ ဘယ်လိုမှ နီးစပ်ဖို့ မရှိနိုင်တော့တာကို သိပေမယ့်လည်း ဥပေက္ခာမထားနိုင်ဘူး"

ညီထွန်း က ဟိုတယ်အပေါ် ထပ်ကနေ မြင်သမျှကို စီးမိုးကြည့်နေပြီး ခေါင်းခါ၏။

"မင်း ဖုံးထားလည်း မကြာခင် သူ သိသွားမှာပါ၊ တိမ်တိုက် ဆိုတဲ့ နာမည်တစ်ခုကို မင်း ဖျောက်ကွယ်ထားနိုင်ခဲ့ပေမယ့် အခု မင်းကို သူ မြင်တွေ့နေရပြီ၊ တိမ်တိုက် ဆိုတဲ့နာမည်ရယ်၊ အဲဒီလူဟာ သူ့ဆီကို နှစ် ကိုယ်ခွဲပြီး ရောက်လာခဲ့တယ်ဆိုတာရယ်၊ ဒါကို သိဖို့ဆိုတာ နောက်ထပ် မခက်ခဲတော့ဘူး.."

"ဟုတ်တယ်..၊ ဒါပေမယ့် သူ မသိရဘူး၊ နောက်ဆုံး ဒီပစ္စည်းတွေ အတွက် သူနဲ့ငါ အသက်လု တိုက်ခိုက်ရတဲ့အထိ ဖြစ်ရင်တောင် အဲဒီကောင်နဲ့ မိုးသား ဆိုတဲ့ကောင် တစ်ယောက်တည်းဆိုတာ လုံးဝ မသိစေရဘူး"





"ဖြစ်ကို ဖြစ်လာမှာကို ရှောင်လွှဲပြေးနေလည်း အပိုပဲကွာ၊ ဘာထူးခြားမှာမို့လို့လဲ"

"သူ အရှမ်းကို နာကျင်ခံစားသွားရမှာ၊ ငါ သူ့ကို အဲဒီလို မခံစားစေချင်တာ၊ ဒါကြောင့် ငါနဲ့ အသံတူ၊ ပုံစံတူ မင်းကို ခုလို နေရာလဲထားခဲ့တာ"

"မင်း ခေါင်းစဉ်တပ်တာ မှားနေပြီ တိမ်တိုက်၊ မင်းရဲ့နေရာကို ငါ ဝင်လို့မရဘူး။ ဒါ နေရာလဲနေတာမှ မဟုတ်တာ၊ ငါ ဟန်ဆောင်ပေးခဲ့ရတာပဲ၊ ဘာပဲဖြစ်ဖြစ် .. ငါ့ကို စမြင်လိုက်ကတည်းက သူ သိတယ်၊ သူ ခံစားမိသွားတယ်ဆိုတာ ငါ ရိပ်မိလိုက်တယ်၊ ငါ့ဘက်က မလုံခြုံတဲ့စိတ်နဲ့ ဆက်ဆံပြောဆိုမိလို့လည်း ခုလို အလိမ်တွေပေါ်ကုန်တာ၊ ငါ ပြောချင်တာကတော့ မင်း သူ့ကို ဂရုစိုက်မနေဘဲ.."

"တော်တော့ ညီထွန်း..၊ အခု မင်း ငါ ခိုင်းထားတဲ့ကိစ္စကို သွားလုပ်တော့"

တော်တော့ဆိုတော့လည်း တော်လိုက်ရတာပါပဲ..၊ မြင်နေကျအတိုင်း ညီထွန်း မျက်နှာကြီး မကြည်မသာနှင့် ခေါင်းညိတ်လေသည်။

ဒါပေမယ့် ကျောခိုင်းလိုက်ပြီးမှ မျက်နှာ ခပ်စောင်းစောင်း ပြန်ငဲ့၍...

"ငါ ထင်တယ် တိမ်တိုက်၊ မင်း ဒီကောင်မလေးဆီက ဘာမှ ပြန်ရမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

ချစ်ငယ် တို့စုံတွဲနဲ့ ဟိုတယ်လ် ဒုတိယထပ်မှာ ချိန်းထားသဖြင့် လည်ဆွဲ ပုစွန်ဆီရောင် ခါးရှည်လက်ရှည် ကိုယ်ကျပ်နှင့်...

ဆန္ဒင်းရောင်ရင့်ရင့် ကွာထားဘောင်းဘီကျပ်ကျပ်လေးကို ဝတ်ခဲ့သည်။ လည်တိုင်မှာ အဖြူရောင်နှင့် အဝါ၊ အနီ ရောနေသော ကြိုးကုံး လုလုလေးကို နှစ်ခေါက်ထပ်ဆွဲထားသဖြင့် လွယ်ထားသည့် ဘေးအိတ် အနီလေးနဲ့လည်း လိုက်ဖက်နေ၏။

ကိုယ့်ကိုယ်ကိုယ် သေချာလှအောင်ပြင်ပြီးမှ ထွက်ခဲ့တာမို့ ယုံကြည်မှုအပြည့်နဲ့ ဖြစ်သည်။ ဒီလို ဟိုတယ်လ်ကြီးတွေကို စားသောက်ပွဲတွေ တက်ဖို့ တစ်ခါမှ မရောက်ဖူးခဲ့သဖြင့် ပွဲတိုးနိုင်အောင် ပြင်ဆင်ခဲ့ရတာ မျိုးပါ..၊

ဓာတ်လှေကားစောင့်နေရင်း စီးထားသည့် အဖြူနဲ့ ရွှေအိုရောင်ရော သော ဒေါက်မြင့်ကြိုးသိုင်းဖိနပ်ကို ငုံ့ကြည့်မိသည်။

ကြည့်လိုက်မိရင်း တွေးဖြစ်သည်က ဒီဖိနပ်ကို နှစ်သောင်းကျော် ပေးခဲ့ရခြင်းပင်..၊ ကိုယ့်မှာ ဝင်ငွေမရှိသေးဘဲ ဝယ်လိုက်မိသည့်အတွက်





မိန်းကလေးမို့ လှချင်သည့်စိတ်လေးကို မထိန်းနိုင်လို့ပေမယ့် ဝယ်ပြီး ကတည်းက ရခဲ့တဲ့နောင်တက ထုတ်ကြည့်မိတိုင်း၊ ငုံ့ကြည့်မိတိုင်း..၊

ထိုစဉ် ဓာတ်လှေကားပြန်ဆင်းလာသည့်အသံ ကြားလိုက်ရကာ သူမဘေးကို အထဲဝင်မည့်စုံတွဲတစ်တွဲ ရောက်လာ၏။

လည်ဆွဲ သူတို့ကို ငဲ့မကြည့်မိပါ။ ဓာတ်လှေကားတံခါး ပွင့်သွားသည်နှင့် အထဲကထွက်လာသူနှစ်ယောက်ကို ရှောင်၍ လှမ်းဝင်လိုက်၏။

ထိုအခါ တစ်ယောက် ကျန်နေသူကို သတိမထားမိဘဲ ရင်ဘတ်ချင်း တိုက်မိလေသည်။

"အယ် .. ဆောရီးပါနော်"

ကိုယ့်အပြစ်လို့ယူဆကာ လည်ဆွဲ ပျာပျာသလဲ တောင်းပန်ပြီး နောက်ပြန်ဆုတ်လိုက်၏။ သူက ဘာသံမှမထွက်ဘဲ ကွေ့ရှောင်ထွက် သွားခဲ့သည်။

ထိုအခါ ဖျတ်ခနဲ သတိထားမိလိုက်တာက ကျန်ရစ်ခဲ့သည့် ရေမွှေးနံ့..၊ မိုးသား..၊

ဒီရေမွှေးနံ့ဟာ ကိုယ်သင်းနံ့တစ်ခုလို နူးညံ့ဆွတ်ပျံ့လေသည်။ သူတိုင်းသုံးနိုင်သည့်ပစ္စည်းမို့ ဆင်တူသည့် မွှေးရနံ့မျိုး မဟုတ်..၊

"မိုးသား .. အစ်ကို"

လည်ဆွဲ ဆတ်ခနဲ သတိဝင်လာကာ ပြန်ထွက်ဖို့ ရှေ့ကို တိုးလိုက် သော်လည်း တံခါးက တစ်ကိုယ်စာ ပြန်ထွက်ခွင့်မပေးတော့ပေ..၊

ထိုခဏလေးမှာ တံခါးနှစ်ချပ်မစေ့ခင် မြင်လိုက်ရသည့် မျက်နှာ ကစောင်းသည်..၊

'တိမ်တိုက်'..

စက္ကန့်မှ မိနစ်သို့ မပြောင်းလဲလိုက်မီအချိန်လေးမှာ လည်ဆွဲ နှုတ် ဖျားမှ နာမည်နှစ်မျိုးကို ရှေ့ဆင့်နောက်ဆင့် ခေါ်မိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



'မိုးသား' ကို ကျယ်ကျယ်လောင်လောင်ခေါ်ခဲ့ပြီး 'တိမ်တိုက်' ဆိုသည့် နာမည်ကိုတော့ တုန်လှုပ်ချောက်ချားစွာ..၊

ပြောင်းလဲနေသည့် မတူညီသောအရာမှန်သမျှသည် သူမကို လက်ညှိုးထိုး လှောင်ပြောင်နေကြသည့်နှယ်..၊

မမြင်ရသေးခင်က အေးချမ်းနေခဲ့သောဘဝဟာ မြင်လာရကာမှ ပြောင်းတိပြောင်းပြန်၊ ဇောက်တိဇောက်ထိုး..၊

သူမကပဲ လည်ပတ်နေသည့် ဆုံလည်ကြီးတစ်ခုပေါ်မှာ ရပ်နေခဲ့မိတာလား .. ပတ်ဝန်းကျင်တစ်ခုလုံးက သူမကို လှည့်လည် ဝိုင်းပတ်နေတာလား .. ဘာတွေ ဖြစ်နေတာလဲ..၊

လည်ဆွဲ ဓာတ်လှေကားထဲမှာ တောင့်မတ်စွာရပ်ရင်း အပေါ်ထိ ပါသွားခဲ့သည်။

ခေါင်းထဲမှာ ချာချာလည်နေဆဲ..၊





## အခန်း (၃၆)

ညနေခင်းဆိုပေမယ့် လင်းအားကတော့ ယုတ်လျော့နေပြီဖြစ်၏။ သင်တန်းကအပြန် လည်ဆွဲ ဘတ်စ်ကားတိုးစီးရကောင်းမလား၊ တက္ကစီငှားရကောင်းမလား စဉ်းစားနေရင်း ဆုံးဖြတ်ချက်က တက္ကစီငှားဖို့ဖြစ်သွားသည်။

ဒီကအပြန်မှာ မားကက်ကို ဝင်ရဦးမည်၊ ထိုမှာပဲ ဝယ်လို့ရသည့် ပစ္စည်းတချို့ကို ဝယ်ရဦးမှာမို့ တက္ကစီနဲ့သွားလိုက်ပြီး ဟိုဘက်မှာ ကိုယ့်လမ်းနဲ့ သိပ်မဝေးတော့သည့်အတွက် လမ်းလျှောက်ပြန်ဖို့ ဖြစ်၏။

တက္ကစီတွေက တားလိုက်တိုင်း လက်ခါပြသွားကြ၏။ လူပါလာသည့်ကားကလည်း မရပ်၊ မပါသည့်ကားကလည်း လက်ခါသည်။

ဘာဖြစ်လို့လဲ..၊ ဒီနားမှာ ကားရပ်လို့ မရဘူးလား..၊ တွေးနေမိတုန်း တက္ကစီတစ်စီး လာရပ်၏။ ဈေးမေးပြီးတာနှင့် သိပ်ကြာကြာလည်း ဆစ်မနေတော့ဘဲ ကားပေါ် တက်လိုက်သည်။

သို့သော် ကားက သူမ သွားလိုရာကို ပို့သည်မဟုတ်..၊

"ဘယ်ကို မောင်းတာလဲ .. ဒီဘက်ကို သွားရမှာလေ"

ပြောပေမယ့် ကားမောင်းသူက ခပ်တည်တည်မျက်နှာနှင့် ဖစ်ခွန်းမှ ပြန်မပြော..၊



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဒါ .. ဒါ ဘာလုပ်ကြတာလဲ"

တစ်နေရာအရောက်မှာ ကားရပ်သွားပြီး လူသုံးယောက် ဟိုဘက် ဒီဘက် ညှပ်ပူးညှပ်ပိတ် တက်လာကြသည်။

ကားသည် သူတို့ လိုရာအတိုင်း ဦးတည်သွားခဲ့ပြီး...

"နှင် ငါတို့ကို သိတယ်မို့လား၊ မေးတာမြန်းတာတွေကို ရပ်ပြီး ငါတို့မေးတာပဲ ဖြေ.."

အိမ်ကိုရောက်လာဖူးသည့် မျက်နှာတွေပါ..၊ လည်ဆွဲ ယောက်ျား တွေအလယ်မှာ လက်ပိုက် ပခုံးလေးကျုံ့ရင်း အံကြိတ်ထားမိ၏။

"ငါတို့မေးမှာကို သိပြီးသားဆိုတော့ အခု ဖြေမှာလား .. မဖြေဘူး လား၊ 'မသိဘူး'ဆိုတဲ့စကား ထပ်ပြောရင် မင်းဘ၀ ပျက်ပြီမှတ် .."

လက်မောင်းကို ဖိဆွဲ၍ သူ့ဘက်ကို ဆွဲကပ်လိုက်သဖြင့် လည်ဆွဲ ကိုယ်လေး ထိုသူဘက်ကို ယိမ်းကျသွားသည်။ အရှက်ကြောင့် ထိတ်လန့် တုန်လှုပ်ကာ လူက နတ်ပူးသလိုပင်..၊

"ပစ္စည်းတွေ ဘယ်မှာ ထားသလဲ"

"ဟိတ် .. ဖြေလေ၊ ဘာညာဏ်များဖို့ စဉ်းစားနေတာလဲ"

ဒီဘက်က ထပ်ဆွဲလိုက်တော့ ဒီဘက်ကို ပါလာခဲ့ပြန်ကာ...

"ကျော်အောင် .. ဟိုထိသာ မောင်းတော့၊ တစ်ခါတည်း ပြုတ်သုတ် စားပစ်မယ်၊ ဒီနေ့တော့ နှင် ဝှက်ထားတာတွေအတွက် အဆမတန် ပြန်ပေးဖို့သာ ပြင်ထား"

ကားကလမ်းကြောင်းပြောင်းသွားသဖြင့် လည်ဆွဲ မျက်လုံးပြူးသွား၏။ ဒီတစ်ခါ တိမ်တိုက် ဆိုတဲ့လူ မပါပေ..၊ စိတ်ထဲမှာ ဖျတ်ခနဲ ပေါ်လာသဖြင့်–

"ရှင်တို့ရဲ့ဆရာ တိမ်တိုက် ဆိုတဲ့လူ ဘယ်မှာလဲ .."

"ဘာ!..."

'ဘာ'သံတွေ နှစ်ဖက်စလုံးကနေ ပြိုင်တူ ထွက်လာကြသည်။ ထို့





ပြိုင် ရှေ့ကတစ်ယောက် ဖျတ်ခနဲ လှည့်ကြည့်ပုံက တအံ့တသြ..၊

"နှင့်ကို မေးနေတာ၊ နှင်က ပြန်မေးနေတယ် ဟုတ်လား၊ ငါ လှုပ် ဆည့်လိုက်လို့ ကားပေါ်ကနေ ခွေးကျ၀က်ကျ ကျဦးမယ်"

"ရှင်တို့ ဘာပြောပြော ကျွန်မ ဂရုမစိုက်ဘူး၊ အဲဒီတော့ နှစ်ဖက် စလုံး အဆင်ပြေချင်ရင် တိမ်တိုက် ဆိုတဲ့လူနဲ့ ကျွန်မ တိုက်ရိုက်ပြောမယ်"

"အံ..မာ..."

အံမာ သံကြီးက ရှည်လျားလျက် နောက်ထပ် ဘာစကားမှလည်း ထွက်မလာပေ၊ သူတို့ မျက်လုံးချင်း စကားမဲ့ပြောသွားကြတာကို လည်ဆွဲ သတိထားကြည့်လိုက်မိကာ 'တိမ်တိုက်' ဆိုသူကို ပို၍ စိတ်ဝင်စားသွား၏။

ဒီအုပ်စုထဲမှာ ခေါင်းဆောင်ဖြစ်သည့် 'ထိုသူ'သာ သူမကို အကျိုး ပေးတော်စေလိုသူ ဖြစ်နိုင်၏။ ထိုသူကြောင့်ပဲ သူမဘ၀ မပျက်ခဲ့တာလား..၊ ဒီဆို သူက ဘာလဲ..၊ ကိုကြီးရဲ့သူငယ်ချင်း၊ သူ့ရဲ့ကိုယ်နှုံဟာ မိုးသား နဲ့ သာဖြစ်လို့ တူနေတာလဲ..၊

လည်ဆွဲ စိတ်တွေ တစ်ထိုင်တည်းမှာ ခုန်ပေါက်ပြေးနေ၏။

ကလေးတွေ ဆော့ကြတဲ့ ဖြတ်၊ ဆက်၊ ညှပ်ဂိမ်းတစ်ခုလို သဏ္ဍာန် တစ်ခုဟာ ရုပ်လုံးဖော်လို့ မရနိုင်ဘဲ ဟိုတစ်စ ဒီတစ်စနှင့်...

"ပြော .. သူဌေးနဲ့တွေ့တော့ ဘာလုပ်မှာလဲ"

ညာဘက်ကလူထံမှ မေးခွန်းတစ်ခု ထွက်လာ၏။

"သူနဲ့တွေ့မှ ပြောမယ်"

"တူးဝေး .. ဆရာက ဘာပြောထားသလဲ၊ အပိုတွေ မေးမနေနဲ့"

"ဟုတ်တယ် .. ငါတို့ဖာသာ လုပ်ရှားရမှာ"

လည်ဆွဲ ကို လူရှင်းသည့်လမ်းတစ်ခုထဲက ဂိုဒေါင်ပုံစံ အဆောက် အအုံကြီးထဲ ခေါ်သွားခဲ့ကြသည်။ ပြီးတော့ ကုလားထိုင်ကြီးပေါ်မှာ ထိုင်ခိုင်းပြီး လက်တွေကို လက်တင်ပေါ်မှာကပ်၍ ကြိုးနဲ့တုပ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. အခု ပြန်မေးမယ်၊ မင်းပစ္စည်းတွေ ဘယ်မှာထားတယ်ဆို တာ မပြောရင် ငါတို့က တစ်ခါမေးတိုင်း မင်းရဲ့အဝတ်တွေကို တစ်လွှာ ချင်း ခွာချမယ်၊ အရှက်နဲ့အသက်ကိုတောင် လဲကြသေးတာ၊ မင်းက ပစ္စည်းဥစ္စာတွေကို မင်းရဲ့ အရှက်သိက္ခာနဲ့ လဲနိုင်တယ်ဆိုရင် နေလိုက်"

"ရှင်တို့ မယုတ်မာနဲ့နော်.."

လည်ဆွဲ အသားတုန်အောင် အော်သည်။ လက်တွေ နာကျင်လာ အောင် ရုန်း၏။ ပြီးတော့ မျက်ရည်တွေ ချက်ချင်းပဲ ပြည့်တက်လာကြ သည်။ သူတို့က ဒီနည်း ထိရောက်သွားပါလားဆိုသည့် ကျေနပ်ပြုံးတို့နှင့်

"ကဲ .. ကျော်အောင် .. မင်း လုပ်မလား၊ တူးဝေး ရော .."

တူးဝေး ဆိုသူက ခေါင်းညိတ်ပြီး ဂရု တိုးလာ၏။ လည်ဆွဲ ဘီလူး သရဲစီးသလို မျက်လုံးတွေ ပြူးလျက် ခေါင်း တအားခါသည်။

"မလာနဲ့ .. ရှေ့မတိုးနဲ့နော်..၊ ရှင်တို့ဆရာ 'တိမ်တိုက်'ကို ခေါ်ပေး သူ့ကို တွေ့ချင်တယ်၊ သူ့ကိုပဲ ပြောမယ်၊ ခေါ်ပေး .. ခု .. ခေါ်ပေး"

စိတ်ထဲမှာ ဘာမှမရေရာပေမယ့် ဒီနာမည်ကို ရွတ်လိုက်တိုင်း လုံ သွားသလို ခံစားမိသည်။ 'တိမ်တိုက်'လို့ သူမပါးစပ်က ခေါ်လိုက်တိုင်း သူတို့ရဲ့ ခြေလှမ်းတွေ တုံ့နှေးသွားသလို စိတ်ကထင်၏။ ဒါပေမယ့်

"လူယုတ်မာ .. နောက်ဆုတ်နော် .. ဆုတ် .. အခု ဆုတ် .. သွား"

လည်ဆွဲ ရဲ့ အနက်ရောင်ရှပ်အင်္ကျီ၏ အပေါ်ဆုံးကြယ်သီး ဖြုတ်ပစ်လိုက်ပြီး နောက်တစ်ထစ် နိမ့်ဆင်းသွားလျှင်...

"ကိုကြီးရေ .. ကိုကြီး ကယ်ပါဦး .. ဖေဖေ .."

လည်ဆွဲ အော်ဟစ်ရင်း ခေါင်းလေး စိုက်ခနဲ ငိုက်ကျသွားခဲ့၏

ထို့နောက် ဆူညံသံအားလုံး တိတ်ကျသွားခဲ့ပြီး...

"ဟား! .. သွားပြန်ပြီကွာ"



## အခန်း (၃၇)

ဟင်!...

သတိရလာတော့ လည်ဆွဲ ဆတ်ခနဲ တုန်သွား၏။ မျက်နှာမှာ အေးနေကာ ရင်ဘတ်မှာလည်း ရေတွေ စိုစွတ်နေဆဲ..၊

တစ်ယောက်ယောက်က မျက်နှာကို ရေနဲ့ ပက်လိုက်တာလား..၊ သူမသည် ကုလားထိုင်ပေါ်မှာပဲ ရှိနေလျက် လက်တွေမှာ တုပ်နှောင် ထားသည့်ကြိုးတွေ မရှိတော့ပေ။ ပြီးတော့ သူမရဲ့ ဆလင်းဘက်ခ်အိတ် က ပေါင်ပေါ်မှာ တင်လျက်သား..၊ အဝါရောင် မီးလုံးလေးနှင့် တိတ်ဆိတ် နေသော ဂိုဒေါင်ကြီးက ချောက်ချားဖွယ်အတိ ပြီးလျက်..၊

လည်ဆွဲ ကိုယ့်ကိုယ်ကိုယ် အလန့်တကြား ပြန်စမ်းမိရင်း လက်က ရင်ဘတ်ပေါ်ကိုရောက်တော့ ဖွင့်လျက်သား ကြယ်သီးတစ်လုံးကို စမ်းမိ ၏။ နောက်ထပ် ကြယ်သီးကို ကိုင်နေကာမှ သူမ သတိလစ်သွားတာဖြစ် သည်။ ဒါဆို ထိုကြယ်သီးကိုတောင် မဖြုတ်ခဲ့တဲ့ ဒီတိုင်းထားခဲ့ကြတာလား..၊

ထိတ်လန့်စိတ်နှင့် မျက်လုံးက ဟိုဒီရောက်သွားစဉ် ပစ္စည်းဟောင်း တွေ ဟိုတစ်ပုံဒီတစ်ပုံ တို့လို့တွဲလောင်းနှင့် လူရိပ်လူယောင်လည်း မမြင်..၊



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ကမန်းကတန်း ထလိုက်ကာ တံခါးဆီ ပြေးသွားမိသည်။

တံခါးချပ်ကြီးတွေက သံပြားအထူကြီးတွေနဲ့မို့ ကျပ်ခဲ လေးလံ ေ
သော်လည်း အားစိုက်တွန်းလိုက်တော့ ပွင့်သွား၏။ လျှောကျသွားသည့်
အိတ်ကို ပခုံးပေါ် ပြန်ဆွဲတင်၍ အပြင်ထွက်လိုက်ပြီး မှောင်နဲ့မည်းမည်း
ပတ်ဝန်းကျင်ကိုရော.. လူသူကင်းရှင်းနေသည့် လမ်းမကြီးကိုရော ဘာကို
ရုတ်တရက် ဂရုမစိုက်နိုင်..၊ လမ်းအတိုင်းပဲ အတင်း ခွတ်ရွတ်ပြေးမိသည်။

ပြီးတော့မှ ခြေစုံရပ်ကာ ကိုယ့်အိမ်ကို ပြန်ဖို့အတွက် ဘယ်ဘက်ထိ
ဦးတည်ပြေးရမည်ဆိုတာ တွေးမိ၏။

ဟုတ်သည်..၊ သူမ ပြေးခဲ့တဲ့အတိုင်းပဲ ဖြစ်သည်။

ခဏရပ်ပြီး ဆက်ပြေးခဲ့ရာ လူလည်းမတွေ့၊ ကားလည်း မမြင်ဘဲ
နှုတ်ခမ်းတွေဟ၍ အသက်ရှူနေရတဲ့ထိ မောဟိုက်လာ၏။ ထိုစဉ်
သူမရှေ့ကနေ ကားမီးရောင်တစ်ချက် ဝင်းလက်သွားတာ မြင်ရပြီး...

"ဟင်!... ကားက.."

လည်ဆွဲ ဝမ်းသာရမလို ဝမ်းနည်းရမလိုနှင့် ရပ်ကြည့်နေတုန်း
ကားမောင်းလာပုံက ဟိုဘက်ကပ်တော့မလို .. ဒီဘက်ကပ်တော့မလို-

"အို .. အမလေး.."

အနားနီးလာမှ လန့်ဖျန့်ရှောင်လိုက်သဖြင့် ကားနဲ့ ပွတ်ကပ်လွဲသွား
ပေမယ့် လည်ဆွဲ လမ်းဘေးမှာ ပစ်စလက်ခတ် လဲသွားလေသည်။

"အား .. သေပါပြီ"

လွယ်ထားသည့်အိတ်ပါ ပြုတ်ထွက်သွားကာ ရုတ်တရက် ပြန်ထဖို့
ကြိုးစားတော့ မရ၊ ကားက အရှိန်နှင့်မောင်းထွက်သွားပြီးမှ နောက် ပြန်
ဆုတ်လာသည်။ လည်ဆွဲ နဲ့ မလှမ်းမကမ်းမှာ ရပ်သွား၍ ဆင်းလာသူက
ပါဝါမျက်မှန်အထူကြီးနှင့် အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက်..၊

"ကလေးမ ဘာဖြစ်သွားသေးလဲ..၊ ဘကြီး တောင်းပန်ပါတယ်





ကွယ်၊ သားဆီက ပြန်လာတာ၊ အိမ်ပြန်နောက်ကျနေတာနဲ့ စိတ်လောပြီး
မောင်းလာမိတာ"

မျက်မှန်ကြီးကို မြင်လိုက်သည်နှင့် 'မျက်မှန်ကြီးတပ်ထားပြီး လူ
တစ်ယောက်လုံးကို မမြင်ဘူးလား'လို့ တွေးမိလိုက်တာတွေ ပျောက်ရ
ကုန်၏။ အသားညိုညို ခပ်သွယ်သွယ်ကိုယ်ဟန်နှင့်လူကြီးက အပြော
အဆို နူးညံ့ကာ လေသံအရလည်း လူတော်လူကောင်းတစ်ယောက် ဖြစ်
မည်ဆိုတာ ခန့်မှန်းလို့ရနေသည်မို့...

"ရပါတယ် အဘရယ် .. လည်ဆွဲ ကလည်း ကားမြင်တာနဲ့ တားဖို့ပဲ
စိတ်စောပြီး လမ်းဘေးကပ်နေဖို့ကို မေ့သွားတာပါ"

"အေးကွယ် .. ဘာဖြစ်ဖြစ် ကားမောင်းလာတဲ့သူရဲ့ အပြစ်ပါ၊ သမီး
က ဒီအချိန်ကြီး ဘယ်သွားမလို့လဲ တစ်ယောက်တည်း.."

"ဟို .."

လည်ဆွဲ ချေးပြန်နေသည့်နဖူးကို လက်ခုံလေးတစ်ဖက်နဲ့ မသိ
မသာ ကပ်သုတ်လိုက်ပြီး ပြုံးဖို့ကြိုးစားတာ မှအောင်မြင်..၊

ကျနေသည့် ဆလင်းဘက်ခ်အိတ်ကို လှမ်းဆွဲလိုက်ရင်း ထရပ်ဖို့
ကြိုးစားကြည့်တော့လည်း မသိမသာ ထရပ်နိုင်ဖို့ မလွယ်မှန်း သဘော
ပေါက်လိုက်၏။ ထို့ကြောင့်...

"လည်ဆွဲ .. အဲ .. ကျွန်မ ဒုက္ခရောက်လာတာပါ အဘရယ် ..
ဟိုလေ.. ဖြစ်နိုင်မယ်ဆိုရင် ကျွန်မကို အိမ်ထိ လိုက်ပို့ပေးပါလားဟင်"

"ဟာ .. ပို့ရမှာပေါ့၊ အိမ်မသွားခင် ဆေးခန်းတစ်ခုခုကိုဝင်မှ ရမယ်၊
သမီး ထရပ်လို့ မရဘူးမို့လား"

"ဟင့်အင်း..၊ မရပေမယ့် ရပါတယ်၊ လည်ဆွဲ အိမ်ကိုပဲ ပြန်ချင်
တယ်၊ အဘရဲ့ကားနဲ့ တိုက်မိတာလည်း မဟုတ်တော့ အိမ်ကိုပြန်ရင်ပဲ
ကျေးဇူးတင်လှပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



လည်ဆွဲ ကိုယ့်နာမည်ကို ထည့်ပြောနေကျမို့ လူစိမ်းတစ်ယောက်ကို နာမည်မပြောချင်တော့ 'လည်ဆွဲ' ဖြစ်သွားလိုက်၊ 'ကျွန်မ' ဖြစ်လိုက်..

လူကြီးကလည်း စပ်စပ်စုစု ဘာမှမမေးပါ။ ထို့ပြင် သူ့နာမည်ကို ထုတ်ဖော်မိတ်ဆက်ခြင်းလည်း မပြုဘဲ လည်ဆွဲ ကို သူ့ရဲ့ အဖြူရောင်ကားလေးပေါ် တွဲတင်လိုက်သည်။

ထိုကား ထွက်သွားသည်နှင့် ဂိုဒေါင်ကြီး၏ ညာဘက်နောက်ကျကျမှ ကားမီးရောင်နှစ်တန်း ဖွေးခနဲ ဖြာထွက်လာ၏။ ကားပေါ်မှာ လူရွယ်နှစ်ယောက်သည် စက်ရုပ်တွေလို တိတ်ဆိတ်စွာ ထိုင်နေလျက်..

"ကဲ .. ငါ မောင်းလို့ရပြီလား"

လှည့်မေးတာကို ချက်ချင်းမဖြေဘဲ တစ်ဝက်လောက်တိုနေပြီ ဖြစ်သည့် စီးကရက်ကို အမိပွာယ်မဲ့ ငုံ့စိုက်ကြည့်နေ၏။ ပြီးမှ အပြင်ကို အသာလေးချ၍ ခြေထောက်တစ်ဖက်နဲ့ ဖိနင်းပစ်လိုက်သည်။

ချထားသည့် ခြေတစ်ဖက်ကို ပြန်ရုတ်ခြင်း၊ တံခါးပိတ်လိုက်ခြင်းတို့ကို အေးစက်ခြောက်ကပ်စွာလုပ်နေပြီး ကူရှင်မှာ နေရာတကျ ပြန်ဖြစ်မှ..

"မောင်း .."

သူ့ကို စိုက်ကြည့်နေသည့်မျက်နှာက ရှေ့ပြန်လှည့်၍ သက်ပြင်းရှည်ကြီးတစ်ချက် ချသည်။

ကားစက်နှိုးသံက ည ရှစ်နာရီပေမယ့် ခြောက်သွေ့သော ပတ်ဝန်းကျင်မှာ အဆွေ့ည့်ဆုံး ထွက်ပေါ်လာခဲ့၏။

လူတွေ တစ်မျိုးစီ ရူးနေကြတာပဲဆိုတာ တကယ်လား..၊





## အခန်း (၃၈)

အမိုးနဲ့ စကားတွေပြောနေသူကို လှမ်းမြင်လိုက်သည်နှင့် လည်ဆွဲ မျက်လုံးတွေ ဝိုင်းကုန်အောင် အံ့ဩသွားခဲ့သည်။ ပြီးတော့..

"လူလေးရယ် သမီးလေးက သနားစရာပါ။ မင်း သမီးလေးကို သနားလည်အောင် တစ်ခုခုတော့ ရှင်းပြလိုက်ပါကွယ်"

"မဟုတ်ဘူး .. သူ မဟုတ်ဘူး၊ သူက တိမ်တိုက် .. လူဆိုး လူညစ် သူများ သွေးချွေးတွေကို ခေါင်းပုံဖြတ်နေတဲ့ တိရစ္ဆာန်လိုလူ.."

လည်ဆွဲ တအားအော်ပြောရင်း ပြေးသွားကာ သူ့ရင်ဘတ်ကို တွန်းပစ်လိုက်မိသည်။ ကုတ်အင်္ကျီအနက်နှင့် မျက်နှာသည် လည်ဆွဲ ကို လှည့်ကြည့်၍ သူ့ရဲ့ ဆွေးမြေ့နေသောမျက်ဝန်းတွေကို ပြဖို့အတွက် မျက်မှန်နက်ကိုလည်း ချွတ်လိုက်သည်။

"ရှင် သရုပ်ဆောင်မနေနဲ့..၊ ရှင့်ကို လည်ဆွဲ သိတယ်၊ အမိုးဒီလူတမီးသား မဟုတ်ဘူး"

"ဟုတ်ပါတယ် သမီးရယ်၊ သမီး မျက်လုံးတွေ ကျနေခဲ့တဲ့ တစ်ချိန်လုံး သမီးရဲ့နားမှာ ပြုစုစောင့်ရှောက်ခဲ့တာ သူပါပဲ သမီး ရှုထဲလုံးသွ

www.burmeseclassic.com



မြင်တဲ့အထိ သမီးရှေ့ကို ရောက်မလာပေမယ့် သမီးရဲ့နားမှာ သူ ရှိနေပါတယ်၊ သူက မိုးသား ပါ"

လည်ဆွဲ သိသည်။ ဒါပေမယ့် အသိစိတ်က လက်မခံနိုင်ပေ။ ပြီးတော့ ယူကျုံးမရခြင်းက ကိုယ့်ကို လူကောင်းဟန်ဆောင်ပြီး ပြုစုခဲ့သူဟာ ပစ္စည်းတွေကို ပြန်လည်ရယူဖို့အတွက် ကိုကြီးကို သတ်ခဲ့တဲ့လူ ဖြစ်နေခဲ့ခြင်းပင်..၊ မခံချင်ဒေါသတွေ ဖြစ်လာပေမယ့် အရှုံးပေးချင်နေသည်။

လက်ညှိုးထိုး၍ နာကြည်းမုန်းတီးသည့်စကားတွေ ပြောရမယ့်အစား မျက်ရည်တို့က တာတမံကျိုးသလို ပြိုခဲ့၏။

"လက်စသတ်တော့ ရှင်က အဲဒါတွေကြောင့် ကျွန်မဘေးမှာ အချိန် သတ်နေခဲ့တာကိုး"

"ဒီလိုတော့ မဟုတ်ပါဘူး လည်ဆွဲ ရဲ့ယ် .. ကိုယ် ရှင်းပြပါမယ်၊ ကိုယ့်မှာ..."

"မလိုပါဘူး .. ရှင်းပြမယ့်စကားတွေကြားရမှ ကျွန်မ ဒီနေရာမှာတင် ဗုံးဗုံးလဲတဲ့အထိ ဖြစ်သွားမှာ၊ မရှင်းပါနဲ့ .. တကယ့် စေတနာမေတ္တာကို မရခဲ့တဲ့နောက်မှာ ကျွန်မအတွက် ဘာတန်ဖိုးကြီးတာမှ မလိုတော့ဘူး။ ယူသွား .. ရှင့်ကို ကျွန်မ အဲဒါတွေ အားလုံး ပေးလိုက်မယ်"

"ညီမလေး .."

နားထဲမှာ ကိုကြီးအသံကို ကြားလိုက်ရသလိုပင်..၊ 'သူမ ဒီလို ဆုံးဖြတ်သည့်အတွက် ကိုကြီး ကျေနပ်နိုင်ပါ့မလား' လို့ တွေးမိတုန်းမှာ ကြားလိုက်ရတာမို့ ထိတ်ခနဲ ဖြစ်သွား၏။

"မလုပ်နဲ့ .. အဲဒါ .. ကိုကြီးရဲ့ချွေးနဲ့စာနဲ့ ရှာထားတာတွေ၊ မပေးနဲ့ .. လုံးဝ မပေးနဲ့၊ ညီမလေး သိမ်းထားရမှာ၊ အဲဒါတွေက ညီမလေး အတွက်လေ"

"ကိုကြီးက ဘယ်မှာလဲ..၊ ဘယ်ကနေ ပြောနေတာလဲ ကိုကြီး"



လည်ဆွဲ ခေါ်ရင်း ဧေ ကို တိုးလိုက်တော့ ဒရင်းမ်ဘက်ပေါ်ကနေ ကိုယ်တစ်ပိုင်းပြုံကာ ကြမ်းပေါ်ကို လက်ထောက်မိ၏။ သူမ အိပ်မက် မက်ခဲ့သည်ပဲ..၊ ရင်တွေခုန်နေတာကတော့ လတ်လတ်ဆတ်ဆတ်ကြီးပါ..၊

နာရီကြည့်လိုက်တော့ မနက် သုံးနာရီခွဲသာသာ..၊

တိမ်တိုက် ဆိုတဲ့လူ အိပ်မက်ထဲမှာ ဘာဖြစ်လို့ ပါလာတာလဲ၊ မိုးသား က တိမ်တိုက် လို့ အိပ်မက်ထဲမှာ မြင်လိုက်ရတာ တကယ်လား..၊

လည်ဆွဲ ခေါင်းတွေခါပစ်ကာ ဒရင်းမ်ဘက်ဒ်မှာပဲ ခြေချထိုင်လိုက်မိ၏။ တိမ်တိုက် ကိုမြင်ပြီး ဟိုဒီတွေးဖြစ်တာတွေကြောင့် စိတ်စွဲပြီးမက်တာ ဖြစ်မှာပါ။ မိုးသား နဲ့ တိမ်တိုက် တစ်ယောက်တည်း ဘယ်လိုမှ မဖြစ်နိုင်..၊

လူတစ်ယောက်ဟာ ရက်စက်သူ၊ နူးညံ့သူအဖြစ် အပြင်မှာ သရုပ်ဆောင်ဖို့ဆိုတာ စကားလုံးတွေနဲ့ ကြိုက်သလို ကောက်ကွေ့ဖုံးကွယ်လို့ ရတယ် ထား..၊ မျက်လုံးတွေကို ညာလို့မရပေ၊ ဒါဆို...

မိုးသား ရဲ့မျက်လုံးတွေကို သူမ မြင်ခဲ့ရလို့လား..၊

အတွေးများကတစ်ဆင့် ပြန်ဖြစ်လာသည့် မေးခွန်းတစ်ခုက ရင်ဘတ်ကို ပြင်းထန်စွာ ပစ်ဆောင့်သွား၏။

ဟုတ်သည်..၊ မိုးသား ရဲ့မျက်လုံးတွေကိုမှ သူမ မြင်ခွင့်မရခဲ့ဘဲ၊ ထိုအခါ မျက်မှန်နက်ကို မချွတ်တမ်း တပ်ထားတတ်သည့် တိမ်တိုက် ၏ အရိပ်သဏ္ဌာန်က အာရုံထဲဝင်လာသည်။

မဟုတ်ဘူး .. သူ မျက်မှန်တပ်တယ်ဆိုတာလဲ ဟိုအစကတည်းက သူ့ရဲ့အကျင့်ပဲ..၊ စိတ်တွေ လှုပ်ရှားလွန်းရကာ လည်ဆွဲ နေရာမှ ထထွက်လာခဲ့သည်။

သူမ ညက အိမ်ကိုပြန်ရောက်တော့ အမိုးနဲ့ ဖိုးခွားတို့ကို ရေခဲသေတ္တာ ထဲမှာ ခြေတွေလက်တွေ ကြိုးချည်လျက်သားနှင့် တံခါးပိတ်ထားတာ တွေ့လိုက်ရသည်။ တစ်အိမ်လုံးလည်း ပစ္စည်းတွေ ပွနေကာ အခင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးက သောတန်းလန်းနဲ့ ဖြစ်၏။

"အမိုးတို့ ဘာမှမသိလိုက်ခင် သူတို့သုံးယောက်က အိမ်ထဲ ရောက်နေကြပြီ သမီးရဲ့ ..အမိုးတို့အပြစ်ပါ၊ သမီးနဲ့ ဒီအိမ်ကို အမိုးတို့ ဘာမှ မစောင့်ရှောက်နိုင်ပါဘူး၊ အခု အားလုံး ယူသွားကြပြီလားဟင်"

ကြိုးတွေ ဖြည်ပေးလိုက်သည်နှင့် အမိုးက မျက်ရည်လည်ရွဲနှင့် တောင်းပန်တော့သည်။ ဖိုးခွားကတော့ ဂျစ်ကန်ကန်ပြန်ပြောခဲ့သဖြင့် နားရင်းတစ်ချက် အုပ်ခံလိုက်ရသည်တဲ့..၊

"ဘာပစ္စည်းမှ ပါမသွားပါဘူး၊ လည်ဆွဲ မှာလည်း ပရိဘောဂပစ္စည်းတွေအပြင် အတွင်းပစ္စည်းလည်း မရှိဘူး၊ ငွေပိုငွေလျှံလည်း မထားနိုင်ဘူး၊ သူတို့ ဘာယူစရာရှိလို့လဲ..၊ လူကို ဒုက္ခပေးမသွားတာပဲ ကံကောင်းတယ်လို့ မှတ်ပါ အမိုးရယ်၊ အမိုးတို့အပြစ် ဘာမှမရှိဘူး"

ဒီလူတွေနဲ့ လည်ဆွဲ တို့ မောင်နှမ ရှိခဲ့တဲ့ပြဿနာတွေကို အမိုးတို့ ဘာမှမသိသဖြင့် ညနေက ဖမ်းချုပ်ခေါ်သွားခံရသည့်ကိစ္စကိုလည်း မျိုသိပ်ထားလိုက်မိ၏။

ဒီလူတွေဟာ ပစ္စည်းနောက်ကို သည်းကြီးမည်းကြီး လိုက်နေကြတာမှန်ပေမယ့် သူတို့ရဲ့ ပစ္စည်းအပြင် လူကို ဒုက္ခပေးချင်တာလည်း မဟုတ်၊ တခြား လွယ်ကူတာမှန်သမျှကို လစ်ရင် ယူမယ်ဆိုတာမျိုးလည်း မဟုတ်ပေ..၊

ဒါကို လည်ဆွဲ နားလည်လာခဲ့ပြီမို့ ပစ္စည်းတွေအပေါ် မှာပါ စိတ်ဝင်စားလာခဲ့မိသည်။ ကိုကြီးနဲ့ သူတို့အနေအထားက သူမ သိထားခဲ့သလိုမျိုး ဟုတ်ရဲ့လား..၊

ဝရန်တာမှာ တောင့်မတ်စွာရပ်နေစဉ် လတ်ဆတ်သော မနက်အရုဏ်တက်ရဲ့ လေနုအေးက စိတ်ကို ကြည်လင်အေးမြသွားစေခဲ့၏။

အမိုးက မြင်ဖူးတဲ့သူဖြစ်ပေမယ့် တိမ်တိုက် ကို ဆွဲခေါ် လာပြီး 'ဒီလူက မိုးသား လား' လို့ မေးဖို့လည်း မဖြစ်နိုင်..၊





သူမစိတ်ထဲမှာ မိုးသား နဲ့ တိမ်တိုက် တို့အကြောင်းတွေပဲ လုံးထွေးသတ်ပုတ်နေခဲ့ပြီး ဘာတစ်ခုမှလည်း အဖြေရှာမရပေ..၊

"ဟော .. သမီးက ဒီရောက်နေတာကို..၊ ဒါကြောင့် ခုနက ရေချိုးခန်းထဲက အသံကြားလိုက်တာ"

အမိုးက တဘက်စောင် ပခုံးပေါ် တင်ကာ လည်ဆွဲ ဘေးကို လျှောက်လာ၏။ မနက်လေးနာရီခွဲဆို အရုဏ်ဆွမ်းကပ်တတ်တာ အမိုးက ဟိုအိမ်မှာကတည်းက မပျက်ကွက်ခဲ့ပေ..၊

ဒီအိမ်မှာ လည်ဆွဲ မျက်လုံးတွေ ကောင်းနေပေမယ့်လည်း ထိုအချိန် ဘယ်လိုမှ မနိုးတတ်တာမို့ အမိုး အဆင်သင့် ပြင်ဆင်ပေးတာတောင် သူမကိုယ်တိုင် အရုဏ်ဆွမ်း တစ်ခါမှ မကပ်ဖြစ်ခဲ့..၊

"အမိုးလည်း ဒီနေ့ ကောင်းကောင်း အိပ်လို့မပျော်တာနဲ့ သုံးနာရီ မထိုးခင်ကတည်းက ချက်ပြုတ်ပြီးနေတာ"

အနားရောက်လာတော့ အမိုးလေသံက ချက်ချင်းပြောင်းလဲသွားကာ..

"အမိုးကို မှန်မှန်ပြောစမ်းပါ သမီးရယ် .. ဟိုဓားပြတွေ ပစ္စည်းတွေ ယူသွားတယ်မို့လား၊ သမီး တမင် မပြောဘဲနေတာမို့လားဟင်၊ သူတို့က သမီးကိုလည်း မေးတာ မဟုတ်ဘူး၊ ပစ္စည်းလိုချင်လို့ ခိုးဝင်လာကြတာ အသိသာကြီး၊ ဘာမှမရဘဲနဲ့ ပြန်သွားပါ့မလား"

"သူတို့ ဘာလိုချင်တယ်ဆိုတာတော့ ဘယ်သိမလဲ အမိုးရယ်၊ ဘာပစ္စည်းမှ ပါမသွားတာက တကယ်ပါ"

လည်ဆွဲ ကို သူတို့ ဘယ်မေးမလဲ..၊ ဟိုမှာ ဖမ်းချုပ်ထားပြီးမှ အိမ်ကိုလာကြတာပဲ၊ စိတ်ထဲမှာ ဆက်ပြောလိုက်ရင်း သက်ပြင်းချမိသည်။ နောက်မှ တစ်စုံတစ်ခုကို သတိရသွားကာ..

"အမိုး.."

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"တိမ်တိုက် ဆိုတဲ့နာမည် အမိုးရှေ့မှာ တစ်ယောက်ယောက်က ခေါ်ဖူးလားဟင်"

"တိမ်တိုက်.."

"သူတို့ချင်း ပြောနေတာဖြစ်ဖြစ်၊ တစ်ယောက်က တစ်ယောက်ကို ခေါ်လိုက်တာဖြစ်ဖြစ်"

အမိုးက လည်ဆွဲ မေးတာကို သိမနေသောကြောင့် စိတ်မကောင်းသည့်မျက်နှာနှင့် ခေါင်းခါပြသည်။

"မကြားမိပါဘူး သမီးရယ် .. သမီးရဲ့အသိလား.. အရေးတကြီး သိနေလို့လားဟင်၊ အမိုး မေးပေးမယ်လေ၊ ဘယ်လို..."

"နေပါစေတော့"

ဒီလိုပဲဖြစ်မည်ဆိုတာ ထင်ပြီးသားမို့ လည်ဆွဲ မအံ့ဩပါ၊ မျက်နှာ တကြည့်ကြည့် ဖြစ်နေရှာသည့် အမိုးရဲ့ လက်မောင်းအိုးပြည့်ပြည့်ကြီး ကိုပဲ အားပေးသလို ဖိဆုပ်ထားလိုက်မိကာ..

"ဘာမှမဟုတ်ပါဘူး၊ ဒီကိစ္စတွေဖြစ်ခဲ့တာအပေါ်မှာ အမိုး စိတ်ထဲ မထားပါနဲ့နော်၊ အမိုး ထပ်ပြီး စိတ်ရှုပ်ထွေးမနေအောင် လည်ဆွဲ ထင်တာ တစ်ခုတော့ ပြောပြမယ်၊ အဲဒါက လည်ဆွဲ ရဲ့အစ်ကိုက လူတစ်ခုနဲ့ ပြဿနာရှိဖူးတယ်"

"ဟင်!..."

"အခု .. အဲဒါနဲ့ ပတ်သက်မယ်ထင်တယ်၊ လည်ဆွဲ လည်း ကိုယ့်ကို ရန်မပြုဘူး၊ ပစ္စည်းတွေကို ခိုးမသွားဘူးဆိုတော့ အနီးစပ်ဆုံး တွေးမိတာ ကို ပြောတာပါ၊ သူတို့ချင်းသိတဲ့ စာရွက်စာတမ်း ဒါမှမဟုတ် အရေးပါတဲ့ ပစ္စည်းတစ်ခုခု လာရှာတာနေမှာပါ"

ဒါဆို သူတို့က လူဆိုးတွေလား၊ လည်ဆွဲ ရဲ့အစ်ကိုကရော လူဆိုး တစ်ယောက်လား၊ မိုးသား တစ်ယောက်ကနေ နှစ်ယောက်ဖြစ်သွားတဲ့





...တွေက ဒါတွေနဲ့ သက်ဆိုင်နေသလား၊ အမိုး မျက်ဝန်းတွေ ယောက် ...က်ခတ် လှုပ်ရှားသွား၏။

လူကြီးမို့ တစ်ခုကို ကြားလိုက်တာနှင့် အကြောင်းရှိလို့ အကျိုး ...က်တွေဖြစ်လာတာပဲဆိုတာကို ချက်ချင်း တွေးလိုက်မိတာမျိုး..၊

ဒါပေမယ့် လည်ဆွဲ အပေါ်မှာ မထင်ရက်.. မမေးရက်ပါ..၊

သူ့အစ်ကိုရဲ့ အရိပ်မည်းကြောင့် အန္တရာယ်ရှိနေပြီဆိုလျှင်တော့ ...ကို မိုးသား သိသင့်သည် ထင်၏။ အတုအစစ်ပြဿနာတွေ ဖြစ်ခဲ့ပြီး ...ည့်နောက်မှာ မိုးသား အမည်ခံသူ ညီညီထွန်း ဆိုသည့် လူငယ် ရောက် ...ာတော့ပေမယ့် မိုးသား နဲ့ အမိုး ဆက်သွယ်မှုတော့ ရှိနေဆဲပါ..၊

ဒီအိမ်ကိုသွားနေဖို့ လာခဲ့သည့်ညအထိ မိုးသား ကိုယ်တိုင် လိုက်ပို့ ...ာ ဖြစ်သည်။

"သူ့သဘောကျ နေပေးလိုက်ပါ၊ ဆိုးတာကောင်းတာ အားလုံး ...နဲ့တော့ကို မချွင်းမချန် ပြောပြပါ၊ အမိုးဆီ ကျွန်တော် လာခဲ့မယ်"တဲ့..၊

လည်ဆွဲလေး ရဲ့ပြဿနာတွေကို မိုးသား သိရဲ့လား..၊

ဒါမှမဟုတ် လည်ဆွဲ ရဲ့ ကောင်းကျိုးအတွက်ပါလို့ ပြောသွားပုံကို ...ာက်ခြင်းအားဖြင့် ဒီပြဿနာကို အစောကတည်းက သိထားလို့ ...ဖက်ကနေ ကြိတ်ပြီး ဖြေရှင်းပေးနေတာလား..၊

လုံးဝ သေချာတာကတော့ မိုးသား သည် လည်ဆွဲ ကို အကာ ...တွယ်ပေးနိုင်ဆုံးလူသာဖြစ်လျက် ဒုက္ခရောက်စေမည့်သူ မဟုတ်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

တွေ့ပြီ..၊

တိမ်တိုက် ၏ကျောပြင်ကို မြင်လိုက်ရသည်နှင့် လည်ဆွဲ ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွား၏။ ဒီရက်ပိုင်း သင်တန်းလည်း မတက်ဖြစ်ခဲ့ပါ..၊

စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ကြည့်ရကောင်းမလားဆိုပြီး ထင်ရာတွေ လျှောက်ပတ်သွားပြီး လေ့လာကြည့်ဖို့စိတ်ကူးကလည်း ဒီစိတ်ကြောင့်ပဲ ဘာမှဖြစ်မလာခဲ့..၊

တိမ်တိုက် ကို ဖျတ်ခနဲ ရိပ်ခနဲ မြင်လိုက်ရသည့်နေရာတိုင်းကို လည်ဆွဲ မကြာခဏ သွားသည်။ တစ်နေရာက ထိုင်စောင့်ခဲ့၏။

ဒီနေ့တော့ ဒီဟိုတယ်လ် ခါတ်လှေကားမှာပဲ တည့်တည့်တိုးခဲ့သည်။ ခါတ်လှေကားစောင့်သည့်လူလည်း မရှိတော့ တံခါးရှေ့မှာ သူတစ်ယောက်တည်း ရပ်နေကာ ဖုန်းပြောနေ၏။ လည်ဆွဲ နှုတ်ခမ်းလေးကိုက်ရင်း ရှေ့ကို တတ်နိုင်သမျှ ခြေသံလုံအောင် လျှောက်ခဲ့သည်။

"တွေ့မယ်လေ..၊ ဒီည ဒင်နာမှာ ဆုံမယ်"

"... ... ..."





"ဖြစ်ရမှာပါ၊ ဖြစ်သင့်တဲ့အတိုင်းပေါ့"

သူ့အသံကို ကြားလိုက်ရသည်နှင့် လည်ဆွဲ မျက်လုံးတွေကို မှိတ်လိုက်မိ၏။ အမြင်အာရုံတွေ မရှိတော့ သူ့မ မျက်မမြင်ဘဝတုန်းကတိုင်း အသံက မပြောင်းမလဲ အမှန်အတိုင်း ဝင်လာသည်။ ဟန်ဆောင်ထားသည့်အသံက ဆင်တူပေမယ့် အတုဟာ အတုအတိုင်းပဲဖြစ်လျက်သားနေရသည့်အသံသည်သာ..

"တွေ့မှပဲ ပြောကြတာပေါ့"

သူ့အသံ လှုပ်ရှားသွားသည် ထင်လိုက်သဖြင့် လည်ဆွဲ မျက်လုံးတွေကို ပြန်ဖွင့်လိုက်၏။ မျက်နှာ ခပ်စောင်းစောင်း လှည့်လိုက်သောကြောင့် ဖုန်းကိုင်ထားသည့် လက်တစ်ဖက်မှ လက်သန်းကလေးမှာ အမြဲ လက်စွပ်ဝတ်ထားခဲ့သော အဖြူရိပ်လေးကို မြင်လိုက်ရ၏။

ပြီးတော့ နက်ကြောသော မွေးညှင်းတွေနှင့် စိမ်းမြနေသည့် လက်ကောက်ဝတ်ကို...တစောင်းနေရာ..၊ လည်ဆွဲ ရှေ့ကိုတိုးနေရင်း မျက်ရည်တွေ ဖိတ်ဖိတ်လျှံ ဖြစ်လာခဲ့၏။

ထိုစဉ် တိမ်တိုက် ဆိုသူ၏မျက်နှာ သူမဘက်ကို ဖျတ်ခနဲ လှည့်လာ၏။ မျက်မှန်နက်နှင့် ဖြူဝင်းနေသောမျက်နှာ၊ နီမြန်းသည့်နှုတ်ခမ်းပြည့်ပြည့်တစ်စုံ..၊

'ကိုယ်က ရုပ်မချောဘူးကွ'၊ 'အသားက ခပ်လတ်လတ်ပဲ'တဲ့..၊

မျက်စိမမြင်ရတဲ့ လူကိုတောင် ရှင် ညာခဲ့သေးတယ်..၊ ဘာဖြစ်လို့..၊ လည်ဆွဲ ဆိုတဲ့ အရက်နီးမလေး စိတ်ကူးယဉ်သွားမှာ စိုးလို့လား၊ ရှင့်ကို ချောတယ်လို့ထင်ပြီး တမ်းတမ်းစွဲဖြစ်မှာ ကြောက်တာလား..၊

မျက်ဝန်းတို့ ထိပ်တိုက်ဆုံစည်းနေခဲ့ပေမယ့် လည်ဆွဲ မြင်နေရတာ မျက်မှန်နက်ကိုပဲဖြစ်ရာ..

"ရှင် မျက်မှန်ကို ချွတ်လိုက်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းနဲ့မဆိုင်ဘူး ထင်တယ်"

"ဆိုင်တယ်..၊ ဒီမှာ .. မိုးသား ခေါ် တိမ်တိုက်၊ ရှင် ဟန်ဆောင်ကောင်းလှချေလား၊ ဘာဖြစ်လို့လဲ..၊ ဒီလိုလုပ်တာလဲ.."

သူမျက်နှာ ဖျတ်ခနဲ လွှဲပစ်လိုက်ပြီးမှ တင်းတင်းမာမာ ပြန်လှည့်၏

"မင်းကို မိန်းကလေးဆိုပြီး ငါ နေရာတကာ ချောင်ပိတ် အတွ ရိုက်အောင် မလုပ်ခဲ့ဘူး၊ မင်းနဲ့ငါ အဲဒီပြဿနာအတွက် နေရာတကာမှာ ပြောဆိုငြင်းခုံနေဖို့လည်း မလိုဘူး၊ မင်း အမြင်မှန်ရသွားလို့ ထုတ်ဖော် ဝန်ခံစရာရှိလာပြီဆိုရင် ဒီဟိုတယ်လ်ရဲ့ လေးလွှာ D 12 ကို လာလို့ရတယ်"

"ဟင့်အင်း .. ရှင် .. အခု .."

လည်ဆွဲ ခေါင်းခါ၍ ရှေ့ကိုတိုးလိုက်သည်နှင့် ဓာတ်လှေကားတံခါး ပွင့်သွား၏။ အထဲက လူနှစ်ယောက် ထွက်လာကာ သူ အထဲကို လှမ်းဝင် ပြီး တံခါးပိတ်သည်။ မျက်ရည်တွေ မျက်နှာပေါ်မှာ ရေလောင်းထားသည် ဖြစ်နေသည့် လည်ဆွဲ ကို ဟိုလူနှစ်ယောက် သမင်လည်ပြန်ကြည့်သွား ကြ၏။ သူမ ဘာကိုမှ ဂရုမစိုက်နိုင်..၊

ကျန်ရစ်ခဲ့ပြီးမှ ပိတ်လုပိတ်ခင် တံခါးနှစ်ချပ်ကြားထဲကို လက်တွေ အတင်းကာပစ်လိုက်ပြီး ဖွတ်လိုက်ဝင်သည်။

တိမ်တိုက် က ဂျင်းဘောင်းဘီဖြူဖျော့ဖျော့ ဂျင်းဂျက်ကတ်နှင့် ဖြစ်ကာ လည်ဆွဲ ဝင်လိုက်သည်နှင့် ဖုန်းကို အိတ်ထဲထည့်ကာ မျက်နှာ ရောလူပါ ခပ်စောင်းစောင်း ကွယ်၍ ရပ်လိုက်သည်။

ရင်ထဲမှာ ခံစားရလွန်းသဖြင့် လည်ဆွဲ မျက်ရည်တွေသာ တသွင် သွင် စီးကျနေခဲ့ပြီး စကားပြောဖို့ကို တော်တော်နဲ့ မဖြစ်မြောက်နိုင်..

ဖြစ်နိုင်သလားလို့ တွေးမိတိုင်း မဖြစ်နိုင်ဘူးဆိုသည့် အနားသတ် မျဉ်းတစ်ကြောင်းနဲ့သာ ပိတ်ပစ်ခဲ့မိသည်။

ဖြစ်နိုင်ခြေတွေ များများ စုဆောင်းမိလာလေ 'မဖြစ်ပါစေနဲ့'ဟု





ဆုတောင်းမိလေ၊ သူမ တိတ်တခိုး မြတ်နိုးခဲ့သော မိုးသား ဆိုသူဟာ ဘိုကြီးကိုသတ်၍ ကိုယ့်ကို အနီးကပ် ခေါနဲ့ထိုးဖို့ ကြံသူ၊ ဘယ်လိုနည်းနဲ့မှ ဖြစ်ဖို့မရှိနိုင်ဟု စိတ်ကို တင်းထားခဲ့ရပြီး...

"တိမ်တိုက်.."

အက်ရှသော ခေါ်သံသည် ရှိုက်သံတွေ ရောစွက်လျက်...

"ရှင် ညာမနေပါနဲ့..၊ စိတ်ရဲ့ဆက်သွယ်ခံစားချက်တွေဟာ ကျွန်မလို ကန်းခဲ့ဖူးသူအတွက် ပိုပြီး ထိရောက်ပါတယ်၊ ဟိုတုန်းကရော.. ခုရော ဝန်းလည်ဆွဲ ဆိုတဲ့ ကျွန်မက ရှင့်ရဲ့ ပေးစာကျွေးစာတွေနဲ့ မလွတ်သေး ဘူး၊ သွန်လိုသွန် .. မှောက်လိုမှောက် .. ထားသလို နေရတဲ့သူ..."

စိတ်ပျက်သလို 'ကျွတ်'ခနဲ အသံတစ်ချက်နှင့် သူ ဆံပင်သပ်လိုက်တာ ကို မော့ငေးရင်း မျက်ရည်ကြောင့် မြင်ကွင်းက ဝါးတားတား ဖြစ်သွား၏။

ထိုအချိန်မှာ ဓာတ်လှေကား သိမ့်ခနဲ ရပ်သွားတာ သိလိုက်၏။

လည်ဆွဲ မျက်ရည်တွေကို ကမန်းကတန်း ပွတ်သုတ်လိုက်ပေမယ့် တိမ်တိုက် က ထွက်သွားပြီဖြစ်ကာ တံခါးက ပြန်ပိတ်နေပြီ..၊

"ရတယ် .. ရှင့်နောက်မလိုက်နိုင်အောင် ကျွန်မကို ဒီနေရာမှာပဲ ဓာတ်သိမ်းပေးခဲ့ပေါ့"

လည်ဆွဲ သည် ဖျတ်ခနဲဆို ဒူးထောက်ထိုင်ချလိုက်ကာ တံခါးတွေ ကြားထဲ လည်ပင်းညှပ်အောင် ကိုယ်ကိုကိုင်း၍ ခေါင်းငုံ့ထားလိုက်၏။

"ဟော့ .. မင်း .."

တိမ်တိုက် အနားကို ခုန်လွှားရောက်လာကာ တံခါးတွေကို သူ့ကိုယ်နဲ့ ထိုးခံလိုက်၏။ ပြီးတော့ လည်ဆွဲ ကို အပြင်ရောက်အောင် ဆွဲ ထုတ်လိုက်ပြီး...

"မင်း ဘာတွေအိပ်မက်ပြီး ထလာတာလဲ..၊ တောက်.."

သူမကိုယ်လေးကို ပခုံးကနေကိုင်ပြီး တစ်ချက် ခါပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တက်ခေါက်ပြီး ချာခနဲ လှည့်ထွက်သွားလျှင်...

"ရှင် .. ဝန်ခံရမယ်.."

လည်ဆွဲ တစ်လုံးချင်းပြောလိုက်ရင်း ဆလင်းဘက်ခ်ထဲက ဖုန်း ထုတ်ယူလိုက်၏။ ဒုတိယ မိုးသား အိမ်မှာရှိနေတုန်းက ဖြစ်သည်။

ကိစ္စရှိလို့ အပြင်ရောက်နေသည့် သူ့ကို ဖုန်းဆက်တော့ ခေါ် မရ..၊ သူ ပြန်လာမှ ဖုန်းခေါ် လို့မရတာကို ပြောပြလိုက်လျှင်...

"အဲဒါ ပြောဖို့ မေ့နေတာ၊ ကိုယ် ဖုန်းချိန်းထားတယ်၊ အရင် နံပါတ်နဲ့ မခေါ်နဲ့တော့"

လို့ ပြောခဲ့ပြီး နံပါတ်သစ်တစ်ခု ထပ်ပေးခဲ့၏။

ဒီဖုန်းဟာ သူမ ချခဲ့သည့် မိုးသား ရဲ့လက်ထဲမှာပဲ ရှိရမှာ နံပါတ်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် နှိပ်ပစ်လိုက်၏။

ထိုစဉ် အတော်ဝေးဝေးကို ရောက်သွားပြီဖြစ်သည့် တိမ်တိုက် ထဲ ဖုန်းမြည်သံ ထွက်ပေါ်လာပြီး ခြေလှမ်းတွေ ရပ်တန့်သွားခဲ့လျှင်...

"အဟွန်း..."

လည်ဆွဲ ပခုံးတွန့်ရယ်ရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ဆင်းလာကြသည်။ ပြီးတော့ အင့်ခနဲ ရှိုက်ငိုလျက်...

"ရှင် ညာလေ .. ညာပါဦး .. ကျွန်မက မကန်းတော့ဘူးဆိုပေမယ့် ရှင် ညာနေဦးမယ်ဆိုရင်လည်း..."

သူမ စကားမဆုံးလိုက်မီ လက်တစ်ဖက်ကို ဆောင့်ဆွဲလိုက်သဖြင့် တစ်ကိုယ်လုံး ငိုက်ခနဲ ပါသွားကာ သူ့ ဆွဲချသွားတဲ့အတိုင်း..၊





## အခန်း (၄၀)

"ဂျိမ်း .."

အခန်းထဲရောက်ပြီး တံခါးကို နောက်ပြန်ပိတ်ပစ်လိုက်၏။ လည်ဆွဲ ာလည်း အရုပ်တစ်ရုပ်လို ပါသွားခဲ့ပြီးမှ အထဲရောက်သည်နှင့် လက်ကို ားနဲ့ဆောင့်ရုန်းပစ်လိုက်ပြီး...

"လူယုတ်မာ .. ကဲ .."

ရိုက်ချက်က ဖြန်းခနဲ မမြည်ဘဲ ဖောင်းခနဲ အော်သွားသလို နားထဲ မှာ အူထူသွားခဲ့၏။ နောက်ထပ် အားရှိပါးရှိ လွှဲသည့်လက်ကို တိမ်တိုက် ဖမ်းဆုပ်ထားလိုက်ကာ...

"လည်ဆွဲ .. မင်း စိတ်ကို လျှော့စမ်း၊ ငါ ပြောတာကို နားထောင်"

"မထောင်ဘူး .. မကြားချင်ဘူး၊ ရှင့်ကို ကျွန်မ မျှော်လင့်ခဲ့. အားကိုး ခဲ့တာတွေ.. ယုံယုံကြည်ကြည် စိတ်ချပြီး ခွဲခွဲလမ်းလမ်း ချစ်ခဲ့မိတာတွေ..၊ အဲဒါတွေအတွက် ရှင် ပြန်ပေးရမယ်၊ လူယုတ်မာ .. ကန်းနေတဲ့မိန်းမကို လိမ်ညာပြီး ကိုယ်ကျိုးအတွက် အသုံးချခဲ့တာ"

"ဘာ..ကိုယ်ကျိုးလဲ..၊ မင်းကို ငါ ဘာတွေ လုပ်ခဲ့မိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ဘူးလေ၊ ရှင်က ကောက်ကျစ်စဉ်းလဲစွာ ကြံစည်နေတဲ့သူ"

"တောက်.."

"ကိုကြီး ထားခဲ့တဲ့ပစ္စည်းတွေကို ကျွန်မ သိမှာပဲဆိုပြီး အချိုသ
ခဲ့တာ.."

"လည်ဆွဲ .. မင်း တော်တော့"

စေတနာတွေ ထားခဲ့ရသမျှ တစ်တစ်ခွခွကြီး စော်ကားနေတော
သည်းခံချင်စိတ်တွေ ပျောက်ဆုံးကုန်၏။

စွပ်စွပ်စွဲစွဲနှင့်ပြောပြီး ပါးရိုက်ခံလိုက်ရတာကို ရှက်သည့်စိတ်
တစ်ခုခုကို ဖောက်ခွဲဖျက်ဆီး၍ ပေါက်ကွဲပစ်လိုက်ချင်တဲ့အထိ..၊

"မင်းရဲ့အစ်ကိုကို မင်း ယုံကြည်ခဲ့တာက လူတော်လူကောင်း၊ 
အသိမှာက ငါ့အဖေရဲ့ပစ္စည်းတွေကို အထုပ်လိုက် ဆွဲချ ခိုးပြေးသွား
တဲ့ကောင်.."

"မဟုတ်ဘူး.."

လည်ဆွဲ နားနှစ်ဖက်ကို ပိတ်ပစ်လိုက်ပြီး အော်သည်။ တိမ်တိုက်
က ဘောင်းဘီအိတ်ထဲကို လက်နှစ်ဖက်ထည့်ထားပေမယ့် ရှူးရှူးရှားရှား
ခုန်ပေါက်ချင်နေသည့် ဒေါသကြောင့် သူမရှေ့မှာပဲ ခေါက်တုံ့ခေါက်ပြန်
လျှောက်နေမိကာ...

"သွေးနဲ့ချွေးနဲ့ တူးဆွရယူသွားတာ မဟုတ်ဘူး၊ ပညာကုန်ရပြီးတော့
နဲ့ ဆရာကို ပြန်သတ်သွားတဲ့ တပည့်မိုက်မျိုး မင်းအစ်ကိုက.."

လည်ဆွဲ နှုတ်ခမ်းလေး ပွင့်၊ မျက်လုံးဝိုင်းလျက် သူ့မျက်နှာကို စူးစိုက်
ငေးနေ၏။ တိမ်တိုက် က သူမရှေ့ကို တစ်လှမ်းတိုးရုံနှင့် နီးကပ်စွာ
မျက်နှာချင်းဆိုင် ဖြစ်သွားခဲ့ပြီး...

"သူ့အပေါ်မှာ ဂရုစိုက် နားလည်ခဲ့တဲ့ ငါ့အဖေလိုလူကို သေချင်
သလိုသေ ပစ်ထားခဲ့ပြီး ပစ္စည်းတွေကို ခိုးပြေးသွားတာ မင်း သိရဲ့လား





မင်းအစ်ကို သေရတာ ငါသတ်တာလို့ မင်း စွပ်စွဲသလို ပြောကြကြေး
ဆိုရင် ဖေဖေ့ကိုလည်း မင်းအစ်ကို သတ်တာပဲ"

"ရှင် .. ရှင် .. မဟုတ်တာတွေ မပြောနဲ့ .."

"မယုံနိုင်ဘူးမို့လား..၊ မင်း လက်မခံနိုင်တာကို ခုလိုပြောလိုက်တော့
ဘယ်လိုခံစားရသလဲ..၊ အဲဒါ မင်းမမြင်တဲ့တစ်နေရာက အဖြစ်အပျက်
အမှန်ပဲ လည်ဆွဲ၊ မမြင်ရဘဲနဲ့ မင်း ယုံကြည်တဲ့အတိုင်း တရားသေ မင်း
စွဲထားတယ်၊ သိခဲ့မြင်ခဲ့ရတဲ့လူက မင်း စွပ်စွဲသမျှ အံကြိတ်ခံနေရတာ
ဘယ်လိုနေမလဲ.."

လည်ဆွဲ ဖွတ်တရွတ် ခေါင်းခါနေလျက် မျက်ရည်ကို ဖြစ်သလို
ပွတ်သုတ်ဖျက်၏။

"မသိဘူး..၊ ဘယ်သူသိသိ ဘယ်သူမြင်မြင် ကိုကြီး ပြောခဲ့တဲ့စကား
တွေကလွဲပြီး ကျွန်မ ဘယ်သူ့စကားကိုမှ ခေါင်းထဲ မထည့်ဘူး၊ ကိုကြီး
ပြောခဲ့တဲ့အတိုင်း လိုက်နာမယ်၊ ထားခဲ့တဲ့နေရာမှာပဲ နေမယ်၊ ကျွန်မက
မိန်းမသားပေမယ့် မာယာများတဲ့ ရှင့်လိုယောက်ျားထက် အများကြီး
ဖြူစင်ခဲ့တာ.."

"မင်း ဒါကိုပဲ ဘာဖြစ်လို့ အထပ်ထပ်ပြောပြီး စော်ကားနေတာလဲ၊
ငါ မာယာများခဲ့တယ်ဆိုရင်တောင် အဲဒါ ငါ့ကိုယ်ကျိုးမပါဘူး၊ မင်း သိ
သွားရင် စိတ်ဆင်းရဲမှာစိုးလို့ ငါ ကူညီတာကို လက်မခံဘဲ မင်းဘဝပျက်
သွားမှာကို စိုးလို့၊ အဲဒါတွေ မင်း နည်းနည်းမှ ပြန်မတွေးမိဘူးလား၊ မင်းနဲ့
နေခဲ့တဲ့ကာလတစ်လျှောက်မှာ ဒီပစ္စည်းနဲ့ပတ်သက်ပြီး မင်းဆီမှာ အစ်
အောက် မေးခဲ့ဖူးလား.."

လည်ဆွဲ နှုတ်ခမ်းတွေကို ဖိပိတ်ထားလျက် ဘာမှပြန်မပြော

"မင်းအပေါ်မှာရော ဘာတွေများ အခွင့်အရေး ယူခဲ့ဖူးလဲ"

လည်ဆွဲ မျက်နှာ ဆတ်ခနဲ လွှဲပစ်၏။ ပြီးတော့ မခိုးမခိုး အံကြိတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယုတ္တိတန်တာတွေ၊ မတန်တာတွေလည်း မတွေးချင်၊ သူ ကြင်နာခဲ့ဖူးသမျှကိုလည်း ရေစုန်မျှောခဲ့ပြီးသည့်နောက်မှာ...

"လည်ဆွဲ.."

"ရှင် .. ကျွန်မကို မကိုင်နဲ့."

သူ ရှေ့တိုးတော့ လည်ဆွဲ နောက်ဆုတ်ပစ်သည်။ တံခါးဘက်ကို လှည့်ဖို့ပြင်လိုက်တော့ ဒေါသဖြစ်ဖြစ်နှင့် သူမ ပခုံးလေးတွေကို ဆွဲလှဲခါပစ်မိကာ...

"မင်း သိရမယ် .. သိကို သိရမယ် လည်ဆွဲ၊ မင်းအစ်ကိုနဲ့ ငါတို့ ဖြစ်ကြတဲ့ကိစ္စမှာ မင်းနဲ့ မငြိချင်လို့၊ ခုလို ထိပ်တိုက်ရင်းရတာတွေ ဖြစ်မလာအောင် ငါ အမျိုးမျိုး ကြိုးစားနေခဲ့တာ၊ အဲဒါ မင်း အထင်လွဲ မုန်းတီးပြီး ပြောချင်တိုင်း ပြောနေတာကို ခံဖို့ မဟုတ်ဘူး.."

"မခံနဲ့ပေါ့"

လည်ဆွဲ က သူ ကိုင်ထားသည့်လက်တွေကို ရွံရှာသလို ခါထုတ်ပစ်လိုက်သည်။

"ရှင့်မှာ လှုမိုက်တွေ အများကြီးပဲ၊ လုပ်စမ်းပါ.. ဒီလောက် ပြောဆိုနေရလားဆိုပြီး ဘယ်လို တုံ့ပြန်ချင်သလဲ၊ ဒီမှာ .. ကျွန်မကလည်း ဂရုမစိုက်တဲ့အကြောင်း ရှင် ပိုသိသွားအောင် ပြောလိုက်မယ်၊ ကိုကြီး ပစ္စည်းတွေ ကျွန်မကို အပ်ခဲ့တာ၊ အဲဒါတွေ ကျွန်မဆီမှာ ရှိတယ်၊ ဒါပေမယ့် ရှင် ဘယ်တော့မှ ရမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ရှင့်ကို ဘယ်တော့မှ ပေးမှာမဟုတ်လို့ပဲ .. ရှင်းတယ်နော်"

လည်ဆွဲ ပြောနေရင်း ရှိုက်သံမဲ့ မျက်ရည်တစ်စက် ပေါက်ခနဲ ကြွေဆင်း၏။ ပြီးတော့ သူမ လက်ဖဝါးတို့ဖြင့် တို့ထိကိုင်တွယ်ခဲ့ဖူးသော ထိုယောကျ်ား၏ နားသယ်စပ်ဆံစများမှ မေးရိုးတို့ဆီ အကြည့်တို့က ဝေ့ဝဲရောက်သွားခဲ့သည်။





တဆစ်ဆစ် နာကျင်ခြင်းဟာ ဘယ်လိုဝေဒနာနဲ့မှ မတူ..၊

"ရှင့်ကို ကျွန်မ မုန်းတယ် .. သေအောင် မုန်းတယ် သိလား၊ ဒါတွေကို ပြန်မရလို့ ရှင် ကျွန်မရှေ့မှာ ရင်ကွဲနာကျပြီး သေသွားတာကို မြင်ချင်တယ်၊ ဒါမှမဟုတ် လောဘဇောတိုက်နေတဲ့ ရှင့်ရဲ့ ဇာတိရုပ်တွေပေါ်ပြီး ကျွန်မကို သတ်ပစ်မယ်ဆိုရင်လည်း သေချင်တယ်၊ ရှင့်မျက်နှာကို မမြင်ရဖို့အတွက် ရှင်ဖြစ်ဖြစ် .. ကျွန်မဖြစ်ဖြစ် မရှိမှဖြစ်မှာ၊ အဲဒီတော့ ရှင် ဘာလုပ်မှာလဲ.."

လည်ဆွဲ သည် အရိုင်းဆန်သည့်မျက်လုံးများနှင့် သူ့ကို စူးစိုက်၍ စိန်ခေါ် နေ၏။ တိမ်တိုက် ကိုယ့်နဖူးကိုယ် ပြန်ပွတ်ရင်း ထိုမျက်လုံးတွေကို မမြင်ချင်တော့သလို မြင်လွှာတွေကို ပိတ်ပစ်လိုက်မိသည်။

သူနဲ့ လည်ဆွဲ စစ်မြေပြင်တစ်ခုရဲ့ အလယ်မှာ ရင်ဆိုင်ရပ်နေကြသည်လား.. သို့မဟုတ် ဆုပ်ဖမ်းဖြေရှင်းလို့ မရနိုင်သည့် အချစ်ခုံရုံးရှေ့မှာ မေတ္တာစာတမ်း တင်နေကြတာလား..၊

ရှင်းတော့ ရှင်းနေခဲ့ကြပြီး ဘာအတွက် ဖြေရှင်းနေကြသည်မှန်း မသိ၊ ဒီလိုနေ့ကို မရောက်ချင်ခဲ့ပါ၊ ဒါကြောင့်လည်း သူ အားလုံးကို ရင်ဆိုင်နေခဲ့ရင်း သွားမယ့်ခရီးဟာ မဖြောင့်တန်းတော့တဲ့ ဟိုကွေ့ဒီကောက်နှင့်..၊

"ကျွန်မ ဘယ်ကိုမှထွက်သွားမှာ မဟုတ်ဘူးဆိုတော့ ရှင် တစ်ခုခုကို ဆုံးဖြတ်ပြီးရင် ကျွန်မရှိတဲ့နေရာကို လာခဲ့ပေါ့၊ တခြားသူတွေကို မလွှတ်နဲ့နော်၊ ရှင်ကိုယ်တိုင်.."

လည်ဆွဲ တံခါးလှည့်ဖွင့်လိုက်တော့ နောက်ကနေ သူမရဲ့ပခုံးတစ်ဖက်ပေါ် လှမ်းကိုင်ထားမိကာ..

"လည်ဆွဲ.."

လည်ဆွဲ က လှည့်မကြည့်ပါ၊ ဘာမှလည်း မပြောဘဲ တံခါးကိုကိုင်လျက်နှင့် တောင့်မတ်စွာ ရပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ ရှုသစရာ မလိုပါဘူး၊ မင်း စွပ်စွဲတာတွေ မဟုတ်ဘူးဆိုတာ သက်သေပြဖို့အတွက် ငါ ခုပဲ ဆုံးဖြတ်တယ်၊ မင်းနဲ့ ဒီပစ္စည်းတွေအကြောင်း ငါ အားလုံးကို ခုကစပြီး မေ့လိုက်မယ်"

မသိမသာ လှုပ်ရှားသွားသည့် လည်ဆွဲ မျက်နှာလေးကို နောက်ကနေ မစို့မပို့မြင်ရတဲ့အတိုင်း စိုက်ကြည့်နေမိကာ...

"မင်းဆီကို ငါနဲ့ပတ်သက်တဲ့ ချစ်သူ၊ မုန်းသူ ဘယ်သူဖြစ်ဖြစ် ရောက်မလာစေရဘူး၊ မင်း မမြင်နိုင်တဲ့နေရာမှာပဲ ငါ ရှိနေမှာမို့လို့ မင်း ပျော်ပါစေ"

လည်ဆွဲ ရဲ့မေးဖျားလေးမှာ လှုပ်လီလှုပ်လဲ့ လက်တောက်လာသည့် မျက်ရည်ဥလေးကို သူ မြင်နေရသည်။ ပြီးတော့ ထိုမျက်ရည်ဥလေးသည် ဖြုတ်ခနဲ ခုန်ဆင်းသွားခဲ့ပြီး နောက်ထပ် မျက်ရည်စက်တို့က မြန်မြန်ဆန်ဆန် တဖြုတ်ဖြုတ် ဆင်းကျလာကြ၏။

လည်ဆွဲ သည် မျက်နှာလေးကို ဆတ်ခနဲ မော့ပစ်လိုက်ကာ လက်တစ်ဖက်နှင့် မျက်ရည်သုတ်၍ တစ်ဖက်နဲ့ တံခါးကို ဆွဲဖွင့်လိုက်သည်။ ထိုအခါ အပြင်မှာ ညီညီထွန်းနှင့်အတူ စုရုံးရပ်နေကြသည့် ယောက်ျားလေးယောက်..၊ လည်ဆွဲ ခြေလှမ်း တစ်ချက် တုံ့သွား၏။

သူတို့သည် တိမ်တိုက် ကို လှမ်းကြည့်လိုက်ပြီးမှ မဖယ်ချင့်ဖယ်ချင် ရှေ့လျှားမှုများနှင့် လည်ဆွဲ သွားသာအောင် လမ်းဖယ်ပေးသည်။

တင်းမာနီရဲနေကြသည့် မျက်နှာတွေကတော့ လည်ဆွဲ ကို ဒီနေရာမှာပဲ တစ်စစီ ခုတ်ထစ်မီးရှို့ပစ်ချင်သည့် အမုန်းများနှင့်...

"တိမ်တိုက်... မင်း ဘယ်လို ဆုံးဖြတ်လိုက်တာလဲ"

လည်ဆွဲ ထွက်သွားသည့်နောက်ကို အံတကြိတ်ကြိတ်နှင့် ငဲ့ကြည့်နေပြီးမှ ညီထွန်း က တံခါးကို ထပ်ပွင့်သွားအောင် တွန်းပစ်သည်။

ပြီးတော့ ရှေ့ကို ထပ်မတိုးဘဲ ဒီတိုင်းရပ်နေရင်း မေး၏။





တိမ်တိုက် က ခံစားချက်မဲ့နေသည့် မျက်နှာသေနှင့် ရပ်နေလျက်...

"မင်း ကြားလိုက်တဲ့အတိုင်းပဲ"

"ကြားလိုက်ပါတယ် .. ကြားတာတောင် မယုံနိုင်အောင် ဖြစ်နေလို့ မေးတာ၊ မင်း ဒီပြဿနာကို ရှင်းပေးမယ်လို့ အချိန်တောင် သတ်မှတ်ပေးလိုက်ပြီ၊ အဲဒါ..."

"လည်ဆွဲ ဆီက ပစ္စည်းတွေ ပြန်မရတော့ရင် ငါ မရှင်းနိုင်ဘူးလို့ မင်း ထင်သလား"

"မထင်ပါဘူး၊ မင်း ဖြေရှင်းနိုင်သေးတယ်ဆိုတာ ငါ သိတယ်၊ ဒါပေမယ့်..."

"တော်တော့..၊ ငါ့ပြဿနာ ငါ ဘယ်လိုရှင်းရှင်း မင်း မပူနဲ့၊ နောက်ထပ်လည်း စိတ်ရှုပ်မခံချင်တော့ဘူး၊ မင်းတို့ သွားကြတော့ကွာ.."

တိမ်တိုက် က တံခါးကို ခြေဖျားနဲ့ခတ်ယူပြီး လက်တစ်ဖက်နဲ့ တွန်း၍ ပိတ်ပစ်လိုက်သည်။

စော်ကားခံလိုက်ရသည့် ရင်ဘတ်ကြီးဟာ ဓားထက်ထက်နဲ့ မွှန်း၍ ဆားပက်ခံနေရသည့် ဒဏ်ရာကြီးတစ်ခုလို..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၁)

နှလုံးသားက နာကျင်မှုကြောင့် ပြောချင်သလို ပြောခဲ့မိသော်လည်း တကယ်တော့ ပစ္စည်းတွေလား .. ဘယ်လိုဟာတွေမှန်းတောင် လည်ဆွဲ မသိပေ..၊ ဘယ်နေရာမှာ ရှိနေသည်လို့ ကိုကြီး ပြောသွားခဲ့ပေမယ့် ထို နေရာကို ဘယ်လိုသွားရမည်ဆိုတာလည်း မပြောခဲ့..၊

ကိုကြီးကိုယ်တိုင် ခုလို မြန်မြန်ဆန်ဆန် အဖြစ်ဆိုးသွားမည်လို့ သူ့ကိုယ်သူ မထင်ခဲ့သည်မို့ ဒါကို အရေးတကြီး ပြောထားသင့်သည့် အကြောင်းတစ်ရပ်အဖြစ် သဘောမထားခဲ့တာလည်း ဖြစ်နိုင်သည်။

တစ်နေ့ကုန် အခန်းအောင်း ငိုရင်း နာကျင်နေသည့်ရင်ထဲမှာ ဒီ ပစ္စည်းတွေကို မရှာတတ်လို့မဟုတ်ဘဲ ထာဝရ ဆုံးရှုံးလိုက်ရပြီဖြစ်သော အချစ်အတွက်သာ ဖြစ်နေခဲ့လေသည်။

"မင်းနဲ့ ဒီပစ္စည်းတွေအကြောင်း ငါ အားလုံးကို ခုကစပြီး မေ့လိုက် မယ်"

"မင်း မမြင်နိုင်တဲ့နေရာမှာပဲ ငါ ရှိနေမှာမို့လို့ မင်း ပျော်ပါစေ"တဲ့..၊ သူ တကယ် မေ့လိုက်နိုင်သလား..၊





ရှင့်ကို စော်ကားနေခဲ့တဲ့ စကားတိုင်းဟာ အချစ်ကြီးလို့ အရူးထကြီး တဲ့ ဒဏ်ရာဒဏ်ချက်တွေဆိုတာကျတော့ ရှင် နားမလည်ဘူးလား ဟေး နေရင်း ငိုပြီးရင်း ငိုချင်နေခဲ့သည်။

'ဒီပစ္စည်းတွေကြောင့် ညာရက်လေခြင်း'ဆိုသည့် ရင်နာခြင်းတ ဒါတွေကို လုံးဝ မလိုတော့ပါဘူး။ မင်းပျော်ပါစေလို့ သူ နှုတ်ဆက်လိုက် တဲ့နောက်ပိုင်းမှာ ခံစားချက်တွေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့၏။

လွမ်းလို့ နာကျင်ရတာထက် မုန်းလို့ နာကျင်ရခြင်းကိုပဲ အလိုရှိလာ ခဲ့၏။ ဒီလိုပြောလိုက်တာလေးနဲ့ပဲ သူ့ကို လူကောင်းလို့ ညည်း သတ်မှတ် လိုက်တာလား..၊

မုန်းနိုင်ဖို့ ကိုယ့်ကိုယ်ကိုယ် မေးခွန်းတွေမေးရင်း အထပ်ထပ် အား တင်းနေမိ၏။ သူ့ကို ကျေနပ်လိုက်ခြင်းဟာ ကိုကြီးကို သူတို့ပြောသလို လူဆိုးသူခိုးစာရင်း သွင်းလိုက်ခြင်းနှင့် တူနေလိမ့်မည်။

မဟုတ်ဘူး .. ကိုကြီးက ဘယ်တော့မှ မကောင်းတဲ့အလုပ်ကို မလုပ်ဘူး၊ ကိုကြီးမျက်နှာကို မြင်ယောင်လာတော့ မျက်ရည်တွေ စို့ရွှဲနေ သည့် ကိုယ့်မျက်နှာကို ဒေါသဖြစ်မိသည်။

နင် မခံစားထိုက်ဘူး လည်ဆွဲ သိလား..၊ သူ နင့်ကို စေတနာထား တဲ့အကြောင်းတွေ ရွတ်ပြသွားတာ ချစ်လို့ဆိုတာများ တစ်ခွန်းတလေ ပါခဲ့လို့လား..၊

ကိုယ့်အစ်ကိုကို သတ်ခဲ့တဲ့ လူသတ်သမားကို ဒီလို အလိမ်အညာ စကားတွေကြောင့် နားလည်ပေးလိုက်နိုင်တယ်ဆိုရင် နင် အရူးပဲ..၊

လည်ဆွဲ ခြံထဲမှာ တစ်ယောက်တည်း ထိုင်နေရင်း ဟီးခနဲ ငိုပစ် မိလိုက်၊ မျက်ရည်တွေ ခြောက်သွေ့သွားတဲ့အထိ ငေးမောနေမိလိုက်..၊

ပြီးတော့ အသံတိတ်ကျတဲ့ မျက်ရည်တွေက မှောင်ခိုလမ်းပေါက် နေတဲ့အတိုင်း...



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ.."

နောက်က ခြေသံမကြားဘဲ ခေါ်လိုက်သဖြင့် ဖျတ်ခနဲ လှည့်ကြည့်မိသည်။ အမြဲပြုံးနေတတ်သည့် ဖိုးခွား မျက်နှာလေးကလည်း မသာယာပါ..၊

"ဦးနဲ့ ဘာဖြစ်လို့ မတည့်ကြတာလဲဟင်၊ အန်တီလည်း ငိုနေရတာပဲဟာ"

ဖိုးခွားက မေးစရာရှိပြီဆို ဒီလိုပဲ ဘယ်မျက်နှာမှ မကြည့်စတမ်း တိုက်ရိုက်မေးတတ်လေသည်။

အဘွားဖြစ်သူကိုလည်း 'သားက အမေလိုပဲ သဘောထားလို့ပေါ့' ဆိုပြီး အဘွားလို့ တစ်ခါတလေပဲ ခေါ်သံကြားသည်။

အမိုး ဆူနေ .. အော်နေသည့်ကြားက 'အမိုး' လို့ချည်း ခေါ်တတ်၏။ သူ့ကိုတော့ လည်ဆွဲ ချစ်ပါသည်။ အပြောအဆိုမတတ်တဲ့ကောင်လေးဆိုပြီး မြူငြင်တဲ့စိတ်လည်း မရှိခဲ့ဖူးပါ..၊ ဒါပေမယ့် ဒီမေးခွန်း မေးလိုက်သည့်အတွက် ပထမဆုံးအဖြစ် ဒေါသထွက်သွားခဲ့၏။

"ဦးကလေ ဟို .. ဦးညီညီထွန်း ကိုပြောတာ မဟုတ်ဘူးနော်၊ ဦးမိုးကို ပြောတာ၊ ဦးက အန်တီ့ကို ချစ်ပါတယ် အန်တီရဲ့ .. သူ ဒီမှာမနေတော့ပေမယ့် အန်တီ့ကို ခဏခဏ လာချောင်းကြည့်တယ်၊ အမိုးနဲ့ တစ်ခါ တစ်ခါမှ တွေ့တာ၊ ကျွန်တော်နဲ့တွေ့တိုင်းလည်း ပြောတယ်၊ မင်းရဲ့ အန်တီကို ပြန်မပြောရဘူးတဲ့၊ ပြီးတော့လေ သူ ပုံမှန်အတိုင်း စားသောက်ရဲ့လား၊ ညည အချိန်မှန် အိပ်ခိုင်းပါ၊ အမိုးက ဂရုစိုက်ကြည့်ပေးပါနော်၊ အမိုးနဲ့တွေ့တိုင်း အမျှားကြီး မှာတာပဲ"

မျက်မှောင်ကုတ်၍ မကျေနပ်ခြင်းကို မွေးမြူနေရသော်လည်း မျက်ရည်က ဝေ့ချင်ပါပြီ..၊

"သမီးရေ.."

အမိုး ဘယ်လိုမှာထားသည် မသိ၊ အမိုးအသံ ကြားလိုက်သည်နှင့်





ဖိုးခွား ဆတ်ခနဲ ထရပ်လိုက်ပြီးဖြစ်၏။

"သမီးရဲ့ ဖုန်းကွယ့်၊ ဒီမှာ .."

လက်ထဲကို ဖုန်းလာထည့်ပြီး အမိုးက ဖိုးခွား လက်ကိုဆွဲ၍ ပြန်ထွက်သွား၏။ ကြည့်လိုက်တော့ မသိသည့်နံပါတ် ဖြစ်နေသည်မို့ ဖွင့်လိုက်သည်။

"ဟလို.."

"ငါ ညီညီထွန်း ပဲ လည်ဆွဲ၊ မင်း ဖုန်းမချလိုက်နဲ့နော်"

"မချပါဘူး၊ အချိန်မရွေး လာခဲ့ပါလို့ ကျွန်မ စိန်ခေါ်ခဲ့ပြီးသား၊ ဘာကို ဂရုစိုက်ရမှာလဲ..၊ ပြောစရာရှိတာ ပြောလို့ရတယ်"

"လေသံက မာလှချေလား လည်ဆွဲ..၊ အေး .. နင်က စင်ပေါ်ကလူ ဖြစ်သွားပြီကိုး၊ ဒါပေမယ့် ကျေးရူးကန်းတတ်တဲ့အကျင့်တွေ ကိုယ်စီနဲ့ နင်တို့မောင်နှမ ဖာတ်သိမ်းမလှနိုင်ဘူးဆိုတာတော့ ငါ အတပ် ပြောရဲတယ်၊ အဲဒါ မှတ်ထား.."

"ရှင်ပြောချင်တာ ဒါပဲလား.."

"အများကြီး ကျန်သေးတယ်၊ တစ်ခွန်းမှ ပြန်မပြောဘဲနဲ့ နားထောင်လိုက်၊ ငါက တိမ်တိုက်လို မင်းပြောသမျှကို သကာလို့ချိုမှာ မဟုတ်ဘူး၊ ဖုန်းချထားခဲ့ပြီး ပြေးပြီး လည်ပင်းညှစ်သတ်မိမှာစိုးလို့.."

"အပိုတွေ ခြိမ်းခြောက်မနေပါနဲ့ မကြောက်ဘူးလို့ ကျွန်မက ကြေညာထားပြီးသား၊ ဘာလဲ .. ပစ္စည်းတွေ ဘယ်မှာလဲလို့ တိမ်တိုက် က တင်ဖက်လှည့်နဲ့ မေးခိုင်းလိုက်တာလား၊ အဖြေက နောက်ထပ် ပြောင်းလဲမှာ မဟုတ်ဘူးနော်၊ ဒါပဲ ဖြေမှာ၊ လုံးဝ မပေးနိုင်ဘူး"

"ပစ္စည်းတွေကိုဖက်တွယ်ပြီး နင် တစ်သက်လုံး ဒူးနှံ့နေလိုက်တော့ သူကတောင် ခွင့်လွှတ်လိုက်ပြီဆိုကာမှ ငါတို့က ဘေးလူတွေ ဒါပေမယ့် သိသင့်တယ်ထင်တာတွေကိုတော့ ပြောပြချင်တယ်၊ နင်က စည်းစိမ်ချမ်းသာ တွေနဲ့ သိကြားမင်းစည်းစိမ်ကို ခံစားရယူနေတဲ့အချိန် .. သူတို့ထံ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ တိုက်ပေါ်ကနေ တဲပေါ် ရောက်သွားပြီပေါ့"

"ဘာ!..."

"ဟွန်း .. ဝမ်းသာသွားလား..၊ နေဦး .. မပြီးသေးဘူး၊ ရဲကြီးတယ်ဆိုတာလည်း အပြစ်သိမှ ကိုယ့်ကိုယ်ကိုယ် ရဲကြီးမှန်း သိတာ၊ စည်းစိမ်တွေယစ်မူးပြီး ဟိုကောင့်လို ဖြုန်းဒိုင်းဆို သေသွားရင် နင် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်း မသိလိုက်မှာစိုးလို့ နားထောင်ဦး"

လည်ဆွဲ အသံတစ်ချက်မှမထွက်တော့ဘဲ နားစွင့်နေမိ၏။ ဖုန်းထဲမှာ ညီညီထွန်း အသံက ဒေါသနှင့် တုန်ခါမှုတွေ များနေခဲ့ပြီး...

"တိမ်တိုက် တို့က ကျောက်တွင်းလုပ်ငန်းတွေ လုပ်တာ မဟုတ်ဘူး၊ သူ့ရဲ့အဖေက ကျောက်တွင်းပိုင်သူဌေးတွေရဲ့ အားထားရတဲ့ ကျောက်ဘုရင်..၊ တွင်းပိုင်တွေက ကျောက်ကောင်းရတာနဲ့ သူ့ဆီ ပြေးအပ်ကြတာ၊ အဲဒါ မှောင်ခိုရောင်းဝယ်နေတာလို့ မထင်နဲ့နော်၊ 'မိုးသားမျက်နှာ' သူဌေးကြီး ဦးကောင်းကင်ရောင် ဆိုတာ ကောင်းကင်ကြီးလိုပဲ အားလုံးရဲ့အပေါ်မှာ စိုးမိုးထားနိုင်တဲ့လူ၊ သစ္စာထားတယ်၊ သမာဓိရှိတယ်၊ လုပ်ငန်းအပေါ်မှာရော နိုင်ငံအပေါ်မှာပါ သစ္စာမဖောက် ဘူး၊ သူဌေးတွေရဲ့ ကျောက်တွေလာသမျှ သူလည်း ယူတယ်၊ တခြား သူ့လိုပဲ ပစ္စည်းကောင်းကိုမှ အမွေအနှစ်အဖြစ် သိမ်းထားချင်တဲ့လူတွေ၊ စုဆောင်းမယ့်သူတွေလက်ထဲကို ပို့တယ်၊ ပစ္စည်းအတွက် သူဖြတ်တဲ့ဈေးက ဘယ်တော့မှ အတိမ်းအစောင်း မရှိခဲ့ဘူး၊ အမြတ်မထုတ်ဘူး၊ အဲဒါကြောင့် သူက ကျောက်တို့ရဲ့ဘုရင်..၊ ချမ်းသာတယ်ဆိုတဲ့လူတွေရဲ့ ခေါင်းပေါ်ကလူ.."

နားထောင်နေပေမယ့် ခုချိန်ထိ လည်ဆွဲ လိပ်ပတ်မလည်ခဲ့ပေ..၊ သူ ဘာတွေကို ဦးတည်နေတာလဲ..၊ သူမ ဆက်နားထောင်နေသင့်သလား..၊ စိတ်တွေ ယောက်ယက်ခတ်နေပေမယ့် ဖုန်းကို ဖိကပ်ကိုင်ထားဆဲ ဖြစ်နေရင်း...





"တွေးကြည့်လိုက်ပါဦး .. နင့်ရဲ့အစ်ကို ကျောက်တူးလို့ သူဌေးဖြစ်သွားတယ်ဆိုတာ တိမ်တိုက် တို့နဲ့ ဘယ်လိုအပိုင်းကဏ္ဍမှာ ငြိဖို့ရှိလို့လဲ..၊ အခု ငြိမိကြတာ ဘာကြောင့်လဲ .. နင် တွေးလေ.."

"ရှင် ဘာတွေပြောနေတာလဲ ကိုညီထွန်း၊ ကိုကြီးကိုပဲ လူဆိုးဖြစ်အောင် သက်သေသာဓကတွေနဲ့ ပြဖို့ ကြိုးစားနေတာလား"

"နင့်အစ်ကိုက သူခိုးပဲ..၊ သူခိုးဖြစ်ကြောင်း သက်သေက နင့်လက်ထဲမှာ ထားခဲ့တဲ့ပစ္စည်းတွေလေ၊ နောက်ထပ် ဘာသက်သေ လိုသေးလို့လဲ"

"ရှင် .."

"ဟော့ .. ဖုန်းချလိုက်တာနဲ့ မင်းရှေ့ကို ငါ ရောက်လာမှာနော်၊ ရောက်လာပြီဆိုရင် မင်းကို ကိုယ်ထိလက်ရောက် မဆုံးမဘူးလို့ အာမခံနိုင်ဘူး၊ မင်းအစ်ကို ခိုးတာတွေကို လူသိရှင်ကြား အော်မပြောပါဘူးဆိုလည်း တာဝန်မယူဘူး၊ မင်းရဲ့ပတ်ဝန်းကျင်မှာ သူခိုးဓားပြရဲ့ညီမဆိုတာ သမိုင်းမတွင်ချင်ရင် ငါ ပြောပြီးအောင် နားထောင် .."

ကိုကြီးကို သူခိုးလို့ တစ်ခါပြောခံလိုက်ရတိုင်း ရင်ထဲမှာ ဗျင်းခနဲတစ်ချက်ဖြစ်သည်။ ဒါပေမယ့် တစ်ချိန်လုံး ခိုင်မာနေခဲ့သည့် ယုံကြည်ချက်တွေဟာလည်း...

"ဘယ်တော့မှ ဘာအကြောင်းမှ မပြောနဲ့တော့လို့ ဟိုကောင်က ဆိုခဲ့ပေမယ့် အဖြစ်မှန်ကို သိတဲ့လူက ဘာမသိညာမသိ ရမ်းတုတ်ဝေ်ကားတာကို ခံနေရတာ လဲသေပစ်ချင်အောင် နာတယ်၊ ဒါမှမဟုတ် နင့်ကို အစိမ်းလိုက် ဝါးစားချင်စိတ်တွေဖြစ်လာတယ်၊ ငါတို့ရဲ့ဦးလေး ဦးကောင်းကင်ရောင် ဟာ နင့်အစ်ကို သတ်ခဲ့လို့ သေခဲ့ရတာ"

လည်ဆွဲ နားထဲမှာ ဗုံးတစ်လုံး ကွဲ၏။

"တကယ်တော့ နင့်အစ်ကို ကျောက်တူးဖို့ရောက်လာပြီး ဘာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှ လက်ကြောတင်းအောင် လုပ်ခဲ့တာ မဟုတ်ဘူး၊ သူနဲ့အတူလာ တဲ့ကောင်တွေ ဖျားကြနာကြ ဒုက္ခရောက်ကုန်တာကြည့်ပြီး သူက စားရေး သောက်ရမဲ့နဲ့ ပြန်လစ်တော့မလို့၊ အဲဒါကို တိမ်တိုက် ရဲ့အဖေက ကယ် တင်ပြီး ကားမောင်းသင်ပေးတယ်၊ ကားကြီးတွေနိုင်တာနဲ့ သူစီးတဲ့ကား ကိုမောင်းခိုင်းတဲ့အထိ ယုံကြည်ခဲ့တာ၊ ငါတို့ဦးလေးမှာ မုန်းတဲ့သူ ရှိလား မရှိလား မမေးနဲ့၊ အဲဒီလို ချမ်းသာပြီး ရာတနာထုပ်ကြီးတပိုက်ပိုက်နဲ့ သွား လာနေတာတောင် ကိုယ်ရံတော်ရယ်လို့ သပ်သပ်ထားခဲ့တာ မဟုတ်ဘူး ဘာပြဿနာမှလည်း မရှိခဲ့ဖူးဘူး၊ သူ့ရဲ့တပည့်တွေထဲမှာ နင့်အစ်ကိုကို တော့ တပည့်ရင်းမဟုတ်ဘဲနဲ့ သံယောဇဉ်ပိုပြီး သူ့နားမှာပဲ ထားခဲ့တာ..."

ပြောနေရင်း မဲ့လိုက်သည်။ 'ဟွန့်' ခနဲ လှောင်ရယ်သံတွေ၊ တဏှ ခေါက်တာတွေလည်း ရှိကာ..

"သူနဲ့ဦးနဲ့ နှစ်ယောက်တည်းသွားတဲ့အခါမှာ မင်းအစ်ကိုက ပစ္စည်း တွေကို အထုပ်လိုက် 'မ' ပြေးသွားတာ၊ သူ ဘာမှ ပင်ပင်ပန်းပန်း ရှာဖွေခဲ့ တာ မဟုတ်ဘူး၊ သူများတွေရဲ့ စည်းစိမ်ဥစ္စာတွေကို အဆင်သင့် ခိုးသွားခဲ့ တာ၊ အဲဒါတွေကျတော့ မင်းကို မပြောခဲ့ဘူးမို့လား.."

လည်ဆွဲ ခေါင်းခါပစ်ဖို့ ကြိုးစားနေဆဲဖြစ်သည်။ ဒါပေမယ့် ခေါင်းခါ လို့မရအောင် ဇက်ကြီးခိုင်နေသလိုပင်..၊ 'မဟုတ်တာတွေ မပြောနဲ့' လို့ စိတ်ထဲက ပြောနေမိပြီး အသံက မထွက်..၊

"အဲဒါ တိမ်တိုက် တို့ရဲ့ ဘဝတွေ၊ သိက္ခာတွေနဲ့ တာဝန်ယူထားခဲ့တဲ့ ပစ္စည်းတွေ ဒီလိုဖြစ်သွားလို့ပါ၊ အစားပြန်လျော်ပါ့မယ်လို့ပြောပြီး ချလျော် လိုက်ဖို့က ပစ္စည်းတွေရဲ့ တန်ဖိုးကို တွက်ကြည့်လိုက်တာနဲ့တင် သုံးဘဝ လောက် ဆက်သေသွားလို့ရတယ်၊ ဒါပေမယ့် အခု တိမ်တိုက် လျော်ရ တော့မယ်၊ ဆန်ကောလောက်မှ ဖောက်မနက်တဲ့ နင်တို့လို တစ်ထွာ တစ်မိုက်ဉာဏ်နဲ့ လူဆိုးလူညစ်တွေကြောင့် သူ့ဘဝ ဇရပ်ပေါ် ရောက်





တော့မှာ..၊ နင့်လိုမိန်းမမျိုးကို အရိပ်တကြည့်ကြည့် လိုက်စောင့်ရှောက် သိုအပ်သမျှ ပုံပေး၊ ပြောသမျှ ခေါင်းငုံ့ခံခဲ့တာ အဲဒီကောင် ရူးနေလို့.."

လည်ဆွဲ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြသည်။ ဒါတွေ ဘာကယ်လား..၊ သူတို့ ဒီတိုင်း တကယ်ဖြစ်နေကြတာလား..၊

ဖုန်းကိုင်ထားရင်း ဒူးနှစ်ဖက်က ဆတ်ဆတ်တုန်လေသည်။

"ဒီမှာ ကျေးဇူးကန်း ရာဇဝင်ရိုင်းနဲ့ ပန်းလည်ဆွဲ..၊ နင် လမ်းပေါ်မှာ ဒုက္ခရောက်သမျှ အကူအညီတွေ ပေါ်လာခဲ့တာ၊ နင့် ကံကောင်းလွန်းလို့ များ ထင်နေသလား၊ အဲဒါ တိမ်တိုက် ဆိုတဲ့ ကြောင်က တကောက် ကောက်လိုက်ပြီး ဖြည့်ဆည်းပေးနေတာ၊ ငါတို့ ဒုက္ခပေးဖို့ ခြေလှမ်းပြင် တိုင်း နင် လူလုံးမပျက် ပြန်ပြန်သွားနိုင်တာရော.. ကိုယ့်ကိုယ်ကိုယ် ဘုန်းကြီးလှပြီလို့ ထင်လား၊ ဟွန်း .. တိမ်တိုက် သာ ကြားက ခံမနေခဲ့ရင် နင် ခုလောက်ဆို လမ်းပေါ်မှာ ခွက်ဆွဲတောင်းစားနေရပြီ၊ ခုတော့ .. ငါတို့ရဲ့ ငမိုက်သားက ရင်စည်းခံတော့မယ်တဲ့၊ ကောင်းပါတယ်၊ 'ငါ ဆိုက်လို့ ရတာ' လို့ ကြွေးကြော်ပြီး နင် စံစားနေပါ၊ ဒါပေမယ့် တစ်နေ့ နေ့မှာ နင့်အစ်ကိုထက် အဖြစ်မဆိုးဘူးဆိုရင် ကြိုက်သလို ပြော..၊ အဲဒါ ဘယ်သူ့ပယောဂမှ ပါဖို့မလိုဘဲ ကျေးဇူးကန်းခဲ့တဲ့ နင့်အပြစ်အတွက် နင် ပေးဆပ်ရမယ့်နေ့.."

တစ်ဖက်က ဖုန်းချသွားသည့်အသံလေးကို ကြားနေရလျက်နှင့် ဒီတိုင်းပဲ ငေးနေခဲ့မိ၏။ သစ်ရွက်တွေ အသံမြည်အောင် တဖျောဖျော လွင့်ခတ်သွားခဲ့ရင်း လေအေးတစ်ချက် ဟူးခနဲ တိုးဆောင့်သွားသွင် နေရာမှ တဖြည်းဖြည်း ထရပ်လိုက်မိသည်။

ဖုန်းကိုင်ထားသည့်လက်နှင့် ကျန်သည့် လက်ဖဝါးတစ်ဖက်အား တင်းကျပ်စွာ ဖိဆုပ်ထားခြင်းဖြစ်လျက် တောင့်မတ်စွာ ရပ်နေမိသည်။

ထို့နောက် တစ်ခုခုကို ဆုံးဖြတ်လိုက်မိရင်း အိမ်ဆီကို ရှာခေါ်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်ပြေးခဲ့၏။

"သမီး .. သမီး .. ဘာဖြစ်လို့လဲဟင်"

ဧည့်ခန်းကိုလွန်တော့ နောက်ကထွက်လာသည့် အမိုးနှင့် တိုက် မလိုဖြစ်ကာ ပျာပျာသလဲမေးသံကြောင့် လည်ဆွဲ ခေါင်းခါ၍..

"ဟင့်အင်း .. လည်ဆွဲ က မခေါ်ဘဲ မလာနဲ့နော် အမိုး"

အမိုး ခေါင်းညိတ်လိုက်တာကို မစောင့်နိုင်ဘဲ စာကြည့်ခန်း ပြေးဝင်ကာ အထဲကနေ လော့ခ်ချထားလိုက်သည်။

"ဘယ်မှာလဲ .. ဟိုဘက်ခန်းကို ဒီထဲကနေ ကူးမှရသည်ဆိုတာ ဘယ်အပေါက်..၊ ဘယ်တံခါးလဲ.."

စိတ်ထဲမှာ 'ဘယ်မှာလဲ' ဆိုသည့် မေးခွန်းတွေဖြစ်ရင်း နှုတ်မှ လည်း တတွတ်တွတ် ရေရွတ်နေမိသည်။ လူကလည်း ဟိုဟာပြေးဆွဲ၊ ဒီဟာ ဆွဲဖယ်နှင့်...

'ကိုကြီး နောက်မှ အေးဆေးပြောပြမယ်' လို့ ပြောပေမယ့် တစ်ချိန် မှ အေးဆေးခွင့်မရခဲ့ဘဲ ကိုကြီး သေဆုံးသွားခဲ့သည်။

ဒီပစ္စည်းတွေကို လည်ဆွဲ စိတ်ဝင်စားချိန် မရခဲ့ပါ။ ထို့ပြင် တိမ်တိုက် က လိုလေသေးမရှိ စောင့်ရှောက်ခဲ့သည့်ပြင် ဒီပစ္စည်းတွေအကြောင်း လူမသိလေ ကောင်းလေလို့ ထင်ခဲ့တာလည်း ပါ၏။

တိမ်တိုက် ကို ယုံကြည်တဲ့စိတ်တွေ ရှိနေခဲ့တာတောင် ဒီအထူး ကိစ္စတွေကို ကိုယ်လည်း သိပ်နားမလည်တာမို့ 'မသိဘူး' ပဲ ပြောခဲ့မိတာ ဖြစ်၏။

ထို့ပြင် ဘယ်လိုပစ္စည်းတွေဆိုတာလည်း ကိုယ်တိုင် မသိခဲ့လို့ ခုတော့ သိရမှဖြစ်မည်၊ 'ကိုကြီးရဲ့ အလုပ်အကြောင်းတွေ ပြောပြထား တာလည်း ရှိတယ်' လို့ ကိုကြီး ပြောဖူးသဖြင့် ဒီပစ္စည်းတွေနဲ့အတူ စာရွက်စာတမ်း ဒါမှမဟုတ် ဒိုင်ယာရီဖြစ်ဖြစ် ရှိနေနိုင်၏။





စားပွဲတွေကို ဟိုမွှေ ဒီမွှေ၊ စာအုပ်စင်ကြီးပေါ်က စာအုပ်တွေကို အကုန်ဆွဲချ၊ ကမူးရှူးထိုး လှုပ်ရှားရင်း လည်ဆွဲ စိတ်ထဲမှာ ကိုကြီး ပြော ခဲ့တာ၊ မှာခဲ့တာတွေကို အစကအဆုံး စဉ်းစားနေမိ၏။

တကယ်လို့ ကိုကြီးက သူကိုယ်တိုင် ပြောပြမှာကို ရည်ရွယ်ခဲ့တာ ဆိုလျှင် ဘယ်သူပြောတာ မှန်သလဲဆိုတာ သိခွင့်မရှိနိုင်တော့ဘူးပေါ့..၊

ဒါဆို နင် ဘယ်လို ဆုံးဖြတ်မလဲ လည်ဆွဲ..၊

မျက်ရည်စီးကြောင်းတို့က ပွတ်သုတ်ပစ်ခြင်းမဟုတ်ဘဲ သူ့အလိုလို ခြောက်သွေ့ခဲ့ရသဖြင့် ပါးပြင်တွေမှာ တင်းကပ်ကပ်ကြီး ဖြစ်နေ၏။

ထို့ကြောင့် လက်ဖဝါးနှစ်ဖက်နှင့် မျက်နှာကို ဖိပွတ်ပစ်ရင်း လှုပ်ရှား မှုတွေကို ခဏတဖြုတ် နားလိုက်မိ၏။

စာကြည့်ခန်းက သိပ်တော့ မကျယ်သလို စာကြည့်စားပွဲရယ်၊ ကုလားထိုင်နှစ်လုံးရယ်၊ စာအုပ်စင်မြင့်အကြီးတစ်ခု၊ အနိမ့်တစ်ခု ဒါပဲ ရှိသည်။

ပြီးတော့ စောင်းတီးနေသည့် မင်းသားတစ်ပါးနှင့် ဘေးမှာ နုနုရွရွ လေး ထိုင်နေသည့် မင်းသမီးတစ်ပါး၏ ပုဂံရွှေချည်ထိုးပန်းချီကားကြီး တစ်ချပ်..၊

လည်ဆွဲ စိတ်အိုက်လာကာ မျက်လုံးတွေ ဟိုဒီဝေ့ပတ်ရှာရင်း ထပ်ဝတ်ထားသော အနက်ရောင် အပေါ်ထပ်လက်ရှည်အကျီ ခါးတို လေးကို ချွတ်ပစ်လိုက်သည်။

သူမကိုယ်ပေါ်မှာ အဝါရောင် လက်နှစ်လုံးလောက် စပို့ရှပ် ကိုယ် ကျပ်လေးရယ်၊ သရီးကွာတားဘောင်းဘီအညိုလေးပဲ ကျန်သည်။

ဆံပင်က တိုသေးတော့ ဒီလို ရှေ့ဟိုက်နောက်ဟိုက်အကျီတွေကို အပေါ်ထပ်မပါဘဲ အပြင်ကို ဝတ်သွားလို့မကောင်း..၊

ချွတ်လိုက်သည့်အကျီကို စားပွဲပေါ် လှမ်းပစ်တင်ကာ နဖူးပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေကိုလည်း လက်နဲ့ ဖြစ်သလို ထိုးသိပ်တင်၏။ ဘေးနှစ်ဖက် ဆံပင်တွေကိုပါ နားနောက်မှာ ဖိသပ်ညှပ်လိုက်ရင်း မျက်နှာကို ထပ်ပွတ်မိပြန်သည်။

ဘယ်လိုလုပ်နေနေ စိတ်အိုက်နေတာက မပြေနိုင်၊ မပင်ပန်းသေးဘဲ မောနေသဖြင့် ရင်ဘတ်တွေမောက်အောင် အသက်ရှူနေရသည်။

တံခါးက ဘယ်မှာလဲ..၊ ဘယ်လို ဖွင့်မလဲ..၊ နံရံတစ်ဖက်ကိုပဲ ရှုးစိုက်ကြည့်ရင်း ဒါပဲ အထပ်ထပ် တွေးနေမိသည်။ ဒီတိုက်ကြီးထဲ ကိုကြီးက စိတ်တိုင်းကျ ပြင်ဆင်နေရာချပြီးမှ လည်ဆွဲ ကို ပြောင်းခဲ့ဖို့ ခေါ်တာ ဖြစ်မည်။

စတိုခန်းနဲ့ ဒီ စာကြည့်ခန်းရဲ့ အလယ်မှာ တံခါးမရှိဘဲ နံရံအထူကြီးပဲ ရှိနေသည့်အထဲမှာ အခန်းဆိုရင်လည်း ထိုအခန်းဟာ အလွန်ဆုံး ငါးပေခြောက်ပေထက် မပိုနိုင်..၊

လည်ဆွဲ နံရံနားကို လျှောက်သွားမိကာ လက်သီးဆုပ်နဲ့ နေရာနှံ့အောင် လိုက်ထုနေမိသည်။ ထိုစဉ် စာအုပ်စင်အနိမ့်ကလေးရဲ့ အစွန်းလောက်မှာ နံရံကို ထုလိုက်မိတာ တစ်မျိုးကြီးဖြစ်သွားသလို ခံစားမိလိုက်သဖြင့် ထပ်ထုမိသည်။

ပြီးတော့ စိတ်တိုင်းမကျဖြစ်ကာ စာအုပ်စင်ကို တစ်ယောက်တည်း မရမက ဟိုဘက်လှည့် ဒီဘက်လှည့်နှင့် နံရံက ကွာသွားအောင် ကြိုးစားလိုက်၏။ ဒါပေမယ့် နံရံသည် ဘာအဖုအထစ်၊ သော့နေရာမှ မမြင်ရအောင် ချောမွေ့နေကာ တံခါးနဲ့တူတာ ဘာမှမရှိ..၊

"လည်ဆွဲ က ဘယ်လိုလုပ် ဖွင့်မှာလဲ၊ ကိုကြီး ပြောပါဦး၊ အခုနေ သူတို့တွေသာ လည်ဆွဲ ကို စောင့်ရှောက်မထားခဲ့ရင် ကိုကြီးက ဒါတွေကို လည်ဆွဲ ယူလို့မရအောင် ဖုက်ထားတာ လည်ဆွဲ ဘဝကို ဘာတွေနဲ့ ရပ်တည်ရမှာလဲ၊ ပြောလေ.. ဘယ်မှာလဲဆိုတာ ကိုကြီး ပြောပြပါ."





အားမလိုအားမရ ဖြစ်လာခဲ့ရင်း နံရံကို တအားထုကာ မကြားနိုင်တဲ့သူကိုပဲ တမ်းတမေးမြန်းနေမိသည်။

"ကိုကြီး ဘာတွေ လုပ်ခဲ့တာလဲ၊ အဲဒါတွေ လည်ဆွဲ သိချင်တယ် ကိုကြီးရဲ့၊ ဘာပစ္စည်းတွေလဲဆိုတာ လည်ဆွဲ သိချင်တယ်၊ တံခါးဖွင့်ပေးပါ၊ ဖွင့်ပေးပါ"

လည်ဆွဲ မျက်ရည်တွေ ဝေ့လာကာ နံရံကို ထုနေရင်း နောက်ပြန်ဆုတ်လိုက်မိသည်။ ထိုအခါ စာအုပ်စင်ကို ကျောနဲ့တိုက်မိသွားကာ 'ဒေါက်'ခနဲ ပြုတ်ကျသံတစ်ခုကို ကြားလိုက်ရ၏။

လှည့်ကြည့်လိုက်တော့ ကလေးတွေကစားသည့် ဟန်းဖုန်းအတုလေးဖြစ်ကာ ပြုတ်ကျသည့်အရှိန်နှင့် ကွဲလုကွဲခင် ခပ်ဟဟလေး ဖြစ်နေ၏။ လည်ဆွဲ ကမန်းကတန်း ကောက်ယူလိုက်သည်။ ပြီးတော့ ဖုန်းခလုတ်တွေကို လျှောက်နှိပ်ကြည့်မိပေမယ့် ဘာမှလည်း မဟုတ်..၊

ကလေးကစားတဲ့ဖုန်းကို ကိုကြီး ဒီထဲမှာ တကူးတက လာသိမ်းထားဖို့ မရှိနိုင်ပေ..၊

ဟိုလူတွေ ဘစ်အိမ်လုံးကို ရှာဖွေသွားတုန်းကလည်း စာရွက်စာတမ်းတွေ စားပွဲ၊ အံဆွဲတွေထဲမှာ ဖွသွားတာပဲရှိကာ ဒါကို သတိမထားခဲ့ဘူး ထင်၏။

ဖုန်းကိုလှည့်ပတ်ကြည့်နေရင်း ငုတ်တုတ်လေးထိုင်လိုက်ပြီး ဟနေသည့်အရာကို ကွဲထွက်သွားအောင် ကြမ်းပြင်နဲ့ သုံးလေးချက်လောက်ကိုင်ရိုက်ပစ်လိုက်၏။

သူမ ထင်သည့်အတိုင်းပါပဲ..၊ ဖုန်းက ကွဲထွက်သွားကာ အထဲကနေ ဖုန်းကဒ်လို ကော်ပြားအစိမ်းရောင်လေးတစ်ချပ် ထွက်ကျလာ၏။ ပေါ်လုံးလေးတွေက အစိမ်းရောင်လွဲလွဲ ဖြူဖျော့ဖျော့မို့ သေချာစိုက်ကြည့်မှ ဖတ်လို့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



* နံရံထောင့် အောက်ခြေ

ဆိုသည့် စာလုံးကို ဖတ်လို့ရသည်နှင့် လည်ဆွဲ မျက်လုံးတွေ ထိုဆီ တန်းရောက်သွား၏။ တွေ့လိုက်ရတာက အောက်ခြေနားမှာ အဖြူရောင် နိုင်လွန်ကြိုးစလေးတစ်စ ကြမ်းပြင်အထက် တစ်ပေလောက်ကနေ တန်းလန်းကျနေ၏။

ကြိုးစကို ပုံစံအမျိုးမျိုးနှင့် ဆောင့်ဆွဲကြည့်နေစဉ် လျှာထိုးပုံစံ ပွင့်သွားသည့်တံခါးရွက်က လူတစ်ယောက် ကိုယ်တစ်စောင်းဝင်သာရုံပဲ ဖြစ်၏။ ကိုကြီး ဒီလောက်ထိ သေချာသိမ်းဆည်းထားသည်လို့ မထင်တာလား၊ ဒီမှာ ရှိချင်မှလည်း ရှိမှာလို့ထင်ပြီး သေချာ မရှာခဲ့တာလား..၊

ယောက်ျားကြီး နှစ်ယောက်၊ သုံးယောက် ဝင်ရှာပြီး မတွေ့ကြတာကို လည်ဆွဲ အံ့သြမိ၏။ အထဲကို ဝင်လိုက်တော့ ခေါင်မိုးစပ်မှာ လက်တစ်ဝါးစာလောက် လေဝင်ပေါက်လေးကနေ တိုးဝင်နေသည့် အလင်းရောင်လေးပဲ ရှိသည်။

ဒါပေမယ့် ထိုအလင်းရောင်လေးက အခန်းထဲကို မြင်သာထင်သာ ရှိနေပါ၏။

အထဲမှာ နှစ်ထပ်ဗီရိုပုလေးတစ်လုံးမှလွဲ၍ ဘာမှမရှိပေ..၊

လည်ဆွဲ ခြေလှမ်းတွေ မပြေးရုံတမယ်နှင့် ထိုရှေ့ကို ရောက်သွားကာ ဗီရိုရှေ့မှာ ခြေဖျားထောက်ထိုင်သည်။

သော့ မရှိဘဲ ဒီတိုင်းလေး စေ့ထားသည့်တံခါးက အလွယ်တကူ ဖွင့်လိုက်တာနှင့် ပွင့်သွားကာ အထဲမှာ ခြောက်လက်မပတ်လည်လောက် ရှိသော ကုဗတုံးပုံစံ အနီရောင်သေတ္တာလေးတစ်လုံးနှင့် စာအုပ်တစ်အုပ်..၊ ဒုတိယဆင့်မှာတော့ အကောင်းစား သားရေအိတ်ကြီးတစ်လုံး ဖြစ်ကာ ဘာမှန်း သိချင်လာတာမို့ ဆွဲထုတ်လိုက်မိ၏။

အိတ်က သော့ရှိနေလျက်နှင့် ပွင့်လျက်သား ဖြစ်၏။ ပြီးတော့ ဆေး





အိတ်တွေထဲမှာ စာချုပ်စာတမ်းတွေမှာရော အသက်လေးဆယ်ငါးဆယ် အရွယ် လူကြီးလေးယောက်၏ ဓာတ်ပုံအသေးလေးတွေရော ဘာမှန်း မသိ..၊

အလယ်အိတ်မကြီးထဲကို ဖွင့်ကြည့်လိုက်တော့ အကောင်းစား ဂျာကင်နှစ်ထည်၊ ကုတ်အင်္ကျီနှစ်ထည်နှင့် အဖြူရောင်စွတ်စွတ် ကော်လံ ကတုံးနှင့် လက်ရှည်ရှပ်အင်္ကျီကြီးတွေ လေးငါးထည်လောက် ရှိမည်။

အားလုံးက လူကြီးအရွယ်လောက်၏ အဝတ်အစားတွေမှန်း သိသာ၏။ ထိုပြင် ပုဆိုးတွေက အကွက်ကျဲချည်ပြောင်တွေ..၊

နောက်ထပ်ကြည့်တော့ ငွေဆယ်သိန်း အစည်းလိုက်ရယ်၊ လက်ကိုင်အိတ်လေးတစ်လုံးရယ် ရှိနေသေးသည်။

ဒါကိုလည်း လည်ဆွဲ ဖွင့်ကြည့်လိုက်မိသည်။ မှတ်ပုံတင်တစ်ခု အပြင် အခြားအသင်းအဖွဲ့ဝင် လူကြီးပိုင်းရာထူးနှင့် ကဒ်တွေဖြစ်၏။

အားလုံးဓာတ်ပုံတွေဟာ တစ်ယောက်တည်းပဲဖြစ်ကာ ထိုလူကြီး၏နာမည်သည် ဦးကောင်းကင်ရောင်..၊

"ဘုရား .. ဘုရား .."

လည်ဆွဲ လက်တွေ ကတုန်ကယင်ဖြစ်လာကာ ဘယ်လိုမှ မထိန်းနိုင်သည့် ရင်နင့်ကြေကွဲခြင်းက ကဒ်တွေကို အထပ်လိုက် ဖြန့်ကြည့်နေရင်း မျက်ရည်စက်တို့ကို တစ်စက်ချင်း ခြွေချနေခဲ့၏။

ထို့နောက် နေရာမှာပဲ ခွေခွေခေါက်ခေါက်လေး ထိုင်ချလိုက်မိတာ သေတ္တာလေးကို လက်နှစ်ဖက်နဲ့ 'မ'ယူလိုက်သည်။

သော့တန်းလန်းနဲ့မို့ ဖွင့်ဖို့က မလွယ်ပေ၊ ထို့ကြောင့် စာအုပ်ကို ဖွင့်ကြည့်လိုက်တော့ အပေါ်ဆုံးအဖုံးနှင့် ကပ်လျက်ကြားထဲမှာ နံပါတ် ရှည်ကြီးတစ်ခုကို ဒေါင်လိုက်ရေးထားတာ တွေ့လိုက်ရ၏။

လည်ဆွဲ သေတ္တာမှာ ရှိနေသည့်သော့ကို ကုဒ်အတိုင်း သေချာ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ဖွင့်လိုက်သည်။

"အမလေး.."

လည်ဆွဲ သေတ္တာကို ဖွင့်လျက်သားအတိုင်း ကယောင်ကတန်း ချပစ်လိုက်မိ၏။ အထဲမှာ ပြိုးပြိုးပြက်ပြက်လက်နေသည့် ရတနာတွေက မီးပွင့်တွေနှင့်တူနေသည်။

တစ်ထပ်မှာ နှစ်ကန့်ပါကာ အပေါ်ထပ်ကို ဖယ်လိုက်တော့ အောက်မှာလည်း နှစ်ကန့်ပါသည့် အထပ်တစ်ထပ် ရှိသေးသည်။

ပြီးတော့ အောက်ဆုံးမှာ နှစ်ကန့်..၊

အားလုံး ကျောက်မျက်ရတနာတွေဖြစ်ကာ ရောင်စုံ ပြိုးပြက်လက်နေ၏။ လည်ဆွဲ လက်ဖဝါးချင်း ထပ်ဆုပ်ထားမိလျက် ရင်တွေ တဒိန်းဒိန်းဆောင့်ခုန်နေတာ ရင်ဘတ်အပေါ်မှာပါ လှုပ်ခါနေလေသည်။

ဒါတွေကို ကိုကြီး ခိုးယူလာတာပေါ့။ ခိုးလာတယ်ဆိုတာ တကယ်လား..၊ ရတနာတွေရယ်၊ ဦးကောင်းကင်ရောင် ၏ မျက်နှာကြီးရယ်၊ ပြီးတော့ တိမ်တိုက် ရယ်..၊

လည်ဆွဲ မျက်လုံးထဲမှာ အားလုံး၏ပုံရိပ်တွေ တရှပ်ရှပ်ပြေးနေကာ ဖောက်တိဖောက်ထိုးတွေဖြစ်လျက်...

"အား .. ကျွတ် .. ကျွတ်"

ခေါင်းတွေမူးကာ မျက်လုံးတွေပါ ကိုက်လာခဲ့၏။

ဒီလောက်ဆို အခြေအနေကို လည်ဆွဲ နားလည်နေပါပြီ၊ ရှက်ခြင်း၊ သိမ်ငယ်ခြင်းနှင့် ထိခိုက်နာကျင်မှုကြောင့် သူမ ဒီနေရာမှာတင် အရည်ပျော်ကျပြီး အခိုးအငွေ့လို ပျောက်ပျက်သွားတော့မလား မသိ..၊

ထို့နောက် စာအုပ်လေးကို မရဲတရဲကိုင်၍ နှစ်ရွက်ကျော်မှာ ရေးထားသည့် ပထမဆုံးစာတမ်းကို ဖတ်လိုက်မိသည်။

'ဝန်ခံပါသည်'



ဆိုသည့် စာလုံးခပ်ကြီးကြီးအောက်မှာ 'လူချမ်းသာ'ဆိုသည့် နာမည်ကို လက်မှတ်ပဲ ထိုးထား၏။

ကိုကြီးက ဝန်ခံမယ်တဲ့လား..၊

ကိုကြီး ဝန်မခံလည်း ဒါတွေအားလုံးကို တစ်နေရာတည်းမှာ စုလို မြင်လိုက်ရကာမှတော့ ကိုကြီး ဘာလုပ်ခဲ့တယ်ဆိုတာ လည်ဆွဲ နားလည် နေပါပြီ..၊

ရှိုက်သံမပွင့်တပွင့်နှင့် ပြောနေမိရင်း လည်ဆွဲ နောက်ထပ် စာမျက်နှာကို လှန်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၂)

"ချမ်းသာ .. မင်း .. မင်း .. ဘယ်လိုလုပ်လိုက်တာလဲ"

အသက်ရှူရပ်မတတ် မောကျပ်နေသည့် ဦးကောင်းကင်ရောင် မျက်နှာကြီး နီရဲနေတာကို စေ့စေ့မကြည့်ဘဲ ချမ်းသာ မျက်နှာလွှဲလိုက်သည်။

မဟာနဖူးကျယ်ကျယ် မျက်ခုံးထူထူ ထူပြည့်သော လေးကိုင်းသဏ္ဍာန်နှုတ်ခမ်းများနှင့် တည်ကြည်ခန့်ညားသော ဥပမိရုပ်ရှိသည့် ဦးကောင်းကင်ရောင် ၏မျက်နှာသည် ရောဂါကြောင့် ရုပ်ပျက်ဆင်းပျက် နီရဲနေ၏။

အသက်ရှူမဝနိုင်တော့ဘဲ မျက်လုံးအစုံ ပြူးထွက်နေကာ နှုတ်ခမ်းတွေ ဟစိ ဟစိ ဖြစ်နေရှာသည်။

ဒီလူကြီးကို သူ ကျေးဇူးတွေတင်ခဲ့ဖူးသည်၊ ယခု မိနစ်သုံးဆယ်လောက်အချိန်အတွင်းထိ လေးစားရိုသေခဲ့၏။

ဒါပေမယ့် ခုတော့ ဒီမျက်နှာကို မကြည့်မိအောင် နေခဲ့သည်။ ဒီအသံကို ကျောခိုင်းလိုက်၏။





"မလုပ်ပါနဲ့ ငါ့ ..ငါ့ရဲ့ ဆေးဘူး ပေးပါ၊ လုပ်ပါ ချမ်းသာ၊ မင်းအကြွေးကို ငါ မေ့လိုက်ပါ့မယ်၊ မင်း လိုချင်တာလည်း ငါ ပေးနိုင်ပါတယ်၊ ဟား.. ဟင်း.."

ဖုတ်လိုက်ဖုတ်လိုက် မောဟိုက်ရင်း တောင်းပန်နေတာကို ကျောခိုင်းကာ ဦးကောင်းကင်ရောင် ရဲ့အိတ်ကြီးကို သူ့အိတ်ထဲမှာ ထည့်ပိတ်လိုက်သည်။

"ဒုန်း.."

သူ့ဆီကို ဒယိမ်းဒယိုင် ထလျှောက်လာရင်း လဲပြိုကျသွားသည့် ဦးကောင်းကင်ရောင် ကို ပြန်ငုံ့ကြည့်ကာ မနီးမဝေးမှာရှိနေသည့် ဆေးဘူးကို သွားကောက်၍ အပြင်ကို ပစ်ချလိုက်သည်။

"ဟာ!... မင်း .. မင်း လူယုတ်မာ .. ဟေ့ .. လုပ်ကြပါဦး ငါ့ .. ငါ့ရဲ့ ဆေးဘူး ပေးပါ၊ အား .,. ဟား .."

သူ တံခါးဝကိုရောက်မှ အပြင်ကအခြေအနေကို အကဲခတ်ရင်း အထဲကို ပြန်လှည့်ကြည့်သည်။

ဦးကောင်းကင်ရောင် မှောက်ခုံကြီး လဲနေရာကနေ တွန့်လိမ်ကွေးကောက်ရင်း တစောင်းပုံစံဖြစ်သွားစဥ်မှာ လှုပ်ရှားမှုတွေ ရပ်တန့်သွားခဲ့၏။

၅

တခြား တပည့်တပန်းတွေ အဝေးကိုရောက်နေကြတုန်းမို့ ချမ်းသာအတွက် ရာသီဥတုက သူ့ဘက်ပါနေသည်။

ထို့ပြင် ဒီခရီးစဥ်မှာ သူ ပါခဲ့တာမဟုတ်ပေ၊ လမ်းခရီးကျမှ အသွားအပြန် ကားချင်းဆုံကာ ဦးကောင်းကင် က သူ့ကားသမားကို တခြားတိစ္ဆနှင့် ပြန်လွှတ်လိုက်တာဖြစ်၏။

ဘာပဲဖြစ်ဖြစ် မိုးကောင်းကလူတွေရော မန္တလေးကလူတွေပါ ထားသမားလဲသွားသည့်အဖြစ်ကို မသိနိုင်ပေ..။ ဒီည ကိုးနာရီက ထိုဘား



www.burmeseclassic.com

www.burmeseclassic.com



သမား ပြန်ရောက်လာမှာမို့ ဒီပြဿနာကို ရှင်းရမှာက သူ့တာဝန်မဟုတ်။

ဘာပဲဖြစ်ဖြစ် ဒီလောက်များပြားတဲ့ရတနာတွေကို ပိုင်ဆိုင်ဖို့ အတွက် ပြဿနာရှိလာရင်လည်း ရှင်းဖို့ ဆုံးဖြတ်ထားပြီးသား..၊

အမိကက ဒါတွေကို ဖေဖေနဲ့ ညီမလေးလက်ထဲရောက်အောင် ထည့်မည်။ သူမှာ မိသားစုရှိနေသေးမှန်း အလုပ်ထဲက ဘယ်သူမှလည်း သိကြတာမဟုတ်တော့ သူ့အတွက် ယူသင့်သလောက်ယူပြီး နိုင်ငံခြားကို လစ်ထွက်သွားတာနဲ့ ပြဿနာက သူ့အလိုလို ပြီးသွားလိမ့်မည်။

ချမ်းသာ သည် ဖြစ်ကြောင်းကုန်စင်ကို ရေးထားခဲ့ပြီး ဖအေကို လည်း တောင်းပန်ထား၏။

ကျွန်တော် ဒိုင်ယာရီရေးတဲ့အကျင့် မရှိပါဘူး ဖေဖေ၊ ဒါက ဝန်ခံချက်တွေပါ၊ ရန်ကုန်ပြန်ရောက်တာနဲ့ ကျွန်တော့်ခရီးစဉ်ကို ဆက်သွားဖို့ပေမယ့် ဖေဖေက မကျန်းမာဘူး၊ ညီမလေးက ကျွန်တော့်နောက် တကောက်ကောက် လိုက်နေတယ်၊

ကျွန်တော် ဘယ်လိုလုပ်သွားနိုင်တော့မှာလဲ၊ အဲဒါကြောင့် ကျွန်တော် ဒီဝန်ခံချက်ကို ရေးနေတာပါ၊

ကျွန်တော် ချမ်းသာဖို့ထက် ညီမလေးကို ချမ်းသာစေချင်တာ၊ ကျွန်တော့်ရဲ့အပြန်လမ်းကို ယုံကြည်မှုတွေနဲ့ စောင့်နေမယ့် ဖေဖေ့ရဲ့မျှော်လင့်ချက်တွေကို မထိခိုက်စေချင်ဘူး၊ အဲဒါကြောင့် ကျွန်တော် မသမာမှုတွေကို ပြုခဲ့ပါတယ်၊

တကယ်တော့ ကျောက်တူးသမားတွေ လောပန်ဖြစ်သွားကြတယ်ဆိုတာ ရေပေါ်မှာ အရုပ်ရေးရတာထက် ခက်ပါတယ်၊ ပင်ပန်းတဲ့ဒဏ်ကို ခံနိုင်ပေမယ့် ဖျားနာပြီး ခွေးသေဝက်သေ သေကုန်ကြတဲ့လူတွေကိုမြင်တော့ ကျွန်တော် ကြောက်တယ်၊





ကျွန်တော်တာ ယောက်ျားမပီသတဲ့ကောင်ပါ၊ ဦးကောင်းကင်ရောင် တာ ကျွန်တော် ဘဝပျက်ပြီး ပြန်မှာသိလို့ ကယ်တင်ထားခဲ့တဲ့ ကျေးဇူးရှင်၊ ဒါပေမယ့် အခွင့်အရေးတွေ အများကြီး ရနေတာကို ကျွန်တော် လက်လွှတ်မခံနိုင်ဘူး၊

မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိမှန်း ကျွန်တော် သိပါတယ်၊ ဒါကြောင့် နိုင်ငံခြားကို သွားဖြစ်ဖို့လည်း ရာခိုင်နှုန်း တော်တော်များနေတဲ့ ကျွန်တော်တာ သွားဖြစ်ရင်တောင်မှ မသွားဖြစ်ခင်မှာ ဒီမသမာမှုက ပေါ်သွားခဲ့ရင် ဥပဒေကပေးတဲ့အပြစ်ကို ခံရဦးမှာဆိုတော့ မထူးစိတ်ပိုက်လိုက်တာပါ၊

ကျွန်တော့်ကို ခွင့်လွှတ်ပါ ဖေဖေ၊ ကျွန်တော့်ကို သူတို့ တရားဥပဒေအရ အရေးယူတာဖြစ်ဖြစ်၊ နောက်တွယ်ကနေ လိုက်လာတာဖြစ်ဖြစ် ကိုယ့်အပြစ်ကို ခံမှာပါ၊ ဒီပစ္စည်းတွေကို တော့ လုံးဝ မဖော်လိုက်ပါနဲ့နော်၊

တစ်ခုကို လိုချင်ရင် တစ်ခုကို စတေးရမယ်မှန်း ကျွန်တော် လည်း သိပါတယ်၊ အဲဒါကြောင့် စတေးသင့်တာက ကျွန်တော်ပါ၊

ညီမလေးအတွက် ဒါတွေကို ဖေဖေ မျိုသိပ် သိမ်းဆည်း ထားပေးပါ၊ ဖေဖေ ဒီစာအုပ်ကို တွေ့တဲ့အချိန်မှာလည်း ကျွန်တော် ထောင်ထဲရောက်ချင်ရောက် မဟုတ်ရင် မပြန်လမ်း တစ်ခုကို ရောက်နေမှာပါ၊

ကျွန်တော် စတေးခံရကျိုးနပ်အောင် ဖေဖေ ဒါတွေကို သိမ်း ထားပေးပါ၊ မတရားမှုကို မကြိုက်တဲ့ ဖေဖေ့ရဲ့သားမိုက်ကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်ရင်တောင် ပစ္စည်းတွေရဲ့တန်ဖိုးတ ပရေမတွက်နိုင်အောင် တန်ပါတယ်၊

ကျွန်တော် ပျောက်တွယ်သွားပြီဆိုတာနဲ့ ညီမလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာမှ လိုက်မရှာဖို့ ဖေဖေ ပြောပေးပါ၊ ဖေဖေလည်း မရှာပါနဲ့၊

မသေခဲ့ရင် ကျွန်တော် ပြန်လာမှာပါ..၊

သားမိုက်

လူချမ်းသာ

စာမျက်နှာပေါ်ကို တပေါက်ပေါက်ကျနေသည့် မျက်ရည်တွေက စာမျက်နှာတိုင်းမှာ စိုရွှဲသွားခဲ့သည်မို့ ချက်ချင်းမပိတ်ဖြစ်ဘဲ လည်ဆွဲ ဒီတိုင်းချထားလိုက်သည်။

ငိုရလွန်းလို့ မျက်ရည်တွေက သည်းနေသည့် မိုးစက်တွေနဲ့ တူလာသည်။ မျက်ဝန်းထဲမှာ ပြည့်လာခြင်း၊ စီးကျသွားခြင်းဆိုသည့် ခံစားချက်တွေလည်း ဘာမှမရှိတော့သလို တစ်ကိုယ်လုံးသည် အရုပ်ကြိုးပြတ်ကဲ့သို့...

ဒီစာတွေဟာ ကိုကြီး ရန်ကုန်ကို ပြန်လာပြီး ဖေဖေ့ကျန်းမာရေးကြောင့် သူ့ရဲ့အစီအစဉ်တွေ မဖြစ်မြောက်တော့ဘူးဆိုတာ သေချာသွားသည့်နောက်မှာ ရေးခဲ့တာဖြစ်မည်။

ဒါပေမယ့် ခုချိန်မှာ ကိုကြီးကို အပြစ်တင်မယ့် ဖေဖေက မရှိတော့ပါဘူး၊ ဖေဖေ့ရဲ့ ခွင့်လွှတ်ခြင်း၊ ခွင့်မလွှတ်ခြင်းကို ကိုကြီး မကြားနိုင်တော့ပေမယ့် ဖေဖေ ရှိနေရင်လည်း ကိုကြီးကို ခွင့်လွှတ်မှာ မဟုတ်ဘူးဆိုတာ လည်ဆွဲ သိနေတယ်။

ဒီလောက်ထိ သစ္စာကိုမီးရှို့ပြီး ကျေးဇူးတရားကို အက်ဆစ်လောင်းပစ်ခဲ့တဲ့ ကိုကြီးရဲ့ရက်စက်မှုတွေကို ဘယ်သူက ခွင့်လွှတ်မှာလဲ..၊

ကိုကြီး ယူလာတဲ့ ရတနာတွေဆိုတာ ဖေဖေ မြင်ရင်လည်း ပြောမှာပဲ၊ အဲဒါ ရတနာတွေ မဟုတ်ဘူး၊ ရဲတောက်နေတဲ့ 'မီးကျီးခဲ'တွေလို့..၊





လည်ဆွဲ ဗီရိုမှာ ကျောကပ်မှီနေလိုက်ရကာ ရတနာသေတ္တာကို ရှက်တောင်ဖျားတို့ စင်းချငေးလျက် လူက သက်မဲ့ရုပ်တစ်ရုပ်လို ဖြစ်နေခဲ့၏။

ဒီပစ္စည်းတွေကို ဘာဖြစ်လို့ သူမအတွက်ပဲ ပေးချင်နေကြတာလဲ..၊ ကိုကြီးက မကောင်းမှုဆိုတာကို သိနေလျက်နှင့် 'ညီမလေးအတွက်' ဆိုသည့် အတ္တလောဘနှင့် ဖွတ်တိုးကျူးလွန်ခဲ့သည်။

တိမ်တိုက် က သူ့ဘဝ ဘာဖြစ်နေနေ 'ဒါတွေကို မေ့လိုက်တော့ညီ'ဟု ဆိုသည်။

ဒီလို ရင်နင့်ကြေကွဲဖွယ်ကောင်းသည့် မေတ္တာစေတနာတွေဟာ သူမ လိုချင်ခဲ့သည့် ဒြပ်မဲ့အရာတွေ မဟုတ်ခဲ့ဘဲ ဒြပ်ရှိပစ္စည်းတွေ ဖြစ်နေခဲ့တာ ဘယ်လိုဝဋ်ကြွေးတွေလဲ..၊

လည်ဆွဲ ကိုကြီးကို ဒါတွေနဲ့ လဲယူရမည်ဆိုလျှင် လမ်းဘေးမှာအိပ်၊ ရေအိုးစင်ကရေကို သောက်ရပါစေ သူမ ကိုကြီးကိုပဲ လိုချင်သည်။

တိမ်တိုက် ဆိုသည့် ယောကျ်ားတစ်ယောက်ဆီက မျှော်လင့်ဘမ်းတခဲ့ဖူးတာလည်း ဒီလို ပြိုးပြက်လက်နေတဲ့ ရတနာတွေ မဟုတ်ပါ..၊

ချမ်းသာခြင်းကို လူတိုင်း မက်မောကြပေမယ့် ကိုယ်ချစ်ရသူတွေကို ဆုံးရှုံးခဲ့ရပြီး တစ်ယောက်တည်း အထီးကျန်စွာ ခံစားနေရမည့်ဘဝကို သူမ မလိုချင်..၊

အကယ်၍ ဒီအဖြစ်တွေကိုသာ ကိုကြီး မသေဆုံးမီက သူမ သိခွင့်ရခဲ့မည်ဆိုလျှင်...

"သမီး .. သမီးရေ ညှော်သည်ရောက်နေတယ် သမီးရဲ့၊ ခဏ ထွက်ခဲ့ဦးနော်"

အမိုးက မခေါ်ဘဲနဲ့ စာကြည့်ခန်းထဲကို ဘယ်တော့မှ မဝင်ပေ..၊

လည်ဆွဲ နေရာမှထကာ ရတနာသေတ္တာကို ဗီရိုအပေါ် ထိုးလေး



www.burmeseclassic.com

www.burmeseclassic.com



ထဲ ပြန်ထည့်ကာ ဦးကောင်းကင်ရောင် ရဲ့အိတ်ကြီးကိုပါ သေချာပြ ထည့်ပိတ်၍ ဒုတိယထပ်ထဲ ထည့်လိုက်သည်။

"သမီးလေး ထွက်ခဲ့နော်၊ ရောက်နေတာ နာရီဝက်ကျော်လောက် ရှိနေပြီ"

"ဟုတ်ကဲ့ အမိုး"

ဘယ်ကညှော်သည်လဲလို့လည်း မမေးဖြစ်ပါ၊ ခံစားရလွန်းသည့် ရင်ဘတ်က ထုံဆေးမိသလို ဘာကိုမှလည်း စိတ်မဝင်စားချင်..၊

လှုပ်ရှား စိတ်စောတာမျိုးလည်း မဖြစ်တော့ဘဲ အခန်းတံခါး သေချာပြန်ပိတ်၍ ရေချိုးခန်းထဲ ဝင်၊ မျက်နှာသစ်လိုက်သေးသည်။

သူမ ညှော်ခန်းကိုထွက်လာတော့ ဆိုဖာတွေနဲ့ ခပ်လှမ်းလှမ်းမှာ ရပ်လျက် သူမကို စူးစိုက်ကြည့်နေသည့် အမျိုးသမီးကြီးတစ်ယောက် ကိုယ်လုံးခပ်သွယ်သွယ် အရပ်မြင့်မြင့်နှင့် မျက်နှာလည်း သွယ်သည်။

ပြီးတော့ အသားရောင် မဖြူမညိုမှာ မိတ်ကပ်ပြေပြေနှင့် ကျ ရောင်နှုတ်ခမ်းနီနဲ့မို့ နုပျိုလှပဆဲအရွယ်လို့ ဆိုနိုင်၏။

ဆံပင်ကို နောက်တွဲဆံထုံးပွပွထုံးလျက် ဘယ်ဘက်တစ်ခြမ်းလုံးမှာ သနပ်ခါးပန်းတွေ ယပ်တောင်လို ဖြန့်ပန်ထားသဖြင့် ယဉ်စစလေး ဖြစ်သည်။

ထို့ပြင် ပုဇွန်ဆီရောင်ပါတိတ်ဝတ်စုံနှင့် အနီရောင်တဖျတ်ဖျတ် လက်နေသော လည်ဆွဲတစ်ကုံးတည်း လည်တိုင်မှာ ရှင်းရှင်းလေး ဆွဲ ထား၏။

လက်ကောက်၊ လက်စွပ်၊ နားကပ်ကအစ အနီရောင် မီးပွင့်လေး တွေ လက်နေသလို ဆင်ထားသည့် လက်ဝတ်လက်စားတွေကြောင့် လည်ဆွဲ သေတ္တာလေးထဲက ရတနာတွေကို သတိရလိုက်၏။

ထိုအမျိုးသမီးကြီးသည် တစ်ကိုယ်လုံး ပတ္တမြားတွေဆင်လျက်





သူမရှေ့မှာ ကိုယ်ထင်လာပြသည်တော့ မဖြစ်နိုင်ပေ..၊

ဒါပေမယ့် လည်ဆွဲ ထွက်လာပြီး ခြေစုံရပ်နေလိုက်တာကို လာခဲ့ပါ လို့လည်း မခေါ်၊ သူလည်း ရှေ့တိုးမလာဘဲ လည်ဆွဲ ကိုသာ စူးစိုက် ကြည့်နေခဲ့သည်။

သေချာသည်က ထိုမျက်ဝန်းတွေထဲမှာ အထင်မြင်သေး၊ မုန်းတီး ခြင်းတွေနှင့်...

"မင်းက ပန်းလည်ဆွဲ လား .."

လည်ဆွဲ စိုက်ကြည့်ငေးနေရင်း 'ဟုတ်တယ်'ဆိုသည့်စကားကို နှုတ်ခမ်းလှုပ်ရုံပဲ ဖြေ၏။ ထိုအမျိုးသမီးကြီးသည် လည်ဆွဲ ကို နောက် ထပ် အကြာကြီး စိုက်ကြည့်နေပြီးမှ...

"ငါက ဒေါ်သစ္စာညို .. သား တိမ်တိုက် ရဲ့အမေ"

လည်ဆွဲ မျက်ဝန်းတွေ ဖျတ်ခနဲ လှုပ်ရှားသွားတာကို ဒေါ်သစ္စာညို က မမြင်ချင်သလိုပုံစံနှင့် အိမ်ရှေ့ဘက်ကို မျက်နှာမူ၍ ရပ်လိုက်ပြီး...

"ဒီအိမ်ထဲမှာ ငါ မထိုင်ချင်ဘူး၊ ခြံထဲမှာ ပြောရအောင်"

ပြောပြီး လည်ဆွဲ ဖြေတာကို မစောင့်ဘဲ သူမ အရင် ခြံထဲဆင်း သွား၏။ စောင့်နေတာကြာပြီဆိုသည့် တစ်ချိန်လုံးမှာ ဒေါ်သစ္စာညို ဒီတိုင်း ရပ်နေခဲ့သည်လား..၊

ရှက်ရွံ့ သိမ်ငယ်ခြင်းကြောင့် ရင်ထဲမှာ နင့်ခနဲ ပူလောင်သွားသည်။

တကယ်တမ်း ဒီအိမ်ဟာ လည်ဆွဲ နဲ့ မထိုက်တန်၊ မနေသင့်တဲ့ အိမ်ပါ..၊ ခြံထဲကို မမြဲချင်သည့် ခြေလှမ်းတွေနဲ့ အားတင်းလှမ်းခဲ့ရင်း ဒေါ်သစ္စာညို ရပ်နေသည့်ရှေ့ကို ခြေစုံရပ်မိ၏။

ဒေါ်သစ္စာညို သည် ညီညီတွန်း ၏ သတင်းပေးချက်အရ ကြ ကြီးသည်၊ ယုတ်မာသည်၊ ဆတ်ဆတ်ကြဲ ပြောဆိုရန်တွေ့ တတ်သည်ဟု ကြားသိခဲ့ရသော အထူးထူးသော မကောင်းခြင်းများနှင့် ပန်းလည်ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် မိန်းကလေးကို စိုက်ကြည့်ရင်း နားမလည်နိုင် ဖြစ်လာခဲ့၏။

မျက်တောင်နက်တို့ ကော့ညွတ်လျက် မျက်နက်ဝန်းတို့ စိုလဲ့နေသော သည်အကြည့်တွေမှာ တစ်စုံတစ်ရာသော တိုက်ခိုက်တုံ့ပြန်လိုခြင်းကို ရှာမတွေ့ပါ..၊

ထို့ပြင် ခပ်စွာစွာ ဆတ်ဆတ်ကြဲဆိုသည့် နှုတ်ခမ်းတွေကို မြင်ရပေမယ့် ခုမြင်နေရသလို လှုပ်လီလှုပ်လဲ့ ကတုန်ကယင်တော့ မဟုတ်ဘူးထင်သည်။

ဘာပဲဖြစ်ဖြစ် လူငယ်ချင်းမို့ ကောင်းကောင်းကြီး အနိုင်ယူခဲ့ပြီး လူကြီးတစ်ယောက် ရောက်လာတာကို ထိတ်လန့်သွားတာမျိုးလည်း ဖြစ်နိုင်တာမို့...

"မင်း ဆုံးဖြတ်ချက်များ ပြောင်းနေမလားလို့ ငါ သိချင်တယ်"

ဒီမိန်းကလေးနဲ့ သူမကြားမှာ ခင်မင်နှစ်လိုဖွယ်စကားတွေနဲ့ ပတ်ပျိုးနေဖို့မလိုတာမို့ ဒေါ်သစ္စာညို တိုက်ရိုက်ပဲ မေးမိသည်။

ပြန်လည် ဖြေကြားသံက ထွက်မလာပါ။ နှစ်ယောက် မျက်နှာချင်းဆိုင်ရပ်နေကြပြီး တစ်ယောက်နဲ့တစ်ယောက်က အလှမ်းကွာနေ၏။

ဘယ်သူကမှလည်း ရှေ့ထပ်မတိုးဘဲ လည်ဆွဲ ၏ တိရုပ်အနီရဲရဲ အဖြူရောင်ဂါဝန်ရှည်ကြီးနှင့်ပုံစံလေးကို ဒေါ်သစ္စာညို က ခြေဆုံးခေါင်းဆုံး ကြည့်သည်။

ခြေဖျားထိ ဂါဝန်စလေးကို တစ်ဖက်က 'မ'တင်သလို မထိတထိလေးဆုပ်ကိုင်ထားလျက် ဒီတိုင်းချထားသည့် လက်လေးတစ်ဖက်က ဘာကိုမှ ကိုင်ထားတာမဟုတ်ဘဲ လက်သီးဆုပ်လေး ဖြစ်နေ၏။

သူမသည် ပတ်ဝန်းကျင်ကို မေ့လျော့နေသူနှင့် တူသလို မျက်ဝန်းလေးတွေ လှုပ်ရှားနေလျက် ဘာသံမှထွက်မလာသော နှုတ်ခမ်းအစုံက ဆွံ့အနေသည့်ပုံစံလည်း ဖြစ်နေလေသည်။



ဒေါ်သစ္စာညို လည်ဆွဲ အပေါ် သုံးသပ်နေမိသည့်အကြည့်တို့ကို ကိုယ့်ဖာသာ သတိတရ လွှဲပစ်လိုက်မိကာ..

"ဒီပြဿနာ အားလုံးဟာ သား တိမ်တိုက် ရဲ့ ခေါင်းညိတ်၊ ခေါင်းခါ တစ်ချက်မှာ မင်းအတွက် ပြီးဆုံးသွားနိုင်ပေမယ့် သူ့အတွက် ကမ္ဘာပြိုမယ့်နေ့ပဲ မိန်းကလေး၊ မင်းတို့မောင်နှမဟာ အစ်ကိုလုပ်တဲ့လူက ထမင်းကျွေးတဲ့လက်ကို ကိုက်တယ်၊ မင်းကတော့ ငါးမရ ရေချိုးပြန်မယ်ဆိုတဲ့ လူဖျင်းလူညံ့တွေလို အကြံကောင်းတော့လည်း တစ်ချက်တည်းနဲ့ သူဌေးဖြစ်သွားတာပေါ့လေ၊ မင်း ရလိုက်တာ ငါးတွေ မဟုတ်ဘူးနော်၊ အနီတွေ၊ အဖြူတွေ ရောင်စုံလက်နေတဲ့ ကျောက်သံပတ္တမြားတွေချည်းပဲလည်း မဟုတ်ဘူး၊ မိသားစုတစ်စုရဲ့ မျက်ရည်တွေ၊ အရှက်နဲ့ ဂုဏ်သိက္ခာတွေ.."

ဒေါ်သစ္စာညို သည် လက်ကိုင်ပဝါထုတ်၍ မျက်ရည်ဝေ့လာတာကို တို့သုတ်ပစ်၏။

လည်ဆွဲ နှုတ်ခမ်းလေးအစုံ မဟတဟပွင့်လာရင်း အသက်ရှူရတာ မောနေသလို ရင်ဘတ်လေးမှာ မို့မောက် လှုပ်ရှားလာ၏။

ဘာမှမသိခင်တုန်းက ဟားတိုက်ရယ်ပစ်လိုက်နိုင်သည်၊ ဒေါသတွေ ဖောင်းပွနှန်းများလာရင် များသလို သိပ်နှိပ်ပြောပစ်လိုက်ဖို့လည်း သူမ တွန့်ဆုတ်နေမှာ မဟုတ်ပေ၊ ခုတော့...

"မင်းရဲ့အစ်ကိုက ကံကောင်းချင်တော့ သူ လုပ်သွားတဲ့အပြစ်တို ရုတ်တရက် မသိခဲ့ကြဘဲ ရေလိုက်လွဲနေရင်း ကြာသွားခဲ့တယ်၊ ကံဆိုးချင်တော့ သူ့အကုသိုလ်နဲ့သူ စောစောစီးစီး ဓာတ်သိမ်းသွားတယ်လေ မတရားစားမိရင် မတရားခံရတာပဲ၊ တို့ဗုဒ္ဓဘာသာရဲ့ တရားတွေဟာ မေတ္တာတရားနဲ့ကျေးဇူးတရားရဲ့ အကျိုးအပြစ်တွေကို အမြဲက မြဲမြဲအောင် ကျင့်ကြံနိုင်ဖို့ပဲ၊ မင်းလည်း မင်းအစ်ကိုလိုပဲ ကျေးဇူးကန်းဦး

www.burmeseclassic.com



မှာလား..”

လည်ဆွဲ မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ် ဖြစ်လာကြ၏။

မျက်တောင်တစ်ခတ်မှာ ပြိုဆင်းသွားနိုင်သော်လည်း ငေးနေသည့် မျက်ဝန်းများမှာ မျက်တောင်များတို့က မသိမသာလေး လှုပ်ခတ်နေသည်သာဖြစ်လျက် မျက်ရည်ကလည်း မကျ၊ ရှိုက်သံလည်း မဖြစ်..၊

ဒေါ်သစ္စာညို ထိုမျက်ဝန်းတွေကို မြင်နေရသဖြင့် ရှေ့ကို နှစ်လှမ်းလောက် တိုးသွားခဲ့၏။

ပြီးတော့ ခြေစုံပြန်ရပ်ကာ ညာဘက်မှာ ချိတ်ထားခဲ့သည့် လက်ကိုင်အိတ်ကို ဘယ်ဘက်မှာ ပြောင်းလိုက်ပြီး...

“မင်းတို့မောင်နှမ ကားမှောက်တော့ မင်းကို သူကိုယ်တိုင် ဆေးရုံတင်ပေးခဲ့တာ၊ အထီးကျန် တစ်ကောင်ကြွက်လေး ကျန်ခဲ့ရှာတယ်ဆိုပြီး မင်းတစ်မျက်နှာကို ကျောနောက်မှာ ကာကွယ်ပေးထားရင်း အားလုံးနဲ့ သူ ရင်ဆိုင်နေခဲ့ရတယ်၊ လူစိမ်းတွေက လက်နက်တပြင်ပြင်နဲ့ ဝိုင်းဝိုင်းလည်နေတဲ့အချိန်မှာ ငါတို့တွေက အပြစ်တင် တားမြစ်ခဲ့ကြတယ်၊ ဒါတွေကို ဂရုမစိုက်ခဲ့ဘဲ မင်းကို သူ ဒီအခြေအနေထိ ဂရုစိုက်ခဲ့တာ..”

လည်ဆွဲ ပါးပြင်မှာ မျက်ရည်စက်တို့ ဖြတ်ဆင်း စိုစွတ်သွားသည်နှင့် ဒေါ်သစ္စာညို နောက်ထပ် ခြေတစ်လှမ်း ထပ်တိုးသည်။

“ဒီရတနာတွေဟာ တိမ်တိုက် ပိုင်ဆိုင်တာတွေ မဟုတ်ဘူး ပန်းလည်ဆွဲ .. နိုင်ငံတစ်နိုင်ငံမှာ သူဌေးဆိုတဲ့ဘွဲ့နဲ့ အထင်အရှားရှိနေကြတဲ့ တကယ့်ဒိတ်ဒိတ်ကြဲတွေရဲ့ ပစ္စည်းတွေပါ၊ တိမ်တိုက် ရဲ့ဖခင်ဟာ တိုင်းပြည်အပေါ်မှာ သစ္စာရှိတယ်၊ အလုပ်နဲ့ပတ်သက်ရင် ကတိတည်တယ်၊ တိကျတယ်၊ အဲဒါကြောင့် သူ့ကို ကျောက်ဘုရင် ဆိုတဲ့ဘွဲ့နဲ့ ဒိတ်ဒိတ်ကျဲဆိုတဲ့ပုဂ္ဂိုလ်တွေက ဆရာတင်ထားကြတာ၊ ခုတော့ ပစ္စည်းတွေကို လိမ်



လည်ဖျောက်ဖျက်သူအဖြစ် ဒါတွေကို ပြန်လျော်နိုင်ရင်တောင် ငါ့သားလေးရဲ့ဘဝ ဘယ်တော့မှ လှမဖြစ်တော့ဘူး..”

လည်ဆွဲ မျက်နှာကို လက်ဝါးနှစ်ဖက်ပေါ် မှောက်ချကာ ရှိုက်ငိုလေသည်။

တိမ်တိုက် က ပစ္စည်းတွေကို ပြန်လျော်ပေးနိုင်ရင်တောင် ဒီလိုဘဝကို ရောက်မှာပဲဆိုတော့ သူမအတွက်ကရော ဘယ်လိုဘဝမျိုး ရောက်နိုင်သလဲ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၃)

"ဟင်!..."

ဒေါ်သစ္စာညို ကို မြင်လိုက်သဖြင့် ဖျတ်ခနဲ ထရပ်လိုက်သည့် ညီညီထွန်း မျက်နှာကြီးက လည်ဆွဲ ကိုပါ မြင်လိုက်တော့ မျက်လုံးတွေပါ ပြူးသွား၏။

"ညီထွန်း .. ငါတို့ မမီတော့ဘူးလား"

ဒေါ်သစ္စာညို ကတုန်ကယင်မေးရင်း ပခုံးကိုချိတ်ရတာ မဟုတ်သည့် လက်ကိုင်အိတ်ကို ပခုံးမှာ မရမက ချိတ်ပစ်လိုက်သည်။

ပြီးတော့ ညီထွန်း လက်မောင်းတွေကို ပြေးဆုပ်ကိုင်၏။

လည်ဆွဲ ဆီကို နာကြည်းဒေါသများနှင့် အေးစက်တည်ငြိမ်စွာ ရောက်လာခဲ့သည့် ဒေါ်သစ္စာညို၏ပုံစံသည် ခုတော့ အောင်စာရင်း ပြေးကြည့်လာသည့် ဆယ့်ခြောက်နှစ်သမီးလေးနဲ့ တူနေ၏။

ညီထွန်း က လည်ဆွဲ ကိုင်လာသည့် ထောင့်ချွန်လေးတွေပေါ် နေသော လက်ဆွဲအိတ်လေးနဲ့ သူမကို မယုံနိုင်သလိုကြည့်လျက်...

"လည်ဆွဲ.."



"ဟုတ်တယ်၊ အချိန်မီသေးရဲ့လား ညီထွန်း ရဲ့၊ ပြီးသွားကြပြီလား"

ညီထွန်း က ခေါင်းခါရင်း လည်ဆွဲ လက်ကလေးတစ်ဖက်ကို ဆတ်ခနဲ ဆွဲကိုင်ကာ...

"ဘုန်တော် မသိဘူး၊ လူစုံတက်စုံတော့ အခန်းထဲရောက်နေကြတာ ကြာပြီ"

အခြေအနေကို တွက်မိလိုက်သဖြင့် ညီထွန်း က လည်ဆွဲ ကို စင်္ကြံ လမ်းကလေးကနေ ခုတ်လှေကားထောင့်ကိုပတ်၍ အထဲကို ခေါ်သွား၏။ ဒေါ်သစ္စာညို မလိုက်ရဲတော့ပါ၊ ရင်ဘတ်ကိုဖိရင်း ဟိုတယ်လ်ရှေ့ စားသောက်ခန်းထဲမှာပဲ တုန်ယင်စွာ ထိုင်ချလိုက်မိသည်။

လည်ဆွဲ ဆီကို သွားခဲ့တာက ရင်ထဲက နာကျင်ခံပြင်းခြင်းကို မခံနိုင်လွန်းလို့ တိမ်တိုက် ဒီလောက်ထိဖြစ်တဲ့ မိန်းကလေး ဘယ်လိုမျိုး လဲဆိုတာ သွားကြည့်လိုက်တာမျိုးပါ..၊

ပြီးတော့ ညီထွန်း ပြောလို့ သိရသလောက် တိမ်တိုက် ရေငုံ နှုတ်ပိတ်နေလိုက်တာတွေကို သေချာသိသွားစေချင်လို့ ဖြစ်သည်။

အောက်တန်းကျကျ ဝန်ခံရပါလျှင် ကိုယ် ရှုံးခဲ့ပြီဆိုတာ သိပေမယ့် တန်အောင်တော့ ပြောလိုက်ချင်သည်။ မနိုင်လို့ မဟုတ်ဘူး၊ တမင် အရှုံးပေးလိုက်တယ်ဆိုတာ သိစေချင်၏။

ဒါဟာ ချုံးချုံးကျ ပျက်စီးတော့မည့် ရင်ဘတ်နဲ့ သွားခဲ့တဲ့လမ်း..၊ ခုလို မထင်မှတ်ဘဲ အားလုံး အဆင်ပြေတော့မည်ဆိုတော့လည်း လွန်တဲ့ ကုန်ပြီလားလို့ တွေးပူရသည့် တုန်လှုပ်မှုကြီးကို မခံစားနိုင်ပြန်..၊

အားလုံး အဆင်ပြေပါစေ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၄ )

"အဆင်ပြေတယ်ဆိုတာက ဒီလိုရှိတယ် တိမ်တိုက်..၊ စီးပွားတွက် မတွက်ဘဲ လူမှုရေးအကန့်နဲ့ ဒီကိစ္စကို ကျေနပ်လိုက်ရတဲ့အတွက် မင်းဘက်က တန်ဖိုးအတိုင်း ဘယ်လိုပဲ အတိအကျပေးချေတယ်ဆိုဆို နစ်နာမှုတွေတော့ ရှိကြမှာပဲ"

"ဦးထွန်း က ဘာကို ပြောချင်တာလဲ"

"ဒီလိုကွာ..၊ အခု တို့အားလုံး ကိုးယောက်တိတိ ရှိနေတယ်၊ ဒါက မင်းမပါဘဲနဲ့ ပြောတာ၊ ကျုပ်တို့ သိသလောက်ဆိုရင် တန်ဖိုးက..."

"ဦးထွန်း က ကျွန်တော် ဖြတ်ထိုက်တာကို တိမ်းစောင်းမှုရှိနေတယ် ထင်လို့လား"

"လုံးဝ မထင်ဘူး.."

ဦးထွန်းအောင် က ခေါင်းခါလိုက်ပေမယ့် သူ ဆက်မပြောဘဲ တခြားသူတွေဆီ မျက်လုံးဝေ့၏။ သူတို့ချင်း ကြိုတင်ညှိနှိုင်းထားပြီးဖြစ်ပုံရကာ ဦးထွန်းအောင် ၏ အကြည့်ကြောင့် အားလုံး ခါးတွေမတ်၊ လည်ချောင်းရှင်းနှင့် တည်ငြိမ်မှုနဲ့ ပတ်ပျိုး၍...



"ဒီကိစ္စကိုကျွာ အန်ကယ်လ်တို့နဲ့ မင်း မဟုတ်ဘဲ ဖြစ်ခဲ့တာမျိုး အနေနဲ့ တွက်ကြည့်ရင် သူခိုးလက် ပါသွားတာနဲ့ ပစ္စည်းဟာ သောင်းတန် ကနေ သောင်းတန် ဖြစ်သွားနိုင်တယ်.."

"ဒီလိုမရဘူး အန်ကယ်လ်ဖိုး၊ ပစ္စည်းတွေ တစ်ခုချင်းစီ လက်ခံထား တဲ့ စာရင်းအတိအကျနဲ့ လူနဲ့ပစ္စည်း တွဲလျက်ကို ဗီဒီယိုရိုက်ကူး သွင်း ထားတာ ရှိတယ်၊ ကျွန်တော် ဖြတ်ပေးတာကို စိတ်တိုင်းမကျရင် တခြား ကျောက်ဖြတ်ရဲ..."

"ဒီလိုတွေဖြစ်ဖို့ မလိုပါဘူး၊ ကျောက်ဖြတ်လောက်ကိုလည်း အန်ကယ်လ်တို့က ဆရာတင်ခဲ့မှာ မဟုတ်ဘူး.."

ဆရာတင်ခဲ့ကြတာ မဟုတ်ပါဘူး၊ ဖေဖေ မရှိတော့တဲ့အတွက် တာဝန်ယူဖြေရှင်းခိုင်းဖို့ လူတစ်ယောက်အဖြစ်နဲ့ဝါ..၊

တိမ်တိုက် နှုတ်ခမ်းမှာ လှောင်ပြုံးတစ်ချက် ထင်၏။ နောက်တစ်ယောက်က ဝင်၍...

"ဟုတ်တယ်၊ တို့တွေ အခု ဖြစ်ပျက်သွားခဲ့တာ မင်းပြောသလောက် မရိုးစင်းဘူးလို့ ကျုပ်တို့ ထင်တယ်"

"အချင်းချင်းတွေပဲ တိမ်တိုက်..၊ ဦးတို့ကို ဖွင့်ဟတိုင်ပင်လို့ ရပါ တယ်၊ အခုကျတော့ မင်းတစ်ယောက်တည်း အနစ်နာခံတဲ့အတွက် စည်းစိမ်ပြုတ်သလောက် ဖြစ်ရမယ်၊ ကျုပ်တို့က ဦးကောင်း ရဲ့မျက်နှာကို မထောက်ထားရာလည်း ကျပါတယ်"

"စိတ်ရင်းအတိုင်း ပြောရရင် ကျုပ်တို့လည်း မယူချင်ပါဘူး၊ ဒီ ပစ္စည်းတွေ လူလိမ်ခံလိုက်ရတယ်၊ အခိုးခံလိုက်ရတယ် တစ်ခုခုဆိုရင် တခြားနည်းနဲ့..."

"ကျွန်တော် စကားအမျိုးမျိုး မပြောတတ်ဘူး ဦးအေး[illegible] အခု အားလုံးရဲ့သဘောက ကျွန်တော် ငွေချေတာကို မလိုချင်ဘူး ပစ္စည်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ပြန်ရချင်တယ်၊ ဒီလိုလား.."

"မင်း နစ်နာမှာ စိုးတာပါ၊ ခိုးသွားတယ်ဆိုရင် ခိုးတဲ့သူကို.."

"ခိုးသွားတာ မဟုတ်ပါဘူး၊ ကျွန်တော် ပေးလိုက်တဲ့တာဝန်နဲ့ လူနဲ့ မမျှလို့ သူ ဒုက္ခရောက်သွားတာ၊ ဒါကို ဖေဖေကိုယ်တိုင် ခွင့်လွှတ်သွားပါတယ်၊ အခု ကျွန်တော်တို့ ဆုံးဖြတ်ချက်ချမယ်၊ ဒီမှာရှိတဲ့လူတွေအားလုံး ဘာဖြစ်ချင်တာလဲ.."

အားလုံး ခဏတိတ်သွားကြ၏။ ပြီးမှ မျက်နှာ မသာမယာတွေနှင့် သက်ပြင်းကိုယ်စီ ချလိုက်ကြကာ..

"ကျုပ်တို့ မင်းဆီက ဒီလိုပုံစံနဲ့ မယူချင်ကြတာပါ၊ တကယ်လို့ ပစ္စည်းတွေရအောင် မင်း ပြန်ကြိုးစားဦးမယ်ဆိုရင် နောက်တစ်လအထိ.."

"ကျွန်တော်က အာမခံနဲ့ သွားလာခွင့်ရနေတဲ့ ရာဇဝတ်သားလိုလား.."

"တိမ်တိုက်.."

အသံလာရာသို့ အားလုံး လှမ်းကြည့်လိုက်ကြသည်။ ညီညီထွန်းက တိမ်တိုက် ကိုပဲ ကြည့်ကာ..

"မင်းကို အခုတွေ့ချင်တဲ့ဧည့်သည် ရောက်နေတယ်"

ညီထွန်း မျက်နှာကို မြင်လိုက်တာနှင့် တကယ် အရေးမကြီးဘဲ ဒီလိုအချိန်ကို ဝင်နှောင့်ယှက်မှာ မဟုတ်ဘူးဆိုတာ သူ သိလိုက်သည်။

"ကျေးဇူးပြုပြီး ခဏလောက် ခွင့်ပြုပါ"

သူ ထိပ်ဆုံးနေရာကနေ ထရပ်လိုက်ကာ တံခါးနားထိ တောက်လျှောက် ခြေလှမ်းကြဲများနှင့် တလွှားလွှားသွားခဲ့ပြီး တံခါးဖွင့်လိုက်လျှင်...

"ဟင်!... လည်ဆွဲ.."

လည်ဆွဲ သည် တံခါးနားမှာ ရပ်မိကတည်းက အထဲက စကားသံတွေကို ကြားနေခဲ့ပြီးဖြစ်ရာ တိမ်တိုက် မျက်နှာကို မြင်လိုက်ရသည်နှင့်





မျက်ရည်တွေသာ တရစ်ရစ် ပြည့်သိပ်လာလျက် မျက်တောင်တစ်ခတ်မှာ ရှိုက်သံနှင့်အတူ မျက်ရည်မြစ်တို့ စီးလေသည်။

ပြီးတော့ ဘာမှလည်း မပြောနိုင်၊ ပြောလည်း မပြောရဲတော့ပါ။ သူမသည် ကိုင်ထားသည့်အိတ်လေးကို တိမ်တိုက် လက်ထဲ ထည့်ပေးလိုက်ပြီးမှ ပခုံးလေး သိမ့်ခနဲ ဖြစ်သွားသည်အထိ ရှိုက်ကာ..

"လည်ဆွဲ .. လည်ဆွဲ .. မှားပါတယ်၊ လည်ဆွဲ တောင်းပန်ပါတယ်နော်"

ဒါလေးကိုပဲ အနိုင်နိုင်ပြောကာ နှုတ်ခမ်းလေးကို လက်တစ်ဖက်နဲ့ ဖိပိတ်ရင်း နေရာမှ ချက်ချင်း လှည့်ပြေးသွား၏။

"လည်ဆွဲ .. နေဦး .."

သူ ဘယ်လိုမှ မထင်မှတ်ခဲ့သဖြင့် ဘာမှမပြောလိုက်နိုင်၊ ပြေးလိုက်ဖို့ ခြေလှမ်းပြင်သည်နှင့် ညီထွန်း က လက်ကိုဆွဲထားကာ..

"အထဲမှာ သွားရှင်းလိုက်ဦး..၊ ငါ လိုက်သွားပေးမယ်"

ပြောလိုက်ရင်း သူ့ကို အထဲပြန်ဝင်ဖို့လည်း တွန်းသေးသည်။ ဒါပေမယ့် တိမ်တိုက် မျက်လုံးတွေက လည်ဆွဲ ပြေးထွက်သွားတဲ့နောက်ကို ပါသွားဆဲဖြစ်ကာ..

"သူ့ ထင်ရာလုပ်လိမ့်မယ်၊ မင်း ခုလိုက်သွား"

ညီညီထွန်း မှာ သူ့ကို အထဲမြန်မြန်ဝင်စေချင်သည်မို့ ခေါင်းညိတ်ရင်း ချက်ချင်းပဲ ပြေးလွှားထွက်သွားခဲ့ရ၏။

ဇာတ်လမ်းက ဒီမှာတင် မဆုံးသေးပါလား..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၅)

လက်ထဲမှာ ကိုင်စရာ ဘာမှမပါတော့သည်မို့ မျက်နှာငုံ့လျှောက်ရင်း ဆံပင်တွေကို နားနောက်ညှပ်လျက် မျက်ရည်သုတ်မိလိုက်..

ကိုယ့်ကိုယ်ကိုယ် လမ်းဘေးမှာ သွားနေခြင်းကို တစ်ချက်တစ်ချက် မေ့လျော့သွားခဲ့သေးသည်။ နှုတ်ခမ်းတွေကိုက်၍ မငိုမိအောင် ထိန်းချုပ်နေရတာလည်း မအောင်မြင်..၊

မျက်လုံးထဲမှာ မျက်ရည်ကြောင့် လမ်းက ဝါးတားတား ဖြစ်လိုဖြစ်၊ ကြည်လင်သွားတဲ့အခါကျတော့ ရှင်းရှင်းလင်းလင်း ပြောင်းသွားပြန်သည်။

လျှောက် .. လျှောက်သာ လျှောက်နေတော့၊ ညည်းမှာ ပြန်စရာအိမ်မှ မရှိတာ..၊

ခြေလှမ်းတွေကို ပြန်မမေးရဲတိုင်း ခပ်သွက်သွက်လှမ်းနေစဉ် လမ်းကွေ့လေးတစ်ခုကို ဖြတ်ကူးလိုက်စဉ်...

"အား.."

"အမလေး!.."





"ကျွီ"

အော်သံနှစ်ရပ် ပြိုင်တူရပ်ကာ ကားက မြင်းတစ်ကောင်လိုသာဆိုလျှင် ခေါက်ကြိုးဆောင့်ဆွဲလိုက်သဖြင့် ဦးမော့ကာ ပတတ်ရပ်သွားမှာသေချာသည်။

လည်ဆွဲ ခါးစောင်းကို ကားနဲ့တိုက်မိသလို ဖြစ်သွားသော်လည်း ဆောင့်တိုက်လိုက်တာမျိုး မဟုတ်သောကြောင့် လဲကျသွားပေမယ့် ဒီလောက်တော့ အထိမနာခဲ့ပါ..၊

"ဟယ်!... လည်ဆွဲ.."

ခါးမျက်သွားသဖြင့် လဲကျနေရာမှ ထဖို့ကြိုးစားနေတုန်း ကားပေါ်က ဆင်းလာသူက ချစ်သဲငယ် ဖြစ်နေ၏။

"ချစ်ငယ်"

"ဖြစ်ရလေ လည်ဆွဲ ရယ်..၊ ဘာတွေ ဖြစ်ကုန်ပြီလဲဟင်၊ ဘယ်ကလာ ပြန်လာတာလဲ၊ ဘယ်သွားမှာလဲ၊ ဘယ်ကိုဖြစ်ဖြစ် ဆေးခန်း အရင်သွားရမယ်၊ ထကြည့်ပါဦး"

ချစ်သဲငယ် က ကြည်ပြာရောင်ဝတ်စုံလေးနှင့် ပျာယာခတ်နေ၏။ လည်ဆွဲ မျက်နှာလေး ရှုံ့မဲ့နေပေမယ့် လက်ကာပြကာ..

"ဘာမှမဖြစ်ပါဘူး ချစ်ငယ် ရယ့်..၊ ငါ့ကို ထူပေး၊ နင့်ကို တွေ့ရတာ ဝမ်းသာလိုက်တာ၊ ငါ ပြောစရာရှိတယ် သိလား"

ချစ်သဲငယ် ထူပေးလို့ ထရပ်လိုက်တော့ လမ်းလျှောက်တိုင်း နာသလိုဖြစ်နေပေမယ့် သိပ်မဆိုးပေ..၊

ထို့ကြောင့် ချစ်သဲငယ် ဆေးခန်းသွားဖို့ပြောနေတာကို တားဆီးကာ နှစ်ယောက်အတူတူ ရေချိုးနပ်ဆိုင်ထဲမှာပဲ ထိုင်ဖြစ်ခဲ့ကြ၏။

သူငယ်ချင်းကို ပွင့်လင်းချင်ပေမယ့် ဖြစ်ခဲ့သမျှအကြောင်းတွေ လှမပမို့ ချန်သင့်တာကိုတော့ ချန်လှပ်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်...

မငိုမိအောင်ထိန်းရင်း ငိုထားခဲ့သည့် မျက်ရည်တို့ရဲ့ ခြေရာတွေကို ဖုံးဖိ ပြင်ဆင်နေရတာလည်း ပင်ပန်းပါ၏။

"ဒါများ ငါ့ဖုန်းနံပါတ်လည်း သိသားနဲ့၊ ဖုန်းဆက်ပါလား လည်ဆွဲရယ်..၊ နေရေးထိုင်ရေးအတွက် ငါ ကူညီပါ့မယ်"

"ဟင့်အင်း.. မကူညီပါနဲ့၊ ငါ့ဘက်မှာ ငါတစ်ယောက်တည်းပေမယ့် နင့်ဘက်မှာ မိသားစုတွေ ရှိတယ်၊ ငါ့သူငယ်ချင်းမို့လို့ နင့်ဆီက ဘာဖြစ်ဖြစ် ငါ ယူရဲရင်တောင် တခြားမျက်နှာတွေကြောင့် ငါ ငြင်းရမှာပဲ ချစ်ငယ်.."

"နင်ကလည်း မေမေတို့က နင့်ကို သိကြပါတယ်၊ သူငယ်ချင်း ချင်း ဒီလောက်လေး ကူညီတာကို ဘာပြောမှာလဲ"

"ဒီလောက်လေးဆိုတာ ဘာလဲ.."

"နင့်အတွက် တိုက်ခန်းလေးတစ်ခန်းလောက်.."

"မလိုချင်ဘူး"

ချစ်သဲငယ် စကားမဆုံးသေးခင် လည်ဆွဲ ခေါင်းခါပစ်သည်။

"တစိမ်းဖြစ်ဖြစ် .. ရင်းနှီးတဲ့သူဖြစ်ဖြစ် ဘယ်တစ်ရုံတစ်ယောက်ရဲ့ အကူအညီကိုမှ မယူတော့ဘူးလို့ ငါ ဆုံးဖြတ်ထားတယ်"

ချစ်သဲငယ် က ငိုထားပုံပေါက်နေလျက်နှင့် မငိုပါဘူးလို့ ငြင်းခဲ့သည့် လည်ဆွဲ မျက်နှာလေးကို အံ့သြသလို စိုက်ကြည့်သည်။

"ငါ အဆောင်မှာဖြစ်ဖြစ်.."

"ဟာ!... မဟုတ်တာ နင်ကလည်း၊ အဆောင်မှာ မိန်းကလေးတွေ အလုပ်ကိုယ်စီနဲ့ တစ်ဝမ်းတစ်ခါးအတွက် ရုန်းကန်ရှာဖွေနေကြတာတွေ ငါ သိပါတယ်၊ သူတို့ကို အထင်သေးလို့ ပြောတာလည်း မဟုတ်ဘူး၊ ဒါပေမယ့် ငါ့သူငယ်ချင်းကိုတော့ အဲဒီလို မနေစေချင်ဘူးဟာ၊ နောက်ဆုံး တဲခုတ်လေးထဲဖြစ်ဖြစ် ငါ လာလည်ရဲတယ်၊ အဆောင်ကိုတော့ မလာ





ချင်ဘူး"

ချစ်သဲငယ် က ဒီလိုကျတော့လည်း သူငယ်ချင်းကောင်း ပီသနေပြန်သည်။ လည်ဆွဲ ကို မုန့်စားဖြစ်အောင် တိုက်တွန်းလိုက်၊ စကား ပြောလိုက်နှင့်...

"ပြောရရင် တန်ရာတန်ရာဆိုတဲ့စကားကို ထည့်သုံးရမှာပဲ၊ ငါတို့ မိန်းကလေးတွေ ကိုယ့်ဘဝ မြင့်မားဖို့ ကြိုးစားတဲ့နေရာမှာ အဲဒီလို အခြေခံနေထိုင်မှုတွေက အရမ်းကို အရေးပါတယ် နင် သိလား၊ အထူး သဖြင့် အစကတည်းက အထီးကျန်သိမ်ငယ်မှုတွေနဲ့ နင့်လို မိန်းကလေး တစ်ယောက်အတွက် အဲဒီမှာနေလို့ ဘာအင်အားမှ ဖြစ်မလာနိုင်ဘူး၊ အဲဒါကြောင့် ငါ ကူညီတာကို လက်ခံစမ်းပါ။ နင် အဆင်ပြေတော့လည်း ပြန်ဆပ်ပေါ့၊ နင့်ကို တစ်ယောက်တည်း အေးဆေးနေနိုင်ပြီး လုံခြုံမှုရှိမယ့် တိုက်ခန်းလေးတစ်ခန်း ငါ အမြန်ရှာပေးမယ်"

လည်ဆွဲ က တစ်သျှူးလေးဆုတ်၍ စားပွဲပေါ် ကျသွားသည့် ကော်ဖီစက်လေးကို ပွတ်တိုက်သုတ်နေရင်း ပြုံးလိုက်၏။

"မဖြစ်ဘူး..၊ ငါ ဒီနေ့ပဲ နေစရာရှိမှဖြစ်မှာ၊ အဲဒါကြောင့် ငါ စိတ်ကူး ထားတဲ့နေရာလေးကို သွားစုံစမ်းချင်တယ်၊ နင် လိုက်ပေးနိုင်မလားဟင်"

ချစ်သဲငယ် စိတ်ထဲမှာ မေးခွန်းတွေဖြစ်သွား၏။

လည်ဆွဲ ဘာဖြစ်လို့ နေ့ချင်းညချင်း အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့တာလဲ..၊ ဟိုတစ်ခါ တွေ့ကြတုန်းက တော်တော် အဆင်ပြေနေတာပါ..၊

စိတ်က တွေးမိပေမယ့် မေးလည်း မမေးရက်..၊

"ဘာဖြစ်သွားတာလဲ ချစ်ငယ်.."

"သြော် .. စဉ်းစားကြည့်နေတာ"

"ဘာကိုလဲ.."

"အိမ်ရှာတာ တိုက်ခန်းပဲဖြစ်ဖြစ်၊ တဲစုတ်ဖြစ်ဖြစ် ခုရှာခု မရဘူး



www.burmeseclassic.com

www.burmeseclassic.com



ရအောင်လုပ်ယူရင်လည်း ဖတ်ဖတ်မောတာပဲ အဖတ်တင်မယ်၊ ကိုယ်က ခဏတာဖြုတ်နေပြီး ပြန်ထွက်လာမှာလည်း မဟုတ်ဘူးလေ၊ နှင် စဉ်းစားကြည့်..”

အကျိုးသင့်အကြောင်းသင့် ပြောပြတော့ လည်ဆွဲ နားထောင်နေ၏။

“အိမ်ရှင်က ဘယ်လိုလူတွေလဲ..၊ ဘယ်လိုပတ်ဝန်းကျင်လဲ၊ ကိုယ်ငှားမယ့်အိမ်၊ ဒါမှမဟုတ် တိုက်ခန်းက ဘယ်လိုရာဇဝင်ရှိခဲ့သလဲ”

“တိုက်ခန်းစကား ထည့်မပြောစမ်းပါနဲ့ ချစ်ငယ် ရယ်၊ တိုက်ခန်းစရိတ်ကြီးကို ငါ တတ်လည်းမတတ်နိုင်ဘူး၊ နောက်ပြီး နံရံတွေ၊ သံတံခါးတွေ အလုံကာရံထားပေမယ့် ငါကတော့ သွပ်မိုး၊ ပျဉ်ထောင်အိမ်လေးထဲမှာလောက် လုံခြုံတယ် မထင်ဘူး”

“အဲဒါက ပတ်ဝန်းကျင် ပိုပြီးလိုတယ်လေ၊ ပြီးတော့ သွပ်မိုး ပျဉ်ထောင်အိမ်ဆိုတာလည်း သူ့ဈေးနဲ့သူ ခပ်ပေါပေါတော့ မရနိုင်ဘူး၊ ဘာဖြစ်ဖြစ် ဒီတစ်ရက်တော့ နှင် ငါတို့အိမ်မှာနေပါဟာ၊ တို့သူငယ်ချင်းနှစ်ယောက် တစ်ညလုံး စကားတွေပြောမယ်၊ ဗီစီဒီ ထိုင်ကြည့်မယ်၊ နှင် စိတ်ညစ်နေရတာတွေလည်း သက်သာသွားနိုင်တယ်၊ ဒီနေ့ရယ်.. မနက်ဖြန်ရယ် ငါတို့ အိမ်ပတ်ရှာကြတာပေါ့၊ ငါ ကူညီပါ့မယ်..နော်”

လည်ဆွဲ ခေါင်းညိတ်လိုက်ရပေမယ့် ချစ်ငယ် ရဲ့အိမ်လေးကို မြင်ယောင်ပြီး ရင်မဆိုင်ချင်သလိုကြီး ဖြစ်နေမိသည်။

ဟိုတုန်းက ရင်းနှီးဖူးကြပေမယ့် အခု အရင်လို ဖြစ်ဦးမှာလား..၊

ဒေါ်သစ္စာညို တို့၊ ညီညီထွန်း တို့၏ ပြင်းထန် တင်းမာနေသည့် မျက်နှာတွေကို သတိရကာ ကိုယ် ပတ်သက်မိသော တစ်စုံတစ်ယောက်၏ နောက်ခံ back ground ကို ဂရုစိုက်ရမှန်း သိလာခဲ့သည်။ ကြောက်လည်း ကြောက်တတ်ခဲ့၏။





သူမဘဝဟာ တဲပေါ်ကနေ တိုက်ပေါ်၊ တိုက်ပေါ်ကနေ လမ်းပေါ်ကို ခုန်ဆင်းခဲ့ရပြန်ပြီ..၊

တကယ်က ဘဝက ဘာတစ်ခုမှ ကံကောင်းခြင်း လက်ဆောင်ပေးခဲ့တာ မဟုတ်ဘဲ...

သူမ သာလျှင် အိပ်မက်တွေကို ဆုပ်ဖမ်းဖို့ကြိုးစားရင်း ရှုးသွပ်ခဲ့တာဖြစ်သည်။ ခုလည်း နောက်ထပ် တစ်ညကို ချောက်ချားစွာ ဖြတ်ကျော် ကူးသန်းရဦးမည်..၊

ဒါက အိပ်မက် မဟုတ်ပါ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၆ )

မိုးတွေ သည်းမည်းစွာ ရွာသွန်းနေခြင်းဟာ ကံမကောင်းသူတို့အတွက် ဩဘာ လက်ခုပ်သံတွေလား..၊

ဒါမှမဟုတ် ဒီမိုးထဲမှာ ဒီထက် နစ်မွန်းဦးမှာပဲဆိုတာ ပြချင်တဲ့ ကံမကောင်းခြင်း နိမိတ်တွေပဲလား..၊

မိုးကြောင့် ပိုပြီး ဝမ်းနည်းလာမိသည်။ မိုးတွေကြောင့် အားငယ်စိတ်တွေ ဖြစ်ခဲ့သည်။

ဆိုက်ကားပေါ်ကဆင်းပြီး ပိုက်ထားသည့် အထုပ်ကို ပခုံးမှာ ပြောင်းချိတ်လိုက်တော့ လူက တချိမ်းစောင်းသွားသလို နင့်နေအောင် လေးသွားသည်။ ပြီးတော့ ဝါတာဖလူးနဲ့ ကျစ်နေအောင် ပတ်ထားသည့် အိပ်ရာခင်း..၊

"ဒါလေးတော့ အထဲထိ လိုက်ပို့ပေးပါနော်"

ဆိုက်ကားသမားက မိုးကာအင်္ကျီကြီး တဖားဖားနှင့် တံခါးမရှိသည့် ခြံလေးထဲကို လိုက်ဝင်လာကာ အိမ်ရဲ့ဖိနပ်ချွတ် အမိုးရိပ်လေးပေါ်ထိ အိပ်ရာခင်းလိပ်ကို လိုက်ပို့သွားသည်။





ထီးဆောင်းထားပေမယ့် မိုးရေတွေ စိုရွှဲနေသည့် လည်ဆွဲ တစ်ကိုယ်လုံးကတော့ ရေမွန်းနေသည့် ကြွက်စုတ်တစ်ကောင်လိုပင်..၊

အနီရောင် တီရှပ်လက်တိုလေးပေါ်မှာ ခါတိုင်းလိုလည်း ထပ်ဝတ်အင်္ကျီ မပါခဲ့ပေ၊ ဘောင်းဘီရှည်အညိုကလည်း ထူပေမယ့် ဆွဲသားရိုးရိုးပဲမို့ ရေတွေ စိုရွှဲနေသည့်အချိန်မှာ သူမကိုယ်နဲ့ အင်္ကျီတွေ တသားတည်း ကျနေမှာလည်း သေချာသည်။

ပခုံးကအိတ်ကြီးကို ဖြုတ်ချလိုက်ကာ အလွယ်တကူ ထည့်ယူလာသည့် သော့ကို ထုတ်လိုက်တော့ ရေနွေးသလို ဖြူဖတ်ဖတ် ပြာချင်နေသည့် လက်တွေက တုန်နေ၏။

မိုးနဲ့ရော၍ လေပါနေသဖြင့် ရေစိုနေသည့်ကိုယ်က ပို၍ ချမ်းတုန်လာသည်။

အိမ်တံခါးဖွင့်ပြီး ကိုယ့်အိတ်နဲ့ အိပ်ရာခင်းကို အထဲထိ အလျင်စလို ဆွဲသွင်းလိုက်မိ၏။

ဘာပဲဖြစ်ဖြစ် လေကွယ်ရပ်လေးတစ်ခုမှာ ပြေးကပ်နေချင်သည့် စိတ်က ခုချိန်မှာ အရေးကြီးဆုံးဖြစ်နေခဲ့တာ အမှန်ပင်..၊

ဒါပေမယ့် အထဲရောက်တော့ မြင်လိုက်ရသည်က အိမ့်ရှေ့ခန်း၊ ဘုရားစင်အောက်မှာ အိပ်ရာခင်းတစ်ခု..၊ ပြီးတော့ ယောက်ျားကိုင် ဘေးလွယ်အိတ်ကြီးတစ်လုံး ရှိနေ၏။

ဒါ ဘယ်သူ့ဟာတွေလဲ..၊

တံခါးပြန်ပိတ်ဖို့လည်း အသိမရ၊ အင်္ကျီပြေးလဲဖို့လည်း မေ့လျော့ကာ လက်ပိုက်လေးနှင့်ပဲ ထိုပစ္စည်းတွေကို ငေးကြည့်နေမိခဲ့၏။

ဒီအိမ်လေးကို လာကြည့်ခဲ့ကြတာ အတူတူပေမယ့် စပေါ်တင်ငွေ စာချုပ်တာကိုတော့ ချစ်ငယ်ပဲ လုပ်ပေးခဲ့တာဖြစ်သည်။

ဒါပေမယ့် အိမ်လေးတစ်အိမ်မှာ နှစ်ဦးဖြစ်နေတာကိုတော့ ချစ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



ကြို မသိသင့်ဘူးလား၊ ဒီလူက အရင်လူလား၊ ကိုယ့်လိုပဲ ဒီနေ့မှ ပြောင်းလာတာလား..၊

သိမ်းထားတာလား၊ မဖြည့်ရသေးတာလား မသိသော သေချာ ထုပ်ပတ်ထားသည့် အိပ်ရာခင်းက လည်ဆွဲ ကို အကြီးအကျယ် ဒုက္ခပေးခဲ့သည်။

ပြေးပြီး မေးရအောင်က အိမ်ရှင်က အနီးနားမှာ မရှိ..၊

မိုးက လျော့ကျသွားလိုက်၊ အော်မြည်သံပေးပြီး ချလိုက်မို့ မိုးသံတွေ ဆူညံလာသည်နှင့် လည်ဆွဲ မျက်ရည်တွေပါ အင်အားနှင့် သွန်ကျလာကြသည်။

'ကံဆိုးမ သွားရာ မိုးလိုက်လို့ ရွာ'ဆိုတာ အလွန် ရိုးအီနေသည့် ရှေးစကားတစ်ခုပေမယ့် ကံဆိုးတဲ့သူတိုင်းအတွက် အမြဲတမ်း အမှန်တရားပဲ ဖြစ်သည်။

လည်ဆွဲ ကိုယ့်ပစ္စည်းတွေကို ဖြန့်ခင်းဖို့လည်း ခက်၊ လူကလည်း ချမ်းတုန်နေပြီမို့ စိတ်ကို ချုပ်တီးမထားနိုင်တော့ဘဲ ဆောင့်ခနဲ ထိုင်ချလိုက်သည်။

ပြီးတော့ ဒူးနှစ်ဖက်ကို လက်နဲ့ပြန်ဖက်၍ မျက်နှာမှောက်ချကာ တအင့်အင့် ရှိုက်ငိုမိ၏။

ကိုကြီး မရှိတော့ဘူးဆိုကတည်းက သူမဘဝဟာ တစ်ယောက်တည်း အထီးကျန်ပါ၊ ထို့ပြင် ကားတိုက်မှုကြောင့် မျက်စိကွယ်ခဲ့သဖြင့် ဒုက္ခိတဘဝနှင့်လည်း ရှင်သန်ခဲ့ရသေးသည်။

ထိုစဉ်ကတော့ သူမ ဒီလောက်ထိ လှိုက်လှဲသည်းထန်စွာ မငိုကြွေးခဲ့ဘူးလား ..၊

ခြေရာကျန်ရစ်သည့် သောကဏ်အတိမ်အနက်ကိုက မတူခဲ့ဘူးဆိုလျှင် သူမကို လူတွေ ကဲ့ရဲ့ကြမည်ထင်သည်။



ကိုကြီး မရှိလို့ အားကိုးရာမဲ့သည့်အချိန်မှာ တွဲကူလိုက်သည့် လက်တစ်ဖက်ကြောင့် သူမ မယိုင်လဲခဲ့ပေ..၊

ထိုလက်ပိုင်ရှင်၏ ရင်ခွင်တစ်ခြမ်းမှာ သူမ၏ သောကတွေကိုပါ ချွေးသိပ်နိုင်ခဲ့ပေမယ့် ခုချိန်မှာ_တွယ်ရာမဲ့ရခြင်းသည် ကမ်းပါးထိပ်ကနေ ခြေလွတ်လက်လွတ် ပြုတ်ကျခဲ့ခြင်းဖြစ်သည်။

ပေးစရာငွေ မရှိ၊ သွားစရာလည်း မြေ မရှိ၊ ရှိလို့ရောက်လာခဲ့တော့လည်း ကိုယ့်ထက်ဦးတဲ့သူက ရှိနှင့်နေခဲ့ပြန်သည်။

ဒီပြဿနာကို မိုးသည်းထဲမှာ ဘယ်သူ့ကို ပြေးတိုင်ရမလဲ..၊ သည်လူရောက်လာရင် သူမ ဘယ်ချောင်ဘယ်ကြားမှာ ကပ်နေရမှလဲ..၊

နားထဲမှာ ညီထွန်း ၏ကျိန်ဆဲခြင်းတွေကို ပြန်လည် ကြားယောင်လာခဲ့၏။

"တစ်နေ့နေ့မှာ နင့်အစ်ကိုထက် အဖြစ်မဆိုးဘူးဆိုရင် ကြိုက်သလိုပြော"

"ကျေးဇူးကန်းခဲ့တဲ့ နင့်အပြစ်အတွက် နင် ပေးဆပ်ရမယ့်နေ့ပဲ"

"တိမ်တိုက် ပျော်ရတော့မယ်"

"နင်တို့လိုလူတွေကြောင့် သူ့ဘဝ ဇရပ်ပေါ် ရောက်တော့မှာ.."

ဟင့်အင်း..၊

လည်ဆွဲ နားနှစ်ဖက်ကို ဖိပိတ်ပစ်လိုက်ပြီး ခေါင်းခါသည်။ မျက်ရည်စက်တွေ တိမ်းစောင်း လွင့်စင်ကုန်ကြ၏။

အားလုံးပေးခဲ့ပြီးပြီပဲ၊ အဲဒီပစ္စည်းတွေကို လည်ဆွဲ တစ်ိုးတစိမျှ ယူထားခဲ့ဘူး၊ မပြီးနိုင်သေးဘူးလား..၊

သူ့ကို ဇရပ်ပေါ် မရောက်ရအောင် လည်ဆွဲ လမ်းဝေါ် ကိုဆင်းလာခဲ့တာပါ၊ ဘာတွေ ထပ်ပြီး ပေးဆပ်ရဦးမှာလဲ..၊

ရေစက်တွေ တတောက်တောက်ကျနေသည့် ဆံပင်တွေကို ထပ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ထပ်ခါ ဖိသပ်ချနေရင်း ချထားသည့်အိပ်ရာခင်းလိပ်ကိုပဲ ရင်နင့်စွာ ကြည့်မိသည်။

နောက်ထပ် သူမ လမ်းမပေါ်ရောက်ရှိမည်ဆိုကာ သေချာ သိလိုက်ရပြီ..၊

"ဟင်!..."

တံခါးဝမှာ လူရိပ်ထင်လာသဖြင့် လှည့်ကြည့်လိုက်မိသည်။

မိုးကာဂျာကင်ခေါင်းစွပ်နှင့် ထီး လှည့်ပိတ်နေသည့် ယောကျ်ား တစ်ယောက်..၊

လည်ဆွဲ မျက်ရည်တွေပြည့်နေသည့် မျက်လုံးတွေပေါ် လက်ခုံနဲ့ ဖိပွတ်လိုက်ကာ နေရာမှ ဆတ်ခနဲ ထရပ်လိုက်၏။

ထိုလူက ထီးကို တံခါးဝမှာ ထောင်လိုက်ပြီး ခြံဘက်လှည့်ဝင်လိုက်လျှင်..

"ဟင်!... အစ်ကို .."

တိမ်တိုက် ကို မြင်နေရပါလျက်နှင့် မယုံနိုင်၊ သူမှာလည်း ဂျာကင်လွတ်နေသည့်အောက်ပိုင်းတစ်ခုလုံးမှာ စိုနေတာပဲ ဖြစ်၏။

"အဝတ်အစားမလဲဘဲ ငုတ်တုတ်ထိုင်ပြီး ဘာလုပ်နေတာလဲ"

မေးပုံက လည်ဆွဲ နဲ့ သူ ဘာပြဿနာမှ မရှိခဲ့တဲ့အတိုင်း..၊

လည်ဆွဲ သူ့ကိုပဲ ခြေဆုံးခေါင်းဆုံး ကြည့်နေမိကာ..

"အစ်ကို .. ဘာလာလုပ်တာလဲဟင် .."

"ဘာလာလုပ်တယ် ထင်လဲ.."

သူက ပြောလိုက်ပြီး ဂျာကင်ကို ချွတ်ပစ်လိုက်သည်။

ပြီးမှ သွပ်မိုးပေါက်ကနေ တတောက်တောက် ယိုကျနေသည့် မိုးစက်ကို မော့ကြည့်ပြီး လက်နဲ့ ခါချပစ်လျက်..

"ငှားတဲ့လူက မိုးလုံလေလုံအိမ်ကိုမှငှားတော့ အပြင်မှာ မိုးသည်း





ရင် အထဲမှာလည်း ရွာတာပေါ့၊ ကောင်းတယ် .. တူနှစ်ကိုယ် တဲအိုပျက်မှာ နေရနေရဆိုတဲ့ သီချင်းကို ဆိုပြနေဖို့ မလိုတော့ဘူး"

ပြောပြီး လည်ဆွဲ ကို ကြည့်၍ ရယ်သည်။

မွေးညှင်းများနှင့် စိမ်းဖန့်နေသည့်မျက်နှာက ပြုံးနေလည်း ကြည့်ကောင်းသည်။ ရယ်လိုက်တော့လည်း ချောမွေ့နေသည်သာ..၊

လည်ဆွဲ လက်ပိုက်လေးနှင့် သူနဲ့ အိပ်ရာလိပ်ကို ကြည့်မိကာ..

"ဟိုဟာနဲ့တွေက အစ်ကို့ဟာတွေပေါ့"

"ဟုတ်တယ်"

"ဒီမှာ နေမလို့.."

"ဟုတ်တယ်လေ"

"နှစ်ယောက်တည်းဆိုတာက..."

"မင်းနဲ့.."

ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။

နောက်ထပ် မေးခွန်းတွေ တလစပ်ထွက်လာနေပြီး လည်ဆွဲ နှုတ်ခမ်းတွေသာ လှုပ်လျက် ဘာမှလည်း မမေးဖြစ်ခဲ့..၊

"မင်းက ကိုယ့်ကို ထားခဲ့ပြီး ထွက်သွားတော့ မင်း သွားတဲ့နောက်ကိုပဲ လိုက်လာရတာပေါ့၊ ဘာလဲ .. မကျေနပ်ဘူးလား"

လည်ဆွဲ ခေါင်းတွင်တွင်ခါသည်။ ဒါက မဖြစ်နိုင်ပါ..၊

ဟိုတုန်းကတည်းက မတူညီနိုင်တဲ့ အဆင့်အတန်းနှစ်ခုဟာ ခုချိန်မှာ လည်ဆွဲ က ရာဇဝင်မကောင်းတော့တဲ့မိန်းမတစ်ယောက် ဖြစ်ခဲ့ပြီ..၊

မျိုးရိုးစဉ်ဆက်က ဆင်းရဲခဲ့သည်၊ အစ်ကိုဖြစ်သူက စရိုက်ပျက်ခဲ့သည်ဆိုပြင် သူမ အမျိုးမျိုး ဒုက္ခပေးခဲ့သမျှ တိမ်တိုက် က လိုမ်ခံခဲ့သည့် ညီထွန်း နဲ့ ဒေါ်သစ္စာညို တို့ ရင်ထဲမှာ ဘယ်လိုရှိမလဲ..၊

"ဘာဖြစ်လို့ ခေါင်းခါတာလဲ လည်ဆွဲ .. ကိုယ့်ကို ဘာမကျေနပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့လဲ၊ မေးနေတုန်း တစ်ခါတည်း ဖြေစမ်းပါ၊ ဒီတစ်ခါ ထွက်သွားချင်တိုင်း သွားခွင့်မပြုနိုင်ဘူး"

"လည်ဆွဲ ကြောက်တယ် .. လည်ဆွဲ မှားခဲ့တဲ့အမှားအတွက် အစ်ကို့မျက်နှာကို မြင်တိုင်း တုတ်နဲ့ရိုက်တာထက်ဆိုးတဲ့ အပြစ်ပေးခြင်းကို ခံနေရမှာ၊ မတန်မရာတွေကို ဖွတ်မလုပ်ချင်ပါနဲ့ အစ်ကို၊ လည်ဆွဲ ရှက်လို့ သေလိမ့်မယ် သိလား"

"ဘာမှမရှိတော့ဘူး၊ အားလုံး ပြီးသွားပြီ"

တိမ်တိုက် က ရှေ့တိုးလာကာ ပခုံးစွန်းမှာ မှီးယိုကျနေသည့်နေရာကနေ လည်ဆွဲ ကိုယ်လေး ရှေ့တိုးလာအောင် လက်ကိုဆွဲယူလိုက်၏။

"မင်းကို ကိုယ် ဖြစ်ခဲ့တဲ့ သံယောဇဉ်က ဒီပစ္စည်းပြဿနာတွေနဲ့ ဘာမှမသက်ဆိုင်တဲ့ သီးသန့်ရပ်ဝန်းထဲမှာ လည်ဆွဲ၊ ရောမတွေးနဲ့.. မင်း ဘယ်လို ခံစားသွားရတယ်ဆိုတာ ကိုယ် နားလည်တယ်၊ နားလည်လို့ လုံးဝ ခွင့်လွှတ်ပေးခဲ့တာ၊ အခု မင်းက နားလည်ပြီး ကိုယ့်ပြဿနာအတွက် ပြန်ပေးဆပ်တယ်၊ အဲဒါတွေ ပြီးသွားပြီ မဟုတ်ဘူးလား"

တိမ်တိုက် က လည်ဆွဲ လက်ဖဝါးလေးကို ဖြန့်ယူလိုက်ကာ လက်သူကြွယ်လေးမှာ လက်စွပ်လေး ဝတ်ပေးလိုက်သည်။

"ဒါ .. ဒါလေး .."

"ဟုတ်တယ်၊ မင်း လွှင့်ပစ်ခဲ့တယ်၊ ပြီးတော့ မင်း လာပြန်ရှာတယ်၊ တွေ့မသွားဘူးမို့လား၊ အဲဒီအဖြစ်တွေကို ကိုယ် အားလုံး မြင်နေခဲ့တယ်၊ တားမရနိုင်မှန်းသိလို့ ကြည့်နေခဲ့ရတာ၊ အိမ်ငှားဖို့ စီစဉ်နေမှန်း မသိတော့လည်း ချစ်သဲငယ် ကိုတွေ့ပြီး ကိုယ် အကူအညီတောင်းခဲ့တာပါ"

လက်စွပ်လေးကို ငေးကြည့်ရင်း လည်ဆွဲ မျက်ရည်နှစ်စက် ပြိုင်တူ ကြွေဆင်းသွားသည်။

ဒီလက်စွပ်ကို တိမ်တိုက် အပေါ်အထင် လွဲခဲ့သည့်စိတ်နှင့် ပြတင်း





ပေါက်ကနေ ရောက်ချင်ရာရောက် လွှင့်ပစ်ခဲ့မိသည်။

အိမ်ငှားသည့်နေ့ကပဲ ပစ္စည်းအတိုအထွာလေးတွေနဲ့ အိပ်ခင်းလေးတော့ ပြန်ယူဖို့ စိတ်ကူးနှင့် အမိုးတို့ဆီ ရောက်သွားတုန်း သတိတရ ပြန်ရှာကြည့်မိတာ ဖြစ်သည်။

ထာဝရခွဲခွာဖို့ စိတ်ကူးတွေက ဒီလက်စွပ်လေးကိုတော့ အမှတ်တရ ကိုယ်နဲ့မကွာ သိမ်းထားချင်ခဲ့သည်မို့...

"လည်ဆွဲ .."

တိမ်တိုက် က လည်ဆွဲ ငုံ့နေသည့်မျက်နှာလေးကို လက်နှစ်ဖက်နဲ့ ဆွဲမော့လိုက်ပြီး စိုက်ကြည့်၏။

"ကိုယ့်အတွက် မင်း မရှိရင် မဖြစ်ဘူး၊ သူတို့ကလည်း မင်းကို ကျေးဇူးတင်နေကြတာပါ။ နောက်ဆုံး တစ်လောကလုံးနဲ့ အတိုက်အခံ လုပ်ချင်လုပ်ရပစေ၊ မင်းဘက်မှာ ကိုယ် ရပ်တည်နေသရွေ့ မင်း ဘာကိုမှ ကြောက်ဖို့ မလိုဘူး"

တံခါးပေါက်ကနေ ဟူးခနဲ တိုးဝင်လာသည့် လေအေးကြောင့် လည်ဆွဲ ပခုံးလေး ကျုံ့သွား၏။

တိမ်တိုက် က ရင်ခွင်ထဲမှာ ထွေးပိုက်ဖို့ ပခုံးလေးတွေကို ဆွဲယူလိုက်လျှင် လည်ဆွဲ နောက်ထပ်ဆုတ်ပြီး ခေါင်းခါလျက်...

"လည်ဆွဲ က ချစ်နေမှန်းသိလို့ အစ်ကို အပိုင်တွက်လာတာလားဟင်"

"ဟုတ်တယ်..၊ ကိုယ်ကလည်း မင်းကို ဆုံးရှုံးမခံနိုင်ဘူး၊ မင်းလည်း ကိုယ့်ကို ချစ်နေတယ်ဆိုတာ သိတယ်၊ အဲဒါကြောင့် အိပ်ရာလိပ်နဲ့ တစ်ခါတည်း လိုက်လာခဲ့တာ၊ ဘာမှားလို့လဲ .. မင်း ကိုယ်နဲ့ ပြန်လိုက်မယ်ဆို အခု ဒီကနေ သွားမယ်၊ မလိုက်ဘူးဆိုရင် မင်း ပျော်တဲ့နေရာမှာပဲ ကိုယ် နေမယ်၊ အဲဒါ စဉ်းစား"



www.burmeseclassic.com

www.burmeseclassic.com



"လည်ဆွဲ ကို အစ်ကို သနားခဲ့တာပါ။ ချစ်တာ မဟုတ်ဘူး၊ အဲဒီလို သနားခံနေရတဲ့ဘဝကို လည်ဆွဲ ခါးသီးနေပြီ သိလား၊ ဟိုတုန်းကတည်းက လည်ဆွဲ ကပဲ တစ်ဖက်သတ် ဖြစ်ခဲ့ရတာ"

ကလေးလိုပြောနေရင်း မျက်ရည်သုတ်လိုက်ဇတော့ တိမ်တိုက် က စိုက်ကြည့်နေရင်း ပြုံးသည်။

ပြီးတော့ ဂျစ်တိဂျစ်ကန်လုပ်နေသည့်ကိုယ်လေးကို အတင်းအကျပ် ဆွဲဖက်ထားလိုက်ပြီး...

"သနားတာတွေရော .. အချစ်တွေရော၊ ပြီးတော့ မြတ်နိုးတာတွေ၊ ဆုံးရှုံးမခံနိုင်တာတွေ .. တစ်သက်လုံး အရိပ်တကြည့်ကြည့်နဲ့ အနားမှာပဲ ထားချင်ခဲ့တာတွေ၊ အများကြီး ပေးထားတာ၊ လောဘမကြီးနဲ့တော့လေ၊ ဒီတစ်ခါ သံသယစကားတွေ ထပ်ပြောလာရင် ကိုယ် ဘယ်လောက် ချစ်တယ်ဆိုတာ လက်တွေ့ ချစ်ပြမယ်၊ ဘယ်လိုလဲ.."

လည်ဆွဲ မျက်ရည်လေးစမ်းစမ်းနှင့် မော့ကြည့်ရင်း နှုတ်ခမ်းတွေမှာ ပြုံးရိပ်ထင်၏။

ဘယ်လိုမှ မယုံကြည်နိုင်သည့် မျက်ဝန်းလေးတွေနှင့် ငေးနေကာ သူ့ရင်ဘတ်ပေါ်မှာ ဖွဖွလေးတင်ထားသည့် လက်တို့က မျက်နှာဆီ တရွေ့ရွေ့ တိုးသွားခဲ့၏။

ထိုမျက်နှာကို သူမ ဤသို့ စမ်းကြည့်ခဲ့ဖူးသည်။ စိတ်ကူးထဲမှာ ပုံဖော်ရင်း မြတ်နိုးခဲ့ဖူး၏။ ခုလည်း မြတ်နိုးစိတ်ဖြင့် ငေးရင်း ထိုမျက်နှာကိုပဲ ထိကိုင်မိပြန်သည်။

"လည်ဆွဲ အစ်ကို့ကို သိပ်ချစ်တာပဲ"

"နောက်တစ်ခါ ထွက်မပြေးတော့ဘူးလို့ ကတိပေးမှ ယုံမယ်"

ပါးပြင်မှာ မျက်ရည်ကြောင်းလေးရှိနေဆဲနှင့် လည်ဆွဲ သွားလေးတွေပေါ်အောင် ရယ်သည်။





"အခု လည်ဆွဲ က ပြောရမှာပါ၊ လည်ဆွဲ လေ အစ်ကိုနဲ့ ထပ်ပြီး ဝေးရဦးမယ်ဆိုရင် ဒီတစ်ခါ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး"

သူက ပြုံး၍ မျက်နှာမှာ ထိကပ်နေသည့် လည်ဆွဲ လက်ဖဝါးလေးတွေကို အသာလေး ခွာလိုက်သည်။

"နောက်ထပ် ပြောတယ်ဆိုတော့ လက်တွေ့ပြဖို့ လိုလာပြီ"

"အစ်ကိုကလည်း.."

လည်ဆွဲ ပါးပြင်လေးတွေ နီမြန်းသွားကာ ငုံ့ချပစ်၏။ နေညိုချိန် ပေမယ့် ရှက်သွားသည့် မျက်နှာလှလှလေးက သူ့ရှေ့မှာ အရောင် အသွေးစုံနေသည့် ပန်းခင်းလေးနှင့် တူလေသည်။

မိုးရေတွေနဲ့ စိုကပ်နေသည့် ပခုံးစွန်းလေးကို တစ်ချက်ငဲ့ကြည့် မိရင်း...

"မှတ်မိလား .. မင်း ကိုယ့်မျက်နှာကို ကိုင်ကြည့်ခဲ့တုန်းက ကိုယ်..."

"ဟင့်အင်း .."

လည်ဆွဲ ရင်ခုန်သံတွေ ချက်ချင်း ဝုန်းဒိုင်းကြဲကုန်၏။ တိမ်တိုက် ကလည်း ငုံ့လွဲရှောင်တိမ်းနေသည့် မျက်နှာလေးကို အတင်းမိအောင် ဖမ်းသည်။

"ဒီတစ်ခါ ကိုယ် မတောင်းပန်ဘူးနော်"

"ဟာ!... မရဘူး"

လည်ဆွဲ သူ့ကျောပြင်ကို ပြန်ဖက်ကာ ရင်ခွင်ထဲမှာ မျက်နှာတို ဖိနှစ်ထားလိုက်မိသည်။

ရင်ဘတ်ချင်းနီးနေသည့်အချိန်မှာ ရင်ခုန်သံတို့က ဘယ်သူ ပိုပြင်း ထန်သလဲဆိုတာ အင်အားချင်းပြိုင်နေကြ၏။

မချင့်မရဲ တင်းခနဲဖက်လိုက်ပြီး ခပ်ကြိတ်ကြိတ် ရယ်သံက လည်ဆွဲ နားထဲမှာ နတ်စောင်းခတ်သံလိုပါပဲလို့ တင်စားချင်မိသည်။

ခပ်သိမ်းသော ဝေဒနာအစိုင်အခဲများသည် ဒီရင်ခွင်မှာ မှီတွယ်လိုက်ရသည့်ခဏမှာပဲ အားလုံး ချုပ်ငြိမ်းပျောက်ကွယ်ကုန်၏။

သူသာ လည်ဆွဲ ဘဝအတွက် အရှင်သခင်..၊

သူမရဲ့ အနာဂါတ်ဟာ သူပဲ ဖြစ်၏။

အချိန်တိုင်းအတွက် ရင်ခုန်သံတွေ ဖြစ်နေခဲ့ခြင်းသည်..၊

ပရိသတ်အတွက်
ထာဝရ
[illegible]